
www.burmeseclassic.com

အောင်မြင့်

# မြပုလဲခင်

## ကြွင်းသူဝေးဝေးသွားပါနဲ့



www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
မြပုလဲခင်
ကြင်သူဝေးဝေးသွားပါနဲ့/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၂။
၂၄၅ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၁၀၈၀၆၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၅၀၀၇၁၁

**ဖြန့်ချိရေး** အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေး၊ ကျောက်မြောင်း။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်** ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

BURMESE CLASSIC

# အပိုင်း(၁)

## ဖေဖေ၏နှလုံးသားကောက်ကြောင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဝေ ငယ်ငယ်တုန်းက ဆိုရင်လေ. . .

ရွက်ဝါလေးတွေ ကြွေကျလာရင်တောင်မှ နာရှာမှာပဲဆိုပြီး ဂါဝန်လေး ဖြန့်ကာဖြန့်ကာနဲ့ လိုက်ဖမ်းခဲ့ဖူးပါတယ် မောင်။

သည်လို ခံစားမှု နာမ်တရား ကင်းမဲ့နေတဲ့ ရွက်ဝါလေးတွေရဲ့ကြွေလွင့်မှုအပေါ်မှာတောင် သနားကြင်နာတတ်တဲ့ဝေဟာ ခံစားမှု ရုပ်နာမ်နှစ်ပါးနဲ့ တည်ဆောက်ထားတဲ့ လူသားရွက်ဝါတွေရဲ့ ကြွေလွင့်မှုကိုကော ဘယ်လိုရင်ဆိုင်ရမလဲ။

သည်အတိုင်းပဲ ကြည့်နေရက်မှာတဲ့လားဟင်။

မောင်ရယ်. . .

အစွဲအလမ်းဆိုတဲ့ အရာတစ်ခုဟာ အင်မတန်မှ အင်အားကြီးမားတဲ့ အရာတစ်ခု မဟုတ်ဘူးဆိုရင်တော့လည်း ဝေ့ ပင်ကိုယ်စိတ်ရင်းနဲ့ မောင်တို့ကို. . .

ဒါပေမယ့် အံ့ဩဖို့ သိပ်ကောင်းတာပဲ။ အစွဲအလမ်းဆိုတဲ့



BURMESE CLASSIC



အရာတစ်ခုဟာ ကြင်နာတတ်တဲ့ နှလုံးသားကိုတောင်မှ အနိုင်ယူစွမ်း ရှိအောင် အင်အားကြီးမားလွန်းတယ်ဆိုတာကို ဝေ. . . ဝေ. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

ဒေါသမီးလျှံဟာ ဝေ့ပင်ကိုယ်စိတ်ကို ဝါးမျိုသွားစေတယ်။

'ဖြန်း' ခနဲ မြည်သံနဲ့အတူ ဝေ့ ညာလက်ဝါးပြင်တစ်ခုလုံး ပူခနဲ ဖြစ်ပေါ် ခံစားလိုက်ရတယ်။ အဲသည်အခါမှာ ဝေ မောင့်ကို ရိုက်လိုက်မိပြီ။ မောင့်ပါးပြင်ကို ရက်စက်စွာ ရိုက်လိုက်မိပြီဆိုတဲ့ ခံစားသိဝင်လာပြီး ယူကျုံးမရ ခံစားလိုက်ရသည်။ ဝေ့နှလုံးသားကို ဝေ ရိုက်နှက်မိခြင်းပါလားဆိုတာ ဝေ့ကိုယ်ဝေထက် ဘယ်သူကမှ မသိနိုင်ပါဘူး မောင်။ ဒါပေမယ့်. . .





"ရှင် ညာတယ်. . . လူလိမ်လူညာ၊ ဝေ့ မေတ္တာကို လိမ်တယ်၊ လှည့်ဖြားယူတယ်"

နာကျင်သွားတဲ့ နှလုံးသားကို စွဲချက်တွေနဲ့ ထပ်မံ အကာအကွယ်ယူပြီး မောင့်ကို စွပ်စွဲလိုက်တယ်။

"မောင် ရှင်းပြတာကို. . ."

"ဟင့်အင်း. . . ဟင့်အင်း. . . မကြားချင်ဘူး၊ ဘာမှ ရှင်းပြမနေနဲ့တော့၊ လူလိမ်ဟာ လူလိမ်ပဲ"

ရှင်းပြဖို့ ကြိုးစားလာတဲ့ မောင့်ကို ထုရိုက်ရင်းက ရှိုက်ငင်သံတွေနှင့် ဝေ စွဲချက်တွေ တင်နေမိတယ်။ ဒါပေမယ့် မောင်က ဝေ့လက်ကို ဖမ်းချုပ်ရင်း တောင်းပန်တိုးလျှိုးရှာပါတယ်။

"ဝေရယ်. . . ဝေ့လက်တွေ နာကုန်ပါပြီကွယ်၊ မောင် ရှင်းပြတာကို နားထောင်ပြီးမှ ဝေ ဆုံးဖြတ်ပါ"

"ဟင့်အင်း. . . ဟင့်အင်း. . . မလိုချင်ဘူး၊ ရှင့်အသံလဲ မကြားချင်ဘူး၊ ရှင့်မျက်နှာလဲ မကြည့်ချင်ဘူး၊ ရှင် အမြန်ဆုံး ထွက်သွားပါ၊ ဝေ. . . ဝေလေ. . ."

မောင့်လက်ထဲမှ ဇွတ်ရုန်းထွက်လိုက်ပြီး မောင်နဲ့ အဝေးဆုံးကို ပြေးထွက်လိုက်ဖို့ပါပဲ။ ဒါပေမယ့် ဝေ့ခြေလှမ်းတွေ လှမ်းမရဘူး။ မောင်နဲ့ အဝေးဆုံးကို သယ်ဆောင်သွားဖို့ရာကို သူတို့ ခွင့်မပြုဘူး။ မရတဲ့အဆုံး အနီးမှာ ရှိတဲ့ ပစ်မှတ်တစ်ခုကို မှီလိုက်စဉ်မှာပဲ ဒူးတို့သည် ညွတ်ကွေးလာတယ်။

"ဝေ. . ."

မောင်က တွဲထူပြီး ခုံတန်းလျားလေးမှာ ထိုင်စေတယ်။

"မောင်ရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



သည်းကြွေလုမတတ် ခံစားနေရသော ဝေဒနာအစုစုကို ငြိမ်းသတ်စရာ နည်းလမ်းတွေ ရှာဖွေရင်းနဲ့ ဝေ အသက်မှန်ကန်အောင်ပင် မနည်းရှူနေရပါလား။ မောင်နဲ့ အဝေးဆုံးကို သွားဖို့ စဉ်းစားလိုက်ရုံနဲ့တောင် ဝေ သည်လောက်ခံစားရရင် တကယ်တမ်း ဝေ မောင့်အား ခွဲခွာရပြီဆိုလျှင်. . .

အို. . . ဝေ. . . ဝေ သေသွားနိုင်တယ်။ ဝေ မောင့်ကို သိပ်ချစ်တယ်။ ဝေ ဘာလုပ်ရမလဲ မောင်။

"ဝေ"

ဝေ့အနားမှာ ရပ်ပြီး ဝေ့ကို စိုးရိမ်မကင်း ငုံ့ကြည့်နေတဲ့ မောင်။

"ဝေ"

စိုးရိမ်မကင်း ခေါ်လိုက်တဲ့ မောင့်ရဲ့အသံဟာ ဝေ့နှလုံးသားကို အချစ်ဆိပ်တွေ လူးထားတဲ့မြားတစ်စင်းနဲ့ ပစ်သွင်းနေသလိုပဲ မောင်ရယ်၊ ဝေ့ရင်မှာ စူးနင့် နာကျင်ရပါတယ် မောင်ရယ်။

ဩော်. . . မောင်ရယ်။ ရှင်ဟာ အပြစ်မဲ့တဲ့ သိုးငယ်တစ်ကောင်ရဲ့မျက်လုံးမျိုးလေးတွေနဲ့ ဝေ့ကို ကြည့်နိုင်သေးတယ်လား။

"ဝေ. . . ပြန်ကြရအောင်လား"

ကမ်းလင့်လာတဲ့ မောင့်လက်ကို ဥပေက္ခာပြုလိုက်ပြီး. . .

"ဝေ တစ်ယောက်တည်း နေခဲ့ပါရစေ"

"ဒီအပြင်အချိန်ဆိုရင် ဝေ့စကားကို မောင် နားထောင်နိုင်ကောင်း နားထောင်နိုင်ပေမယ့် ခုလိုအချိန်မျိုး နေရာမျိုးမှာတော့ ဝေ့ကို တစ်ယောက်တည်း မောင် မထားရက်နိုင်ဘူး"

လေးကျွန်းကန်သာထဲသို့ ရေသောက်ဆင်းနေသော





နေဝန်းနီသွေးကို ကြည့်ပြီး ဝေ့ကိုပါ ရေအောက်ထဲ ဆွဲနှစ်ခေါ်သွားရင် ကောင်းမှာပဲဟု သည်းခြေပျက်သုဉ်းမတတ် ဖြစ်ပေါ်လာသော အတွေးကို မောင် သိရှိသွားပြီလား။

"ထပါ ဝေ၊ နောက်မှ ဝေ စိတ်ချမ်းသာသလို ဆုံးဖြတ်ပါ၊ ခုတော့ ဝေ သိပ်ပင်ပန်းနေပြီ. . . ပြန်ကြရအောင်နော်"

တောင်းပန်တိုးလျှိုးသောအကြည့်တွေနဲ့အတူ ချော့မော့ရင်း လက်မောင်းအိုးနှစ်ဖက်ကို ဆုပ်ကိုင်လျက် ညင်သာစွာ ထူမ,လာတဲ့ မောင့်လက်များထဲမှာ ဝေ အရုပ်ကြိုးပြတ် ပါလာတယ်။ ပြုံမယောင်မိုးလို ညိုနေတဲ့ မောင့်မျက်နှာကို အသည်းခိုက်စွာ ငေးကြည့်ရင်းမှ. . .

"မောင်"

"ပြောလေ ဝေ. . . ပြောပါ၊ စိတ်ထဲ ရှိတာတွေ ပွင့်ပွင့်လင်းလင်းသာ ပြောလိုက်"

"မောင်ရယ်. . . မီးငယ်. . . မီးငယ်ဟာ မောင့်သမီးမဟုတ်ပါဘူးနော်၊ မဟုတ်ပါဘူးနော် မောင်၊ မောင့်သမီး မဟုတ်ပါဘူးလို့ ငြင်းလိုက်စမ်းပါ"

ဝေ့ရဲ့သည်းကြွေလုမတတ် တောင်းပန်သံကို မောင်. . . မောင်က ရက်စက်စိမ်းကားစွာဖြင့် ဝေ့အား တွေဝေစွာ တစ်ချက်ကြည့်လိုက်ပြီး. . .

ခေါင်းကို ခါယမ်းလိုက်တယ်။ ပြီးမှ. . .

"ဒါတော့ မောင် လုံးဝ မငြင်းနိုင်ဘူး ဝေ၊ မီးငယ်ဟာ မောင့်သမီး မောင့်ဘဝ မောင့်ကမ္ဘာပါ ဝေ"

"အို. . . မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်လိုက်တဲ့ မောင့်ရင်ခွင်ထဲသို့ ဝေ ခေါင်းငိုက်စိုက် ကျသွားရပြီ။ ရေနစ်သူအတွက် နောက်ဆုံးတွေ့ရသော ကယ်တင်ရှင် ကောက်ရိုးမျှင်ကလေးလည်း မျောပါသွားပြီပေါ့။

"ဝေရယ်. . . ဝေဟာလဲ မောင့်နှလုံးသား မောင့်အသက် မောင့်အသည်းဆိုတာ ဝေ သိသားနဲ့ကွာ"

မောင့်စကားကို မောင့်အယုအယ အကြင်နာ တန်ဖိုးထား မြတ်နိုးမှုကို ခံစားနေခဲ့ရတဲ့ ဝေဟာ အကြွင်းမဲ့ ယုံကြည်ပါတယ်။ ယုံကြည်လွန်းလို့လည်း ဝေ ကြောက်လန့်ပါပြီဆိုတဲ့ မောင့်ရင်ခွင်မှာပဲ မျက်ရည်အိုင် ဖြစ်ထွန်းနေစေပြီကော မောင်ရယ်။

"ဝေရယ်. . . မုဆိုးဖိုဆိုတာ ပြစ်မှုတစ်ခုလား၊ ဝေ့ကို ချစ်လို့ အဖြစ်မှန် ဖုံးကွယ်ထားတာကော ပြစ်မှုတစ်ခုလို့ ဝေ သတ်မှတ်တယ်လား၊ ဒီလိုဆိုရင် ကြိုက်သလိုသာ ဆုံးဖြတ်ပါ၊ ဝေဟာ သမာဓိချိန်ခွင်လျှာပေါ်က တရားသူကြီးတစ်ဦးပဲကွယ်၊ ဝေ့ဆုံးဖြတ်မှုကို မောင်က လေးစားစွာနဲ့ လိုက်နာရမှာပါ၊ ဒါပေမယ့် မောင့်နှလုံးသားထဲက ဝေ့ကိုတော့ မောင် တစ်သက် နှင်ထုတ်မပစ်နိုင်ဘူးဆိုတာတော့ ဝေ မြဲမြဲမှတ်ထားလိုက်ပါ"

မောင်က စကားအဆုံးမှာ ဝေ့ကို အငိုက်ဖမ်းပြီး ဝေ့မျက်နှာကို ဆွဲယူမော့စေကာ မျက်ရည်များကို တယုတယ သုတ်ပေးပြန်တယ်။

ဝေ မောင့်အယုအယမှာ တဒင်္ဂတော့ နစ်မျော မှင်တက်သွားမိပါတယ် မောင်။ ဒါပေမယ့် ရုတ်ခြည်းပဲ သတိရလျှင်ရချင်း ရှောင်တိမ်းပြီး မောင့်ရင်ခွင်က ထွက်လိုက်မိတယ်။ ခွဲခွာဖို့ ကြိုးစားနေတဲ့ ဝေဟာ မောင့်အယုအယမှာ သာယာနေလို့ မဖြစ်တော့ဘူး





လေ မောင်။

ဝေ ခြေဦးတည့်ရာ လျှောက်လှမ်းခဲ့မိတယ်ဆိုရင်ပဲ မောင်ကလည်း ဝေ့အပါးမှ ထပ်ကြပ်မကွာ လိုက်ပါလာတယ်နော်။

"ခေါင်းအေးအေး ထားပြီးမှ ဆုံးဖြတ်ပါ ဝေ၊ ခုချိန်မှာ ဝေ သွေးပူနေသေးတယ်၊ အိမ်ရောက်ပြီးမှ မုဆိုးဖိုကြီးက အပျိုစင်ကို လူပျိုဟန်ဆောင်ပြီး အချစ်လိမ်ညာယူမှုအတွက် ဘယ်လို ပုဒ်မတပ်ပြီး ဘယ်လိုစီရင်ချက်မျိုး ချနိုင်တယ်ဆိုတာ ကိုးကားဖို့ စီရင်ထုံးတွေ ရှာလိုက်ဦးပေါ့ ဝေရယ်နော်"

ရယ်သွမ်းသွေးပြီး တမင်ခနဲ့နေတာလား မောင်။ ဝေ့ကို တမင် ရယ်စရာတွေ ရှာဖွေပြောနေတာလား။ ဝေ မရယ်နိုင်ပါဘူး မောင်။ ဝေ့ရင်ထဲ သောကမီးက တမြည့်မြည့်နဲ့ အသည်းကျွမ်းလုနေပါပြီ မောင်ရယ်။

ငှက်ပျောကျွန်းက ထွက်လာပြီး ကားရပ်ထားတဲ့ ကန်တော်သာ အဝင်ဝ ရောက်တော့ မောင်က ထုံးစံအတိုင်း ကားပေါ် အရင်တက်ပြီးမှ ဝေ့အတွက် ရှေ့တံခါးကို တွန်းဖွင့်ပေးတတ်တဲ့ မောင် ကားပေါ်အတက်၌. . .

ဝေ ခရီးသည် ပို့အပြီး ထွက်ဟန်ပြင်နေတဲ့ မြင်းလှည်းတစ်စီးပေါ် ကို အတင်းပြေးတက်ခဲ့လိုက်တယ်။

"ဝေ"

မောင့်အသံကြီးက ဟိန်းထွက်လာတယ်နော်။ မြင်းလှည်းနောက်ကို ခြေလှမ်းသုံးလေးလှမ်းလောက် မောင် ယောင်နန်းနဲ့ လိုက်ပါလာသေးတယ် မောင်ရယ်။

နောက်မှ မောင်ဟာ ကျောက်ရုပ်သဖွယ် တွေတွေကြီး



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကျန်ရစ်ခဲ့တယ်။

ဝေ. . . ဝေ. . . မျက်ရည်တာကျိုးရပါပြီကော မောင်ရယ်။

နေရစ်တော့ မောင်။

တရားသူကြီးနဲ့တရားပြိုင်ဟာ ရှေ့ဆက်ပြီး ပူးတွဲနေဦးမယ်ဆိုရင် 'ဘက်လိုက်မှု' ဖြစ်သွားလိမ့်မယ်လို့ မောင့်စကားနဲ့ လိုက်လျောညီထွေရှိမယ့် စကားနဲ့ပဲ ရင်ထဲက ဆင်ခြေတက်လိုက်မိပါတယ် မောင်ရယ်။

ထားချင်လွန်းလို့ ထားရက်လွန်းလို့ ထားခဲ့တာ မဟုတ်ရပါဘူး မောင်ရယ်။

ဝေ့ရင်ထဲမှာ နေအစင်းပေါင်းများစွာ ထွန်းလင်းနေတယ်ဆိုတာ မောင်သိမှာပါ။

ဩော်. . . အချိန်အခါ မဟုတ်ပါဘဲ ပတ်ဝန်းကျင်တစ်ခုလုံးမှာ မြူတွေ ဆိုင်းနေသလား မောင်ရယ်။ ဝေ ဘာမှ သဲသဲကွဲကွဲ မမြင်ရတော့ဘူး။

အရာရာဟာ ဝေဝါး မှုန်ရီဝါးနေပါလား မောင်ရယ်။





# အခန်း(၂)

လောကကြီးကို လူကြီးတစ်ဦးအနေနှင့် ရင်ဆိုင်ရတာကို တစ်ခါတစ်ရံ တွေးမိပြီး ဝေ ရယ်ခဲ့မိသည်။

"အရှုံးမဟုတ် အကောင်းမဟုတ်နဲ့၊ ကိုယ့်ဂုဏ်သိက္ခာလေး ကိုယ်သတိထားပါဦး"

"ဘာဂုဏ်သိက္ခာလဲ. . . ဂုဏ်သိက္ခာထဲမှာ ရယ်စရာရှိတာကို မရယ်ဘဲ မြုံစိစိနဲ့ နေပြီး ခပ်တည်တည်နဲ့ ထိန်းသိမ်းထားရမယ်လို့ ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ကတ်ဖွဲ့လုပ်ပြီ"

"ဝေက ဒေါ်ဒေါ်ဒေါင်းကို ရယ်စရာအဖြစ် တမင်ကျီစယ်တာပါ၊ ကိုင်း. . . ဝေသွားမယ်"

"စက်ဘီးစီး သင်ပါဆို မသင်ဘူး၊ အချိန်မမီတော့လို့ဆိုပြီး ဆိုက်ကားနဲ့သာ သွားနေ၊ ညည်းရတဲ့လခတော့ အပြုတ်ပဲ နေမှာ"

လူကြီးပီပီ ငွေကို ခြိုးခြံချွေတာတတ်သော ဒေါ်ဒေါ်ဒေါင်းနှင့်ဝေသည် ဆန့်ကျင်ဘက်။ ညဘက်ဆို ညဉ့်နက်သန်းခေါင် ကျော်သည်အထိ စာဖတ်တတ်သော ဝေနှင့် နံနက်စောစော မထတတ်သော ဝေသည် ရုံးအချိန်မီ ရောက်ရှိရေးအတွက် ရံဖန်ရံခါ ဆိုက်ကား အကူအညီနှင့် ပြေးရသည်။

ထိုရံဖန်ရံခါတို့ များလာသောအခါ အမြဲလိုလို ဖြစ်သွားတတ်သည်။ ဒေါ်ဒေါ်ဒေါင်းကလည်း သူ၏လင်ပါသားသမီးများနှင့် အဆင်မပြေသဖြင့် စိတ်ပြေလက်ပျောက် ဆိုသလို ဝေ့အပြောင်းအရွှေ့၌ အဖော်အဖြစ် လိုက်ပါပေးရာမှ ခေတ္တသောင်တင်နေခြင်း ဖြစ်သည်။ ဘယ်အချိန်၌ ခင်ပွန်းဖြစ်သူ လာခေါ်မည် မပြောနိုင်။ ထိုအခါ၌ 'တော်ပါပြီ. . . သည်ဘဝ သည်မျှသာပဲ' ဆိုသော ဒေါ်ဒေါ်ဒေါင်းတစ်ယောက် ကောက်ကောက်ပါအောင် လိုက်သွားပေလိမ့်မည်။

"ဆရာမ. . . ဆိုက်ကားလား"

"ဟုတ်ကဲ့"

ဆိုက်ကား အဘယ်မျှ အစီးများသည်မသိ၊ ဝေ့အား ဘယ်လဲဟုပင် မမေး၊ ဆိုက်ကားပေါ်သို့ ဝေ တက်ထိုင်အပြီး၌ ဆိုက်ကားဆရာသည် တန်းနင်းလေတော့သည်။





"ကျွန်မ သွားမယ့်နေရာ ဦးလေးက သိလို့လား"

"သိပါတယ်. . . ဆရာမ ကျွန်တော့်ဆိုက်ကားစီးတာ ဒါပါနဲ့ဆိုရင် သုံးခါရှိပြီပဲ"

"ဩော်. . . ဟုတ်တယ်၊ ကျွန်မလဲ ရုံးချိန်မမီမှာစိုးတာနဲ့"

တောင်ငူမြို့သို့ မြို့နယ်တွဲဖက်တရားသူကြီးအနေဖြင့် တာဝန်ထမ်းသည်မှာ တစ်လမျှပင် ရှိသေးသည်။

"ကျွန်တော်တို့ရပ်ကွက်က ချဲဒိုင်အမှုကိုတောင် ဆရာမပဲ စီရင်ချက် ချပေးတာ"

"ဩော်. . . ဟုတ်ကဲ့"

ဝေ့အား လူသိများနေပြီ။ တော်သေးသည်။ ဝေ့အပေါ်၌ ဆိုက်ကားသမားသည် ကြည်သာစွာပင် ပြောဆိုနေသဖြင့် ဝေ စိတ်အေးရသည်။

တရားသူကြီးများသည် ဥပဒေပြင်ပ ဒုစရိုက်သမားများ အတွက်တော့ မုန်းတီးစရာ သတ္တဝါတစ်မျိုး ဖြစ်ပေမည်ဟု ဝေ နားလည်ထားသည်။

သို့သော် ဝေ၌ အမှန်တရားအတွက်ဆိုလျှင် သွေးကြောင်တတ်သော မွေးရာပါ သန္တေစိတ်က ပါရှိနေသည်။

အားကစားကွင်း၏တောင်တက်လမ်းဖြစ်သော မင်္ဂလာသမ်းအတိုင်း ဆိုက်ကားနင်းလာသည်။

"ဟာ. ."

"အား. . . ."

ဝေ့တစ်ကိုယ်လုံး မြောက်တတ်သွားသည်။ တောင်ပိုင်းသစ်ထုတ်ရုံအရှေ့၌ စက်ရှင်လမ်းမှ ချိုးကွေ့လာသော ကားတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝေ စီးနင်းလိုက်ပါလာသောဆိုက်ကား ရင်ဆိုင်တိုးမိသည်။

ဆိုက်ကားဆရာက လျင်တော့ လျင်ပါသည်။ ဆိုက်ကားကို လမ်းဘေးသို့ ကပ်ချလိုက်သည်။ သို့သော် ပစောက်ပုံ နှုတ်ခမ်းပုံနေသော တတ္တာရာလမ်းကြောင့် ဆိုက်ကားဘီးခွင်ကာ မှောက်ကျသွားသည်။

ဝေ့တစ်ကိုယ်လုံး ထူပူသွားသည်။ လူတစ်ကိုယ်လုံး ကိုင်ပေါက်ခြင်း ခံလိုက်ရသည့်နှယ် ဖြစ်သွားသည်။

ပို၍ဆိုးသည်က အရှက်တရား။ အရှက်တရားကြောင့် မျက်လုံးများ ပြာဝေကာ ပတ်ဝန်းကျင်တစ်ခုလုံး မမြင်တော့။ တော်တော်တို့ ရုပ်ပျက်ဆင်းပျက် ကျဆင်းသွားသလား။

"တန်တော့. . . ကန်တော့. . . ဆရာမ"

ဆိုက်ကားသမားကြီးက တောင်းပန်ရင်း ဝေ့ခြင်းတောင်းထဲသို့ ပြန်တောက်ထည့်ပေးရန် ကြိုးစားသည်။

"တာ. . . ထလို့မရဘူး ထင်တယ်၊ ခြေပွတ်တိုင်များ လည်သွားသလား။ ကျွန်တော် တွဲထူပါရစေနော်"

"အို. . ."

ဝေ မြေပြင်ပေါ်မှ ထရန် အခက်အခဲ ရှိနေစဉ်မှာပဲ ဝေ့အပါးသို့ လူတစ်ဦး ရောက်လာတယ်။

ထိုလူရဲ့အသံဟာ အေးဆေးတည်ငြိမ်ပေမယ့် ခွန်အားကြီးမားတဲ့ အားအင်တစ်မျိုး ပါရှိနေတာယ်ဆိုတာ ဝေ သိလိုက်ရတယ်။

•

ဘာကြောင့်လဲဆိုတော့ ဝေဟာ အသံရှင်ကို မော့ကြည့်ပြီး သူ့အကူအညီကို ယူလိုတဲ့ဆန္ဒတွေ အလိုအလျောက် ဖြစ်ပေါ်လာလို့





ပဲ။

"ဖြည်းဖြည်း"

ဝေ့ကို သူက ကူညီညာပြီး တွဲတယ်။

"အရေးပေါ် သွားလိုက်မှ ထင်တယ်"

"ဟင့်အင်း. . . ဟင့်အင်း၊ ကျွန်မကို နီးရာဆေးခန်း တစ်ခုခုကို ပို့ပေးပါ. . . ကျေးဇူးတင်ပါတယ်"

"ဒါဖြင့်ရင်လဲ ဒီနားက ဆေးခန်းပဲ သွားလိုက်ရအောင်၊ ဆိုက်ကားဆရာ. . ခင်ဗျားကော ဘာဖြစ်သွားသေးသလဲ"

"ဘာမှမဖြစ်ပါဘူး ဆရာ၊ ရော့. . . ရော့. . . ဆရာမ ခြင်း"

ဝေ့ကို စူပါရှဖ်ရဲ့ရှေ့ခန်းကို တင်ပေးတော့မှ ဝေတို့ ဆိုက်ကားနဲ့ တိုက်မိမလို ဖြစ်တဲ့ကားပဲလို့ သိလိုက်ရတယ်။

"ထိုင်လို့ အဆင်ပြေပါတယ်နော်"

"ဟုတ်ကဲ့"

"ရော့. . . ဆိုက်ကားဆရာကြီးရေ၊ ဒီနေ့ ဆိုက်ကား မထွက်နိုင်ရင် အုံနာခ ပြတ်နေအုံးမယ်"

ဝေ ခြေထောက်အနာကို မေ့လျော့သွားပြီး လူစိမ်း၏အပြုအမူကို အမှတ်မထင် ငေးကြည့်မိတယ်။

သူဟာ ရှပ်အင်္ကျီအိတ်ကပ်ထဲက ပိုက်ဆံတစ်ထပ်ကို နှိုက်ပြီး ရေတွက်ခြင်း မရှိဘဲနဲ့ ဆိုက်ကားသမားကို ပေးလိုက်တယ်။

အနာမြော မရှိဘူးလား၊ ဘယ်လောက်ချမ်းသာနေလို့လဲ။ ပြီးတော့ ကားက ဟွန်းပေးပြီး လာတာ။ လမ်းကြောင်းမမှားသကဲ့သို့ ဆိုက်ကားကလည်း မမှားဘူး၊ တတ္တာရာလမ်းရဲ့အနားပဲ့မှုကြောင့် ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



ကားဘီးကျပြီး ဖြစ်သွားတာဆိုတော့ ဘယ်သူ့အမှားမှ မဟုတ်လို့ လျော်ကြေး ပေးဖို့မလိုဘူးလို့ ဝေက သမာသမတ်ကျစွာ တွေးလိုက်မိတယ်။

“ရပါတယ် ဆရာ. . . မယူပါဘူး”

“လုပ်မနေစမ်းပါနဲ့ဗျာ. . . ခင်ဗျားက ဘယ်လောက် ချမ်းသာနေလို့လဲ၊ ခင်ဗျားသား အားရင်သာ ကျွန်တော့်ခြံထဲ မြက် လာရှင်းပေးဖို့ လွှတ်လိုက်စမ်းပါဗျာ”

“ဟုတ်ကဲ့ ဆရာ”

ကားပိုင်ရှင်က ဆိုက်ကားသမားရဲ့ အကျႌအိတ်ကပ်ထဲ အထိ ပိုက်ဆံအခေါက်လိုက်ကို ထည့်ပေးလိုက်ပြီးမှ သူမှာချင်တာကို မှာပြီး ကားပေါ်ကို တက်လိုက်လာတယ်။ ကားပေါ် ရောက်တော့ ဝေ့အား အေးမြသောအပြုံးဖြင့်. . .

“ခြေထောက်နာနေတုန်းပဲလား”

“ဟုတ်ကဲ့”

“ခဏပါ. . . ရှေ့နားမှာ ဆေးခန်းရှိတယ်”

စက်ရှင်လမ်းအတိုင်း ကားမောင်းလာတော့ ဝေ့ရုံးနဲ့ နီးနေပြီ။ လှမ်းမြင်နေရတဲ့နေရာလောက်က ခြံတစ်ခြံက ဆိုင်းဘုတ်ကို ဝေ သတိပြုမိလိုက်တယ်။

အော်. . . ဝေ မြင်တွေ့နေကျ ဆိုင်းဘုတ်ကလေးပဲ။

. ဒေါက်တာရဲနီ (အမ်ဘီဘီအက်စ် - ရန်ကုန်) M.Med. Sc (Ortho.) ဟူ၍ဖြစ်သည်။

“တီတီ. . . တီတီ”

“ဟာ. . . လူလေး၊ ဘာကျန်ခဲ့လို့လဲ”





ခြံစောင့်ဖြစ်ဟန်တူသော လူကြီးတစ်ဦးက ခြံဝင်းတံခါးကို ဖွင့်ပေးရင်း မေးလိုက်သည်။

“လူနာပါလာလို့ အဘ”

ဆေးခန်းသဖွယ် ဖွင့်ထားသော ကားဂိုဒေါင်သဏ္ဍာန်လို မျိုး အဆောက်အအုံလေးရှေ့၌ ကားထိုးရပ်လိုက်ပြီး သူက လျင်မြန်စွာ ဆင်းလိုက်သည်။ ပြီးတော့ ဝေ့ဘက် တံခါးဆီသို့ ကွေ့ပတ်လာပြီး ဖွင့်ကာ. . .

“ဖြည်းဖြည်းဆင်းနော်၊ ကျွန်တော့်ကို တွဲခွင့်ပြုပါ”

မလိုအပ်သောစကားကို အပိုလုပ်ပြီး ပြောနေပြန်ပြီ။ တကယ်ဆို ညာဘက် ခြေချင်းဝတ် တစ်ခုလုံး နာကျင်မှုကြောင့် ခြေထောက် ထောက်၍မရသော လူနာအား သူပဲ ကားပေါ် တွဲတင်ပေးခဲ့သည်။ ယခု သူပဲ ချပေးရန် တာဝန်ရှိသည်။

ဝေ တုံ့ပြန်မှု မပေးသောအခါ သူကပင် ဝေအား တွဲထူပေးလေသည်။ သူစိမ်းယောကျ်ားတစ်ဦး၏တွဲထူဖေးမမှုကို ဝေ မခံလိုပါ။

သို့သော်. . .

မျက်ရည်ဝဲလောက်အောင် နာကျင်နေမှုကို ဝေ အန်တုနိုင်ပါအံ့နည်း။

“ကျွတ်. . . ကျွတ်”

လူနာစမ်းသပ်ခုတင်ပေါ် တင်ပေးရင်း တိတ်ဆိတ်နေသောနေရာ၊ ဆရာဝန်တစ်ဦးမျှပင် မတွေ့သောကြောင့်. . .

“ဆရာဝန်ကော”

“ကျွန်တော်ပဲ. . . ဒါ ကျွန်တော့်ဆေးခန်းပါ၊ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ပယောဂကြောင့် ဖြစ်သွားတဲ့ လူနာအတွက် ကျွန်တော် စေတနာနဲ့ ကူပေးပါရစေ. . . ခွင့်ပြုပါ”

ဝေ ရုတ်တရက်တော့ အံ့အားသင့်သွားရသည်။ ဝေမှ လုံးဝမျှော်လင့်မထားဘဲ။

ဝေ့ ခြေထောက်ကို ညင်သာစွာ ကိုင်တွယ်နေသော သူ့အသွင်သည် စိတ်ရှည်သော ဝါသနာထုံသော ဆရာဝန်ကြီးတစ်ဦး၏ပုံပန်းမျိုးကို တွေ့မြင်ရသည်။

“နာသလား”

“အင်း. . .”

“ဒီလိုကော”

“ဟင့်အင်း”

“သေချာတယ်. . . အဆစ်လွဲသွားပြီ၊ ခင်ဗျား ဆေးရုံလိုက်ခဲ့ပါလားဗျာ၊ ဓါတ်မှန်ရိုက်ရအောင်”

“သေချာတယ်ဆိုရင်လဲ ရိုက်မနေနဲ့တော့ပေါ့ ဒေါက်တာ ဆေးရုံကို ကျွန်မ မသွားချင်ဘူး”

“ဘာဖြစ်လို့လဲ”

“ဟိုလျှောက်ဒီလျှောက်နဲ့ ကျွန်မ လျှောက်နိုင်လိမ့်မယ် မထင်ဘူး၊ ခု ဒေါက်တာက ဘာကုသမှုမှ မပေးနိုင်ဘူးလား”

သူနှင့်ဝေ မျက်လုံးချင်း ဆုံမိကြသည်။ သူ့မျက်လုံးသည် အဓိပ္ပါယ်ပါသော အသံကဲ့သို့ပင် ဆွဲဆောင်မှုတစ်ရပ် ရှိနေပြီဟု ရင်ခုန်သံနှုန်း မြန်လာသော ဝေ့အနေဖြင့် အကဲခတ်လိုက်မိသည်။

“ပတ်တီးစည်းထားရလိမ့်မယ်၊ ပြီးရင် အိပ်ရာထဲမှာပဲ အနားယူပြီး ငါးရက်လောက်တော့ ငြိမ်ငြိမ်နေရမှာပဲ၊ ဆေးခွင့်





အတွက် ခက်နေမှာစိုးလို့ ဆေးရုံသွားလိုက်ရင် အဆင်ပြေမလားလို့ပါ”

“ကိစ္စမရှိပါဘူး. . . ဒါ ဝေ့ ကိစ္စပါ”

ခက်သည်က သည် ‘ဝေ’ မိမိကိုယ်ကို ကျွန်မဟု သုံးရန် ခက်ခဲတတ်သော ဝေ့အတွက် သုံးနှုန်းနေကျအတိုင်း ဝေဟု သုံးစွဲလိုက်မိသည်။

“ကောင်းပါပြီလေ. . . ဒါကတော့ ဝေ့သဘောပါ၊ ကျွန်တော်က စေတနာနဲ့”

ဝေအား စူးစမ်းသောအကြည့်ဖြင့် ကြည့်နေသော ဒေါက်တာ ရဲနိုကို ဝေ မျက်မှောင်ချီကြည့်လိုက်သည်။

“ဘယ်လိုလဲ ဒေါက်တာ၊ ဝေ့ဒဏ်ရာကို ဒီနေ့ ကုဦးမှာလား”

သူစိမ်းယောကျ်ားတစ်ဦး၏ယောင်ချာချာဖြစ်မှုကို ဝေ ကြောခဏ ကြုံဖူးပါသည်။

သူက နှုတ်ခမ်းကို တွန့်ရှုံ့ပြုံးလိုက်ပြီး. . .

“တခြားဘယ်နေရာမှာကော ဒဏ်ရာဒဏ်ချက် ရှိသေးသလဲ”

ဒူးဆစ်၌ ပွန်းပဲ့သွားသည်ကို စပ်ဖျဉ်းဖျဉ်း ဖြစ်နေသော ခံစားမှုကြောင့် ဝေ လှမ်းကြည့်စရာမလိုဘဲ သိနေပါသည်။ သို့သော် ဤဆရာဝန်ကိုတော့ မပြောရဲပါချေ။ အိမ်ရောက်မှပဲ ဆေးထည့်လိုက်တော့မည်။

“မရှိပါဘူး”

ဒေါက်တာရဲနိုက ဝေ ခြေထောက်စည်းရန်အတွက် လိုအပ်

www.burmeseclassic.com

www.burmeseclassic.com



သည်တို့ကို ယူရင်း ဝေ့ကို အကဲခတ်လိုက်သည်။ သူ့အကြည့်တ စူးရှသည်။ လူပျိုရိုင်းတစ်ဦး၏မျက်လုံးရိုင်းမျိုးဟု ဝေ အလိုလို သိရှိခံစားနေရသည်။

"ဒေါက်တာ"

"အင်"

"ဝေ့ဒဏ်ရာက မျက်နှာမှာ မဟုတ်ဘူးလေ. . ခြေထောက် မှာရှင့်"

ဆတ်ဆတ်ထိမခံတတ်သော ဝေ့စိတ်နှင့် ကျောင်းသူအ က ငမ်းကြောထူသော ကိုနောက်ပိုးတို့ကို လှောင်ပြောင်နေ အကျင့်ကလေးကလည်း ပါရှိနေဆဲဖြစ်ရာ တမင်ရွှတ်လိုက်ခြင်းဖြ သည်။

ထိုအခါ သူ၏မျက်နှာ ရဲခနဲဖြစ်သွားပြီး 'ဟဲခနဲ' တစ်ချ ရယ်လိုက်သည်။

ပြီးမှ အရှက်ပြေ. . .

"ခင်ဗျားဝေဒနာရဲ့အတိမ်အနက်ကို တွေ့မြင်နိုင်တဲ့ မျ နှာပြင်ပေါ်က အရေးအကြောင်းတွေကို လေ့လာနေတာပါ"

'ဆင့်ခြေချည်းပဲ' ဟု ဝေ့စိတ်ထဲက ရေရွတ်လိုက်သည်

သို့သော်. . .

"ဆရာဝန် အောက်မေ့ပါတယ်၊ အခုမှ အင်္ဂဝိဇ္ဇာဆရာ လာတွေ့တော့တယ်. . . ဒုက္ခ"

ဟု ခပ်တည်တည် ပြောချလိုက်သည်။

'အဟက်' ဟု သူက အသံထွက်အောင် ရယ်လိုက်သည် ထို့နောက် ခွန်းတုံ့မပြန်တော့ဘဲ ဝေ့ခြေထောက်အား သေ





သေသပ်စွာ ပတ်တီးစည်းပေးလေသည်။

"ဒီခြေထောက်ကို မထောက်ရသေးဘူး၊ အဖော်တစ်ဦး၊ ဒါမှမဟုတ် တုတ်ကောက်တစ်ချောင်းကို အားပြုပြီးတော့မှ မလွဲ မရှောင်သာ ကိစ္စမျိုးကိုသာ လုပ်ရမယ်နော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ဝေက အမှန်တကယ် ရိုကျိုးစွာ ဖြေခြင်းဖြစ်သည်။ ဤ သည်ကို သူက ခနဲ့သည်ဟု ထင်သွားပုံနှင့် ဝေ့အား မျက်ခုံးပင့်ကြည့် သည်။ ပြီးမှ ဆေးထိုးအပ်ကို ပြင်ရာ. . .

"ကျွန်မ ဆေးမထိုးဘူးနော် ဒေါက်တာ၊ ဘယ်လိုမှ စိတ်မရှိ ပါနဲ့၊ ကျွန်မမှာ မတည့်တဲ့ဆေးတွေက များနေလို့ပါ"

"ဘာလဲ. . . အိမ်ချ်အိုင်ဗွီပိုး ကြောက်လို့လား၊ စိတ်ချပါ တစ်ခါသုံးချည်းပဲ သုံးပါတယ်"

"မဟုတ်ရပါဘူး. . . တကယ်မတည့်တာ"

သူ့နှာပြူ မရှိ၊ မိမိကလည်း အဖော်မပါဘဲ ဆေးထိုးခံရဖို့ကို ဝေ တွန့်ဆုတ်မိသည်မှာ အမှန်ပင်။

"ဒါဖြင့် မတည့်တဲ့ဆေးတွေ ရွတ်ပြပါဦး"

ဝေလည်း ပါးစပ်ထဲ တွေ့သမျှဆေးများကို ရွတ်ပြလိုက် သည်။

"ဟာ. . . များလှချည်လား၊ ကဲပါ. . . မောဖါတယ်၊ ရွတ် ပြမနေနဲ့တော့၊ သောက်ဆေးပဲ ပေးတော့မယ်၊ တစ်နေ့ လေးကြိမ် သောက်ရမယ်"

"ဟုတ်ကဲ့ရှင့်"

ဝေက ဝမ်းသာအားရပင် ဖြေလိုက်သည်။ ဆရာဝန်က



www.burmeseclassic.com

www.burmeseclassic.com



ပြီးသည်။ တော်တော် သဘောကောင်းပုံရသည့် ဆရာဝန်ဟု ဝေက ကျေနပ်စွာ ပြုံးလိုက်သည်။ ဆရာဝန်၏အတွေး၌ ဝေ ဆေးမထိုးချင်သည်မှာ ဘာကြောင့်နည်းဟု သိကောင်းသိနေသည့်ပုံ။

"ခြေထောက် ဘယ်လိုနေသေးလဲ"

"နာလို့ ထုံတောင်ထုံနေပြီ"

"အေးရင် ကိုက်လိမ့်မယ်၊ ဘာမှ စိတ်မပူနဲ့၊ တကယ်လို့ သိပ်ကို ခံရခက်နေရင် ကျွန်တော့်ကို ဖုန်းဆက်လိုက်ပါ၊ ကျွန်တော် လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့"

ဝေ့အား သူ၏ဖုန်းနံပါတ်လေးကို ရေးပြီး ကမ်းပေးလိုက်သည်။ ဝေလည်း ဆေးများနှင့်အတူ ပိုက်ဆံအိတ်ထဲ ထည့်လိုက်ပြီး ဆေးကုသမှုအတွက် ပိုက်ဆံပေးသင့်မသင့် ချိန်ဆလိုက်သည်။

"ဟို. . . ဆေးဖိုး ဘယ်လောက်ကျပါသလဲ ဒေါက်တာ"

ဆရာဝန်က ပြုံးကာ ခေါင်းခါယမ်းလိုက်သည်။

"အားမနာပါနဲ့ ဒေါက်တာရယ်. . . ပြောပါ"

"ကိစ္စမရှိပါဘူး. . . ကျွန်တော့်ပယောဂ မကင်းတဲ့အတွက် ကျွန်တော့်မှာ တာဝန်ရှိပါတယ်. . . ဒါကြောင့်ပါ၊ ကိုင်း. . . ကျွန်တော်လဲ ဂျူတီဝင်စရာ ရှိတယ်၊ အဲဒါ. . ဝေ. . အဲ. . နာမည် အပြည့်အစုံ မသိသေးလို့ ဝေလို့ ခေါ်တာ ခွင့်လွှတ်နိုင်မယ် ထင်ပါတယ်"

ဝေက ပြုံးကာ ခေါင်းခါလိုက်သည်။

"မရဘူး"

"ဗျာ"





"ကျွန်မနာမည် အပြည့်အစုံပဲ ခေါ်ပါ"

"ဟုတ်ကဲ့. . . အမိန့်ရှိပါ"

"ကျွန်မနာမည် အပြည့်အစုံက ဝေတဲ့"

"ဟောဗျာ. . . ကျွန်တော်က အဟုတ်အောက်မေ့လို့"

ဆရာဝန်မျက်နှာ ဝင်းပသွားသည်။

"ဝေ့ကို ကျွန်တော် ပြန်ပို့ပေးမယ်နော်"

"ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ပေးပေတော့ရှင်၊ ဒီနားက တရားရုံးကိုပါ ဒေါက်တာ ဝင်ပေးပါ"

"အမှုဖွင့်မလို့လား"

"ဟုတ်တယ်. . . ကားမောင်းကြမ်းမှုကြောင့် ကျွန်မရဲ့ နစ်နာမှုအတွက် လျော်ကြေးအဖြစ် ဒေါက်တာကိုယ်တိုင် ခွင့်သွားတိုင်ပေးရမယ်"

ဆရာဝန်က ပြုံးကာ ဝေ့အား တွဲသည်။ ဝေက သူ့အကူအညီဖြင့် ကားပေါ်သို့ ရောက်ရပြန်သည်။

"ဘယ်လို တိုင်ပေးရမလဲ"

"အဲဒီက တွဲဖက်တရားသူကြီးရဲ့ရုံးခန်းကို သွားပေးပါ၊ ဝေ့တို့ ခွင့်ငါးရက် ပေးဖို့ပါ၊ လိုအပ်ရင် ဆေးခွင့်ကို ဝေ့ခြေထောက် ပြန်ကောင်းပြီးမှ ဆောင်ရွက်ပေးပါ့မယ်လို့ ဒေါက်တာကိုယ်တိုင် သက်သေခံပေးပါ"

"ကောင်းပါပြီ"

မလှမ်းမကမ်းရှိ ခရိုင်တရားရုံးရှေ့၌ ဆရာဝန်ကားကို ထိုးရပ်လိုက်သည်။

"ဝေ့ရာထူးက"



www.burmeseclassic.com

www.burmeseclassic.com



"တောင်ငူခရိုင် တရားရုံး တွဲဖက်တရားသူကြီးပါပဲ"

"လေးစားပါတယ် ဒေါ်ဝေ"

သူ၏မျက်နှာပြင်၌ အထင်ကြီးမှု အရေးအကြောင်းများကို ဝေ ဖတ်မိလိုက်သည်။ သူ၏နောက်ကျောပြင်ကို ကြည့်ရင်း ဝေ ပြုံးမိသည်။

ဆရာဝန်ပင်ဖြစ်သော်လည်း ဟိတ်ဟန်မများဘဲ သွက်လက်ချက်ချာ ရည်မွန်ကာ သဘောကောင်းပုံရသော ဒေါက်တာရဲနီသည် ဝေ့အား ထိုအချိန်မှစ၍ စိုးမိုးခဲ့ခြင်းဖြစ်ကြောင်းကို. . .။





# အခန်း(၃)

ညှော်ခန်း ဒရင်းဘက်ပေါ်၌ ငြိမ်သက်စွာ အနားယူရင်း စာအုပ်များနှင့် မိတ်ဆွေဖွဲ့နေသော ဝေသည် သူ့အား မြင်လိုက်သဖြင့် အံ့အားသင့်သွားရသည်။

သူ. . . ဆရာဝန် ဒေါက်တာရဲနီ၊ နံနက်ကတင် မိမိအား အိမ်တိုင်ရာရောက် လိုက်ပို့ပေးသည်။ ယခုညနေ ညီအစ်ကို မသိတသိ နေဝင်ရီတရောအချိန်လေး၌ ရောက်ချလာသည်။

"ဘယ့်နှယ်နေသေးလဲ. . . အရမ်းကိုက်နေသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဟုတ်ပါရဲ့၊ ဝေ ရောဂါကို မေ့နေတယ်၊ မကိုက်ဘူး ထင်တယ်"

ဝေ၏ခပ်ကြောင်ကြောင်စကားကြောင့် ဆရာဝန်က သူ့နဖူး သူရိုက်ကာ. . .

"ဟောဗျာ. . . တော်တော်စိုးရိမ်ရမယ့်ပုံပဲ"

"ဝေ ထမင်းစားပြီးကတည်းက အိပ်ပျော်သွားတာ၊ နိုးလာတော့လဲ ဆေးသောက်ပြီး စာဖတ်နေတာနဲ့ ရောဂါကို မေ့နေတယ်"

ဝေက အေးဆေးစွာပင် ရှင်းပြလိုက်သည်။

"ကောင်းပါတယ်"

"ဒေါက်တာ တမင်လာတာ၊ သိပ်ကိုက်ခဲရင် သောက်ဖို့ဆေးနဲ့ မနက်ဖြန်အတွက် ဆေးရယ် လာပို့တာ"

"ဟာ. . . အားနာစရာကြီး"

ဆေးကို တစ်ရက်ချင်း လာ၍ လိုပေးသော ဆရာဝန်ကို ဝေ ဘယ်လိုမှတ်ယူရမှာပါလိမ့်။ ဆေးဖိုးဝါးခ ယူလျှင်တော့ တော်တော်ရိုတ်သည့် ဆရာဝန်ဟု ပြောနိုင်သည်။ ယခုတော့ ဆေးဖိုးဝါးခ မယူဘဲ စေတနာ သက်သက်ဆိုတော့. . . အင်း. . . စေတနာတွေ ရေစီးကမ်းပြို လိုက်နေပြီဟု ဆိုရမည်လား။ ဝေ ရင်ခုန်သံ သံစဉ်ကလေး အနည်းငယ် ဆူဆူညံညံ ဖြစ်လာသည်။

"ဟော. . . မောင်ရင် ဆရာဝန်လေး ရောက်နေပါလား၊ လက်ဖက်သုတ်လေး သုံးဆောင်သွားပါဦး၊ လူမမာလေ. . . ခြေထောက်ဒဏ်ရာ ရတာနဲ့ တကယ့်လူမမာကြီး ဖြစ်သွားပြီး စားချင်တာတွေကို အဒေါ်ကို ပူဆာနေတော့တာပဲ"

ဝေက. . .





"အို. . . ဒေါ်ဒေါ်ဒေါင်းကလဲ"

"ကောင်းတာပေါ့ ဝေ၊ ဆင်ဖြူတော် မှီပြီး ကြံစုပ်ရတာပေါ့၊ မဟုတ်ဘူးလား ဒေါ်ဒေါ်၊ ကျွန်တော်က လက်ဖက်သုတ် သိပ်ကြိုက်တာ၊ လုပ်ပေးမယ့် အိမ်ရှင်မက မရှိ၊ ထမင်းကလဲ ဆိုင်ထမင်းဟင်းဆိုတော့ အိမ်လက်ရာလေးတွေကို ငြိမ့်သည်လုပ်စားရတဲ့အခါ တယ်ခံတွင်းတွေ့တာပဲ"

ဝေ့ကို မသိမသာ ကြည့်ရင်း ဒေါ်ဒေါ်ဒေါင်းအား ပြောလိုက်ပုံကို ဝေက မရိပ်မိဘဲ မရှိ၊ ရိပ်မိပါသည်။ သူ၏ စကားအသွားအလာ၏အဓိက,က အိမ်ရှင်မ မရှိသော လူပျိုလူလွတ်ဖြစ်ကြောင်းသာ ဖြစ်ချေသည်။

"အိုကွယ်. . . အိမ်ရှင်မကို ခေါ်လာရောပေါ့"

ဒေါ်ဒေါ်ဒေါင်းက ဘုမသိဘမသိ မီးလောင်ရာ လေပင့်ပေးသကဲ့သို့ ရှိသွားသည်။

"ခေါ်လာစရာ အိမ်ရှင်မ,မှ မရှိဘဲ၊ ကျွန်တော်က လူပျိုလူလွတ်ပါ ဒေါ်ဒေါ်"

ဆရာဝန်တော့ ဖိုးကျိုင်းတုတ် ဖြစ်သွားပြီ။ ဝေက ရေနွေးကြမ်း အသာငှဲ့ပေးရင်း. . .

"သုံးဆောင်ပါဦး ဒေါက်တာ"

"ဟုတ်ကဲ့. . . စိတ်ချပါ၊ ဝေရော ဒေါ်လေးပါ ကျွန်တော် လာလိုက်လို့ ဝေ့ စားချင်တဲ့လက်ဖက် နည်းသွားပါဦးမယ်"

"စားပါ ဆရာဝန်လေး. . . အားမနာနဲ့ ဒေါ်ဒေါ် ထပ်သုပ်ပေးမယ်"

"မသုပ်ပါနဲ့ ဒေါ်ဒေါ်. . . လုံလောက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူလေးများနှင့် အစာပလာများကို ရောသုပ်ထားသော လက်ဖက်သုပ်ကို ဆရာဝန်က တစ်ဇွန်းခပ်စားသည်။

ဝေ့ရင်ထဲ သဘောကျသွားသည်။ အခြားဆရာဝန်တွေကဲ့သို့ ဟိတ်ဟန်မရှိ၊ ရှပ်အင်္ကျီလက်တိုနှင့် ကချင်ပုဆိုးကွက်လေး ဝတ်ထားသည်။ ပုံစံက ကျောင်းသားလူငယ်တစ်ဦးနှင့်ပင် ခပ်ဆင်ဆင် တူသယောင်ယောင်။

“ကားသံမကြားလိုက်လို့ ဆရာဝန်လေး ရောက်နေမှန်းတောင် မသိလိုက်ရဘူး”

“ကျွန်တော် စက်ဘီးနဲ့ လာတာပါ ဒေါ်ဒေါ်”

“ဩော်. . . ကောင်းတာပေါ့၊ မရွှေဝေကို ဆိုက်ကားခကုန်လွန်းလို့ စက်ဘီးစီးသင်ပါဆိုတာလဲ ပြောမရဘူး”

“အသက်ကြီးမှ စက်ဘီးစီး သင်ရတာ အမျိုးသမီးတွေက မရဲကြဘူး”

ဆရာဝန်ကိုယ်တိုင် ဝေ့အား စက်ဘီးစီး သင်စေချင်ပုံမရ။ သူသင်ပေးပါမည်ဟူ၍မျှပင် လောကွတ်ချော်နိုင်ခြင်း မရှိချေ။

“ဩော်. . . ဝေ့ အတွက် ဆေးခွင့်တစ်ပတ် ကျွန်တော် လုပ်လာပေးတယ်”

“ဟင်. . .”

“ပိုကောင်းတာပေါ့ ဝေ၊ လိုအပ်ရင် တင်ပြနိုင်တာပေါ့။ ဟော. . . ဝေ့ရုံးက သတင်းမေး လာကြတယ်ထင်တယ်၊ ကျွန်တော် ပြန်တော့မယ်. . . ဆေးခန်းဖွင့်ရဦးမယ်”

“ဟို. . . ကျေးဇူးသိပ်တင်ပါတယ် ဒေါက်တာ”





“မလိုပါဘူးဗျာ. . . မနက်ဖြန် ကျွန်တော်လာခဲ့ဦးမယ်၊ ခွင့်ပြုပါဦး ဒေါ်ဒေါ်”

“အေး. . . . အေး”

ဆရာဝန်က ထအပြန် ရုံးက အဖွဲ့သားတွေက တစုတဝေးတည်း ဝင်လာကြသည်။

ပြောမနာ ဆိုမနာလည်းဖြစ်၊ ရာထူးလည်းတူ သူငယ်ချင်း ဥပဒေအရာရှိ ဆွေက. . .

“ဘယ်နှယ့်လဲ. . . ကေတုမတီ မင်းနေပြည်တော်ဟောင်းက ဘုမိနက်သန် ဖူးစာမှန်တဲ့နယ်မြေ ဖြစ်နေပြီလား မိဝေ”

“တော်စမ်းပါ မိဆွေရာ၊ သူ့ပယောဂ မကင်းလို့ ကူညီနေတာကို”

အခြားသူများလည်း ပါလာသဖြင့် သူငယ်ချင်းနှစ်ယောက် စကားစ ပြတ်သွားကြသည်။ သို့သော် မိဆွေ၏မျက်လုံးက မိမိအား နောက်ပြောင်ကျီစယ်သော အရောင်များ ထွက်လျက်. . .

‘နေနှင့်ဦးပေါ့ မိဝေရာ’ ဟုလည်း ပြောကြားနေသယောင်ယောင်။

ဝေက မသိကျိုးကျွန်ပြုလျက် ရုံးအဖွဲ့သားများနှင့် အလ္လာပသလ္လာပ ပြောရင်း. . .

“ဒေါက်တာရဲနီက ဒီကိုရောက်တာ သိပ်မကြာသေးဘူး၊ အဲ. . . သုံးလလောက်ပဲ ရှိမယ်ထင်တယ်၊ စေတနာ စိတ်ရင်း သိပ်ကောင်းတာ၊ ဟိတ်ဟန်လဲ သိပ်မရှိဘူး၊ တစ်ခါတစ်ရံ ဝါးဖက်ဦးထုပ်တစ်လုံး ဆောင်းပြီး စက်ဘီးတစ်စီးနဲ့ ဆင်းရဲသားရပ်ကွက်ထဲမှာလဲ ဆေးလိုက်ကုချင်ကုနေတာပဲ၊ နီးစပ်ရာ ရွာတွေက လူနာဟောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေဆီကိုလဲ သတင်းမေး ရောက်ချင်ရောက်နေတာ၊ ရောက်တာ မကြာသေးဘဲ သူ့သတင်းက မွှေးပျံ့သွားပဲ၊ တကယ့်စေတနာ ဆရာဝန်ကြီးပဲ”

ဝေတို့ဌာနမှ ရုံးအုပ်ကြီးက ဒေါက်တာရဲနိုင်၏ဂုဏ်ပုဒ်များကို ဟိမဝန္တာ ချီးမွမ်းခန်း ဖွင့်နေလေတော့သည်။

“ကြားလား မိဝေ. . . စိတ်ကူးမလွဲနဲ့နော်”

မိဆွေက အနားကပ်ကာ ခပ်တိုးတိုး စ,လိုက်သေးသည်။ ဝေက 'နင်ယူလိုက်ပါလား' ဟု ပြောပြီး သူမပေါင်ကို ဆွဲဆိတ်ပစ်လိုက်သည်။

“အာလာလာ. . . ယူချင်တာပေါ့၊ အိမ်ကဟာကြီး ဘယ်ချောင်ယိုးရမှန်း မသိလို့”

“တိုင်ပြောမယ်”

ဝေ.တဒင်္ဂတော့ ဝေဒနာကို မေ့နေမိသည်။ သတင်းမေးလာသူတွေ ပြန်သွားသောအခါမှ ဝေ့ ဝေဒနာ တက်တော့သည်။

ထိုဝေဒနာထဲတွင် ဆရာဝန်၏အပြုအမူ အပြောအဆိုနှင့် အမိပွါယ်ရှိသော သူ၏မျက်လုံးများကို ပြန်လည်မြင်ယောင်နေသော ဝေဒနာက အဆိုးရွားဆုံးပင်။







# အခန်း(၄)

“ကျုပ် နိမိတ်ဖတ်လိုက်ရင် လွဲခဲတယ်နော် မိဆွေဝေ၊ ညည်းနဲ့ဆရာဝန်လေးတော့ ခါတော်မီ ဝါမဝင်ခင်ပဲ မင်္ဂလာပွဲ ကျင်းပချင်ပါတယ်ဆိုတဲ့ အနေအထားမျိုး ရောက်လိမ့်မယ် ထင်တယ်”

“ကိုယ့်ဟာကိုယ် ဦးလေး လာခေါ်ရင်လဲ အေးအေးဆေးဆေးသာ ပြန်ပါ ဒေါ်ဒေါ်ဒေါင်း၊ သူခိုးဖော်ညှိမနေနဲ့၊ ပြန်ပေါင်းမကျွေးနိုင်ဘူး သိလား”

ဝေကလည်း ဒေါ်ဒေါ်ဒေါင်းအား ပြန်လည်ချေပလိုက်.



www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ်တော့ ဒေါ်ဒေါ်ဒေါင်းသည် သူ့ခင်ပွန်း လာခေါ်ကတည်းက အထုပ်အပိုး ပြင်ပြီးသားဖြစ်သည်။ ကလေးသုံးယောက်နှင့် မုဆိုးဖိုကို ယူထားမိသော ဒေါ်ဒေါ်ဒေါင်းအတွက် ချမ်းမြေ့ခြင်းကို ဘယ်သောအခါမှ မရရှိခဲ့ပေ။ ယောကျ်ားနှင့် စိတ်ဆိုး၍ အိမ်ကဆင်းလာသည်ကလည်း မကြာခဏ။ လင်ပါသားကြီး၊ သမီးကြီးများနှင့် ရန်ဖြစ်၍ ဆင်းလာသည်ကလည်း အလီလီ။ ဝေတို့အိမ်၌ သောင်တင်ပြီး ယောကျ်ားက ပြန်ခေါ်သောအခါ ကောက်ကောက်ပါသွားသည်ကလည်း အကြိမ်ကြိမ် အခါခါ၊ သူ့ဝင္ဍကြွေးပေပဲ။

ဒေါ်ဒေါ်ဒေါင်းက သူ့ခင်ပွန်းကားနှင့် ပြန်ပါသွားသောအခါ ဝေ့ရင်ထဲ ဟာခနဲ ကျန်ရစ်ခဲ့သည်။

ဝေ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ပြည်တော်သာ တိုက်ခန်း၌ ဝေ ငှားနေသည်။ ဝေ တစ်ယောက်တည်းတော့ မဟုတ်။ ဒုဦးစီးမှူး အပျိုကြီး ဒေါ်စောဦးနှင့် ပူးတွဲနေခြင်းဖြစ်သည်။

အသက်လေးဆယ်စွန်းနေပြီဖြစ်သော ဒေါ်စောဦးနှင့် အသက်သုံးဆယ်နား ကပ်လာပြီဖြစ်သော ဝေသည် အတွဲသိပ်မညီလှ။

ဒေါ်စောဦး ဘုရားစာ ဖတ်ပြီး ပုတီးစိတ်ချိန်၌ ဝေက ကက်ဆက်ကလေး ဖွင့်ပြီး ခဏငြိမ့်နေချင်သေးသည်။ ပြီးလျှင် စာဖတ်သည်။

"ဝေ"

"ဟော. . . ဒေါက်တာ"

ခြေထောက် ပတ်တီးဖြေပေးသော သောကြာနေ့ကတည်းက ပျောက်ဆုံးသွားသော ဒေါက်တာရဲနိုင်ကို တနင်္လာနေ့ ညနေခင်းမှ





ပြန်လည်တွေ့ရှိရသည်။

တွေ့ရှိရသည်ဆိုသော်လည်း သူရောက်လာခြင်းဖြစ်သည်။ ဧည့်ခန်း၌ ထိုင်နေသော ဒေါ်စောဦးမှာ ဟိုယောင်ယောင် သည်ယောင်ယောင်နှင့် သူမ၏အိပ်ခန်းထဲသို့ ဝင်သွားလေတော့သည်။

"စနေ တနင်္ဂနွေ ဘယ်ပျောက်နေတာလဲ"

"ရန်ကုန်မှာလဲ ကျွန်တော့်ပေးရှင့်တွေ ရှိတယ်၊ ဆေးဝယ်ရင်းနဲ့ တစ်ပတ်တစ်ခါတော့ သွားကြည့်ပေးရတယ်၊ ဝေ့အတွက်. . ."

"ဘာတွေလဲ"

"ဝေ့ဆီကပဲ စားရတာ အားနာလို့ အရီးတောင်းလက်ဖက်နဲ့ မုန့်တွေပါ"

"နောက်ကို ဝယ်မလာနဲ့ ဒေါက်တာ၊ တောင်ငူလက်ဖက်နဲ့ ကြက်သွန်ကြော်၊ ပဲကြော်ကလဲ နာမည်ကြီးပဲ ဒေါက်တာ၊ မိုးဆန်း ပဲလှော် ပင်ရင်းမှာ ဝယ်လိုက်ရုံပဲ"

"ဟုတ်လား. . . ဒီနေရာမှာတော့ ကျွန်တော် မတျွမ်းဘူး၊ ဒါထက် ဒေါ်ဒေါ်ကော"

"စောစောကလေးတင် ရန်ကုန်ပြန်သွားပြီ၊ သူ့ခင်ပွန်း လိုက်ခေါ်လို့လေ"

"ဟင်. . . ဒါဖြင့် ဝေ တစ်ယောက်တည်းပေါ့"

"မဟုတ်ပါဘူး. . . ဒေါ်စောဦးလဲ ရှိပါတယ်"

"ခြေထောက်ကိုက်တာခဲတာ ရှိသေးသလား၊ နည်းနည်းတော့ ရောင်သေးတယ်နော်"

"အေးရင် ကိုက်တယ် ဒေါက်တာ"

"ရေနွေးအိတ်သာ ကပ်ပေးပါ၊ ပြီးတော့ ပေးထားတဲ့ဆေး



www.burmeseclassic.com

www.burmeseclassic.com



လဲ မှန်မှန်သောက်"

"ဟုတ်ကဲ့"

စကားစတို့ ပြတ်သွားသည်။ ဒေါက်တာရဲနီ၏အကြည့်က ဝေ့ထံသို့ ကျရောက်နေမည်ကို ဝေ သိသည်။

"ဝေ ရုံးကို ဘာနဲ့ သွားသလဲ"

"ဆိုက်ကားနဲ့ပဲပေါ့"

"အပန်းမကြီးဘူးဆိုရင် ကျွန်တော် ကြိုပေး ပို့ပေးပါရစေလား"

ဝေက ဒေါက်တာအား ရဲတင်းစွာ ကြည့်လိုက်သည်။ တရားပြိုင်အား ကြည့်နေကျဖြစ်သော ဝေ၏မျက်ဝန်းကို ဒေါက်တာရဲနီက နားလည်ပုံရသည်။

"ဆောရီးပဲ ဝေ၊ ကျွန်တော် ဆန္ဒစောသွားတယ်၊ ကျွန်တော့်စကားဟာ ဝေ့ကို စော်ကားသလို ဖြစ်သွားရင် တောင်းပန်ပါတယ်၊ ကျွန်တော် စေတနာနဲ့ပါ"

"ဟုတ်ကဲ့. . . ဒေါက်တာ့စေတနာကို ကျွန်မ အသိအမှတ်ပြုပါတယ်၊ ဒါပေမယ့် ဝေ သူများကို အားမကိုးတတ်ပါဘူး"

"ယုံပါတယ် ဝေ၊ ဒါထက် ဝေ ဘုရားတွေဘာတွေကော ဖူးပြီးပြီလား"

"ဟုတ်ကဲ့. . . ရွှေဆံတော် ဖူးပြီးပါပြီ"

"တခြားဘုရားတွေ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ ဒါကိုတော့ ဝေ မငြင်းပါနဲ့၊ ဝေ တစ်ယောက်တည်း လိုက်ဖို့ မသင့်တော်ဘူး ထင်ရင် ဝေ့အပေါင်းအသင်းတွေပါ ခေါ်ပါ၊ မြတ်စောညီနောင်နဲ့ ပသီချောင်းကို ကျွန်တော် ပို့ပေးမယ်"





"ဟန်ကျတာပဲ. . . ဝေ အဲဒီနေရာတွေကိုတော့ သွားချင်တယ်၊ ဒီတစ်ပတ် စနေ တနင်္ဂနွေ သွားကြတာပေါ့"

"စနေ တနင်္ဂနွေ"

ဒေါက်တာရဲနီ မျက်နှာ မသိမသာ ပျက်သွားသည်။ ဝေ ချက်ချင်းရိပ်မိလိုက်သည်။

"သြော်. . . ဆောရီး ဒေါက်တာ၊ စနေ တနင်္ဂနွေ ဒေါက်တာမှ မအားဘဲ၊ ဒါဖြင့်လဲ ရှိပါစေတော့"

"မနက်စောစော ထသွားရင် ရုံးချိန်မီပါတယ် ဝေ၊ မြတ်စောညီနောင်ကို ကျွန်တော်အရင်ပို့ပေးမယ်၊ ပြီးမှ နောက်တစ်ပတ် ကျွန်တော် လူနာတွေကို နှစ်ပတ်စာ ဆေးပေးခဲ့ပြီးမှ ဝေ့ကို ပသီချောင်း လိုက်ပို့ပေးမယ်"

"ကျေးဇူးတင်ပါတယ်"

"သူစိမ်းစကား မပြောပါနဲ့ ဝေ"

"နို့. . . သူစိမ်းတွေ မဟုတ်ဘူးလား"

"ဟုတ်တယ်. . . ကျွန်တော်ကလဲ ဝေနဲ့ သူစိမ်းတွေပဲ ဖြစ်ချင်ပါတယ်၊ အမျိုးမတော်ချင်တာကတော့ အမှန်ပဲ"

ဝေက ဒေါက်တာရဲနီကို ဖျတ်ကနဲ ကြည့်လိုက်သည်။ သူ့အပြုံးနှင့် ကြည်လင်နေသော အကြည့်စိမ်းတွင် အဓိပ္ပာယ် အများကြီး ဆောင်နေသည်။

ကလေးတွေမှ မဟုတ်ဘဲ။ စကား၏ဆိုလိုရင်းကို မသိရှိဘဲ နေကြပါ့မလား။ သို့သော် ဟန်ဆောင်ကောင်းသော လူကြီးများသဖွယ် စကား၏ဆိုလိုရင်းကို ဝေ ဥပေက္ခာပြုလိုက်သည်။

ဒေါက်တာရဲနီက ထိုင်ရာမှ လေးကန်စွာ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မပြန်ချင်သေးသော်လည်း ဝေ့သိက္ခာကို ငဲ့ကာ ပြန်ရခြင်းဖြစ်ကြောင်းကို မပြောဘဲနှင့်လည်း ဝေ သိနေသည်။

"ပြန်တော့မယ်"

ဝေပါ လိုက်လာပြီး ခေါင်းညိတ်လိုက်သည်။ သူ တံခါးဝဆီသို့ ကျောခိုင်းပြီး လျှောက်သွားချိန်၌ ဝေ ရင်ထဲ လစ်ဟာ ကျန်ရစ်ခဲ့သည်။

သူသည် ဝေ၏သာမန်ဧည့်သည် မဟုတ်တော့၊ မမျှော်လင့်ဘဲ ရောက်လာသည့် နှလုံးသားဧည့်သည် ဖြစ်နေပြီဟု ဝေ့ကိုယ်ဝေ သိရှိနားလည်လိုက်သည်။

ထိုအခါ ဝေသည် အလိုလို ရှင်မြူးလာသည်။ နှုတ်မှ သီချင်းတစ်ပုဒ်ကို အလိုလို ညည်းလိုက်မိသည်။ သို့သော် ချက်ချင်းပင် ဒေါ်စောဦးကို သတိရကာ ရယ်ပစ်လိုက်သည်။

သူပေးသောအထုပ်ကို ကြောင်အိမ်ထဲသို့ ထည့်လိုက်ပြီး အိပ်ခန်းထဲသို့ ဝင်လိုက်ရင်း. . .

"မမဦးရေ. . . လက်ဖက်နဲ့ ကိတ်မုန့်အစိုခြောက်တွေနော်၊ ကြောင်အိမ်ထဲမှာ ထည့်ထားတယ်၊ ဆွမ်းတော်လဲကပ်, စားလဲ စားနော်"

တစ်ဖက်ခန်းကို လှမ်းအသံပြုလိုက်သည်။

"အေးပါကွယ်. . . တို့များတော့ ဆင်ဖြူတော်မှီပြီး ကြံစုပ်နေရတော့တာပဲ"

ဝေက ပခုံးတွန့်ကာ ပြုံးလိုက်မိသည်။ ကြည့်စမ်း. . . မှန်ထဲ၌ ပေါ်လာသော ဝေကဲ့သို့ ရှက်သွေးဖြာစိုကာ ဝင်းလက် ရွှင်လန်းနေပါလား။





ဝေ စိတ်ထဲ ညည်းတွားလိုက်သည်။

"ညည်းတော့ ခက်နေပြီ မိဝေ"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"ကန်တော်ကြီးတော့ ဖျင်းပါတယ်ကွယ်၊ ဒေါက်တာရဲနီတို့ လူငယ်တွေပဲ သွားကြပါ"

ညနေဘက် ဒေါက်တာရဲနီက ဆေးရုံမှအပြန် ဝေ့အား လေးကျွန်းကန်ဟု အမည်တွင်ခဲ့သော ကန်သာယာသို့ လိုက်ပို့ပေးမည်ဟု ဆိုကာ ကားနှင့် ပေါက်ချလာခဲ့သည်။

ဝေက ဒေါ်စောဦးကို အဖော်ခေါ်သော်လည်း သူမက တကယ်ပဲ မလိုက်ချင်၍လား၊ သို့တည်းမဟုတ် တမင်တကာ





အလိုက်တသိ နေခဲ့ခြင်းလားကိုတော့ ဝေ ခွဲခြားမသိနိုင်။

"မမဦး မလိုက်ရင် ဝေ လိုက်သွားလို့ ကောင်းပါ့မလား"

"အိုကွယ်. . . ကလေးကလားအရွယ်တွေမှ မဟုတ်တော့ဘဲ၊ လူပျိုနဲ့အပျို တွဲသွားတာ သဘာဝရဲ့အလှတရားတစ်ခုပါအေ၊ အရာရာကို တွေးပြီး မဝံ့မရဲ ဖြစ်မနေနဲ့၊ ကျုပ်လို အထီးကျန်ဘဝနဲ့ စိတ်ပုတီး ကိုင်နေရတဲ့ အပျိုကြီး ဖြစ်နေဦးမယ်"

ဒေါ်စောဦးက ဟောဟောဒိုင်းဒိုင်း ပြောချလိုက်သဖြင့် ဝေ ဒေါက်တာရဲနီအား ထွက်တွေ့ရမှာကိုပင် စိတ်ထဲ မဝံ့မရဲ ဖြစ်သွားသည်။

သို့သော် ရှေ့မျက်နှာ နောက်ထားကာ ဧည့်ခန်းသို့ ထွက်လာတော့ သတင်းစာတစ်စောင်ကို ဟန်ဆောင်ပန်ဆောင်နှင့် စိတ်ဝင်စားပြနေသော ဒေါက်တာရဲနီ၏အပြုအမူကြောင့် ဝေ စိတ်သက်သာရာ ရသွားသည်။

"သွားရအောင် ဒေါက်တာ"

ဝေနှင့်သူ့အတွက် ပထမဦးဆုံးသော နှစ်ဦးသား စတင်လည်ပတ်သည့်ခရီးစဉ်ဖြစ်သည်။

သူ၏နှုတ်ဖျားမှ ဝေ့အား ပွင့်လင်းစွာ ချစ်ရေးမဆိုသော်လည်း မျက်လုံးများမှတဆင့်လည်းကောင်း၊ အပြုအမူများမှတဆင့်လည်းကောင်း ဖွင့်ဟပြီးသား ဖြစ်နေသည်။

မိမိအပေါ် စိတ်ဝင်စားနေမှန်း သိလျက်နှင့် ထိုသူနှင့်အတူ သွားသွားလာလာ ရှိခြင်းကို လက်ခံသည်ဆိုတော့ ဝေ သူ့အပေါ်၌ ပေးစရာအဖြေ အသင့်ရှိနေပြီလား။

ဝေ့ကိုယ်ဝေ ပြန်မေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ရင်ခုန်သံကို ဝေ ကြားနေရသည်။ ဝေ၌ အဖြေရှိနေသည်။ ထိုအဖြေသည်. . .

"ဝေ. . ."

ဝေက ဒေါက်တာရဲနီကို ငွဲ့စောင်းကြည့်လိုက်သည်။

"အပြန်ရောက်ရင် ရွှေဆံတော်ကို ဖူးရဲအောင်လား"

"မိုးချုပ်သွားမယ် ထင်တယ်"

ဝေ့ရင်ထဲ၌ သူ့ဆန္ဒအား ပြတ်ပြတ်သားသား ငြင်းပယ်လိုသောဆန္ဒ မရှိခြင်းကို ဝေနားလည်နေသည်။

"မချုပ်ပါဘူး"

"ကောင်းပါပြီလေ"

ကန်တော်ကြီး၏အဝင်မုခ်ဦး၌ ကားကို ရပ်လိုက်သည်။ သန့်ရှင်းလတ်ဆတ်သော ကန်ရေပြင် အေးအေးလေးက ဝေ့အားဆီးကြိုနှုတ်ဆက်လေသည်။

စိတ်နှလုံး ချမ်းမြေ့သွားသည်။ လေးကျွန်းကန်သာ ဥယျာဉ်အတွင်း ဝင်ခလက်မှတ်ကို ဒေါက်တာရဲနီက ဖြတ်လိုက်ပြီး. . .

"လာ. . . ဝေ"

သူက ခေါင်းကလေး ငဲ့စောင်းကာ ဝေ့အား အပြုံးမြမြနှင့် ကြည့်ပြီး ခေါ်လိုက်သည်။ သူ၏အေးချမ်းသော၊ တည်ငြိမ်သော၊ ဖော်ရွေသော ထိုအပြုံး ထိုအပြုအမူလေးများကပဲ ဝေ့နှလုံးသားကို သိမ်းကျုံးယူနိုင်စွမ်း ရှိသည်ထင့်။

"ဒီကျွန်းက ငှက်ပျောကျွန်းတဲ့"

"ကျွန်းလေးကျွန်း ရှိတယ်နော်"

"ဟုတ်တယ်. . . ဒါကြောင့် လေးကျွန်းကန်သာလို့ ခေါ်





တာ၊ ဟိုဘက်က စံပယ်ကျွန်း၊ မေတ္တာပေါင်းကူးတံတားနဲ့ ဆက်ထားတဲ့ကျွန်းပေါ့"

"ဪ. . . ကျန်တဲ့ ကျွန်းနှစ်ကျွန်းကကော"

"ကန်အနောက်ဘက်လမ်းမှာ လှမ်းမြင်နေရတဲ့ ကျွန်းတွေပေါ့။ အုန်းကျွန်းနဲ့ လိမ္မော်ကျွန်းတဲ့. . . ပြောကြတာပဲ"

"ဒေါက်တာ ဒီနေရာကို ဘယ်နှစ်ခေါက် ရောက်ပြီးပြီလဲ"

"ပထမတစ်ခါက မရောက်ဖူးလို့ လာတာ၊ ဒါပေမယ့် နောက်တစ်ခါ ကျွန်တော် လာဖို့ စိတ်ကူးမရှိခဲ့ဘူး"

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"ဪ. . . တစ်ယောက်တည်း လာရတာ လွမ်းစရာဖြစ်နေသလားလို့"

ဝေက ပြုံးလိုက်သည်။ သို့သော် စိတ်ထဲ၌သာ ဖြစ်သည်။ နှုတ်ကတော့. . .

"ဒေါက်တာ့မှာ လွမ်းစရာ ကျန်ရစ်ခဲ့ပြီ ထင်တယ်"

"အဆင်မကြီးပါနဲ့ဗျာ. . . ရှိကိုမရှိသေးတာပါ၊ ခုမှ ရင်ခုန်တတ်ခါစ ရှိပါသေးတယ်"

ဒေါက်တာရဲနီ စကား၏အစပျိုးမှုကို ဝေ နားလည်ပါသည်။ သို့သော် ရေလာမြောင်းပေး စကားမျိုး ဖြစ်မှာ စိုးရိမ်သဖြင့် ငြိမ်သက်ကာ သဘာဝ၏အလှတရားများကို ငေးကြည့်လိုက်သည်။

ကန်ရေပြင်သို့ ရေဆင်းငုပ်ရန် တာစူနေသော နေဝန်းနီက လေးကျွန်းကန်သာ တစ်ခုလုံးအား သူ၏ရောင်နီပျပျလေးဖြင့် သိုင်းမြှုံးလျက်ရှိသည်။

ရေချိုးခန်း သတ်မှတ်ပေးထားသောနေရာ၌ ရေကူးသူ



www.burmeseclassic.com

www.burmeseclassic.com



များ၊ ကျွန်း၏သစ်ပင်ရိပ်ခိုတန်းလျားများ၌ လေညင်းခံသူ မိသားစုများသော်လည်းကောင်း၊ ချစ်သူစုံတွဲများသော်လည်းကောင်း အသီးသီး စည်ကားနေကြသည်။

မေတ္တာပေါင်းကူးတံတား၌ လူများ ရှိနေသည်။ သို့သော် ကြားရက်ဖြစ်၍ လူတော့ နည်းပါးသည်။

ငှက်ပျောကျွန်းနှင့် စံပယ်ကျွန်းကို ပေါင်းကူးဆက်သွယ်ပေးထားသောကျွန်းကို တံတားဘက်သို့ ခြေဦးတည်လိုက်သည်။

တံတားအလယ်၌ လူထိုင်နိုင်ရန် တည်ဆောက်ပေးထားသော တန်းလျားရှည်ပေါ်၌ နှစ်ဦးသား မရည်ရွယ်ဘဲ ထိုင်လိုက်ကြသည်။

ဝင်လုလု နေဝန်းနီကို ငေးကြည့်ရင်း သူ့ထံမှ ထွက်ပေါ်လာမည့် စကားတို့ကို ဝေ နားစွင့်နေမိသည်။

"ဝေ. . ."

"သိပ်သာယာတာပဲနော် ဒေါက်တာ"

"ဟုတ်တယ်. . . ပတ်ဝန်းကျင်ကလဲ သာယာတယ် ကျွန်တော့်ရင်ထဲမှာလဲ သိပ်ကို သာယာနေပါတယ်"

"ဆိုပါဦး. . . ဆရာဝန်ကြီးဆိုတော့ ရင်ထဲမှာ ရှိတဲ့ ကလီစာတွေရဲ့အလှတရားကို သိမြင်နိုင်တာပေါ့"

"ဟုတ်တယ်. . . ကလီစာတွေဟာ ပတ်ဝန်းကျင်ကို လိုက်ပြီး အရောင်ပြောင်းတတ်တယ်"

"ဒါဖြင့် အိမ်မြှောင်တို့ ပုတ်သင်ညိုတို့လိုပေါ့နော်"

"ဝေရဲ့ဥပမာအတိုင်းပဲ ထင်ပါတယ်၊ ကျွန်တော့်ရင်ထဲက ကလီစာတွေဟာ သိပ်ကို သာယာကြည်နူးချမ်းမြေ့နေတယ်"





ဝေက ငြိမ်သက်နေလိုက်သည်။ ဤအချိန်မှာ ဝေက ခွန်းတုံ့ပြန်ကာ ဘာဖြစ်လဲဟု မေးခွန်းထုတ်လိုက်လျှင် ထိုမေးခွန်းသည် သူ့အား ပြန်လည်ချည်နှောင်ဖွဲ့သွားလိမ့်မည်ကို ဝေ သိပ်နားလည်သည်ပေါ့။

"ဘာဖြစ်လို့လဲ မမေးတော့ဘူးလား ဝေ"

ဝေက. . .

"မေးဖို့မလိုအပ်ဘူး ထင်လို့ပါ"

"သိပ်လိုအပ်တာပေါ့ ဝေ၊ ဒါပေမယ့် ဝေ့ကိုယ်စား မေးခွန်းထုတ်ပြီး ကျွန်တော်ကပဲ ပြန်ဖြေပါ့မယ်"

ဝေ ဒေါက်တာရဲနီထံမှ အကြည့်ကို လွှဲပြောင်းလိုက်သည်။ သူ့အကြည့်က ရှိန်းလက် တောက်ပနေသည်။ နှုတ်ခမ်းနှစ်လွှာက သုဝတည်တံ့သော အပြုံးကြားက ပေါ်ထွက်လာမည့် စကားတို့သည် နှလုံးသည်းပွတ်၏ယိုစီးသံသာ ဖြစ်ပေလိမ့်မည်ဟု ဝေကလည်း အတပ်သိနေသည်။

ထိုသိခြင်း၏နောက်ကွယ်၌ ငံ့လင့်ခြင်းသည် လိုက်ပါလာသည်။

"ဘာဖြစ်လို့လဲဆိုတော့ လူ့ဘဝရဲ့ပျော်ရွှင်ခြင်း တန်ဆာဆင်တဲ့နေရာမှာ ထူးခြားချက်တစ်မျိုးဖြစ်တဲ့ အချစ်ဆိုတဲ့အရာ ကျွန်တော့်အပါးမှာ ရောက်ရှိနေလို့ပါ ဝေ"

အချစ်ဆိုသောအရာတဲ့လား. . . .။

ဝေ ရင်တွင်း သဘောကျစွာ ရေရွတ်လိုက်သည်။ တစ်ဆက်တည်း ဝေ၏သွေးလှည့်ပတ်မှုနှုန်းထား မြန်ဆန်လာ၏။

'အချစ်' သည် ဝေ့အား ပြုစားနေပြီ။ စပါးကြီးမြွေ တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်၏ညို့ယူခြင်းကို ခံရသော ယုန်သူငယ်ပမာ ဝေသည် သူ့အား ငေးကြည့်နေမိသည်။

တစ်ဆက်တည်း သူ၏အချစ်ကို ဝေ တစ်ဦးတည်းသာ ရယူလိုသော ဆန္ဒတို့သည် ဝေ နှလုံးသားမှတဆင့် တစ်ကိုယ်လုံးရှိ သွေးကြောမျှင်လေးများသို့တိုင်အောင် စိမ့်ဝင်ပျံ့နှံ့သွားလေသည်။

"ကျွန်တော် ဝေ့ကို သိပ်ချစ်နေမိပြီ၊ ဝေ့ကို အမြန်ဆုံး လက်ထပ်ယူချင်ပါတယ်၊ ဝေ့ကို ဆုံးရှုံးရမှာကို ကျွန်တော် စိုးကြောက်နေမိတယ်၊ ဒါ့ကြောင့် ဝေ့ကို အမြန်ဆုံး လက်ထပ်ချင်တယ်"

သူက အားတက်သရောနှင့် ကဗျာမဆန်သော ချစ်ရေးဆိုမှုကို ရှင်းလင်းစွာ လောကြီးစွာ ဆိုလေသည်။

သို့သော် ဤစကားကိုပင် သူ၏ရိုးသားမှုတစ်ရပ်အနေဖြင့် ဝေက ကျေနပ်စွာ ရင်ခုန်နေမိသည်။

ရင်ခုန်ခြင်းဟာ အချစ်မဟုတ်နိုင်သော်လည်း အချစ်ကြောင့် ရင်ခုန်ခြင်း ဖြစ်ပေါ်လာသည် ထင်ပါသည်။

"ဟင်. . . ဝေ၊ ကျွန်တော့်ကို လက်ထပ်နိုင်မလား"

"ဟိုး. . ဟိုး. . အဆင့်ကျော်နေပြီ ဒေါက်တာ၊ ချစ်နိုင်မလားလို့ အရင်မေးဦးမှပေါ့"

ထောင်တန်စကားတို့ ရယ်မောပေါ့စေခြင်းဖြင့် ဝေ၏ရင်ခုန်သံကို ဝေ့ဘာသာ ထွက်ပေါက်ပေးလိုက်သည်။

ထိုအခါ သူ၏မျက်နှာ နီရဲသွားပြီး ရယ်သွေးသွမ်းလိုက်သည်။ အရှက်ကို အရယ်နှင့် ဖြေပျောက်ပြီး ကြိုက်မရှက် စကားအရ. . .





"ဒါဖြင့် ဖြေပါဦး ဝေ"

"ဘာကိုလဲ"

"ကျွန်တော့်ကို ဝေ ချစ်နိုင်သလားလို့"

ဝေ့အကြည့် သူ့ထံက ရုပ်သိမ်းလိုက်တယ်။ ပြီးတော့ ထိုင်နေရာမှ ထရပ်လိုက်သည်။

အဲသည်တော့ သူ့မျက်နှာဟာ သိသာစွာ ပျက်ယွင်းသွားသည်။

"ဝေ. . ."

". . . . . . ."

ဝေ ခြေလှမ်းကို စတင်လှမ်းလိုက်တော့. . .

"ခဏနေပါဦးလား ဝေ"

"ပြန်ကြရအောင်လား ဒေါက်တာ"

ဝေက အေးဆေးစွာ ပြောပြီး စံပယ်ကျွန်းဘက်သို့ လှမ်းထွက်ခဲ့သည်။ သူလည်း ဘေးချင်းယှဉ်ကာ လိုက်ပါလာပြီး. . .

"ကျွန်တော့်ကို စိတ်ဆိုးသွားသလား ဝေ"

"ဝေ စိတ်ဆိုးတယ်ဆိုရင် ဒေါက်တာ့စကားတွေကို ပြန်ရုပ်သိမ်းမှာလား"

"ဟင့်အင်း. . . ဝေ့ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပြီး ကျွန်တော့်နှလုံးခုန်သံ မရပ်သရွေ့ ဝေ့ကို ချစ်တဲ့အချစ် ရှိနေမှာပဲ၊ ဒီတော့ ကျွန်တော့်အချစ်ကို မရုပ်သိမ်းနိုင်သလို တောင်းဆိုပိုင်ခွင့် ရှိနေသရွေ့တော့ ကျွန်တော် တောင်းဆိုနေမှာပဲ"

"ကောင်းပြီလေ. . . ဒီလိုဆိုရင် ဝေကလဲ ညှဉ်းနိုင်သရွေ့ ညှဉ်းနေဦးမှာပဲ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . . ဒါ လူ့အခွင့်အရေးပါ၊ ကျွန်တော့် အမေ့
တောင်းဆိုပိုင်ခွင့် မရှိပါဘူး"

"ဒါထက် စကားမစပ်. . . ဒေါက်တာနဲ့ဝေ စတွေ့တာ
ဘယ်လောက်ကြာပြီလဲ"

"တစ်လနဲ့ငါးရက်ပါ ဝေ"

ဝေ့ရင်ထဲ သိမ့်ခနဲ ဖြစ်သွားသည်။ သူ ဝေ့အပေါ်၌ ဒေ
ကဲ့သို့ပင် အလေးအနက် ရှိနေပါလား။

"ဒီလိုဆိုရင် နှစ်လတိတိ ပြည့်တဲ့နေ့မှာ ဝေ အဖြေပေး
မယ်"

"ကောင်းပါပြီ"

"ဟိုနေရာလေးမှာပဲ"

ဝေက စောစောက ထိုင်ခဲ့သော မေတ္တာပေါင်းကူးတံတား
လေးကို ညွှန်ပြလိုက်သည်။

သူ့မျက်နှာ ပြုံးယောင်သမ်းကာ. . .

"ကျေးဇူးတင်ပါတယ် ဝေ"

ဝေ သူ့ထံမှ အကြည့်လွှဲပြောင်းလိုက်သည်။

ဘာကို ကျေးဇူးတင်တာလဲ၊ ဝေ့အဖြေကို ကြိုတင်ရိပ်မိ
သိရှိနေသည့်သဘောလား။ ဖြစ်နိုင်သည်၊ ဝေ့မျက်လုံး အမူအရာ
တွေဟာ နှလုံးသားရဲ့ဖော်ကောင်မွှေ့ပဲ။







# အခန်း(၆)

"အိုး. . . သာယာလိုက်တဲ့ နေရာကလေး"

ဝေ့နှုတ်မှ အံ့သြကြည်နူးစွာ ဖွင့်အန်လိုက်သည်။

မိဆွေက. . .

"ဒီလိုဆို မင်းဒေါက်တာကို ကျေးဇူးတင်လိုက်ပေါ့"

"မလိုပါဘူးဗျာ. . . ကျွန်တော်က ကျေးဇူးတင်ခံချင်လို့
ဆိုက်ပို့ပေးတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာအတွက် ပို့ပေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စေတနာနဲ့ပါ"

"ဒါတင်ပဲလား. . . မေတ္တာကော မပါဘူးလား"

မိဆွေက ကြားမှနေ၍ မြှားနတ်မောင် လုပ်နေသည်။

"မဆွေကလဲဗျာ. . . ပြောနေစရာ လိုသေးသလား၊ အသိဆုံး နေမှာပါ"

"ဟုတ်လား မိဝေ"

"မသိဘူးကွာ"

ဝေ ဘာပြောရမည်နည်း။ ဆယ်ကျော်သက်အရွယ်၌ ရင် မခုန်ခဲ့ရသမျှသည် ယခုမှ အတိုးချကာ ရင်ခုန်နေပါလား။

ဝေက ပသီချောင်းရေထဲသို့ ဆင်းလိုက်သည်။

"ချော်လဲမယ် ဝေ. . . သတိထား၊ ကျောက်တုံးတွေက ရေညှိတွေနဲ့"

ကျောက်တုံးအကြီး၊ အလတ်၊ အသေးအမွှား ဆိုက်မို့ ကြား စီးဆင်းနေသော စိမ့်စမ်းရေ ဖြစ်ခြင်းကြောင့် ကြည်စိမ်းလျက် ရှိသည်။

"အင်း. . . စေတနာတွေ. . . စေတနာတွေ ရေစီးကမ်း နေတာကို မိဝေ နားလည်တုံ့ပြန်သင့်ပြီ ထင်တယ်"

"မိဆွေနော်. . . ရှင်သိပ်ကဲမနေနဲ့၊ ကြက်တူရွေးက တော် တော်. . မယ်ဘော်က ကဲကဲဆိုတဲ့အမျိုး ဖြစ်နေပြီ"

"ဟော. . . ကြားတယ်နော် ဒေါက်တာ၊ မယ်ဘော် မ တော့ဘူး၊ ကြက်တူရွေးပဲ ကဲတော့"

"မိဆွေဟာလေ၊ ပြောလေ ကဲလေပါလား. . . ကဲကွာ"

ဝေကလည်း လွတ်လပ်စွာ ရယ်မောပြီး ရေများကို လ





ပ်နှင့် ယူကာ ပက်လိုက်သည်။

မိဆွေကလည်း အားကျမခံ ပြန်ပက်သည်။

လွတ်လပ်ပျော်ရွှင်ခြင်းနှင့်အတူ ဝေ့နှလုံးသား၌ ကြီးမားသောအရာတစ်ခု ဖြစ်ထွန်းလျက်ရှိသည်။ ထိုအရာသည် အချစ်ဖြစ်သည်။ ထိုအချစ်သည် ဒေါက်တာရဲနီအား ချစ်သော အချစ်သာလျှင်. . .

ဝေက ကျောက်တုံးကလေးတစ်တုံးပေါ်၌ ထိုင်ပြီး ဝေနှင့် မိဆွေ၏ဆော့ကစားမှုကို သဘောကျစွာ ပြုံးကြည့်နေသော သူ့အား ရေနှင့် လှမ်းပက်လိုက်သည်။

"ကျီစယ်တာပေါ့"

"မဟုတ်ပါဘူး. . . သကြန်ကျနေတာ"

"အဝတ်ပို မပါလာလို့"

"ဟင်"

"ဟုတ်တယ်. . . ဝေနဲ့ တွေ့ရတော့မယ်ဆိုတိုင်း အရာရာကို မေ့တတ်သွားလို့ပါ၊ ကိုင်း. . . လွတ်လွတ်လပ်လပ် ချိုးကြ၊ ကျွန်တော် ရေနွေးအိုး တည်ထားနှင့်မယ်"

ဝေသည် ပသီချောင်းရေထဲ၌ ကျောက်ဆစ်ရုပ်သဖွယ် ကျန်ရစ်ခဲ့သည်။

ဝေ့တို့အား ကျောခိုင်းပြီး သစ်ပင်ရိပ်အောက်၌ မီးဖိုတစ်ခု လုပ်ကာ အသင့်ယူဆောင်လာသော ရေနွေးကရားအိုးဖြင့် ရေနွေး တည်လေတော့သည်။ ပြီးတော့ အသားခြောက်များ ကင်လျက် ရှိသည်။

"စိတ်ကူးမလွဲနဲ့နော် မိဝေ၊ ရှင် သူ့လိုလူကိုမှ မရွေးရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူမျိုးကို ရွေးဦးမှာလဲ"

ဝေ သက်ပြင်းချလိုက်သည်။ ဝေ ရေချိုးရတာ စိတ်မဝ် တော့။ သူ့အပါး၌ ဝေ ဝိုင်းကူနေချင်သည်။ သူ့မျက်နှာကို တစိမ့်စိမ့် ကြည့်ပြီး ဝေ စကားတွေ ပြောနေချင်သည်။

"တော်ပြီကွာ. . . ချမ်းတယ်"

ဝေ၏ရမယ်ရှာမှုကို မိဆွေ နားလည်၏ မလည်၏ ဝေ ဂရုစိုက်မနေအား။ သစ်ပင်ရိပ်အကွယ်၌ ရေစိုအဝတ်နှင့် အသင့်ယူ ဆောင်လာသော အဝတ်များနှင့် လဲလှယ်လိုက်ပြီး ဆံပင်ကို မျက်နှာသုတ်ပဝါနှင့် သူ၏ထံပါးသို့ ရောက်ခဲ့သည်။

သူက အပြုံးနှင့် ကြိုကာ. . .

"ချမ်းနေသလား"

"အင်း. . . တောင်ကျရေမို့လို့လား မသိပါဘူး၊ စိမ့်အေးနေ တာပဲ"

အသင့်ခင်းထားသော ကော်ဇောပေါ်၌ ဝင်ထိုင်ရင်း ဆံပင်များကို ခြောက်သွေ့အောင် သုတ်နေလိုက်သည်။

"ကော်ဖီပူပူလေး သောက်လိုက် ဝေ"

"ဟင့်အင်း. . . ဝေက လက်ဖက်ရည်ပဲ ကြိုက်တာ"

"လက်ဖက်ရည်က လေအောင့်တတ်တယ်"

"ဒါဖြင့် အကြမ်းခြောက်နဲ့ပဲ သောက်တော့မယ်၊ ကျောက်မဲ ဟင်းချိုပေါ့၊ အဲဒီဒေသက သံတောင်လက်ဖက်ခြောက်ဆိုတော့ သံတောင်ဟင်းချိုပေါ့. . . မဟုတ်ဘူးလား"

"သံတောင်ဟင်းချိုလဲ သောက်၊ ကျွန်တော် ဖျော်ထားတဲ့ ကော်ဖီပူပူလေးလဲ သောက်လိုက်ပါ၊ မကြိုက်ပေမယ့် သောက်လို





တော့ ဖြစ်တယ် မဟုတ်လား"

ဝေက သူကမ်းပေးသော ကော်ဖီပန်းကန်ကို အားနာပါးနာ နှင့် လှမ်းယူလိုက်သည်။ သူ့အကြင်နာကို ဝေ အသိအမှတ်ပြုကာ ခံယူရသည်ပေါ့။

နှစ်ဦးသား တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းကာ ပေါ် ပေါက်လာသော ရေစီးသံကိုလည်းကောင်း၊ ငှက်သာရကာလေးများ၏တွန်ကျူးသံကိုလည်းကောင်း ခံစားရင်းမှ နှလုံးသား၌ အချစ်၏ သံစဉ်များ ဖြစ်ထွန်းလာသည်။

"မိဝေရေ. . . ဒီနားက ထမင်းဆိုင်မှာ ကိုယ့်ဘော်ဒါတစ် ယောက် ရှိတယ်၊ သွားတွေ့လိုက်ဦးမယ်၊ ထမင်းဆာရင် စားနှင့်ကြ နော်. . . မစောင့်နဲ့၊ ဟိုမှာ မစားခဲ့ဘူးနော်၊ ဒီက ချက်လာတာတွေ အလကားဖြစ်ကုန်မယ်"

"အေးပါ မိဆွေရယ်"

မိဆွေ၏တမင်ရှောင်ခြင်းကို ဝေ နားလည်သကဲ့သို့ သူ လည်း နားလည်လိမ့်မည်ဟု ဝေ တွေးမိသောအခါ မျက်နှာပူသကဲ့ သို့ ခံစားလိုက်ရသည်။

အချစ်ကြောင့် မိမိ၏မိန်းမသားကျင့်ဝတ်တို့သည် ခဝါချခြင်း ခံနေရပြီလား။

သူ မိမိအား အထင်သေးသွားမှာလား။

"ဝေ. . ."

ကော်ဖီပူပူလေး သောက်ရင်း ဝေ မျက်လုံးဖြင့် ထူးလိုက် သည်။

"နှစ်လပြည့်ဖို့ သုံးရက်ပဲ လိုတော့တယ်နော်၊ ဝေ မှတ်မိရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဝေ ဘယ်အရာမဆို အမှုမဲ့ အမှတ်မဲ့ မထားတတ်ပါဘူး ဒေါက်တာ"

"ခုထက်ထိ ဒေါက်တာတုန်းပဲလား"

"ဒေါက်တာ့ကို ဒေါက်တာလို့ မခေါ်လို့ ဝေက ဘယ်လို ခေါ်ရမှာလဲ၊ ဪ. . . သိပြီ၊ ဦးရဲနိုင်လို့လား၊ ဒါမှမဟုတ် ဒေါက်တာ ဦးရဲနိုင်လို့လား၊ ကိုရဲနိုင်လို့လား၊ ပြော. . . ဘယ်လိုခေါ်စေချင်တာလဲ"

ဝေ၏တမင် ရွှတ်တွတ်တွတ်အမေးကို သူက ပြုံးကာ ခေါင်းခါပြီး. . .

"ခေါ်စေချင်လို့. . . ဝေ ခေါ်မှာထက် ဝေ့နှလုံးသားက ပေါက်ဖွားလာတဲ့အခေါ်တစ်ခုကို ဝေ့အဖြေနဲ့အတူ လိုလားနေတယ် ဆိုရင်ကော ဝေ"

"ဒေါက်တာ့ဆန္ဒ ပြည့်ပါစေလို့ ဝေ ဆုတောင်းပေးပါ့မယ်"

စေတနာ၊ မေတ္တာ၊ အကြင်နာတွေကြောင့်လား မသိ၊ ဒေါက်တာရဲနိုင် ဖျော်ပေးသော ကော်ဖီကို ဝေ ခံတွင်းတွေ့စွာ သောက်သုံးလိုက်မိသည်။

"အရင်တစ်ခေါက် ဒီနေရာကို ရောက်ဖူးပေမယ့် ဒီလောက် သာယာလှပတယ်လို့ကို မထင်ခဲ့ဘူး၊ ခုတော့ ဝေ့အရောင် ဟပ်လို့ ထင်တယ်၊ သိပ်ကို သာယာဇွယ်နော် ဝေ"

"ဝေ့ခေါင်းကို နာအောင်များ ပင့်လိုက်တာလား ဒေါက်တာ"

"ဝေ့ခေါင်း မိုးနဲ့ မတိုက်အောင် ကျွန်တော့်ရဲ့မေတ္တာလက်နဲ့ ကာပေးထားမှာပါ"





'မောင်ရယ်' ဟူသောအခေါ်က နှလုံးသည်းပွတ်ကြားက စိမ့်ထွက်လာသည်။ သို့သော် ထိုစိမ့်ထွက်မှုကို လေညင်းသို့ လွင့်ပါ မသွားစေရေးအတွက် ဝေ့၌ ထိန်းချုပ်နိုင်သော အသိတရားတော့ ရှိနေသေးသည်။

"ဒေါက်တာ သိပ်ပြောတတ်တာပဲ၊ ဒီလောက် အနုအရွ လေးတွေ ပြောနေမှတော့ ဆေးမကုနဲ့တော့. . . စာရေးစားပါလား"

"ဘာလဲ. . . ဝေက ဆရာဝန်ဖြစ်ပြီး ဆေးမကုသော ဆရာဝန်ဦးရေ နည်းနေသေးတယ် ထင်လို့ ဖြည့်စွက်ချင်လို့လား"

ဝေက ရယ်လိုက်သည်။

"ဝေ. . ."

"ပြောပါ ဒေါက်တာ"

"ဝေနဲ့ကျွန်တော်ဟာ ချစ်သူအဖြစ်နဲ့ ဒီနေရာကို လာရရင် ဒီထက်မက ပျော်စရာကောင်းလိမ့်မယ် ထင်တယ်"

"နိမိတ်ပြ မေးခွန်းတွေနဲ့ မအစ်အောက်နဲ့လေ ဒေါက်တာ၊ အန့်ကွက်တယ်"

"ဪ. . . ချစ်မိတဲ့ တရားပြိုင်ဆိုတော့လဲ သက်သာရာ သက်သာကြောင်း လျှောက်လဲနေမိတာပေါ့ ဝေ"

"ဝေ ဘက်မလိုက်တတ်ပါဘူး၊ မှန်ကန်တဲ့ နှလုံးသား စီရင်ချက်တစ်ခုတော့ ချပေးနိုင်လိမ့်မယ်လို့ကော ဒေါက်တာ မယုံဆဘူး လား"

"သိပ်ကို ယုံကြည်လက်ခံယူဆပါတယ်"

"ဒေါက်တာရဲ့အချစ်ရိုက်လင်းတန်းက မှန်ကန်ဖြောင့်တန်း ရင် ဝေရဲ့နှလုံးသားပြင်ညီကလဲ မှန်ကန်ဖြောင့်တန်းတဲ့ ပြန်လင်း



www.burmeseclassic.com

www.burmeseclassic.com



တန်း ဖြစ်ပေါ်စေရမှာပါ၊ မေတ္တာဆိုတာ အသွားအပြန် ရှိပါတယ်"

ဝေရဲ့မျိုးသိပ်မှုကို ဝေရဲ့ကတိနဲ့ ထိန်းချုပ်လိုက်တယ်။ ဝေ ဟန်ဆောင်မှုကို သိပ်မုန်းပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ ဟန်ဆောင်သင့်တယ်လို့ ထင်ပြီး ဟန်ဆောင်မျိုသိပ်နေရတာကိုပဲ ဝေ လိပ်ပြာမလုံချင်ဘူး။

ယခင် မာနသိပ်ကြီးပြီး အလှဂုဏ် ပညာဂုဏ်မောက်ပြီး ဘယ်ယောကျ်ားမှ မိမိနှင့် တန်သည်ဟု မထင်ခဲ့သော မာနမင်းသမီး ဝေ့နှလုံးသားတွေ အရည်ပျော်နေခဲ့တာ မောင်သိရဲ့လား။ မောင်နဲ့ တွေ့တွေ့ချင်းလို့ ပြောလိုက်ရင် ဝေ့ရဲ့စောင့်စည်းမှုတွေ တစ်ချို့ တည်းနဲ့ မြောင်းထဲ ရောက်သွားမှာပေါ့နော် မောင်။

ဝေ မောင့်ကို မောင်လို့ ရင်ထဲက တိတ်တခိုး ခေါ်နေပြီ မောင်။ ဒါကို မောင်သိရဲ့လား။

"ဝေ"

"....."

ရွှန်းလက်နေသော မျက်လုံးကို တရားခွင်ပေါ်မှာ စူးရှ ထက်မြက်သော မျက်လုံးနဲ့ လူတွေကို ကြည့်နိုင်ခဲ့တဲ့ ဝေ့မျက်လုံးတွေ ဘယ်လိုဖြစ်သွားပြီလဲ မသိဘူး မောင်။

ဝေ. . မောင့်ရဲ့ချစ်ရည်ရွှန်းသော မျက်လုံးကို မကြည့်ရဲလို့ မျက်လွှာချလိုက်ရတယ်။

"သိပ်လှတယ် ဝေ၊ ဝေ့ မျက်နှာလေးကို ကြည့်ရတာ ကျွန် တော့်ရင်ထဲမှာ အေးချမ်းသွားတာပဲ၊ ကျွန်တော် ဝေ့မျက်နှာလေးကို တစ်သက်လုံး ကြည့်နိုင်ခွင့်မျိုး လိုချင်လှပြီ ဝေရယ်"

"သုံးရက်ပဲ လိုတော့တယ်လေ၊ သည်းခံခြင်းဟာ အောင်





မြင်ခြင်းတရားတစ်ခုပါ ဒေါက်တာ"

ဝေရဲ့ညင်သာမှု၊ ဝေ့မျက်လုံးတွေရဲ့ရွှန်းဝေမှု၊ ဝေရဲ့ နိမိတ်ပြစကားတွေကို မောင်နားလည်မှာပါ။ မောင် ကြိုတင်ရိပ်မိပြီး ပျော်ရွှင်စေချင်တဲ့ဆန္ဒ ဝေ့မှာ အပြည့်ရှိနေပါတယ် မောင်။

ဒါ ဝေ့ရဲ့ မောင့်အပေါ် ထားသော ချစ်ခြင်းရဲ့အတိုင်း အဆ ပမာဏထုတစ်ခုပါလို့. . . ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"ဝေ. . ."

ကြည့်စမ်း၊ မျှော်လင့်ချက်ကြီးစွာနဲ့ ဝေ့ကို ကြည့်နေတဲ့ မောင့်မျက်လုံးတွေဟာ သိပ်ကို သန့်စင်တယ်။

မောင်ဟာ အဖြေကို ကြိုသိနေနိုင်လျက်နဲ့ စိုးထိတ်နေသော မျက်လုံးက မျှော်လင့်ခြင်းအရောင်တွေနဲ့ တောက်ပနေတယ်။

ဝေ. . ဝေ့နှလုံးသားကို ဝေ ဟန်ဆောင်ထိန်းချုပ်နိုင်စွမ်း မရှိတော့သလို မောင့်စိတ်ကို ဆက်လက်ညှဉ်းပန်းရက်တဲ့ဆန္ဒ ဝေ့





မှာ မရှိတာ အမှန်ပါ မောင်။

"ကျွန်တော် ဝမ်းသာရမှာလား ဝေ"

"ဒေါက်တာ ဝမ်းသာဖူးသလား"

"ဝေရယ်. . . ကျွန်တော့်ကို မရက်စက်ပါနဲ့၊ ကျွန်တော့်ဘဝမှာ ဝေ့ကိုပဲ မြင်မြင်ချင်း ချစ်ခဲ့မိသလို ဝေ့ရဲ့အချစ်ကိုပဲ တောင်းခံဖူးတာပါ၊ ဝေ ကျွန်တော့်ကို ပြန်ချစ်နိုင်ပါတယ်နော်"

ဝေ ရင်တအားခုန်လာပြီ မောင်။

တောင်ငူမြို့ရဲ့ကျက်သရေဆောင်တစ်ခုဖြစ်တဲ့ လေးကျွန်းကန်သာထဲက မေတ္တာမြောင်းကူးတံတားလေးပေါ်မှာ ဝေနဲ့မောင် မေတ္တာတွေ အပြန်အလှန် ကူးလူးယှက်သန်းနေတော့မယ်ဆိုရင်. . ။

ဝေ မျက်လွှာချထားရာမှ မောင့်ကို မျက်လွှာပင့်ကြည့်လိုက်ပြီး. . .

"ဝေကလည်း မောင့်ကို မြင်မြင်ချင်းပဲ ချစ်မိခဲ့တာပါ မောင်ရယ်"

လို့ ပြောလိုက်ရင်ပဲ. . .

"ဟာ. . . ဝေရယ်၊ မောင့်လောက် ကံကောင်းတဲ့သူ ဤကမ္ဘာမှာ ရှိနိုင်ပါတော့မလားကွာ၊ ရှိရင် ထွက်ခဲ့လို့ မောင် စိန်ခေါ်တယ်"

ကြည့်. . . မောင်က တကယ့်ကို လူပျိုပေါက်စလို လွတ်လပ်စွာ ပြောဆိုမြူးထူးလိုက်ပုံကို ဝေ့က မျက်စောင်းထိုးပြီး. . .

"ပေါရဲလိုက်တာ ဆရာဝန်ကြီး၊ နည်းနည်းပါးပါး ကိုယ့်ဂုဏ်နဲ့ အသက်အရွယ်ကိုလဲ သတိရပါဦးနော်"

ဝေ့ရဲ့အချစ်ကျီစယ်မှုကို မောင်က ရယ်မောအော. . .

"ဘာဖြစ်လဲကွာ. . . တကယ်စိန်ခေါ်ရဲလို့ စိန်ခေါ်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အချစ်မှာ ဂုဏ်တို့ သိက္ခာတို့ အသက်အရွယ်တို့ ရှိသေးလို့လား"

"ရှိတယ်. . . အရွယ်နဲ့ဂုဏ်ကို ထောက်ထားပြီး ကျွန်ရရ လေး နေပါနော်၊ ဝေ့ပခုံးပေါ်ကို ရောက်လာတဲ့လက်ကြီးကိုလဲ မြန်မြန်ရုပ်သိမ်းလိုက်ပါ၊ ဟိုမှာ ကြည့်နေတယ်"

မောင့်ရဲ့ ဝေ့ပခုံးပေါ် ရစ်ပတ် သိုင်းဖွဲ့လာသော လက်ကို တွန်းဖယ်ရင်း အလန့်တကြားဟန်နှင့် ပြောလိုက်သည်။

ထိုအခါ မောင်က လက်ကို ရုပ်သိမ်းပြီး. . .

"ဘယ်သူလဲ. . . ဘယ်မှာလဲ"

"ဟိုမှာလေ"

ဝေက ညွှန်ပြလိုက်သည်။

မောင်က မတွေ့ဘဲ. . .

"ဘယ်မှာလဲ"

"ဟိုမှာပါဆို"

"ဝေ့ အမှုသည်တွေလား"

"ဟင့်အင်း. . . မတွေ့ဘူးလား၊ ဦးရဲနီနဲ့ အမည်တူတဲ့ နေမင်း ရဲရဲနီကြီးလေ"

ဝေရဲ့ စကားအဆုံး၌. . .

"ကြည့်စမ်း. . . ဝေ၊ မောင်က အဟုတ်မှတ်လို့ မင်းတော့ လား. . ."

ဆင်နှာမောင်းသဖွယ် ရစ်ပတ်လာတဲ့ မောင့်လက်မောင်း ကြား ဝေ မလူးသာ မလွန့်သာ။

"အိုး. . . မောင်နော်"

"ဖက်ရုံလေးပါ ဝေရယ်၊ မောင် နားလည်ပါတယ်"





ချစ်သူတို့ရဲ့ သဘာဝတရားကို ဝေ အသက်နှစ်ဆယ့်ခုနစ်မှ စတင်ခံစားရခြင်းဖြစ်သလို မောင့်အသက်သုံးဆယ်မှ ခံစားခြင်းလို့ လည်း ဝေ ယုံကြည်ခဲ့ပါတယ် မောင်။

အချစ်ဟာ ယုံကြည်ခြင်းကို ဖြစ်ထွန်းစေတတ်တယ်လို့ ဝေက ခံယူပြီး မောင့်အပေါ် မျက်စိစုံလုံးကန်းအချစ်နဲ့ ချစ်ခဲ့ခြင်းပါ မောင်ရယ်။

မချစ်ဖူးတဲ့ဝေဟာ အချစ်ဦး မောင့်ကို အရူးအမူးပါ မောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

"မောင်. ."

"ဘာလဲ. . . ဝေ"

"ရန်ကုန်မှာ ရှိတဲ့ မောင့်လူနာတွေကို တခြားဆရာဝန် တစ်ဦးဦးနဲ့ လွှဲပြောင်းလိုက်ပါလား မောင်ရယ်"

"ဘာဖြစ်လို့လဲ ဝေရဲ့"

"မောင့်ကြည့်ရတာ ပင်ပန်းလွန်းလို့ပါ။ သောကြာနေ့ ညနေတိုင်း ရန်ကုန်ကို ပြန်ပြေး၊ ဟော. . . တနင်္ဂနွေနေ့ ညဘက် ပြန်လာ





တစ်ခါတလေ ညဘက်မောင်းပြီး တနင်္လာ မနက်စောစော ဆေးရုံကို အချိန်မီ လာရတဲ့ မောင့်ကို ကြည့်ပြီး ဝေ သနားလို့ပါ"

မောင့်ရဲ့စိမ်းဖန့်ဖန့် မေးစေ့ကို ဝေက အသာပွတ်သပ်ရင်း အရှုံးအာဖြင့် ပြောဆိုလိုက်ခြင်းပါ။

ဒါကိုပဲ မောင့်မျက်နှာဟာ မသိမသာ ပျက်ယွင်းသွားတယ်။ ဝေ နားမလည်နိုင်ပါဘူး။ မောင်ဟာ လူနာတွေအပေါ်မှာ သည်လောက် အစွဲအလမ်းထားသလား။ ဆေးရုံပေါ်က လူနာထက် အသပြာငွေ များများပေးနိုင်တဲ့ ဖွှေ့ပုံပေါ်က လူတန်းစား လူနာတွေ အတွက်ပါ အခကြေးငွေ ရယူပြီး တာဝန်ကျေပွန်နေခြင်းကို ဇော ခေလိုလားချင်တော့တာ အမှန်ပဲ။

"မောင်. . . ငွေ သိပ်လိုနေသလား"

"ဘယ်လိုမေးလိုက်သလဲ ဝေ"

"ဩော်. . . ငွေသိပ်လိုနေရင် ဒီမှာပဲ ဆေးခန်းတစ်ခုကို နေရာကောင်းကောင်းမှာ ဖွင့်လိုက်ပါလားလို့"

မောင် မျက်နှာညှိုးငယ်သွားပြီး သက်ပြင်းချလိုက်တယ်။ ပြီးတော့ သူ့မေးစေ့ကို ကိုင်တွယ်နေတဲ့ ဝေ့ လက်ချောင်းလေးတွေ အသာဆုပ်ကိုင် နမ်းရှိုက်ပြီးမှ. . .

"ဝေရယ်. . . လူနာတွေထဲမှာ အသက်အရွယ်ကြီးလာတဲ့ လူနာတွေက ပိုဆိုးတယ်။ အဘွားကြီးတွေရဲ့အစွဲအလမ်းက သူတို့ ရောဂါကို ဒီဆရာဝန်ဆိုရင် ဒီဆရာဝန်နဲ့မှ၊ တခြားဆရာဝန် အစား ထိုးလိုက်နဲ့. . . ရကိုမရဘူး၊ စိတ်ကြောင့် ရောဂါဟာ ပိုသည်းထန် လာတတ်တယ်၊ မောင့်ကို ခွင့်လွှတ်ပါ၊ မောင် ကုနေတဲ့လူနာတွေဟာ မောင့်ကိုပဲ အားကိုးကြတဲ့ သက်ကြီးရွယ်အိုတွေ ဖြစ်နေသလို



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးမကင်းရာ မကင်းကြောင်းတွေလဲ ဖြစ်နေလို့ပါ ဝေ”

“ဒါပေမယ့် မောင်ရယ်၊ မောင်ပင်ပန်းတာကို မကြည့်ရက်တာကလဲတစ်ကြောင်း၊ နောက်ပြီး ပိတ်ရက်ကလေးတွေမှာ မောင့်ကို တစ်ခုခု ချက်ကျွေးချင်တာလဲ တစ်ကြောင်းကြောင်းပါလေ မောင့်လုပ်ငန်းကို ဝေက စွက်ဖက်တာ မဟုတ်ပါဘူးနော်”

“မောင် နားလည်ပါတယ် ဝေရယ်၊ မောင့်ကို နားလည်ပြီး ခွင့်လွှတ်ပေးပါ၊ မောင်လဲ ဝေ့ရဲ့ဆန္ဒတွေကို ပိုင်ပိုင်နိုင်နိုင် လိုက်လျောချင်ပါပြီ၊ မောင်တို့ လက်ထပ်ရအောင်နော် ဝေ”

မောင့်စကား၏နောက်ဆုံးဘူတာကို ဝေ ကြားနေကျအတိုင်း ကြားသိလိုက်ရသည်။

“မေမေတို့ကို ဒီတစ်ခါပိတ်ရက် ပြန်သွားရင် အသိပေးဦးမယ် မောင်”

“မောင်နဲ့ အတူတူ ပြန်ရအောင်”

“ဟင့်အင်း. . . ဝေ ရထားနဲ့ပဲ ပြန်မယ်၊ မောင့်ကို မယုံလို့ မဟုတ်ဘူးနော်၊ လက်မထပ်ခင်မှာ ခရီးဝေးတစ်ခုကို နှစ်ယောက်တည်း အတူသွားသင့်တယ်လို့ ဇေ မယူဆလို့ပါ”

မောင်က ရယ်ပြီး. . .

“ဝေက ပြောင်းပြန်ပဲ၊ တချို့တွေက လက်မထပ်ခင်မှာ ခရီးဝေးတစ်ခုကို အတူတကွ သွားကြည့်ကြတယ်၊ အဲဒီအခါမှ တစ်ယောက်ရဲ့အတွင်းစိတ်သဘောကို တစ်ယောက်သိပြီး လက်ထပ်သင့်မသင့်ကို ဆုံးဖြတ်တယ်တဲ့”

“ဒါက အနောက်တိုင်း အယူအဆ ဖြစ်ပါလိမ့်မယ်”

“တိုးတက်ပြောင်းလဲလာတဲ့ ခေတ်အရတော့ ဒီသဘော





လေးကို မောင်လက်ခံတယ်”

မောင့်လက်မောင်းကို မှီတွယ်ထိုင်နေသော ဝေ အသာခွာလိုက်ပြီး မောင့်အား စေ့စေ့ကြည့်လိုက်သည်။

မောင်က ပြုံးကာ. . .

“ဘာလဲ. . . မောင်က ဝေ့ကို မောင့်ကားနဲ့ပဲ လိုက်စေချင်တယ်လား”

“ဟုတ်တယ်. . . ချစ်သူနဲ့ တစ်စက္ကန့် ရလို့ တစ်စက္ကန့် အတူနေရတာလဲ ကြည်နူးစရာပဲပေါ့ ဝေရယ်၊ အချိန်တွေ အများကြီး နေခွင့်ရလေ ပိုကောင်းတာပေါ့. ... မဟုတ်ဘူးလား”

“ဒါကတော့ မောင့်အပေါ် မူတည်ပါတယ်၊ တစ်သက်လုံး နေရအောင် ကြိုးစားဖို့က မောင့်တာဝန်ပဲလေ၊ ဒီပိတ်ရက်မှာ စနေ-တနင်္ဂနွေ ဆက်လို့ ခွင့်တောင်းလိုက်မယ်၊ မောင်လဲ ဝေ့အိမ်ကို လာခဲ့ပေါ့၊ ဝေ့ဘွားဘွားရယ်, ဝေ့မိဘတွေနဲ့ရယ် တွေ့ပေးရအောင်”

“မျက်နှာတော့ အပူသားပဲ၊ မောင့်မှာတော့ မိဘတွေရဲ့ အမွေပြတ် စွန့်ထားခြင်း ခံရလို့ မိဘဆိုရင် မောင့်ရဲ့ဆရာသမားတွေပဲ ရှိမှာနော်”

“ဟင်. . . .”

ဝေ့အတွက် အထူးဆန်းဆုံးသော စကားတစ်ခုကို မောင့်ထံမှ စတင်ကြားလိုက်ရသဖြင့် အံ့အားသင့်စွာ အာမေဋိတ်သံပင် ထွက်သွားရသည်။ မောင့်လို လူတစ်ဦးဟာ မိဘက အမွေပြတ် စွန့်လွှတ်ရလောက်အောင် ဆိုးသွမ်းခဲ့တယ်ဆိုတာကို ဝေ ဘယ်လိုလုပ် ယုံကြည်နိုင်ရမလဲ။ ဝေ ရိပ်မိလိုက်ပြီ မောင်။ မောင့်ထံမှ ဝေ မသိနိုင်သေးသော လျှို့ဝှက်ချက် တစ်ခုခု ဒါမှမဟုတ် ခပ်များ



www.burmeseclassic.com

www.burmeseclassic.com



များတော့ ရှိနေလိမ့်မယ် ဆိုတာကိုပါ။

"မောင်ငယ်ငယ်က ဆိုးတယ်၊ ဆယ်တန်းမှ အောင်ခင်က ပေါ့။ မောင် ဆယ်တန်းနှစ်မှာပဲ မိဘတွေက စွန့်လွှတ်လိုက်လို့ ဆယ်တန်းကို ကိုယ်ထူးကိုယ်ချွန် ခဲ့ရတာ၊ ပင်ပန်းဆင်းရဲပြီး ဆယ်တန်းကို အောင်အောင် ဖြေခဲ့တယ်၊ မောင့်မိဘတွေကို မောင်စိတ်နာခဲ့တယ် ဒါပေမယ့် ခုတော့လဲ မောင် နားလည်ပါတယ်လေ၊ ဒါပေမယ့် မေမေကတော့ ဆုံးပါးသွားပါပြီ၊ ဖေဖေကတော့ နောက်အိမ်ထောင် အသစ်နဲ့ ဖြစ်လို့ မောင့်လဲ စိတ်နာလို့ အဆက်အသွယ် မလုပ်တော့တာပါ"

မောင်က ဝေ့ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ပြီး ရှည်ရှည်ဝေးဝေး ရှင်းပြနေခဲ့တယ်နော်။

ဘာစဲပြောပြော ဝေ့ရင်ထဲမှာ သံသယ ဆူးတစ်ချောင်း တော့ စိုက်ဝင်သွားပြီ မောင်။

အဲဒါက ဘာလဲဆိုတော့ ဝေနဲ့ မောင့် မတွေ့ခင်မှာ မောင့်ရဲ့ နောက်ကြောင်း ဘာတွေရှိခဲ့သလဲ၊ ရှင်းသန့်ရဲ့လား၊ မိဘ အုပ်ထိန်းမှု ဖြတ် စွန့်လွှတ်ပစ်ရအောင် မောင် ဘာတွေလုပ်ခဲ့သလဲ ဆိုတာတွေ ပေါ့။

"မောင်"

"ဝေလဲ မောင့်ကားနဲ့ပဲ လိုက်ခဲ့မယ်၊ ဒါပေမယ့် ညဘက် မပြန်မောင်းရဘူးနော်၊ မနက်ဘက်ပဲ မောင်းပြီး ပြန်ရမယ်"

မောင့်မျက်နှာ ဆက်ကနဲ ဆွမ်းသွားတယ်။

"ဝေ့သဘောပါ"

"လူကြုံလိုက်မယ့်သူ ရှိရင်လဲ ခေါ်ခဲ့နော် မောင်၊ ဝေ့လဲ





ချန်ကုန်ပြန်မယ့်သူ ရှိရင် ခေါ်ခဲ့ပါရစေ"

မောင့်မျက်နှာ ညိုတိုတို ဖြစ်သွားသည်။

"ဘာလဲ . . . ဝေက မောင့်ကို မယုံလို့လား"

ဝေက မောင့်ရဲ့ကလေးဆန်မှုကို သဘောကျစွာဖြင့် ရယ်သွမ်းသွေးကာ မောင့်လက်နိုက်ကို ဆိတ်လိုက်ပြီးမှ . . .

"မဟုတ်ပါဘူး မောင်ရဲ့ ကုသိုလ်ရတာပေါ့ . . . မဟုတ်ဘူး လား"

"လာ . . . ကုသိုလ်ရချင်ရင် ဘုရားရိပ်သာမှာ သန့်ရှင်း ရေး သွားလုပ်မယ်၊ ထမင်းသွားကျွေးမယ်"

"မောင်နော် . . . မရွတ်နဲ့၊ ဒီလောက်တော်တဲ့ နှစ်ယောက် တည်း သွားချင်ရင် မောင့်ကို ဝေ ယုံတောင် မယုံရဲတော့ဘူး သိလား"

ဒေါ်စောဦးက ကိစ္စရှိသဖြင့် အပြင်ထွက်နေခြင်းဖြစ်ရာ ယနေ့ မောင်နှင့်ဝေ လွတ်လပ်စွာ တွေ့ဆုံစကားပြောခွင့်ရခြင်းဖြစ် သည်။

မောင် အခွင့်အရေးသမား မဟုတ်ကြောင်း ဝေ သိပါ သည်။ ချစ်သူတို့၏ ဘာသာဘာဝ အပွေ့အပိုက်၊ အနမ်းအရှိုက် လေးမှတပါး မောင်သည် နစ်မွန်းအောင် မကျူးလွန်ပါ၊ ဝေကလည်း ခွင့်ပြုလိမ့်မည် မဟုတ်ပါ။

ချစ်သူနှင့်လက်ထပ်သူ တစ်ယောက်တည်း ဖြစ်ရမည် ဟူသော ဝေ့ခံယူချက်ကို ဝေသည် စောင့်ထိန်းနိုင်ခဲ့သည်။

မောင်သည် ဝေ့ချစ်သူ ဖြစ်သွားခဲ့ပြီ။

ထို့ကြောင့် ဝေ လက်ထပ်သူသည် မောင်သာလျှင် ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



မည်။

သို့သော် အချစ်ကြောင့် မျက်လုံးစုံလုံးကန်းခဲ့ရသော ဝေသည် မောင့်အကြောင်းဆို၍ မောင်သည် တောင်ငူဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာရဲနီဖြစ်၏။ ဆေးရုံဝန်ထမ်းများနှင့် တစ်မြို့လုံးလိုလို သိထားသည်က မောင်သည် လူပျိုဖြစ်သည်။ ဇာတိက ဝေကဲ့သို့ ရန်ကုန်ဖြစ်သည်။ ဝေလည်း အများသိသကဲ့သို့ပင် သိသည်၊ ပိုမသိ။

ညှို့ဖျင်းလိုက်သည့် ဝေ့နှယ်။

မိမိကိုယ်ကိုမိမိ အပြစ်တင်လိုက်မိသည်။

အချစ်သည် အသိတရား အားလုံးကိုတောင် ဝါးမျိုနိုင်စွမ်းရှိသည် ထင်ပါသည်။ ဝေ မျက်လုံးစုံကန်းခဲ့ရုံတင်မက နားနှစ်ဖက်လုံးပါ ကန်းခဲ့သည်ထင့်။

"ဝေ ဘာတွေ စဉ်းစားနေတာလဲ၊ မောင် မေးတာ မကြားဘူးလား"

"ဟင်. . . မောင် ဘာမေးလိုက်တာလဲ"

"တကယ်လို့ ဝေ့မိဘတွေက မောင့်ကို သဘောတူပါတယ်ဆိုရင် ဝေ မောင့်ကို အမြန်ဆုံး လက်ထပ်နိုင်မလား"

ဝေ မောင့်ရင်ခွင်၌ ပါးအပ်လိုက်ပြီး. . .

"ဩော်. . . မောင်ရယ်၊ မေ့ရှင့်ကို လက်ထပ်ဖို့ ရည်ရွယ်ပြီး ဝေ ချစ်ခဲ့တာပဲ မောင်ရယ်"

"တကယ်လို့များ ငေ့ မိဘတွေက သဘောမတူဘူးဆိုရင်ကော"

"မောင်မှာ ခိုင်လုံတဲ့အပြစ် တစ်စုံတစ်ရာ မရှိဘဲနဲ့တော့





အဲဒီလို ဖြစ်မျိုး ရောက်လာမှာ မဟုတ်ပါဘူး မောင်ရယ်. . . စိတ်ချပါ၊ ဝေ မောင့်ကို သိပ်ချစ်ပါတယ်၊ ဝေ့တစ်သက်မှာ တစ်ခါပဲ ပွင့်တဲ့ မေတ္တာပန်းပါ မောင်"

"ဝေရယ်"

မောင်က မချင့်မရဲ ထွေးပိုက်လိုက်သည်။ သို့သော် မောင့်ထံမှ သက်ပြင်းချသံကို မောင့်ရင်ကို ပါးအပ်ထားသော ဝေက ပီပြင်စွာ ကြားလိုက်ရသည်။

မောင့်၌ သက်ပြင်းချခြင်းဖြင့် ထွက်ပေါက်ပေးရလောက်အောင် သောကအစိုင်အခဲ ရှိနေနိုင်မယ်လို့ ဝေ တစ်ခါမှ မတွေးခဲ့မိပေမယ့် သံသယတော့ ဝင်လာပြီ မောင်ရယ်။

ဒါပေမယ့် ဝေ့ချစ်သူဟာ သိပ်သန့်စင်တဲ့ ရိုးသားတဲ့ လူပျိုလူလွတ်တစ်ယောက် ဖြစ်တယ်ဆိုတဲ့ ဝေ့ခံယူချက်ကိုတော့ ဝေ ယောင်၍မျှပင် သံသယ မဝင်ခဲ့ရိုး အမှန်ပါ မောင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

"ကျုပ်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်သေချာမြင်တာ မဟုတ်တော့ ကျုပ် ယတိပြတ် မပြောရဲဘူးပေါ့ မိဝေ၊ ဒါပေမယ့် ကျုပ်ယောက်ျားက စကားနည်းတာ ရှင်အသိပဲမှတ်လား၊ လုပ်ကြံပြောမှာ မဟုတ်သလို အပိုဇာချဲ့ပြီးလဲ ပြောမှာမဟုတ်ဘူး"

ဝေ့ နားကိုစေ မယုံနိုင်သလို ဖြစ်သွားရသည်။

မိဆွေယောက်ျားက အလုပ်ကိစ္စအတွက် ရန်ကုန်အသွား၌ ဗိုလ်ချုပ်ဈေးထဲတွင် မောင့်လက်ကို ချိတ်ဆွဲကာ လိုက်ပါလာသော





ဝါဝန်နှင့် ချာတိတ်မလေးနှင့် မောင့်ကို မြင်တွေ့လိုက်ရသည်တဲ့။

"ဟုတ်ရဲ့လားဟယ်. . . ကိုသက်ခိုင်ကြီး မျက်စိမှားသလား"

"အိုအေ. . . ကျုပ်ယောက်ျားက မျက်မှန်တောင် တပ်ဖို့ မလိုသေးပါဘူးအေ"

"ချာတိတ်မလေးက ဘယ်အရွယ်လဲ"

"ဆယ့်လေးငါးခြောက်နှစ် အရွယ်ပေါ့၊ ဦးနှောက်မီး ဇာတ်လမ်းတွေက ခပ်များများမို့ ရှင် ကြပ်ကြပ်သတိထားပေးပေါ့"

ဝေ နှုတ်ဆွံ့အ,သွားသည်နှင့်အညီ ရင်ထဲ၌ မီးတောက်မီးလျှံ ပြန်လျှော့လိုက်သည်။

"သိပ်တော့ စိတ်ထဲ မထားပါနဲ့ မိဝေ၊ ရှင့်မောင်တော်ရဲ့ တူမလဲ ဖြစ်နိုင်ပါတယ်၊ ဒါမှမဟုတ် ညီမ အဝေးဆုံးတို့ဘာတို့က အနိုင်ကျင့်ပြီး လိုက်ပို့ခိုင်းတာမျိုးတို့ ဘာတို့ ဖြစ်ချင်ဖြစ်မှာပါ၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ သူငယ်ချင်းကောင်းတို့ ဝတ္တရားအတိုင်း ကြားတဲ့အကြောင်းကိုတော့ သတင်းအဖြစ် ပို့ပေးရတာပေါ့အေ"

မိဆွေက ဝေ့အား စိတ်သက်ရာ သက်သာကြောင်း ဖြေသိမ့်စကားဖြင့် နှစ်သိမ့်လိုက်သော်လည်း ဝေ ရင်ထဲ၌ ပို၍ နာကျင်လာလေသည်။

မောင်သည် တစ်ကောင်ကြွက်ပမာ လောကကြီးကို ရုန်းကန်ခဲ့ရသူ၊ မိဘဆွေမျိုးသားချင်းတို့၏စွန့်ပစ်ထားခြင်းကို ခံရသူအဖြစ် ဝေသိထားသည်။

မောင့်လက်ကို ချိတ်တွဲလိုက်ပါသည့် မိန်းကလေးသည် ဘယ်သူဖြစ်နိုင်သနည်း။ မောင့်တူမ ညီမ မဖြစ်နိုင်သည်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်။

ထို့ကြောင့် ဝေ့ရင်ထဲ အံသယ မီးတောက်တို့ ဟုန်းဟုန်း တောက်လာသည်နှင့်အညီ ဝေ့နှလုံးသားသည် နာကျင်လာသည်။

"မိဝေ. . . ရှင်ကလဲ၊ ဘာမှ သေသေချာချာ မသိသေးဘဲနဲ့ မျက်ရည်ကျရသလား"

"ဟင်. . ."

ဝေ မျက်ရည်ကျနေတယ်တဲ့ မောင်။

ဝေဟာ မောင့်အတွက် မျက်ရည်ကျခြင်းဟာ ပထမဆုံးပါ မောင်။

ယောကျ်ားတစ်ယောက်အတွက် ဝေ့မျက်ရည်တွေကို အလဟဿ ဖြုန်းတီးပစ်ရလိမ့်မယ်လို့ ဝေ့တစ်သက်မှာ လုံးဝ မထင်မှတ်ခဲ့တဲ့အရာပါ မောင်။

ယခုတော့ မောင့်ကို ချစ်လွန်းတဲ့အချစ်ကြောင့်၊ မောင့်ကို ဆုံးရှုံးရမှာစိုးတဲ့စိတ်ကြောင့်၊ မောင်က မိမိကို လှည့်ဖြားရက်လေ ခြင်း ဆိုတဲ့စိတ်ကြောင့် ဝေရင်ထဲ နင့်နင့်သီးသီး ခံစားလိုက်ရပြီး ကြေကွဲပွင့်လေးတွေ လိမ့်ဆင်းလာခြင်းပါ မောင်ရယ်။

ဝေ မျက်ရည်များကို သုတ်လိုက်ပြီး. . .

"ကျုပ် မောင့်ကို သေသေချာချာ မေးကြည့်ပါဦးမယ်၊ မောင် ငါ့ကို မညာနိုင်ဘူးနော် မိဆွေ"

"ဥပမိရုပ်ကတော့ လိမ်ညာတတ်တဲ့ရုပ် မဟုတ်ဘူး၊ ဒါပေ မယ့် မိန်းမတွေ ကျလောက်တဲ့ ရုပ်ရည်မျိုးပိုင်ရှင် ဆိုတော့လဲ ကျုပ် တော့ အတွေးရ ခပ်ကြပ်ကြပ်ရယ်"

"မနက်ဖြန် သူနဲ့ ရန်ကုန်ကို ငါလိုက်မယ်လို့ ပြောပြီးသား။





ဒါပေမယ့် မိဆွေ၊ ငါ့ကို ဘူတာရုံ လိုက်ပို့စမ်းပါ။ ရထားချိန် မီသေး တယ်၊ ရထားနဲ့ပဲ ပြန်တော့မယ်"

"ဘာဖြစ်လို့လဲ"

"သူ့ကို လောလောဆယ် ငါ ရင်မဆိုင်ချင်သေးဘူး၊ ရှင်းရှင်းပြောရရင် သူ့ကို ငါမေးခွန်းတွေ ထုတ်မိလိမ့်မယ်၊ အဲဒီအခါ သူ့ရဲ့အဖြေကို ငါနားထောင်ဝံ့တဲ့အင်အား ငါ့မှာ မရှိသေးတာ အမှန်ပဲ မိဆွေ"

"ရှင်ကလဲဟာ. . . စိတ်ပျော့ညံ့လိုက်တာ လွန်ရောပဲ"

"ကျုပ်အသက်က သုံးဆယ်နား ကပ်လာပေမယ့် ကျုပ် နှလုံးသားက သိပ်ကို နုနယ်လတ်ဆတ်နေတယ်ဆိုတာ ရှင်သိသားနဲ့ ဟဲပါ. . . ကျုပ်ကို ဘူတာရုံ လိုက်ပို့ပေးစမ်းပါ၊ ကျုပ်အိမ်ကိုလဲ ဖုန်းဆက်ပေးဦးနော်"

"အေးပါ. . . ရှင်ကတော့ ဖြစ်လိုက်ရင် အသည်းအသန် ချည်းပဲ"

အဝတ်သုံးလေးစုံကို ခရီးဆောင်အိတ်ထဲကို ကောက်ထည့် လိုက်သည်။ အသင့်ပြင်ဆင်ထားပြီးဖြစ်သော ခြင်းတောင်းကို မိဆွေက ကောက်ယူကာ. . .

"ဒါယူမှာ မဟုတ်လား"

"အေး. . မမဦးရေ၊ ဝေတော့ ရထားနဲ့ပဲ သွားတော့မယ်"

အိပ်ခန်းတံခါးကို ပိတ်ရင်း မမဦးကို လှမ်းအသိပေးလိုက် သည်။

"အေး. . . အေး. . . မမဦး အားလုံးကြားပါတယ်၊ ဖအ ကြောင်းရင်းမှန် မသိရသေးခင်တော့ ခပ်ခွာခွာ နေတာပဲ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

"အင်း. . . အပျိုကြီးတွေရဲ့ ဝါဒ သဘောထားကတော့ တစ်ဂိုဏ်းတည်းပဲ၊ ပြောမိတာ မှားပါတယ် မိဆွေရယ်လို့သာ 'ကိုယ့် နဖူးကို ပြန်ရိုက်လိုက်ချင်တော့တာပဲ"

မိဆွေက ညည်းညည်းညူညူနှင့် အိမ်မြင်ထွက်ကာ ဆိုက် ကားတစ်စီး ငှားလိုက်သည်။

"တော်သေးတာပေါ့. . . ရှင့်လူကြီးက ဆေးရုံက မထွက် သေးလို့၊ အပြန် ရှင့်ကို မတွေ့ရရင်တော့ မောသွားရှာမှာပဲ"

"ယောကျ်ားတွေရဲ့ အသည်းက မာပြီးသားပါ၊ ကျုပ်တို့ မိန်းမသားတွေကသာ၊ တော်ပါပြီ. . . ဆက်မပြောတာ ကောင်းပါ တယ်"

ဝေ ဘူတာရုံကို ရောက်တော့ အမှတ်(၁၂) အစုန်ရထား ဝင်ခါနီး ကပ်နေပြီ။ တော်သေးတယ်၊ ရုံပိုင်က ဝေ့အား ကောင်းစွာ သိနေပြီး လက်မှတ်ကို အလျင်အမြန် ဆောင်ရွက်ပေးလိုက်၍ ရထားဝင်အလာ၌ ရှောရှောရှူရှူနှင့် ဝေ အထက်တန်းတွဲသို့ တက် လိုက်နိုင်သည်။

မိဆွေကို လက်ပြပြီး နှုတ်ဆက်၍ ရထားရွေ့လျားရာသို့ လိုက်ပါလာရတဲ့ ဝေဟာ နေကာမျက်မှန်အောက်က ယိုစီးလာတဲ့ မျက်ရည်တွေကို ခရီးဖော်တွေ မတွေ့စေရေးကို ဂရုစိုက် သုတ်သင် လိုက်ရသည်။

ခက်တယ် မောင်ရယ်။ ဝေ ဘာဆုတောင်းရမှာလဲ။

မိဆွေသတင်း မမှန်ပါစေနဲ့လို့လား။

ဟိုကလေးမနဲ့မောင်နဲ့ ဘာမှ မပတ်သက်ပါနဲ့လို့လား။





ဝေ့ရင်ထဲမှာ မီးလောင်နေပြီ။

သံသယမီးဟာ လူ့စိတ်နှလုံးကို ချုံးချုံးကျသွားအောင် ဖန်တီးနိုင်ပါလား မောင်ရယ်။

အဲသည်အချိန်မှာပဲ ဝေ့ကိုယ်ဝေ သုံးသပ်လိုက်မိတာက. .

'ဝေ မောင့်ကို သိပ်ချစ်နေပါလား၊ မောင့်အချစ်ထက်ကို ဝေ့အချစ်က ပိုတယ်' ဆိုတာကိုပါ မောင်။

(၁၄) ပြီး



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

"ဝေ. . ."

"ဟင်. . . မောင်"

ရန်ကုန်ဘူတာကြီးမှ ရထားအဆိုက်၊ လူတွေကြားထဲ အလိုက်သင့် ပါလာတဲ့ဝေဟာ ဂိတ်ဖျက်မှတ်စစ်ထံမှာ လက်မှတ်ပေးအပြီးမှာပဲ ဝေ့လက်ထဲက ခြင်းတောင်းကို ဆွဲယူခံလိုက်ရတယ်။ ဝေ တအံ့တသြ မြင်တွေ့လိုက်ရတာက ညှိုးနွမ်းလျနေတဲ့ မောင့်မျက်နှာပဲ။

"ပေး. . . ဝေ့အိတ်ပါပေး"





"ဟင့်အင်း. . . လုံချည်တွေနဲ့"

ဝေ လွယ်ထားတဲ့အိတ်ကိုပါ မောင်က တောင်းတယ်။ ဝေက မပေးရက်ပါဘူး၊ ဝေ့မောင် ဘုန်းနိမ့်သွားမှာကို ဝေ စိုးရိမ်တယ်။

"ရပါတယ် ဝေရာ၊ ဒါတွေ မောင်မဥပါဒ်ပါဘူး"

မောင်က အတင်းဆွဲယူပြီး အိတ်ကို လွယ်လိုက်တယ်။ ဝေ မောင့်လက်မောင်းကို ချိတ်တွဲပြီး ခရီးသည် လူအုပ်ကြားကနေ မောင် ခေါ်ရာကို လိုက်ခဲ့မိတယ်။

မောင့်ကားရပ်ထားတဲ့နေရာ ရောက်တဲ့အထိ မောင်ဟာ ဝေ့ကို စကားတစ်ခွန်းမှ မပြောဘူး။ မောင့်မျက်နှာဟာ ပြုံမယောင်ရှိုးလို ညှိုမှိုင်းနေတယ်။

ဝေ့ကို ကားတံခါး ဖွင့်ပေးပြီး ကားမောင်းသူနေရာမှာ မောင် ဝင်ထိုင်လိုက်ပြီးမှ. . .

"ဝေ. . . ရက်စက်တယ်ကွာ"

"ဝေ ပြောရမယ့်စကားပါ မောင်"

"မောင့်ကို မေးပါဦးတော့လား ဝေ"

"ဟင့်အင်း. . . မမေးချင်ဘူး၊ ဝေလိုချင်တာ မောင်ရဲ့ သန့်ရှင်းလတ်ဆတ်တဲ့ နှလုံးသား၊ ပြီးတော့ ဘယ်သူ့ကိုမှ မောင့်ဘဝ. . . အို. . . မောင်ခန္ဓာ မအပ်နှင်းခဲ့ဖူးတဲ့ မောင့်ရဲ့လူပျိုဂုဏ်၊ ပြီးတော့ အချစ်. . . ဒါပဲ၊ ဝေလိုချင်တာ ဝေ့ကို နှလုံးသား အစွန်းအထေး မရှိသေးတဲ့ ရည်းစားမရှိသေးတဲ့ မောင့်ကို လိုချင်တာ၊ မိန်းမရှုပ်တဲ့မောင့်ကို မလိုချင်ဘူး"

ဝေ့ရဲ့တရားသူကြီးဆိုတဲ့ ဂုဏ်သိက္ခာတွေဘာတွေ ပျောက်ကျ တုန့်ပြီး ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ဦးရဲ့သဘောပြန်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



မှမျိုးနဲ့ ငွတ်တစ္ခတ် ပြုမူမှုမျိုးကို ဝေ လုပ်ခဲ့မိပြီ။ ဒါပေမယ့် ဝေ
မမှားဘူး ထင်ပါတယ်။ နှလုံးသားရဲ့ပြဿနာကို နှလုံးသားအလိုနဲ့
ဖြေရှင်းတာ ကောင်းမယ် ထင်ပါတယ်။

"ဝေရယ်. . . မောင် ရှင်းပြမယ်၊ မောင့်ကို မေးပါဦးလား"

"မေးတဲ့အခါ မောင်ဟာ အမှန်အတိုင်း ဖြေလိမ့်မှာ
မဟုတ်ဘူးလို့ ဝေ ထင်နေတယ်"

"မောင် အမှန်အတိုင်း ဖြေမှာပါ၊ ဝေ မမေးလဲ မောင်ပြော
မယ်၊ မောင့်သူငယ်ချင်း သမီးလေးပါ၊ သူ့အဖေလဲ ပါပါတယ်
မိတ်ဆွေတစ်ယောက်နဲ့ တွေ့လို့ စကားပြောကျန်ရစ်ခဲ့တာ၊
ကလေးကို မောင်ကိုယ်တိုင်ပဲ မွေးပေးခဲ့ရတာဆိုတော့ မောင့်စိတ်ထဲ
မှာ သမီးလို့ ထူမလိုကလွဲလို့ ဘာစိတ်မှ မရှိပါဘူး၊ ကလေးကလဲ
ဦးလေးသားချင်းလိုပါပဲကွာ၊ မောင့်ကို ယုံပါ"

"မောင့်ကို ပလီပလာစကား မပြောတတ်ဘူးလို့ ဝေ
ယုံချင်ပါတယ်၊ ဒါပေမယ့် ဝေ့နှလုံးသားက အပွန်းအပဲ့ မခံနိုင်ဘူး
ဝေလေ မောင့်ကို သိပ်ချစ်တယ်၊ ဒါပေမယ့် မောင့်မှာ ဝေ့ထက်
ပိုချစ်ရမယ့်သူ၊ ဒါမှမဟုတ် ဝေနဲ့ အချစ်တွေကို မျှဝေယူရမယ့်သူ
ရှိခဲ့ရင်တော့ ဝေလေ. . . ဝေ. . ."

ပြောရင်း နှလုံးသား၌ နင့်နင့်သီးသီး နာကျင်လာသဖြင့်
မောင့်ပခုံးသို့ မျက်နှာအပ်လိုက်မိသည်။

"ဝေရယ်"

မောင် မျက်နှာမကောင်းဘူးဆိုတာ ဝေ မျက်ရည်ကြားထဲ
ကနေ ရိပ်မိလိုက်ပါတယ် မောင်။

မောင့်မှာ ဝေ မသိနိုင်တဲ့ လျှို့ဝှက်ချက် ရှိနေပြီဆိုတာ





အကဲခတ်မိပါတယ်။

ဒါပေမယ့် အဲသည် ဝေ့ ထင်မြင်ချက်ဟာ မှားယွင်းပါစေ
သာ ဝေ ဆုတောင်းလိုက်မိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဝေ မောင့်ကို သိပ်ချစ်မိနေလို့ပါပဲ။

"ဝေ့ကို မောင် သိပ်ချစ်ပါတယ်၊ မောင်ဟာ ထောင့်ငါးရာ
ချစ်နဲ့ ပတ်သက်ရင် ဝေဟာ ပထမဆုံးနဲ့နောက်ဆုံးပါ၊ ဝေက
ပြီး မောင့်မှာ မျှဝေပေးစရာ မောင့်ကမ္ဘာ မောင့်လောကမှာ
ာလိမ့်မယ် မဟုတ်ဘူးဆိုတာ ကျမ်းကျိန်ပြောရဲပါတယ် ဝေ၊
မောင့်ကို ကျမ်းကျိန်ခိုင်းပါ၊ မောင်ကျိန်ရဲပါတယ်"

"ဟင့်အင်း. . . ဟင့်အင်း၊ မခိုင်းရက်ပါဘူး မောင်၊ ဝေ
ာင့်ကို ယုံကြည်ပါတယ်၊ မယုံကြည်ခဲ့ဘူးဆိုတောင် မကျိန်ခိုင်းရက်
ဘူး၊ ဝေ့မေတ္တာတွေ မောင့်မှာ စူးနစ်သွားမှာ ဝေ စိုးရိမ်ပါတယ်
ာင်"

"ဝေရယ်"

မောင်ဟာ ဝေ့ကို လက်တစ်ဖက်နဲ့ သိုင်းဖက်ပြီး လက်တစ်
က်နဲ့ ကားမောင်းနေတယ်။ ဝေ မတားပါဘူး။ ခုနေ ကားတစ်ခုခု
ိသွားပြီး နှစ်ယောက်လုံး သေသွားရင်လည်း ဝေ ကျေနပ်မှာပါ။

မောင်နဲ့သာဆိုရင် သေမင်းကမ္ဘာကိုလည်း ဝေ သွားရဲပါ
ယ်ဆိုတဲ့အထိ ဝေဟာ မောင့်ကို အရူးအမူး ချစ်ခဲ့တာပါ မောင်
ယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

မောင့်ကို မြင်တော့ မေမေ့မျက်နှာ တစ်မျိုးဖြစ်သွားတယ်

"လာလေ မောင်"

မေမေ့ရှေ့မှာပဲ မောင့်ကို 'မောင်' လို့ ဝေ ရဲတင်း ခေါ်လိုက်မိတယ်။ သည်လောက်အထိ ဝေဟာ စောင့်စည်းမှု မေ့လျော့နေတဲ့အထိ မောင့်ကို ချစ်ခဲ့တာပါ မောင်။

မေမေ့မျက်နှာဟာ ဖော်ရွေမှု ကင်းကွာနေသလိုပဲ။ သည် တော့မှ သတိရလိုက်တယ်။ မေမေဟာ သူ့သူငယ်ချင်းသား နိုင်





ခြား သဘော်အရာရှိ ကိုမောင်မောင်ဇင်နဲ့ သဘောတူတာကို ဝေ သတိရလိုက်တယ်။ ကိုမောင်မောင်ဇင်ကိုမှ ဝေ မချစ်ဘဲ။ ဝေ ငြင်းပယ်ခဲ့ပြီးသားပဲ။ သည်အတွက်တော့ မေမေက ဝေ့အပေါ် ကျေနပ်မှု မရှိခဲ့တာ အမှန်ပဲ။

"မေမေ. . . ဒါ ဒေါက်တာရဲနိုတဲ့၊ ဝေတို့ တောင်ငူပြည့်သူ့ ဆေးရုံကြီးက ဆရာဝန်ပဲ"

"သြော်. . . ထိုင်ပါ မောင်ရင်"

ဝေ့အသံ ကြားတော့ ဘွားဘွားက ထွက်လာတယ်။

"ခုမှပဲ ပေါ်တော်မူတော့တယ် မရွှေဝေ၊ ကျုပ်က ညည်း အစ်ယောက် တောင်ငူသူများ လုပ်တော့မလားလို့"

"ကြံကြံဖန်ဖန် ဘွားဘွားရယ်၊ ဧည့်သည်ပါလာတယ်"

"ဒီမှာ တည်းမှာလား"

ဘွားဘွားကတော့ ဧည့်သည်လာရင် စကားပြောဖော် ရှာဆိုပြီး ပျော်တတ်တဲ့သူပီပီ အရင်းမရှိ အဖျားမရှိ မေးလိုက် တော့ မောင်က သူ့ထုံးစံအတိုင်း အေးချမ်းသောအပြုံးဖြင့်. . .

"မဟုတ်ပါဘူး ဘွားဘွား၊ ကျွန်တော့်အိမ်က ရန်ကုန်မှာ ပါတယ်၊ ဝေ့ကို လိုက်ပို့ပေးတာပါ"

"ဟုတ်လား. . . မောင်ရင်က ဘာလုပ်သလဲ"

"ဆရာဝန်ပါ ဘွားဘွား"

"အေး. . . ကောင်းတာပေါ့ဟဲ့၊ တို့အမျိုးထဲမှာ ဆရာဝန် ခပ်ရှားရှားရယ်"

ဘွားဘွား၏စကားကြောင့် ဝေက ဘွားဘွားကို မျက် စောင်းထိုးလိုက်မိတယ်။ မောင်သာ မရှိရင် 'ဘွားဘွားနော်. . .



www.burmeseclassic.com

www.burmeseclassic.com



တော်တော် မြေးသမက် လိုချင်နေ’ ဟု ပြောလိုက်မိမည် မှန်သည်။

ထိုစဉ် မီးဖိုချောင်မှ မမကြီး ထွက်လာသဖြင့် ဝေ အံ့အား သင့်သွားရသည်။ မမကြီးက ကော်ဖီပန်း ကိုင်ကာ ထွက်လာခြင်း ဖြစ်သည်။

“ဟင်. . . မမကြီး ရောက်နေတယ်”

မမကြီးက အိမ်ထောင်သည် ဖြစ်ပြီး သူ့အမျိုးသားက မော်လမြိုင်ဘက်၌ တာဝန်ကျသဖြင့် လိုက်နေသူဖြစ်သည်။

“ကြာပေါ့. . . တစ်လတောင် ရှိပြီ၊ ထုံးစံအတိုင်းပါပဲအေ ဒီတစ်ခါတော့ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်တော့မယ် ထင်ပါ ရဲ့အေ”

မမေက အလိုမကျစွာ ပြောလိုက်သည်။ မမကြီးက ဘာမှမပြောဘဲ ညှိုးငယ်သောမျက်နှာဖြင့် ကော်ဖီပန်းကန်များကို သာ မောင့်ရှေ့နှင့် ဝေတို့ရှေ့၌ ချပေးပြီး ထွက်သွားသည်။

မမေကလည်း. . .

“သုံးဆောင်ပါ မောင်ရင်”

“ဟုတ်ကဲ့ အန်တီ”

“ဖေဖေကော မေမေ”

“မသိဘူးလား. . . ညည်းအဖေ ဘုရားဖူး ထွက်သွားတယ် လေ၊ မြန်မာပြည်အနှံ့တဲ့၊ သူ့သမီးကြီး စိတ်လဲ ပါတော့ စိတ်ပြေ လက်ပျောက်ဆိုပြီး ထွက်သွားတာပဲ”

မမကြီးသည် တစ်ခုလပ်ကို ယူမိသည်။ ထိုတစ်ခုလပ်၌ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိသည်ဖြစ်ရာ ထိုသားနှင့် သမီးသည် မိခင်နှင့်သာ နေထိုင်သည်ဖြစ်ခြင်းကြောင့် မမကြီး





ယောက်ျားက ထိုကလေးများ၏ပညာရေး၊ စားဝတ်နေရေးကိုပါ အထောက်အပံ့ ပေးနေရသည်။ သားသမီးများထံသို့လည်း နေ့စဉ် အဝင်အထွက် ရှိသည်။ မမကြီး၏ခံစားနေခဲ့ရသော ဝေဒနာကို ဝေ သိရှိနားလည်ခဲ့ရသည်နှင့်အမျှ မမကြီးရယ် ကွာလိုက်ပါလားဟု ပြောတိုင်း မမကြီးမှာ မျက်ရည်တွေတွေကျဆင်းခဲ့ရသည်။ ယခု မမကြီး၌ သမီးတစ်ယောက် ရရှိနေပြီဖြစ်ရာ. . . .

“ဇင်မာလေးကော”

“ရှိပါတယ်. . . အိပ်နေတယ်၊ နေမကောင်း ဖြစ်နေတယ်၊ ညည သူ့အဖေကို ထ,ထ ယောင်ခေါ်ပြီး နိုးနိုးနေလို့ မနိုးသေးတာ”

‘ဟင်း’ ခနဲ အသံထွက်သည်အထိ ဝေ သက်ပြင်းချလိုက်မိ သည်။ သံယောဇဉ်ကြိုးမျှင်လေးတစ်ခု ရစ်ပတ်နှောင်ဖွဲ့နေမှတော့ ဝေ မမကြီးတို့ကို ကွာလိုက်ပါလားဟူသော စကားကို ပြောဖြစ်တော့ မည် မဟုတ်ပါ။

“ကျွန်တော့်ကို ခွင့်ပြုပါဦး”

မောင်က အလိုက်သိစွာ ထ, လိုက်လေသည်။ ကော်ဖီ ပန်းကန်က တစ်ဝက်မျှသာ လျော့ပါးသည်။ မောင့်ထံ ဝေတို့မိသားစု ၏အပူ ကူးစက်သွားသည် ထင်ပါသည်။ မမကြီးသည် တစ်ခုလပ် နှင့် ရသည့်အကြောင်း၊ ဒေါ်ဒေါ်ဒေါင်းသည် မုဆိုးဖိုနှင့် ရသည့် အကြောင်း ဝေသည် မောင့်အား ဒေါ်ဒေါ်ဒေါင်း ပြန်သွားသည့် နောက်ပိုင်း အလ္လာပ သလ္လာပအဖြစ် ပြောပြခဲ့ဖူးသဖြင့် မောင် သည် ရိပ်မိသိရှိနေပုံ ရသည်။

“အေးကွယ်. . . အေး. . အေး၊ နောက်လဲ လာလည်ပေါ့ ကွယ်၊ ဘွားဘွားလဲ ကိစ္စရှိရင် မင်းကိုပဲ ခေါ်ရလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဘွားဘွား၊ ကျွန်တော့်ဖုန်းနံပါတ်နဲ့ လိပ်စာပါ"

မောင်က လိပ်စာကတ်လေးကို ဘွားဘွားကို ပေးလိုက်တယ်။ ဝေ အံ့အားသင့်ရတယ်၊ ဝေ့ကို တစ်ခါမှ မောင်ဟာ ရန်ကုန်လိပ်စာကတ်နဲ့ ဖုန်းနံပါတ် မပေးခဲ့ဖူးပါဘူး။ ဝေကလည်း မတောင်းခဲ့ဖူးချေ။

"ဒါပေမယ့် စနေ တနင်္ဂနွေမှ ကျွန်တော်ရှိပါတယ် ဘွားဘွား"

"အေးပေါ့ကွယ်"

ဝေက မောင့်ကို ကားအထိ ပြန်ပို့ပေးတော့. . .

"ဝေ"

"ဘာလဲ မောင်"

"မောင်လေ. . . ဝေ့ကို ဆုံးရှုံးမှာ သိပ်ကြောက်တယ်၊ အကယ်၍များ ဝေ့မှာ မောင်နဲ့ ပတ်သက်ပြီး သံသယ ရှိလာရင် မောင့်ကို မေးမြန်းပြီးမှ ဆုံးဖြတ်ပါ၊ ဘယ်အရာကိုမှ ဝေ ကမူးရှူးထိုး မကျူးလွန်ပါနဲ့ ဝေရယ်၊ ဝေ့အတွက် မောင်စိုးရိမ်တယ်ကွယ်"

"စိတ်ချပါ မောင်၊ မောင် ဘယ်နေ့ ပြန်မှာလဲ"

"ကျွစ်ဒေး ပြန်မယ်လေ ဝေ၊ ဝေ လိုက်မယ်မဟုတ်လား"

"အင်း. . . မနက်ခုနစ်နာရီလောက် ပြန်ရအောင်၊ မောင်လာခေါ်မယ်လေ"

"အင်း. . . မောင့်အတွက် ဝမ်းသာစရာ အဖြေတစ်ခုခုတော့ ပေးနိုင်မယ်ထင်တယ်"

"ဒါပေါ့ မောင်"

မောင့်မျက်နှာ ဝင်းပသွားတယ်ဆိုပေမယ့် သိပ်မလန်း





ဆန်းတာ အမှန်ပဲ။ ဩော်. . . မောင်တစ်ယောက် ဝေ့ရထားကိုအမိ ဒလုံးပေါက် ကားမောင်းခဲ့ရတာဆိုတော့ ပင်ပန်းနွမ်းနယ်နေရှာမှာ လို့ ဝေ စာနာသနားရပါတယ်။

"ဒီကြားထဲ မောင် လာမတွေ့ရဘူးလား"

"ဟင့်အင်း. . . ဝေ့မှာ လုပ်စရာတွေ ရှိနေတယ်၊ ဒေါ်ဒေါ်ဒေါင်းအခြေအနေလဲ သွားကြည့်ဦးမှ၊ နောက် ဒေါ်ဒေါ်ငယ်လဲ ရှိသေးတယ်၊ မောင့်ကိုတောင် ပြောမပြမိဘူး၊ ဝေ့ဖေဖေရဲ့ညီမ အငယ်ဆုံး ဒေါ်ဒေါ်ငယ်လဲ ဒီအတိုင်းပဲ၊ မုဆိုးဖို ယူမိတာ မုဆိုးဖို သမီးနဲ့ သူက ရွယ်တူဖြစ်နေလို့ အမြဲရန်ဖြစ်နေတာ၊ သူတို့လဲ သွားတွေ့ရဦးမယ်"

မောင့်မျက်နှာက ပိုမိုညှိုးနွမ်းသွားတယ်။ မောင် ဘာကြောင့် ဤမျှ မျက်နှာ ညှိုးနွမ်းရတယ်ဆိုတာ ထိုစဉ်က ဝေဟာ အယူအဆ လွဲမှားစွာနဲ့ ကောက်ချက်ချလိုက်မိတယ်၊ 'ဩော်. . . နှုတ်ကုန်ရောက်တုန်း မောင်လည်း ငါနဲ့အတူ လည်ချင်မှာပေါ့လေ၊ ဒီအတွက် မောင် စိတ်မကောင်းဖြစ်သွားရှာမှာပဲ' လို့လေ။

အဟင်း. . . ဟင်း။ ပြန်တွေးမိတော့ ဝေ ရယ်ချင်လိုက်တာ။ ဒါပေမယ့် ဝေ့ရယ်သံဟာ နှလုံးသားရဲ့အက်ကွဲသံပါ မောင်ရယ်။

ဝေ့ကို နှုတ်ဆက်ပြီး ကားပေါ်တက် မောင်းထွက်သွားတဲ့ မောင့်ကို မျက်စိတစ်ဆုံး ဝေ ငေးကြည့်နေမိခဲ့တယ်။

မေမေကတောင်. . .

"အမယ်လေးဟဲ့ မရွှေဝေ၊ ဒီလောက် အဖြစ်သည်းနေရင်သဲ တစ်ခါတည်းသာ လိုက်သွားပါတော့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ငြူစူစွာ အငေါ်တူးမှ ဝေလည်း ရှယ်ရယ်,ရယ်ပြီး. . .

"မေမေကလည်း" ဟု ဆိုကာ အိမ်ပေါ်သို့ တက်ခဲ့တ မောင်။

ဟုတ်ပါတယ်၊ ဝေဟာ လူကသာ ကျန်ရစ်ခဲ့ပေမယ့် စိတ်က မောင်နဲ့အတူ လိုက်ပါသွားတာပါ။





# အခန်း(၁၂)

"မောင်မောင်ဇင်နဲ့ကိစ္စ ဘယ်လိုလုပ်မလဲ"

"ဝေမှ လက်မခံနိုင်ဘဲ၊ လက်မခံနိုင်ဘူးလို့လဲ ဝေ မေမေ့ကို ပြောပြီးပြီပဲ"

ဝေ မောင့်အတွက် မေမေ့ကို ရင်ဆိုင်နေရပြီ မောင်။

ဘွားဘွားကတော့ မြေးတွေကိစ္စမှာ ပါလေ့ပါထ မရှိဘူး။

"ကိုယ့်လမ်းကိုယ်လျှောက်ပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရမှာပဲ၊ ပညာတွေလဲ တတ်ထားကြတာပဲ၊ စဉ်းစဉ်းစားစား ရွေးချယ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ မိခွေဒေါင်းတို့ အငယ်မတို့လို ငါ့မြေးကြီးလိုတော့ အရွှေးမများစေနဲ့ မိဝေ၊ ညည်းရှေ့မှာ နမူနာတွေ ရှိတယ်နော်"

"ကိုရဲနီ အဲဒီလို မဟုတ်ပါဘူး"

"ညည်း သိလို့လား"

မောင့်ဘက်က မျက်စိစုံကန်းစွာ ရွှေ့နေလိုက်မိတဲ့ ဝေ့ကို မေမေက ချက်ချင်းပဲ မေးခွန်းထုတ်တယ်။

ဝေ အဖြေရခက်သွားတယ်။

"သူ့မိဘတွေကော"

ဝေ့မှာ ခိုင်လုံတဲ့အဖြေတွေ မရှိပါဘူး မောင်။

"အမေကတော့ ဆုံးသွားပြီ၊ အဖေကတော့ နောက်အိမ်ထောင်နဲ့မို့ သူက စိတ်နာပြီး အဆက်အသွယ် မလုပ်ဘူးလို့ ပြောပါတယ်"

"လူမှာအမျိုး ကြက်မှာ အရိုးတဲ့နော်၊ တစ်ပင်လဲလို့ တစ်ပင် ထူတာဟာ အပြစ်တစ်ခု မဟုတ်ပေမယ့် နောက်အိမ်ထောင်က ဘယ်နှစ်ဆက်လဲ၊ ဘယ်တုန်းကတည်းက ကျခဲ့တာလဲဆိုတာကော ညည်းသိလား"

ဝတ်လုံတော်ရမင်း၏ဇနီးပီပီ မေမေက မေးခွန်းတွေ ထုတ်တာကို တရားသူကြီး ဝေဟာ မဖြေနိုင်ခဲ့ဘူး၊ မေမေ မေးသမျှကို ဝေ ဖြေနိုင်တာ တစ်ခုပဲ ရှိတယ်။

ခေါင်းငုံ့ပြီး မျက်နှာငယ်စွာနဲ့. . .

"မသိဘူး. . . ဝေ မသိသေးပါဘူး မေမေ" လို့ပါ မောင်။

အဲ့သည်အခါ မေမေက အမိန့်တစ်ခု ချမှတ်တယ်။

"အေး. . . မသိသေးတာတွေကို သိအောင်ကြိုးစား၊ အဲဒီအခါ ညည်းရဲ့ဒေါက်တာရဲနီဟာ ခြောက်ပစ်ကင်း သဲလဲစင်ဆိုရင်တော့ ညည်းဟာညည်းလဲ မေတ္တာရှိပြီးသားဖြစ်နေတော့ ကျုပ်တို့ တောန့်ကွက်ပါဘူး၊ ဒါပေမယ့် ခြောက်ပစ်ကင်း သဲလဲစင် မဟုတ်လို့ကတော့ မောင်မောင်ဇင်နဲ့ပဲ လက်ထပ်ရမယ်၊ ဒါပဲ မိဝေ"





မေမေရဲ့စီရင်ချက်ဟာ မှန်ကန်တယ်လို့ ဝေ ယူဆလိုက်တယ်။

ဟုတ်တယ်. . . အချစ်မှာ မျက်စိမရှိဘူးဆိုတဲ့ စကားလို စုံလုံးကန်းအချစ်နဲ့ ချစ်ခဲ့မိတဲ့ဝေဟာ မောင့်အကြောင်းတွေ၊ မောင့်ဘဝတွေ ဘာမှ မသိရှိသေးပါလား၊ ရှင်းရှင်းပြောရရင် မောင့်မိဘနာမည်တောင် ဝေ မသိသေးတဲ့အဖြစ်မျိုး။ ဝေဟာ မိုက်မိုက်မဲမဲနဲ့ကို မောင့်ကို ချစ်ခဲ့မိတာ။

ဝေ ဘွားဘွားထံက ရထားတဲ့ ဖုန်းနံပါတ်လေးနဲ့ မောင့်ဆီကို ဖုန်းဆက်လိုက်မိတယ်။

ဖုန်းကို ကိုင်မယ့်သူ မရှိတာကို ဝေ စိတ်မရှည်စွာနဲ့ စောင့်ဆိုင်းခဲ့ပါတယ်။ ဒါပေမယ့် ဝေ ထိုနေ့မှာတော့ ခရီးပန်းလွန်းလို့ ညမှ ခေါ်မယ်ဆိုပြီး မခေါ်ဖြစ်ဘဲ အိပ်ပျော်သွားခဲ့တယ်။

ဝေ အိပ်မက်,မက်တယ်၊ မောင်ဟာ အဝတ်သစ် အစားသစ်တွေနဲ့ ဝေ့ထံကို ညိုးငယ်စွာ ရောက်လာခဲ့တယ်လို့။

ဝေ နိုးနိုးချင်း မောင်အတွက် ဆုတောင်းမိတယ်။

'မောင် နေကောင်းပါစေ၊ ဘာမှ မဖြစ်ပါစေနဲ့' လို့ပေါ့ မောင်။ ဒါပေမယ့်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

"ဟင်. . . မောင် နေမကောင်းဘူးလား"

"ဟုတ်တယ် ဝေ၊ ရန်ကုန်ရောက်ကတည်းက ဖျားတော့တာပဲ၊ ခုမှ နာလန်ထူခါစ ရှိသေးတယ်"

ဝေ့အိပ်မက် မှန်တယ်။ ဒါတွေ မောင့်ကို ပြောမပြတော့ပါဘူး။

မောင်က ဘွားဘွားနဲ့မေမေတို့ကို နှုတ်ဆက်ပြီး ဝေ့ပစ္စည်းတွေကို ကားနောက်အဖုံးထဲ ထည့်ပေးတယ်။





ဝေ့ဟာ မောင့်လှုပ်ရှားမှုတွေကို မဟန့်တားဘဲ ငေးနေမိတယ်။ ရှပ်အင်္ကျီအဖြူပေါ်မှာ ကြက်သွေးရောင်ခေါင်းစွပ် ဆွယ်တာလက်ပြတ်ကလေး ထပ်ဝတ်ထားတဲ့ မောင့်အသွင်ဟာ နုပျိုနေတာအမှန်ပဲ။

မောင့်ဥပဓိရုပ်ဟာ ရိုးသားဖြောင့်မတ် တည်ကြည်တဲ့ရုပ်မျိုးပါ၊ မောင်ဟာ ဝေ့ကို လိမ်ညာသူတစ်ယောက် ဘယ်နည်းနဲ့မှ မဖြစ်ပါစေနဲ့လို့ ဝေ ကောက်ချက်ချမိတယ်။

"တက်လေ. . . ဝေ"

မောင်က တံခါးအသင့်ဖွင့်ပေးပြီး ပြောလိုက်တယ်။ အဲ့သည်အခါမှ ဝေဟာ လက်ရှိအနေအထားကို သတိရပြီး ရပ်ကြည့်နေတဲ့ အိမ်သားအားလုံးကို လက်ပြပြီး ကားထဲ ဝင်ထိုင်လိုက်တယ်။

မောင်က အားလုံးကို ရိုကျိုးစွာ နှုတ်ဆက်ပြီး ကားကို မောင်းထွက်ခဲ့တယ်။

ဝေ မောင့်ကို ဘယ်က စပြောရမှန်း မသိလို့ ငြိမ်သက်နေမိတယ်။

"ဝေ. ."

"မောင်. ."

"မောင့်ကို ဘာစကားမှ ပြောစရာ မရှိဘူးလား"

"ဝေ ဖုန်းခေါ်တယ် မောင်၊ ခေါ်တိုင်း ကိုင်မယ့်လူ မရှိဘူး"

"ဟုတ်တယ်. . ဖုန်းပျက်နေတယ်၊ မောင်လဲ နေမကောင်းတာနဲ့ ခေါ်ပြင်ခိုင်းဖို့ သတိမရလိုက်ဘူး"

ဝေ့ရဲ့စိတ်ထဲမှာ မောင့်စကားတိုင်းကို အကြွင်းမဲ့ ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်။

"မောင်ရယ်. . ဝေ့ကို တစ်ယောက်ယောက်နဲ့ အကြောင်းကြားခိုင်းလိုက်ပါလား၊ ဝေ လာပြုစုမှာပေါ့"

"ဝေရယ်"

မောင်ဟာ စတီယာတိုင်ပေါ်မှ ဘယ်လက်ကို လွှတ်ပြီး ဝေ့ရဲ့ညာလက်ကို ဖျစ်ညှစ် ဆုပ်ကိုင်လိုက်တယ်ဆိုရင်ပဲ ဝေ့ရင်ထဲမှာလေ. . . ဘာပဲဖြစ်ဖြစ် မောင်နဲ့ တစ်ခါတည်း အတူနေချင်စိတ်တွေ ဖြစ်ပေါ်လာတယ်။

"မောင့်လက်တွေ အေးနေပါလား"

"ဟုတ်တယ်. . . ချွေးမရသေးလို့ ဖြစ်ပါလိမ့်မယ်၊ အဖျားတော့ မရှိတော့ပါဘူး"

"မောင်က သိပ်ပေတာပဲ"

"ဒါထက် ဝေ့အစ်မကြီးကော ပြန်သွားပြီလား"

"ဘယ်ပြန်ဦးမလဲ. . . ဟိုကမှ လာမခေါ်သေးဘဲ၊ လာခေါ်ရင်တော့လဲ ဇင်မာ့မျက်နှာနဲ့ ကောက်ကောက်ပါသွားရဦးမှာပဲ၊ ဒေါ်ဒေါ်ဖေါင်းလိုပေါ့ မောင်၊ သူတို့ကြောင့် ဝေ ဒီအရွယ်အထိ အိမ်ထောင်မပြုနိုင်ခဲ့သေးတာပေါ့။ စိတ်ပျက်တယ်. . . အိမ်ထောင်ရေးမှာ ဝေ အကြောက်ဆုံးက တစ်ခုလပ်တို့ မုဆိုးဖိုတို့နဲ့ လက်ထပ်ရမှာကိုပါ"

"ကျွိ. . ."

"အို. . . ဘာဖြစ်လို့လဲ မောင်"

မောင်က ရုတ်တရက် ကားကို လမ်းဘေးသို့ ထိုးရပ်လိုက်တယ်။ ရုတ်တရက် ဝေ့ခန္ဓာကိုယ် ယိုင်သွားပေမယ့် ဘာမှ ထိခိုက်မှု





တော့ မရှိခဲ့ပါဘူး။

မောင့်မျက်နှာဟာ သိပ်ကို ပျက်ယွင်းနေခဲ့တယ်နော်၊ လောကကြီးကို ကိုယ့်စိတ်နဲ့ နှိုင်းပြီး ရိုးသားစွာ သိမြင်တတ်တဲ့ ဝေဟာ. . .

"မောင် နေမကောင်းလို့လား၊ ဟုတ်ပါတယ်. . . မောင့်မျက်နှာကြီး ရဲနေတာပဲ၊ ဝေ မောင်းမယ်လေ၊ လိုင်စင်တော့ မရှိဘူး၊ ဒါပေမယ့် မောင်းတတ်တယ်၊ မောင်က ဘေးက ထိန်းပေးပေါ့နော်၊ ဟဲ. . . ဖယ်. . ဖယ်"

"ဝေရယ်. . . မင်းဟာ ဘာဖြစ်လို့ သိပ်ကို ချစ်စရာကောင်းနေရတာလဲ"

မောင်ရဲ့မချင့်မရဲ ထွေးပိုက်မှုကို ဝေက မရှုန်းရက်ရှုန်းရက်ရှုန်းလိုက်တယ်။

"မောင်. . . ကားတွေ ဥဒဟို သွားနေတယ်လေ"

မောင်က စိတ်ကို တည်ငြိမ်အောင် ကြိုးစားဖန်တီးလိုက်တာနဲ့ ဝေ့ကို အသာလွှတ်ကာ နောက်မှီကို မှီချပြီး အတန်ကြာငြိမ်သက်နေတယ်။

မောင့်နဖူးကို စမ်းသပ်ကြည့်တော့ နွေးထွေးတဲ့ အထိအတွေ့လေးတွေနဲ့အတူ စိုတိုတို ချွေးစလေးတွေကြောင့် ဝေဟာ တစ်သျှူးလေးတွေနဲ့ သုတ်ပေးပြီး. . .

"တကယ်ပြောတာပါ မောင်၊ ဝေ မောင်းပါရစေ"

"ရပါတယ် ဝေ၊ မောင် နေကောင်းပါတယ်၊ ဒါထက် မောင့်ကို ဝေ့မေမေက ဘာပြောသလဲ"

"မောင်ရဲ့မျိုးရိုးဇာတိတွေ သိပြီးလို့ လက်ခံနိုင်ရင် ဝေ့



www.burmeseclassic.com

www.burmeseclassic.com



သဘောပါတဲ့”

ဝေက တက်ကြွရွှင်လန်းနေသလောက် မောင်က ညှိုးငယ်နွမ်းနေတယ်။ ဒါ နေမကောင်းလို့ပါဆိုတဲ့ အတွေးကလွဲပြီး ဝေဟာ မောင့်ရဲ့ဖုံးကွယ်မှုကို မရိပ်မိခဲ့ဘူး။

“မောင့်မိဘတွေက မိုးကုတ်ကပါ၊ ဦးမောင်မောင်နဲ့ ဒေါ်လေးလေးရဲ့သားသမီးတွေထဲက အငယ်ဆုံးသားပါ၊ ခုတော့ ဖေဖေက မန္တလေးမှာ အခြေချ နေထိုင်တယ်၊ အစ်ကိုအစ်မတစ်ချို့က မိုးကုတ်မှာ၊ တချို့ကလဲ ရန်ကုန်မှာ၊ တစ်ချို့ကလဲ မန္တလေးမှာပါ။ အားလုံး အိမ်ထောင်သည်တွေချည်းပဲ၊ မောင်နှမက မောင်ပါနဲ့ ဆိုရင် ခုနစ်ယောက်ရှိတယ်”

မောင်က စိတ်ရှည်လက်ရှည် ရှင်းပြရှာတာကိုပဲ ဝေက အားနာသနားမိပြီး. . .

“တော်ပါပြီ မောင်၊ ဝေ့အတွက် ဒါတွေ မလိုဘူး၊ လိုတာက မောင်ဟာ မုဆိုးဖို တစ်ခုလပ် မဟုတ်ဘဲ လူပျိုစစ်စစ်ဆိုရင် ပြီးတာပါပဲ”

မောင်က ကားကို ရုတ်တရက် မောင်းထွက်ခဲ့တယ်။

“မောင်. . . ဖြည်းဖြည်းလေ”

“ဆောရီး. . . ဝေ”

“မောင် ဘယ်လိုဖြစ်နေတာလဲ”

“မသိဘူး ဝေရာ၊ မောင့်ခေါင်းထဲ မောင့်ရင်ထဲမှာလေ ဝေနဲ့ အမြန်ဆုံး လက်ထပ်ချင်တာပဲ ရှိတယ်၊ ဝေ့ကို ဝေ့မေမေက သဘော်သား အရာရှိတစ်ယောက်နဲ့ သဘောတူထားတယ်ဆို”

“ဝေ ငြင်းပယ်ပြီးသားပါ၊ ဝေ့မိဘတွေက ဘယ်သားသမီး





ကိုမှ အတင်းအကျပ် မစီမံပါဘူး၊ ဒီအတွက်တော့ စိတ်ချပါ မောင်”

“ဟင်း. . . ”

မောင်ရဲ့သက်ပြင်းချသံကို ဝေကြားလိုက်ရတယ်။ မောင်ဟာ ဝေ့ကို လက်လွှတ်ဆုံးရှုံးရမှာ သိပ်ကြောက်နေရှာပါလား။ ဘာဖြစ်လို့လဲ။ ဝေ့ကို သိပ်ချစ်လို့ပေါ့ ဟုတ်လား မောင်လို့ တစ်လမ်းလုံးဆက မေးခွန်းတွေ ထုတ်မေးရင်း ဝေကလည်း မောင့်ကို သိပ်ချစ်တဲ့အကြောင်းတွေ ပြောပြနေမိတယ်။

“မောင် သိပါတယ်၊ ဝေဟာ ငယ်ငယ်ကတည်းက သိပ်လှ၊ သိပ်မာနကြီးခဲ့လို့ ဘယ်ယောကျ်ားလေးကမှ ချဉ်းကပ်လို့ မရခဲ့တဲ့အကြောင်း၊ မောင်နဲ့ တွေ့မှ ဆယ်ကျော်သက်လေးလို ရင်ခုန်ခဲ့ရတဲ့အကြောင်း”

“ကြည့်စမ်း. . . ကြည့်စမ်း၊ မောင့်ကို ဘယ်သူပြောတာလဲ”

“ဝေ စဉ်းစားကြည့်ပေါ့”

ဝေ စဉ်းစားကြည့်တော့ ပြေးမြင်လိုက်သူဟာ တစ်ယောက်တည်း။ မောင်နဲ့ ပတ်သက်ပြီး ဝေ ဒိုင်ခံရင်ဖွင့်ခဲ့သူ၊ ပြီးတော့ မောင်နဲ့လည်း ရင်းနှီးသူဆိုလို့. . .

“မိဆွေ. ... မိဆွေ မဟုတ်လား မောင်”

မောင်က ပြုံးလိုက်တယ်။ ပြီးတော့မှ ခေါင်းညိတ်ပြီး. . .

“ဟုတ်တယ်. . . မဆွေက သူ့သူငယ်ချင်းအတွက် ရှေ့နေလိုက်ပေးတယ်၊ မောင့်မှာတော့ မောင့်အချစ်တွေကို ဝေသိအောင် ရင်ဖွင့်ပေးမယ့်လဲ ဝေသိအောင် ပြောပြပေးမယ့်ရှေ့နေ မရှိဘူး”

“ဟုတ်လား မောင်၊ ရှေ့နေမလိုပါဘူး၊ မောင်ကိုယ်တိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်ပါ၊ ဝေ သိပ်နားထောင်ချင်ပါတယ်၊ အချစ်ဆိုတဲ့အကြောင်း ကိုလေ. . ကြားခံ ပြောကြားရခြင်းထက် ကာယကံရှင်နှစ်ဦးရဲ့ ဖွင့်ဟဝန်ခံချက်တွေသာ အထိရောက်ဆုံးလို့ ယူဆပါတယ်၊ ကိုင်း. . ပြောတော့ မောင်"

မောင်က ကားကို ထိုးရပ်လိုက်ပြီး ဝေ့အား စေ့စေ့ကြည့်လေသည်။

"ဝေ"

"ပြောပါ မောင်"

"ဝေ့ကို မောင် မြင်မြင်ချင်း ချစ်ခဲ့တာ"

"ဝေလဲ မောင့်လိုပါပဲ"

"ဝေ့ကို မောင် ပိုင်ဆိုင်ချင်တယ်"

"ဝေလဲ မောင့်ကို ပိုင်ဆိုင်ချင်တယ်"

"ဝေဟာ မောင့်ရဲ့အသည်းအသက်ပါ၊ မောင်လေ. . . ဝေ နဲ့သာ လွဲခဲ့ရင် ဤကမ္ဘာလောကကြီးမှာ ဒေါက်တာရဲနီအဖြစ်နဲ့ ဆက်လက် ရှိကောင်းရှိနေပေမယ့် မောင့်ဘဝက ရှင်လျက်နဲ့ သေ ဆုံးသူအဖြစ်ကို ရောက်ရှိသွားမှာပါ ဝေ၊ နှလုံးသားတွေ မွမွကြေ ပျက်သုဉ်းသွားပေမယ့် ဝေဆိုတဲ့အမြစ်ကလေးက မောင့်တစ်ကိုယ် လုံးကို ကင်ဆာရောဂါလို လှိုက်စားသွားမှာ ကျိန်းသေတယ်"

"ဘယ်စာအုပ်ထဲက စာသားတွေလဲ မောင်"

"မောင်ရဲ့ခံစားချက် နှလုံးသားစာအုပ်က စာသား စကား လုံးတွေပါ ဝေ"

မောင်က ကားကို ပြန်မောင်းလိုက်သည်။

လုံလောက်ပြီလား။ မောင့်စကားတွေဟာ ဝေ မောင့်ကို ချစ်ချင်းလက်ထပ်ရလောက်အောင် လုံလောက်ပြီတဲ့လား။





ဝေ ပတ်ဝန်းကျင်ကို ငေးလိုက်မိသည်။ ကတ္တရာလမ်းတွေ ကောင်းနေသောနေရာ၌ လမ်းဘေးတို့သည် တလင်းပြင်ဖြစ်နေသည်။ လှန်းထားသော စပါးများကို ကားဘီးနှင့် မတိုက်မိစေရေးအတွက် ကားကို သတိထား မောင်းရသဖြင့် ခရီးကတော့ ကြန့်ကြာသည်။

မိုးကုန်စဖြစ်၍ တလင်းပြင် ခြောက်ခြောက်ကို မပြုလုပ်နိုင်သေး၍လား၊ သို့တည်းမဟုတ် စပါးအချိန်မီ ခြောက်သွေ့ရေးအတွက် လွယ်လင့်တကူ အဆင်ပြေနိုင်သော ကတ္တရာလမ်းတလင်းပြင့်ကလည်း အသင့်ရှိနေပြီဆိုတော့ လယ်သမားတွေအတွက် အဆင်ပြေသည်ထင့်။

ခရီးသွား ယာဉ်မောင်းတွေအတွက်တော့ သတိကြီးစွာထားနေရသည်။ ခရီးကတော့ မှန်းထားတဲ့အချိန်ထက် နောက်ကျမှာတော့ သေချာသည်။ ဝေက တွေးမိတွေးရာ တွေးနေလိုက်သည်။

"ဝေ့ကို မောင် တစ်ခုတောင်းပန်ရဦးမယ်"

"ဘာများလဲ မောင်ရယ်၊ ဝေ့ကို မောင် တောင်းပန်ရလောက်အောင် ဘာအပြစ်တွေများ ရှိခဲ့လို့လဲ"

"အပြစ်ဆိုတာထက် မောင်နဲ့ ပတ်သက်ပြီး ဘာကိုပဲကြားကြား မောင့်ကို အရင်မေးမြန်းပြီးမှ ဆုံးဖြတ်ပါလို့ မောင် တောင်းဆိုချင်တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့က ဝေ လုပ်ပုံမျိုးဆိုရင် မောင် ဘယ်လောက် ရင်နာရလဲ၊ ချက်ချင်းပဲ ကားကို တရကြမ်းမောင်းပြီး လိုက်ခဲ့တာ၊ လမ်းမှာ အက်ဆီးဒင့် ဖြစ်မလို ဖြစ်တာလဲ ခါသုံးခါလောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝေက မောင့်ကို နှစ်သိမ့်သောအားဖြင့် မောင့်ပခုံးစွန်း
ခေါင်းကလေး မှေးတင်လိုက်သည်။

"မောင့်ကို ဝေ နားလည်နိုင်အောင် ကြိုးစားပါ့မ
မောင်"

"ခွင့်လွှတ်တတ်အောင်ကော မကြိုးစားနိုင်ဘူးလား ဝေ

"ခွင့်လွှတ်တယ်ဆိုတာ အပြစ်ရှိသူတွေအတွက်သာ လိုအ
တဲ့စကားပါ မောင်၊ ကိုင်း. . . မောင့်မှာ ဘာအပြစ်တွေ ရှိနေခဲ့လို့
ပြောပါဦး"

မောင်က သက်ပြင်းချလိုက်ပြီး. . .

"မောင်ဟာ လောကကြီးမှာ အပြစ်အကင်းစင်ဆုံးလူသာ
တစ်ဦးလို့ ကိုယ့်ကိုယ်ကို ကိုယ်ရည်မသွေးချင်ပါဘူး၊ ဒါပေမ
မေတ္တာအရာမှာတော့ မောင်ဟာ သိပ်ကို ကြီးမားခဲ့တဲ့ လူတ
ယောက်ပါ ဝေ၊ မေတ္တာနဲ့ ပတ်သက်လာရင် တစ်ပါးသူတွေ မနစ်န
စေဖို့အတွက် မောင့်နှလုံးသားကို စတေးခံရသည်အထိ ဖြစ်တ
ကောင်းလိမ့်မယ်လို့တော့ မောင် မမျှော်လင့်ရဲပါဘူး ဝေ"

"မောင် ဘာတွေ ပြောနေတာလဲဟင်"

ဝေက မောင့်ပခုံးထက်မှ ခေါင်းထောင်ထလိုက်ပြီး မော
ကို စူးစမ်းကြည့်နဲ့ ကြည့်လိုက်တယ်။

မောင်ဟာ ဘေးတိုက်အနေအထားမှ ဝေ့ကို ငဲ့စော
ကြည့်ကာ ပြုံးပြလိုက်သည်။ သို့သော် မောင့်အပြုံးက တောက်
မရှိဘူးဟု ဝေ ရင်ထဲ၌ အလိုလို သိနေသည်။

တွဲဖက်တရားသူကြီးတစ်ဦးဖြစ်တဲ့ ဝေဟာ မောင့်နှ
သားကို ဖောက်ထွင်းမြင်နိုင်တဲ့စွမ်းအား မရှိခဲ့တာ ဝေရဲ့ပျော့





ချက်ပါ မောင်။

ဒါကလည်း ဝေက မောင့်ကို တရားပြိုင်လို့မှ မမြင်ခဲ့ဘဲ
မောင်ရယ်။ မြင်ရလောက်အောင်လည်း မောင့်ရဲ့အေးချမ်းတဲ့အပြုံး
နဲ့ တည်ကြည်တဲ့ ဥပဓိရုပ်က သဘောထား မြင့်မြတ်တဲ့ ယောကျ်ား
ကောင်းအသွင်ကိုပဲ ဆောင်နေတယ် မောင်။

ဟုတ်ပါတယ်၊ မောင်ဟာ မြင့်မြတ်တဲ့ ယောကျ်ားကောင်း
တစ်ယောက်ပါ။ ပြီးတော့ စေတနာ မေတ္တာနဲ့ ကျန်းမာရေးဝန်ထမ်း
ကောင်းတစ်ဦး။ ဆင်းရဲချမ်းသာမရွေး လူနာတွေအပေါ် မေတ္တာ
စေတနာ ထားတတ်တဲ့ မောင့်ရဲ့ဂုဏ်သတင်းကို ဝေ ကြားသိရရုံ
မကဘူး၊ ကိုယ်တိုင်လည်း တွေ့မြင်နေရတာပဲ။

"မောင်ပြောနေတာတွေက ဝေ့ကို ချစ်လွန်းလို့ ဆုံးရှုံးရမှာ
ကြောက်လွန်းလို့ သွေးရူးသွေးတန်း စကားတွေ ထင်ပါရဲ့ ဝေရယ်၊
တဲ. . . ဝေ ပင်ပန်းပါတယ်ကွာ၊ မောင့်ကို မှီအိပ်လိုက်ပါလား"

"ဟင့်အင်း. . . အေးအတူ ပူအမျှ၊ အနာခံလဲ အတူတူ၊
အသာစံလဲ အတူတူပေ့ါ မောင်ရယ်"

ဝေ့ရဲ့ရင်တွင်းက အစစ်အမှန်စကားပါ မောင်ရယ်။

အမှန်ဆိုရင် အဲသည်တုန်းက မောင့်စကားတွေဟာ နိမိတ်
ပြ စကားတွေပါလားလို့ ဝေ သိသင့်ပါလျက် ဝေ လုံးဝမသိမြင်ခဲ့ပါ
ဘူး။

အချစ်ဆိုတဲ့အရာဟာ နှလုံးသားကိုသာ လှည့်စားနိုင်စွမ်း
ရှိတတ်တယ် ထင်ပါရဲ့ မောင်ရယ်. . နော်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

ဝေ နားကို ယောင်ယမ်းပိတ်လိုက်ပြီး. . .

"ဝေ မယုံဘူး. . . မဟုတ်နိုင်ဘူး၊ ဒါ ဘယ်နည်းနဲ့မှ မဟု
နိုင်ဘူး၊ မောင့်ကို မတရားသက်သက် သွားပုပ်နေလွှင့် ပြော
စကားပဲ ဖြစ်မှာပါ"

ဝေရဲ့အလောတကြီး ငြင်းဆိုချက်ကို မမဦးနဲ့မိဆွေက စိ
မသက်သာစွာ ကြည့်ပြီး. . .

"မဟုတ်သေးပါဘူး မိဝေရာ၊ နင်ဟာ မမြင်ဖူး မှုးကို မြ





ထင်သလို မချစ်ဖူးဘဲ အရှုးအမူးနဲ့ မျက်ကန်းတစ္ဆေ ဖြစ်နေပြီ"

"ဟုတ်တယ် ဝေ၊ သေသေချာချာကို သတင်းပေးတဲ့လူက လဲ ပေးသွားခဲ့တာ၊ ဒေါက်တာရဲနိုဟာ မုဆိုးဖိုတဲ့၊ သမီးကလေး တောင် ရှစ်တန်းရောက်နေပြီဆိုပဲ၊ သမီးလေးကို ရန်ကုန်မြို့က အကောင်းဆုံး ဘော်ဒါဆောင်မှာ ထားပြီး အကောင်းဆုံးကျောင်း မှာ ထားတယ်တဲ့၊ ဒါကြောင့် စနေ-တနင်္ဂနွေတိုင်း သူဟာ ရန်ကုန်ကို မပြန်ဘဲ မနေနိုင်ဘဲ ပြန်နေရတာပေါ့တဲ့"

မမဦးက သူ ကြားသိရသမျှကို အားမနာတမ်း ဝေ့အား ဖောက်သည်ချနေသည်။

"ပြောတဲ့သူကလဲ သူ့ရဲ့အိမ်နီးချင်းလေ၊ ဒေါက်တာရဲနိုက မိုးကုတ်ဇာတိဆိုတော့ အရမ်းချမ်းသာတယ်၊ ရန်ကုန်မှာလဲ အိမ်တစ်လုံး၊ မန္တလေးမှာလဲ အိမ်ရှိတဲ့အပြင် ဟိုတယ်တွေမှာ ဖက်စပ်ပါထားတဲ့ ရှယ်ယာရှင်လဲ ဖြစ်တယ်တဲ့လေ၊ ဒါတွေ ဝေ သိရဲ့လား"

"ဟင့်အင်း. . . ဟင့်အင်း၊ ဝေ ဘာမှ မသိဘူး၊ ဝေသိတာ ဝေ မောင့်ကို သိပ်ချစ်တယ်ဆိုတာကိုပါပဲ"

ဟု ဝေ အရှုးအမူး ရေရွတ်လိုက်မိတယ်။ ဒါပေမယ့် စိတ်ထဲမှာသာပါ။ ဝေရဲ့သိက္ခာကို ထိန်းပြီး ကျဆင်းလာတဲ့ မျက်ရည်ကို ပုတ်ခတ်သိမ်းဆည်းပြီး မမဦးနဲ့မိဆွေ ပြောလာမယ့်စကားတွေကို ဆက်လက်နားထောင်နိုင်အောင် ကြိုးပမ်းလိုက်တယ်။

"ဆက်ပြောပါဦး မမဦး"

"မမဦးအနေနဲ့ ဒေါက်တာ့ကိုလဲ လေးစားပါတယ်၊ ဝေနဲ့ သိပ်လိုက်ဖက်ညီတဲ့အတွဲအဖြစ် မြန်မြန်လက်ထပ်ဖို့တောင် တိုက်တွန်းခဲ့တဲ့သူဆိုတာ ဝေ သိပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဝေက ခေါင်းညိတ်လိုက်တယ်။ လည်ချောင်းဝမှ သောကလုံးက တစ်ဆို့နေတဲ့အတွက် တုံ့ပြန်ပြောနိုင်တဲ့အင်အား မရှိတော့ပါဘူး မောင်ရယ်။

ခေါင်းအညိတ်မှာ လက်ခုံပေါ် သို့ ကျလာတဲ့ မျက်ရည်စတွေကို ဝေ သုတ်သင်ရမှာကို မေ့လျော့နေမိတယ်။

"ဒါပေမယ့် သမီးလေးက သူ့ကို ဖေကြီးလို့ ခေါ်ပြီး သိပ်ချစ်ရှာသလို သူကလဲ မီးငယ်လို့ ခေါ်ပြီး သူနဲ့ နေရင် မီးငယ်အတွက် မိန်းမ မပီသမှာစိုးတာနဲ့ စည်းကမ်းကြီးပြီး မိခင်တစ်ဦးလို အုပ်ထိန်းမှုကောင်းတဲ့ အမျိုးသမီးဘော်ဒါဆောင်မှာ ထားတာ၊ သူတို့သားအဖရဲ့ချစ်ခြင်းကတော့ ဝေးတသက်သက်ဖြစ်လို့ အချစ်ပိုနေကြတယ်"

မမဦးက မပြောမယ့် မပြောတော့လည်း တစ်ခုမှမပြောဘဲ ပုတီးစိပ်ခြင်းနဲ့ အချိန်တွေကို ကုန်ဆုံးပစ်တတ်ပြီး အခုတော့လည်း အသေးစိတ်ကို သတင်းပေးနေလိုက်တာ။

'ဖေကြီး' တဲ့. . . 'မီးငယ်' တဲ့လား။

မိတဆိုးသမီးကို မောင်က သိပ်ချစ်မှာပေါ့နော်။

ပြီးတော့ မောင့်ကိုပဲ အဖေ၊ မောင့်ကိုပဲ အမေအဖြစ်နဲ့ မီးငယ်ကလည်း မောင့်ကို သိပ်ချစ်ရှာမှာပဲ။

ဝေ နှလုံးသားတွေ မွမွကြေပျက်သုဉ်းကုန်ပြီ။

ဝေဟာ မောင့်ရဲ့အချစ်ဦး မဟုတ်သလို တစ်ဦးတည်းသော ဇနီးမယား ဖြစ်လာတော့မှာ မဟုတ်တော့ပါလား။

ဒါတင် ဘယ်ကမလဲ။

ဝေ သိပ်ကြောက်တဲ့ သိပ်ရွံရှာ ရှောင်ရှားခဲ့တဲ့ မုဆိုးဖိုဆိုတဲ့





ဘွဲ့ထူးကို မောင် ပိုင်ဆိုင်နေပါလား။

သမီးကလေးတစ်ယောက်နဲ့ ဘွဲ့ထူးဟာ မောင်နဲ့အတူ ကပ်ငြိပါလာပြီ။

ဝေ မောင့်ကို သိပ်ချစ်တယ်။

ဒါပေမယ့် ကလေးအဖေ မုဆိုးဖိုကို သိပ်မုန်းတယ်။

အချစ်နဲ့အမုန်းဟာ ဒွန်တွဲနေတယ်။

"စဉ်းစဉ်းစားစား လုပ်ပါ မိဝေ၊ မောင်တော့်ကိုလဲ မေးကြည့်ပါဦး"

မောင့်မှာ လျှို့ဝှက်ချက် တစ်ခုခု ရှိလိမ့်မယ်လို့ ဝေ ထင်ခဲ့တဲ့အထင်၊ ဝေရဲ့သံသယဟာ အခုတော့ လယ်ပြင်မှာ ဆင်သွားသလို ဘွားကနဲ ထင်ထင်ရှားရှားပါလား မောင်ရယ်။

"မေးပါ. . . မကြာခင်လဲ သူ့သမီး ရောက်လာတော့မှာပါ၊ ဒီဇင်ဘာ ပိတ်ရက် ဖေကြီးဆီ လာပါရစေလို့ တဖွဖွ ပူဆာနေတဲ့သမီးကို သူ ဘယ်ဟန့်တားရက်ပါ့မလဲ။ ဒါကလဲ မီးငယ်တို့အဆောင်မှူး လုပ်နေတဲ့သူက မမဦးညီမတွေရဲ့သူငယ်ချင်း အရင်းခေါက်ခေါက်လေ၊ မမဦးကိုယ်တိုင် သူတို့ဆီ သွားလည်မှ မီးငယ်ကို ဒေါက်တာရဲနီကိုယ်တိုင် ကားနဲ့ ခေါ်ထုတ်သွားတာ၊ အဲဒါနဲ့ မမဦးလဲ မေးမြန်းစုံစမ်းလိုက်တော့ အကြောင်းစုံ သိတာပဲ"

"ကလေးမလေးက ဘယ်ရွယ်လဲ"

"ရှစ်တန်းဆိုတော့ ဆယ့်လေးငါးနှစ်တော့ ရှိပြီပေါ့၊ မီးငယ်က အဖေတူသမီးပဲ. . . ချွတ်စွပ်၊ အသားဖြူဖြူ မျက်ခုံးကောင်းကောင်း အရပ်မြင့်မြင့်နဲ့ သိပ်ကို ချောလှဦးမယ့် မိန်းကလေးပဲ"

ဝေ မမဦးကို ငေးကြည့်ရင်း ပြောဆိုသမျှကို သေချာစွာ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေတာ မဟုတ်ဘူး။ နှလုံးသားနဲ့ပါ၊ စူးနစ်နာကျင်နေတဲ့ နှလုံးသားနဲ့ နားထောင်နေတာဖြစ်လို့ ကြေကွဲပွင့်တွေက ဝေ့မျက်ရည်စမ်းချောင်းမှာ မျောပါလာတယ်။

မောင် သိပ်ရက်စက်တယ်။

ဝေ့ကို လိမ်ညာတယ်။

လိမ်ညာပြီး ဝေ့ အချစ်၊ ဝေ့ဘဝကို သိမ်းပိုက်နှောင်ဖွဲ့ပြီး ကြံစည်ရက်တယ်။

"ကလေးနာမည်ကကော"

"နန္ဒာရဲနီတဲ့လေ"

ဩော်. . . ဝေဟာ မောင့်ဘဝ မဟုတ်ပါလား။ မောင်ရဲ့ လိမ်ညာမှုကို မသိဆိုးရွားစွာ ခံစားခဲ့ရတဲ့ ဝေပါလား။

"မိဆွေ"

"ဘာလဲ မိဝေ၊ ကျုပ် ဘာလုပ်ပေးရမလဲ"

"ကျုပ် သူနဲ့ တွေ့ချင်တယ်"

"လာမှာပေါ့အေ. . . သူ လာနေကျပဲ မဟုတ်လား၊ ညည်းတို့ချင်း ဖြေရှင်းကြ၊ ကျုပ်တို့ ရှောင်ပေးမယ်"

မမဦးနဲ့မိဆွေက စိတ်မကောင်းစွာဖြင့် အပြင်ထွက်ရန် တာစူလိုက်သည်။

"နေပါ မမဦး၊ ဝေတို့ အပြင်သွားလိုက်ပါ့မယ်၊ ဝေ တန်တော်ကြီးဘက်ကို လိုက်ပို့ခိုင်းလိုက်မယ်"

"အေးလေ. . . ပတ်ဝန်းကျင်နဲ့ဆိုတော့ ကိုယ့်စိတ်ကိုယ် ချုပ်တည်းနိုင်တာပေါ့"

"ကျုပ်လဲ ပြန်တော့မယ် မိဝေ"





ဝေ ခေါင်းညိတ်လိုက်တော့ မိဆွေက မျက်နှာမသာမယာနဲ့ ကျောခိုင်းပြီး စက်ဘီးနင်းပြီး ထွက်သွားခဲ့တယ်။

မိဆွေကို မျက်စိတစ်ဆုံး ငေးကြည့်နေတဲ့ ဝေ့မြင်ကွင်းထဲကို မောင်ဝင်ရောက်တယ်။ မောင့်ကားလေးနဲ့ ဆေးရုံက အပြန် ဝေ့ထံကို အခစား ဝင်နေကျအတိုင်း မောင်းဝင်လာတာ။

မောင်ရယ်. . . လူလိမ်လူညာကြီး။ မုဆိုးဖိုကြီး မောင်။ ရှင်နဲ့ကျွန်မ တွေ့ကြသေးတာပေါ့။

ဝေက မျက်ရည်များကို ကြမ်းတမ်းစွာ သုတ်ပစ်လိုက်ပြီး မောင့်ကို ရဲရင့်စွာ ရင်ဆိုင်လိုက်ခဲ့တယ်နော်။

လေးကျွန်းကန်သာထဲက မေတ္တာပေါင်းကူးတံတားလေး ပေါ်မှာပဲ မောင်က ဝေ့ကို ချစ်ရေးဆိုခဲ့တယ်။

အဲသည်မှာပဲ ဝေက မောင့်ကို ချစ်ရေးဆိုခဲ့တယ်။

အဲသည်မှာပဲ ဝေက မောင့်ကို ချစ်တဲ့အဖြေ ပေးခဲ့တယ်။

ပြီးတော့ အခုတော့ ချစ်တဲ့မောင်ရဲ့ပါးကို ဝေက ရက်စက်စွာ ရိုက်နှက်လိုက်မိတယ်။

မောင့်ရဲ့လိမ်ညာဖုံးကွယ်ထားမှုအတွက် ဝေရဲ့အပြစ်ဒဏ် ချမှတ်ချက်ပါ။

ဝေရဲ့စီရင်ချက်က ဝေ မောင့်ကို လက်ထပ်နိုင်တယ်။ ဒါပေမယ့် ဝေ မုဆိုးဖို မောင့်ကို လက်မထပ်နိုင်ဘူး။ ဝေ့အချစ်တွေကို ပြန်ရုပ်သိမ်းယူဖို့ပါပဲ။

တစ်သက်မှာ တစ်ခါ၊ တစ်ခါမှာ တစ်ယောက်တည်းကိုသာ နင့်နင့်မူးမူး၊ ရူးရူးမိုက်မိုက် ချစ်ခဲ့မိတဲ့ အချစ်ကို ဝေ ပြန်ရုပ်သိမ်းပြီး မောင့်ကို မေ့ပစ်ဖို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဝေရဲ့မျက်ရည်မိုးတွေ သွန်းဖြိုးမှုကို ဝေ ရပ်စဲပစ်လို့ မရပါလား မောင်။

နာကျင်နေတဲ့အသည်းရဲ့ဒဏ်ရာကို ပျောက်ကင်းသွားစေရန် မပြောနဲ့၊ သက်သာအောင်တောင် ကုသဖို့ မလွယ်ကူပါလား မောင်ရယ်။

မောင့်ကို ထားခဲ့ပြီး မြင်းလှည်းနဲ့ အိမ်ပြန်ပြေးခဲ့တဲ့ ဝေ့နောက်ကို မောင်က ထပ်ကြပ်မကွာ လိုက်ပါလာခဲ့တယ်။

"အင်း. . . ဒုက္ခ. ; ဒုက္ခ. ; ဝေရယ်၊ ထွက်တွေ့လိုက်ပါလား"

မမဦးက ဝေ့အိပ်ခန်းတံခါးကို ပုတ်ခတ်ပြီး အသာပြောပေမယ့် ဝေ တိတ်တိတ်ပင် နေလိုက်တယ်။

မောင်ဟာ ဝေ့ကို ဧည့်ခန်းထဲမှာ ထိုင်စောင့်နေတယ်။

"ကျွန်တော် ဝေ့ကို ဖွင့်ပြောမလို့ပါပဲ၊ ဒါပေမယ့် သူ့အဒေါ်တွေနဲ့ အစ်မကြောင့် မှုဆိုးဖို တစ်ခုလပ်ကို မုန်းနေတဲ့ ဝေ့ကို ကျွန်တော် ဖွင့်မပြောရဲဘူး"

"ကျွန်တော် ညာခဲ့မိပါတယ်၊ ဒီအတွက် ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ဒီအပြစ်ကလဲ ဝေ့ကို ချစ်လွန်းလို့ ဆုံးရှုံးရမှာ ကြောက်လွန်းလို့ ဖုံးကွယ် လိမ်ညာမိတာပါ"

"မီးငယ်ကြောင့် ဝေ ဘာတစ်ခုမှ စိတ်မဆင်းရဲစေရပါဘူး"

"မီးငယ်ဟာ အမေတူသမီးပါ။ အဖေချစ်တဲ့ ဝေ့ကို မီးငယ်ကလဲ သိပ်ချစ်မှာပါ။ မိခင်မေတ္တာငတ်မွတ်ပြီး မိခင်လိုချင်နေတဲ့ သမီးလေးပါ"





မောင့်အသံတွေက ဝေ့ သစ်သားတံခါးချပ်ကို ဖောက်ထွင်းပြီး ရောက်လာတယ်။

"ဟုတ်ပါတယ် ဒေါက်တာ၊ ဝေဟာ သွေးပူနေတုန်းမို့ပါ။ နောက် သွေးအေးသွားတော့ သူ ဒေါက်တာနဲ့ အေးအေးဆေးဆေး တွေ့ပါလိမ့်မယ်၊ ခုတော့ ဒေါက်တာလဲ သိပ်ပင်ပန်းနေပါပြီ. . . ပြန်နားလိုက်ပါဦး"

မမဦးက ပညာရှိဆန်စွာနဲ့ မောင့်ကို နှင်ထုတ်လိုက်ပြီ။

ဝေ့ရင်ထဲမှာ ခံရခက်လိုက်တာ မောင်ရယ်၊ သိပ်ကို ပူလောင်နေတယ်။ ပြတင်းပေါက်လိုက်ကာကို အသာလှပ်ပြီး မောင့်အပြန်ကို ချောင်းလိုက်မိတယ်။

မောင်ဟာ ကားကို မောင်းထွက်မသွားသေးဘဲ စတီယာတိုင်ပေါ်မှာ ခေါင်းငိုက်စိုက်တင်ထားတယ်။

"ဟင်"

မောင် ငိုနေသလား။

နှမောင်တို့ယောကျ်ားတွေကကော မျက်ရည်ကျတတ်တယ်လား။

ဒါတွေဟာ မောင့်ရဲ့လိမ်ညာမှုအတွက် အပြစ်ဒဏ်တွေ။

နှလုံးသားသန့်သန့်ကို ညစ်နွမ်းနေတဲ့ နှလုံးသားနဲ့ လိမ်ညာအနိုင်ယူဖို့ ကြိုးစားသူရဲ့ရလဒ်ပဲ။

ဒါပေမယ့် ဝေ သိပ်အထိနာသွားပါပြီ မောင်။ အချစ်ကို တန်ဖိုးထားပြီး ဆန်ခါထင် ရွေးချယ်မိခါမှ အဟင်းဟင်း. . . ရှင်စံရွေး လင်ခွေးနဲ့ ရရတော့မယ့်အဖြစ်က သီသီလေး လွတ်မြောက်သွားခြင်းအတွက် ဝေ ငိုရမှာ မဟုတ်ဘူး၊ ဝေ ရယ်ရမှာပါ မောင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . .

ဝေ မောင့်ကို ဆက်လက်မကြည့်နိုင်တော့လို့ အိပ်ရာပေါ် ပစ်လှဲချ၊ ခေါင်းအုံးမှာ မျက်နှာအပ်ပြီး သည်းကြွေလုမတတ် ငိုချပစ်လိုက်တယ်။

'မုဆိုးဖိုဆိုတာ ပြစ်မှုတစ်ခုလား' တဲ့။

မောင့်အမေးကို ဝေ ဘယ်လိုဖြေရမှာလဲ မောင်။

ဝေ မဖြေတတ်တော့ဘူး။ ဝေ ခံစားခဲ့ရတာတွေ ဝေ အသိဆုံးပါ။ ဒေါ်ဒေါ်ခေါင်းက မုဆိုးဖိုနဲ့ ယူမိလို့ လင်ပါသားသမီးတွေရဲ့ ခါးသီးမုန်းတီးမှုကို လှိမ့်နေအောင် ခံခဲ့ရတာတွေ၊ မခံနိုင်လို့ ပြောမိပြန်တော့လည်း အိမ်တွင်းစစ်ပွဲက ဝေ့ရှေ့မှာပဲ တခြိမ်းခြိမ်းနဲ့၊ ဒေါ်ဒေါ်ခေါင်း အိမ်က မကြာခဏ ဆင်းလာပြီး ဝေတို့အိမ်မှာ သောင်တင်ရတာလည်း အကြိမ်ကြိမ်။ လင်လိုက်ခေါ်လို့ ပြန်သွားရပြီးသောက နှလုံးနဲ့ အိမ်ထောင်တစ်ခု တည်ဆောက်နေရတဲ့ ဒေါ်ဒေါ်ခေါင်း။ ထိုအတူ ဒေါ်ဒေါ်ငယ်။ အလားတူ ဝေ့မမကြီး။

ဒါတွေ ဝေ့ကို တစ်ခုလပ်၊ မုဆိုးဖိုတို့ကို မုန်းတီးဖြစ်စေတဲ့ တွန်းအားတွေ၊ ဝေက သူတို့ကို 'အိမ်ထောင်မှု ငရဲဘုံမှာ ဝင်ခံနေရတဲ့ သူတွေ' လို့ တင်စားပြီး လက်မြှောက်အရှုံးပေးထားလိုက်တယ်။

ဒါပေမယ့် ငါဆိုရင် လောကကြီးမှာ ယူစရာဆိုလို့ တစ်ယောက်တည်းပဲ ရှိပါစေ၊ အဲ့သည်လူဟာ မုဆိုးဖို ဒါမှမဟုတ် တစ်ခုလပ်ဆိုရင် ငါမယူတော့ဘူး။ မိဝေရဲ့အိမ်ထောင်ရှင်ဟာ လူပျိုစစ်စစ်ပဲ ဖြစ်ရမယ်။

ရာထူးဂုဏ်ရှိန်တွေ ငွေကြေးနေအင်အားတွေ မရှိချင် နေပါစေ၊ ပညာတတ် အသိဉာဏ်လေးနဲ့ ယောကျ်ားပီသသော လူပျို





စစ်စစ်ဖြစ်ရင် တော်ပါပြီဟု ဝေက အပြောကြီးခဲ့ဖူးသည့်အဖြစ်။

ဝေ့ရဲ့စံနမူနာပြ အိမ်ထောင်ရေးစစ်ပွဲတွေကြောင့် အချစ်ဆို မီးလို ပူလောင်မှာ စိုးကြောက်လွန်းလို့ ကစားရမှာတောင် ဒန့်လေးပြီး အပျိုကြီးဟူသော ဘွဲ့ထူးရလာသည်အထိ အေးအေးသူလူ နေခဲ့တဲ့ ဝေပါ မောင်။

ဒါပေမယ့် . . .

မောင့်ကို တွေ့မှ . . .

ဒေါက်တာရဲနီဆိုတဲ့ မောင့်ကို တွေ့မှ အပျိုကြီးမာနတွေ ခေါချပြီး အချစ်မျက်ကန်းတစ္ဆေအဖြစ်နဲ့ မောင့်ကို တုံ့ပြန်ချစ်ခဲ့တာ မောင် အသိဆုံးပါ။

အချစ်မှာ မျက်စိမရှိဘူးဆိုတဲ့စကားဟာ သိပ်မှန်တာပဲ နော်။ မောင့်ကို ချစ်မိလို့ မောင်ပြောသမျှကို ယုံကြည်ပြီး မျက်စိစုံလုံး ကန်းခဲ့တယ်။ ပတ်ဝန်းကျင်စကားတွေ နားလျှံလာမှ မောင့်အကြောင်းကို သိရတဲ့အဖြစ်။ ဘယ်လောက်ရင်နာစရာကောင်းသလဲ၊ အသည်းနာစရာကောင်းသလဲ။

"မဟုတ်ပါစေနဲ့ဘုရား"

လို့ အကြိမ်ကြိမ် ဆုတောင်းခဲ့ပေမယ့် ဆုတောင်းမပြည့်ခဲ့ဘူး။

သိတတ်တဲ့အရွယ်ကစပြီး ကြောက်လန့်ခဲ့တဲ့ မုဆိုးဖိုဆိုတဲ့ လူမျိုးကိုမှ ချစ်မိခဲ့လေခြင်းလို့ ယူကျုံးမရစိတ်၊ ဒေါသစိတ်တွေနဲ့ မောင့်ကို နာကြည်းမိတယ်။

ဒါပေမယ့် . . .

သောကမျက်ရည်မိုးတွေ ဖြိုင်ဖြိုင်ရွာသွန်းနေပြီကော



www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ်။

ဝေ. . မောင့်ကို မေ့ပစ်လိုက်တော့မယ်။

ဟုတ်တယ်. . . မေ့ပစ်ရုံမကဘူး၊ မုန်းပစ်ရမယ်။ ဘာဖြ
လို့လဲဆိုတော့ မောင်ဟာ ဝေ သိပ်မုန်းတဲ့ မုဆိုးဖို ဖြစ်နေလို့ပါပဲ

မောင့်ကို မေ့ဖို့ မုန်းဖို့ဆိုတာက တွေးမိရုံနဲ့ နှလုံးသားမှာ
လှံစိုက်ဝင်သလို ဆတ်ဆတ်ခါ သည်းကြေလုမတတ် နာကျင်သွား
ပြန်ပြီကော မောင်။

ဝေ မဆုံးဖြတ်နိုင်အောင်ပါပဲလား မောင်ရယ်။

ဝေဆိုတဲ့ မိန်းမသား ဤကမ္ဘာလောကကြီးမှာ အသက်ရှင်
ရပ်တည်နေတဲ့တိုင်အောင် နှလုံးသား ကင်းမဲ့သူအဖြစ်ကို ရောက်
တော့မှာပါပဲလား မောင်ရယ်။






www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၁၅)

ဝေ လိုက်ပါသွားတဲ့ မြင်းလှည်းရဲ့နောက်က ထပ်ကြပ်ကွာ ကပ်မောင်းလာခဲ့တဲ့ မောင်ဟာ ဝေ့မျက်နှာကိုပဲ တရှိုက်မက်မက် ငေးရင်း လိုက်ပါလာခဲ့ရပါတယ် ဝေ။

မောင့်ရင်မှာ ဘယ်လောက် ခံရခက်နေသလဲဆိုတာ ဝေမှ သိပါလေစ။

ဝေရယ်. . . .

ဝေ့မျက်ဝန်းတွေ ပုလဲရောင်လွှင်ပြင် ထနေတာကို ရင်နင့်



www.burmeseclassic.com

www.burmeseclassic.com



စွာနဲ့ မောင် မြင်နေရတယ်။

မောင်ရော ဘာထူးလို့လဲ ဝေ။ ဝေသာ ကြည့်တတ်မ ဆိုရင်တော့ မောင့်နှလုံးသားမှာ မျက်ရည်မိုးတွေ ရွာသွန်းနေတာ တွေ့မှာပါ။

ဝေနဲ့မီးငယ်. . .

မီးငယ်နဲ့ဝေ. . .

မောင့်ကို တစ်ဖက်စီကနေ လွန်ဆွဲနေကြတယ်။

ဝေ့ကို စောစောက မောင်ပြောခဲ့သလိုပါပဲ။ မီးငယ်ဟ မောင့်ဘဝ မောင့်ကမ္ဘာပါလို့။ ဝေက မောင့်နှလုံးသား မော အသက် မောင့်အသည်းပါ။ ဝေသာ မောင့်ကို ထားရစ်ခဲ့ရင် မော ဘဝဟာ ရှင်လျက်နဲ့ သေသူလို ဖြစ်သွားမှာ အမှန်ပါပဲ ဝေ။

ဒါပေမယ့် အဲသည် ရှင်လျက်နဲ့ သေသူဘဝမျိုးနဲ့ မော ဟာ မီးငယ်အတွက် လောကြီးမှာ ဆက်လက်နေထိုင်သွားရဦးမှာ ဝေရယ်။

ဘာပဲဖြစ်ဖြစ် ဝေရယ်၊ လူသားဆန်တဲ့ မောင့်မေ တရားဟာ ဝေ့ကို ခြောက်လှန့်နိုင်နေတဲ့ အရိပ်မည်းကို ဖျောက်ဖျ အောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ မောင်ယုံကြည်ပါတယ်။ မျှေ လည်း မျှော်လင့်မိတယ်လေ။

မောင့်ရဲ့လက်တစ်ဖက်စီမှာ ဝေနဲ့မီးငယ်ကို ထာဝရ ဆွေ ပွေ့သွားနိုင်ပါတယ် ဝေ။

ဝေရယ်. . . ချစ်ခြင်းမေတ္တာမှာ ကိန်းဂဏန်း အ အတွက်အားဖြင့် တွက်မယ်ဆိုရင်တောင် ဝေက မီးငယ်ထ သာလွန်နေပါတယ်။





အဲသည်စိတ်နဲ့သာ ဝေ့ကို မောင့်ရင်ထဲမှာ တစ်သက်လုံး မြှုသိပ်လာခဲ့ရတဲ့ လျှို့ဝှက်ချက်တစ်ခုကို ဖွင့်ဟလိုက်တာနဲ့ တစ်ပြိုင် တ် ဝေဟာ မောင့်ရင်ခွင်ကို ထာဝရ ခိုဝင်သွားလိမ့်မယ်ဆိုတာ မောင် သိနေပါတယ်။

ဒါပေမယ့် အဲသည်လို တွေးမိလိုက်ရုံနဲ့တောင် မောင့်ရင် ာ ဆူးနစ်နာကျင်နေပြီး အပြစ်ကင်းစင်လွန်းလှတဲ့ မီးငယ်ဘဝလေး ာ သံသယ လောင်းရိပ်လောက်မှာ ညှိုးရော်ခြောက်သွေ့သွားနိုင် ာယ်။ အဲသည်အတွက် မောင်ဟာ ယူကျုံးမရစိတ်နဲ့ နောင်တရလို့ ဆုံးမှာ မဟုတ်ဘူး။

ဝေ. . .

တမြည့်မြည့် လောင်ကျွမ်းနေတဲ့ ဝေ့နှလုံးသားကို မောင်နဲ့ းငယ်တို့ရဲ့အတိတ်ရေစင်နဲ့ ဖြန်းပက်လိုက်တာနဲ့ကို ချက်ချင်းလန်း ဆန်းသွားနိုင်တယ်ဆိုတာ မောင်သိပါတယ်။

ဒါပေမယ့် ဝေရယ်. . .

မောင်နဲ့မီးငယ်တို့ရဲ့အတိတ်ကို ဝေတောင် မကဘူး၊ ာစ်ကမ္ဘာလုံးရှိ လူသားအားလုံး မသိစေရဘူး၊ မောင် ဘယ်သူ့ကိုမှ ခွင့်မပြောချင်ဘူး။

ဟုတ်တယ်။ မီးငယ်လေးဟာ ဖေကြီးဆိုတဲ့ မောင့်ရဲ့သမီး ပါ။ ဖေကြီးရဲ့မီးငယ်ဟာ မီးငယ်လေး။

အိုကွာ. . . ဖေကြီးရဲ့နှလုံးသား မွမွကြေရုံမကလို့ ဘာပဲ ဖြစ်ဖြစ်ကွာ၊ မီးငယ်အတွက် ဖေကြီးနှလုံးသားကို သင်္ဂြိုဟ်ပစ်လိုက် တော့မယ်။

ဟုတ်ပါတယ် ဝေရယ်။ ဝေ့ကို ချစ်တဲ့ အချစ်မီးတောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ တဟုန်းဟုန်း တောက်နေတဲ့ မောင့်နှလုံးသားကို မောင် စတေးခံလိုက်တော့မယ်။ လောင်စမ်းပါစေ ဝေရယ်၊ မီးငယ်ဘဝအတွက် မောင့်နှလုံးသားကို ဝေ့အတွက် အလောင်မြိုက်ခံလိုက်တော့မယ်။

မောင်ဟာ ဝေ့အတွက် လူလိမ်လူညာ၊ လူကောက်ကြီးဆိုတဲ့အသိတရားနဲ့ပဲ ဝေ ဖြေသိမ့်သွားနိုင်ပါစေတော့။

ကံကြမ္မာ ဆိုးရွားလွန်းလှတဲ့ မောင့်ရဲ့သမီး မီးငယ်လေးအတွက် မောင့်နှလုံးသား စတေးခံလိုက်တော့မယ်။

ဒါ ကြီးမားလှသော၊ အတုမရှိသော မိဘရဲ့မေတ္တာတရားရဲ့ စုန်ဆင်းရေအလျဉ်ပါ မီးငယ်။

မီးငယ်လေးရဲ့အတိတ်ဝဋ်ကြွေးကလည်း ဆိုးရွားလွန်းလှပါတယ်။ ဘယ်အချိန်ကျမှများ ပြေပျောက်မှာလဲ မီးငယ်ရယ်။

မေကြီး လိုချင်လှပြီဆိုတဲ့ မီးငယ်လေး၊ မီးငယ်ရဲ့ဆန္ဒ မပြည့်တော့ဘူးကွယ်၊ မေကြီး မီးငယ်အတွက် စိတ်မကောင်းပါဘူး။

ပြီးတော့ ဝေ့အတွက်. . .

ဝေ အိပ်ခန်းတံခါးကို ပိတ်ထားတယ်။ ဝေ အသည်းကြွေလုမတတ် ငိုရှိုက်နေမလား။

မမဦးက. . .

"ထိုင်လေ ဒေါက်တာ"

"ကျွန်တော်. . ဝေ့ကို. . ဓေ့ကို တွေ့ပါရစေလား မမဦး"

မောင့်ရဲ့တည်ငြိမ်မှုတွေဟာ လွင့်ပါးနေပြီ။ ဆယ်ကျော်သက် နှလုံးသားမျိုးနဲ့ မောင့်ရဲ့လှုပ်ရှားမှုတွေဟာလည်း ဆောက်တည်ရာမဲ့ ဖြစ်ပေါ်နေတယ်။

ထိန်းချုပ်မှု စွမ်းအားဆိုလို့ တစ်ခုပဲ ရှိပါတယ်လေ။





အဲဒါ ဘာလဲဆိုတော့ 'မီးငယ်နဲ့ မေကြီးရဲ့အတိတ်ပါ'။ ...တလွဲရင် မောင့်ဘဝမှာ ဝေ့ကို ပေးဆပ်ဖို့ ဝန်မလေးဘူး၊ ဝေ ဘာလိုချင်သလဲ၊ ဘာဖြစ်သလဲ။

မမဦးက ဝေ့တံခါးကို ခေါက်ပြီး ဘယ်လိုပဲခေါ်ခေါ် တုံ့ပြန်မှု မပေးဘူး။

"သွေးပူတုန်းခဏတော့ လက်လျှော့ထားလိုက်ပါ ဒေါက်တာ"

'ဝေရယ်' ဟုသာ နင့်နင့်သီးသီး ရင်ထဲမှာ ညည်းတွားလိုက်မိတယ်။

"ကျွန်မ ဘာပြောပေးရမလဲ ဒေါက်တာ"

မမဦးကို ပုဏ္ဏားတိုင် လုပ်ပြီး. . .

"ကျွန်တော့်မှာ မီးငယ်လေး ရှိတဲ့အကြောင်း အစကတည်းက ဖွင့်ပြောမလို့ပါပဲ၊ ဒါပေမယ့် သူ့အဒေါ်တွေနဲ့ အစ်မကြောင့် ...ဆိုဖို့ တစ်ခုလပ်ကို မုန်းနေတဲ့ ဝေ့ကို ကျွန်တော် ဖွင့်မပြောရဲဘူး"

"ကျွန်တော် ညာခဲ့မိပါတယ်"

"ဒီအတွက် ကျွန်တော့်မှာ အပြစ်ရှိပါတယ်"

"ဒီအပြစ်ကလဲ ဝေ့ကို ချစ်လွန်းလို့၊ ဆုံးရှုံးမှာ ကြောက်လွန်းလို့ ဖုံးကွယ်လိမ်ညာမိတာပါ"

"မီးငယ်ကြောင့် ဝေ ဘာတစ်ခုမှ စိတ်မဆင်းရဲစေရပါဘူး"

"မီးငယ်ဟာ ဖအေတူသမီးပါ၊ အဖေချစ်တဲ့ ဝေ့ကို မီးငယ်လဲ သိပ်ချစ်မှာပါ"

"မိခင်မေတ္တာ ငတ်မွတ်ပြီး မိခင်လိုချင်နေတဲ့ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ပါ”

မောင့်ရဲ့အယူခံတွေကို ဝေ ကြားသိပြီး မောင့်ကို သနား ပြီး ပြန်လက်ခံနိုင်ပါစေလို့ မောင် သွေးရူးသွေးတန်း ဆုတောင်းခြင်း မှအပ ဝေ့ကို မောင် ဘယ်လိုလုပ် တောင်းပန်ရမလဲ။

မမဦးက ပညာရှိဆန်စွာ နှစ်သိမ့်ပြီး မောင့်ကို ပြန်ခိုင်းနေ ပြီ။ မောင် နားလည်ပါတယ်၊ မောင့်ကြောင့် ဝေ့ဘဝမှာ ဘာမှ မစွန်းထင်းစေရပါဘူး၊ အမြဲသန့်ရှင်းလတ်ဆတ်နေစေရမယ်၊ ဝေ့ဂုဏ် အမြဲတောက်ပနေစေရပါ့မယ်။ မောင် ပြန်တော့မယ် ဝေ

ဒါပေမယ့် . . .

မောင့်နှလုံးသားက ဝေ့ဆီမှာ ထားရစ်ခဲ့ပြီ။

နှလုံးသား ကင်းမဲ့သွားတဲ့ မောင်ဟာ ကားပေါ် ပြန်တက်ခဲ့ တဲ့တိုင်အောင် ကားပေါ် ရောက်တော့ ခံစားချက်အစုစု ဝေဒနာ တွေက မောင့်ကို ညှဉ်းပန်းနှိပ်စက်လို့ မောင် ခံရခက်စွာနဲ့ ကား ရုတ်တရက် မောင်းထွက်နိုင်တဲ့ အင်အားတွေ ဆုတ်ယုတ်သွား တယ်။

ဒါကြောင့် စတီယာရင်ပေါ်မှာ ခေါင်းမှောက်ပြီး ခေတ္တ အနားယူခိုက်မှာ မျက်ရည်တွေဟာ ဘယ်ကဘယ်လို ကျဆင်းလာ မှန်း မသိဘူး ဝေ။

နှလုံးသည်းပွတ်ကြားက ယိုစီးလာတဲ့ မျက်ရည်စတွေလား ဝေ။

ယောကျ်ားတန်မဲ့ မျက်ရည်ကျခြင်းကို အင်မတန် မုန်းတီး တဲ့ မောင် . . . အခု မျက်ရည်ကျနေပြီ၊ ယောကျ်ားမျက်ရည် မောင် ကျနေရပြီ ဝေ။





မောင်ပြန်တော့မယ်။

မငိုပါနဲ့ ဝေ၊ ဝေ ပင်ပန်းပါ့မယ်၊ မောင့်လို လူလိမ်လူညာ ကြီးအတွက် ဝေ့မျက်ရည်တွေ အစွန်းအထင်း မခံပါနဲ့။

အချစ်ကြီးသူတွေရဲ့အသည်းနှလုံးဟာ အင်မတန်ကို နူနယ်တာ။ ဝေ့ အသည်းနုနုလေးမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ အဘယ်မျှ ခံစားနေရမယ်ဆိုတာ မောင် စာနာတွေးနဲ့ တွေးမိလေ လေ ဝေ့ဆီကို အပြေးလာပြီး ‘ဝေ . . . မီးငယ်ဟာ မောင့်သမီး အရင်း မဟုတ်ပါဘူး’ လို့ ဖွင့်ဟဝန်ခံချင်စိတ်ကို မနည်းထိန်းချုပ် လိုက်ရတယ်။

မီးငယ်အပေါ် ထားရှိတဲ့ ဖေကြီးရဲ့မေတ္တာတရားကို ဘယ်လိုအကြောင်းကြောင့်မှ အရောင်မဆိုးတော့ဘူး။

ဝေရယ် . . . မောင့်ကို ခွင့်လွှတ်ပါ။

လူလိမ်လူညာကြီး မောင့်ကို ခွင့်လွှတ်ပါ။

အမှန်တော့ မောင်ဟာ ဘဝတစ်ခုလုံးအတွက် လူလိမ် လူညာပါ။

ဒါကလည်း မီးငယ်လေးကို ချစ်တဲ့မေတ္တာပမာဏ အတိုင်း အဆကြောင့်၊ မီးငယ်လေးရဲ့နောင်ရေးကြောင့် မောင့်ကိုယ်မောင် မုဆိုးဖိုအဖြစ် နာမည်ခံပြီး လူသားအားလုံးကို လိမ်ညာနေခဲ့တယ်။ လိမ်ညာနေဆဲ၊ လိမ်ညာရဦးမှာပဲ။

မောင့်ကိုယ်မောင် စတေးခံပြီး ကြီးမားတဲ့မိဘရဲ့ချစ်ခြင်း မေတ္တာတရားကြောင့် မောင် လူလိမ်လူညာကြီးအဖြစ်ကို ခံရပါ တယ်လေ။

မောင့်အိမ်ရှိရာ စက်ရှင့်လမ်းကိုအလာ ဝေ့ရဲ့တရားရုံးရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ မောင့်ကားကို ထိုးရပ်လိုက်မိတယ်။

“ခရိုင်ဥပဒေရုံး”

“မြို့နယ်ဥပဒေရုံး”

လို့ ဆင့်လျက် ဆိုင်းဘုတ်နှစ်ခုကို မောင် ငေးကြည့်မိတယ်။

တောင်ငူခရိုင် ဥပဒေရုံးက တွဲဖက်တရားသူကြီး ‘ဒေါ်ဝေ’ ရဲ့အလုဂုဏ်သတင်းဟာ သင်းပျံ့သလို အလုပ်အကိုင် ပြတ်သားပုံ၊ စီရင်ချက် ချမှတ်တဲ့အခါ အမှားအယွင်းကင်းအောင် ကြိုးစား ပမ်းစား အကိုးအကားတွေ ရှာဖွေပြီးမှ ခိုင်လုံတဲ့ စီရင်ချက်မျိုး ချတတ်တဲ့ ဝေရယ်. . .

မောင့်နှလုံးသားကို သေစေညွှန်းတော့မှာလား။

မေတ္တာတရား ကြီးမားတဲ့ မောင့်ကို စစ်မှန်တဲ့အချစ်တစ်ခု ထပ်မံရရှိစေခြင်းဆိုတဲ့ စေတနာမှန်တဲ့ ကံတရားအပေါ် အကျိုးပေးတဲ့ စီရင်ချက်မျိုး မချမှတ်နိုင်ဘူးလား။

ဝေ ဦးနှောက်နဲ့ မဆုံးဖြတ်ပါနဲ့။ နှလုံးသားပြဿနာကို နှလုံးသားနဲ့သာ ဆုံးဖြတ်ပေးပါလား ဝေ။

“လူလေး”

“ဗျာ. . အဘ”

“လူလေးကား ဘာဖြစ်လို့လဲကွဲ့”

တရားရုံးရှေ့မှာ ကားထိုးရပ်ထားပြီး ဝေ့အား နှလုံးသား နှင့် တိုင်တည်စကား ပြောခဲ့မိတဲ့ မောင့်ရဲ့ကယောင်ကတမ်း ဖြစ်ရပ်တွေကြောင့် အိမ်စောင့်အဘကတောင် အိမ်ကနေ ထွက်လာပြီး မောင့်နား ရောက်လာတယ်။





“ဘာမှ မဖြစ်ပါဘူး”

“မျက်နှာလဲ မကောင်းပါလား”

“ဟုတ်ကဲ့. . .ကျွန်တော် နေမကောင်းဘူး အဘ”

“ဒါဖြင့် စောင့်နေတဲ့လူနာတွေ ပြန်လွှတ်လိုက်ရမလား”

“ဟုတ်သားပဲ”

အချစ်ကြောင့် မိမိရဲ့လုပ်ငန်းကို မေ့လျော့သွားမိတဲ့အဖြစ်ပါလား။

“နေ. . . နေ၊ မလွှတ်နဲ့ အဘ၊ ကျွန်တော် ကုနိုင်ပါတယ်၊ ဆိုင်း. . . ကားပေါ် တက် အဘ”

“အေးကွယ်. . . သာဓု. . . သာဓု. . . သာဓု၊ စေတနာက သူလေးကို အကျိုးပေးမှာပါ”

အဘက ဘာတွေသိနေသလဲ။ မောင့်အဖြစ်ကို ရိပ်မိသိရှိနေပြီလား။

သိနိုင်ပါသည်။ ဆေးရုံဝန်ထမ်းနှင့် ဝေတို့ ရုံးဝန်ထမ်းတွေ ဘာတွေ သိနေကြသည်ပဲ။

ဝေရယ်. . . မိန်းမသားဖြစ်တဲ့ ဝေ့ကိုများ သိပ်ထိခိုက်နစ်နာသွားမလား။

မောင့်အတွက်ထက် ဝေ့အတွက်ပဲ မောင်စိုးရိမ်တယ်။

ဆေးခန်းရှေ့ရောက်တော့ မောင့်ရဲ့ပျက်သုဉ်းနေတဲ့ နှလုံးသားကို ခဏဘေးဖယ်ထားပြီး ခုံတန်းလျားလေးတွေပေါ်မှာ တန်းစီစောင့်ဆိုင်းနေတဲ့ လူနာအားလုံးကို ခြုံငုံပြီး ပြုံးပြကာ တောင်းပန်လိုက်တယ်။

“ဆောရီးပဲ. . . ကျွန်တော် ကိစ္စလေးတစ်ခုနဲ့ နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ ကိုင်း. . . ဆရာမရေ၊ အစဉ်အတိုင်း သွင်းပေးတော့ လို့ ပြောပြီး လူနာစမ်းသပ်ခန်းထဲကို တန်းဝင်ခဲ့ရတယ် ဝေ။

နှလုံးသား ဝေဒနာကို စေတနာ ဝါသနာနဲ့ ယှဉ်တဲ့လုပ်ငန်းတွေနဲ့ မောင့်နှလုံးသားကို ကုစားရမှာပါ ဝေ။ ဒါပေမယ့် မောင့်စားပွဲပေါ်က ပြုံးကြည့်နေတဲ့ ဓါတ်ပုံထဲက ဝေ့ကို ချစ်လို့ ရူးမတတ်ခံစားနေရတဲ့ ဝေဒနာကို ဘာနဲ့မှ ကုလို့ရမှာ မဟုတ်ဘူး။

အချစ်ဝေဒနာအတွက် ကုရာနတ္ထိ ဆေးမရှိပါလား ဝေရယ်။





# အခန်း(၁၆)

မောင် အရက်မသောက်တတ်ပါဘူး။ ဒါပေမယ့် မိတ်ဆုံစားပွဲ ပါတီတွေမှာတော့ မိတ်ဖြစ်ဆွေဖြစ် သောက်ဖူးပါတယ်။

တစ်ခါတစ်ရံ ကွင်းဆင်းကုသမှုတွေ ရှိတဲ့အခါမှာလည်း ဆေးဖြစ်ဝါးဖြစ် သောက်ဖူးပါတယ်။

ဒါပေမယ့် အခု မောင်သောက်နေတာ မိတ်ဆွေဖြစ်လည်း မဟုတ်ဘူး။

အဲ. . . ဆေးဖြစ်ဝါးဖြစ်လို့တော့ ဆိုလို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်မေ့ဆေး ရှိခဲ့ရင်တော့ မောင် အချစ်မေ့ဆေးပဲ သောက်မှာပါ။

ခုတော့ ဆတ်ဆတ်ခါ နာကျင်နေတဲ့ ဝေဒနာကို တခဏ သက်သာစေဖို့အတွက် မောင် အရက်နဲ့ စိမ်ကြည့်မိတယ် ဝေ။

ဝေ. . ဝေရယ်၊ ဝေ့ကို မောင် ပြောပြချင်တယ် သိလား။ ဝေ့ကို မောင်နဲ့မီးငယ်တို့ရဲ့အတိတ်ဇာတ်လမ်းကို ရင်ဖွင့်ပြလိုက်ချင်တယ်။

ဒါပေမယ့် မပြောဘူး။ ဘယ်တော့မှ မပြောဘူး။

မုန်းစမ်း ဝေ။ မောင့်ကို ကမ္ဘာတည်သရွေ့ မုန်းလိုက်စမ်းပါ။ မောင်ဟာ နုနယ်တဲ့ သမီးလေးရဲ့နှလုံးသားကို နင်းခြေပြီး ဝေ့ကို ရယူမယ်ဆိုတဲ့ အတ္တကြီးတဲ့အလုပ်မျိုး မောင် ဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး။

မောင်လေ. . . မောင့်ရင်ထဲမှာ ဝေ. . . ဝေလို့ တမ်းတနေတဲ့ကြားက မီးငယ်နဲ့မောင်ရဲ့ ဆက်နွယ်လာသမျှကို မြင်ယောင်လာတယ်။

မောင် ပြောပြချင်ပါတယ်။

ဒါပေမယ့် ဘယ်တော့မှ မပြောဘူး။

ရင်ထဲမှာပဲ ထာဝရ သိမ်းဆည်းထားတဲ့အကြောင်းတွေကို မောင့်ရင်ထဲမှာ မောင့်မျက်လုံးအိမ်မှာ မနေ့တစ်နေ့ကလိုပဲ သစ်လွင်ထားတယ် ဝေ။

'အူဝဲ. . . အူဝဲ' လို့ အာခေါင်နီတာရဲလေးကို ခြစ်ခြုတ်ပြီး အော်ဟစ်ငိုလိုက်တဲ့ မီးငယ်လေးရဲ့အသံဟာ မောင့်နားမှာ ပဲ့တင်ထပ်လာတယ်။





စိတ်ချစမ်းပါ မီးငယ်လေးရယ်။ မီးငယ်လေးဟာ ဖေကြီး သမီးပါ။ ဖေကြီးကမ္ဘာပါ။

မောင် နားကို ပိတ်ပြီး နှုတ်ဂု တဖွဖွ မီးငယ်လေးကို တောင်းပန်လိုက်တယ် ဝေ။

လွန်ခဲ့တဲ့(၁၅)နှစ်ဆိုတဲ့ ကာလဟာ ခုတော့လည်း ဘာမှ မကြာလိုက်သလိုပါပဲ။

ဒါပေမယ့်. . .

သောကတွေ အုံဖွဲ့ပြီး ဘဝကို ကြိုးစားရုန်းကန်ခဲ့ရတဲ့ မောင့်မှာလေ. . .

အူဝဲ. . အူဝဲလို့ အမိဝမ်းကျွတ်ပြီး တွယ်တာရာ ရင်ခွင်မဲ့ဖြစ်နေတဲ့ သမီးငယ်လေးကို မောင် ထွေးပိုက်ပြီး မီးငယ်အတွက် မိခင်ရဲ့ချို့အစား နို့ဘူးစို့နိုင်အောင် ကြိုးစားပေးရင်းနဲ့ မောင် မျက်ရည်ကျခဲ့ရတယ်။

အဲ့သည်ကတည်းက မီးငယ်အတွက် ကျခဲ့တဲ့ မောင့်မျက်ရည်နီဒါန်းပါ ဝေရယ်။

မောင့်မျက်ရည်နီဒါန်းကျခဲ့ရတဲ့အဖြစ်ကို ဝေသိရင် ဝေပါ မျက်ရည်ဝေလိမ့်မယ်ဆိုတာ မောင်ယုံကြည်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားသားဖြစ်တဲ့ မောင့်လိုလူတောင် ဖခင်မေတ္တာမျိုး ထားနိုင်သေးရင် မိန်းမသားဖြစ်တဲ့ ဝေဟာ ပိုပြီးတော့တောင် မိခင်စိတ် ထားနိုင်မယ်ဆိုတာ မောင်ယုံကြည်ပါတယ်။

ဒါပေမယ့် မီးငယ်အတွက် မောင့်မျက်ရည်နီဒါန်းကို အခု ဝေ့ကို ချစ်တဲ့ နှလုံးသား၊ ဝေ့ကို ရယူပိုင်ဆိုင်လိုတဲ့ နှလုံးသားကို



www.burmeseclassic.com

www.burmeseclassic.com



အပျက်သုဉ်းခံပြီး ခံစားနေရတဲ့ မောင့်ရဲ့မျက်ရည်ဟာ နိုဝ်း မျက်ရည်ဖြစ်ပါစေတော့လို့သာ မောင် ဆုတောင်းရမှာပါ ဝေ။

မီးငယ်နဲ့မောင့်အကြောင်းကလည်း ပုံပြင်တစ်ပုဒ်လိုပါပဲ လို့ ပြောချင်လည်း ရပါတယ်။ မပြောရင်လည်း ရပါတယ်။

သည်လိုပါ ဝေရယ်. . .

မောင်စိတ်ထဲကပဲ ဝေ့ ကို ပြောပြရစေတော့။

မောင် သိမ်ခံစားနေရလွန်းလို့ပါ ဝေရယ်။ ဝေ့ကို မောင် ပြောပြချင်တယ်။ ဒါပေမယ့် မောင့်တစ်သက် မပြောတော့ဘူးဆိုတဲ့ မီးငယ်နဲ့မောင်ရဲ့ဘဝဒဏ္ဍာရီတစ်ပုဒ်ကို မောင့်ရင်တွင်းကပဲ တင် ကြွေးပါရစေတော့လို့နော်။





# အခန်း(၁၅)

အတာရယ် သက်မာ့ရယ်ဆိုတဲ့ အငြိုးရန်ဘက်မိသားစု နှစ်ခုကြားက ပေါက်ဖွားလာတဲ့သူနှစ်ယောက်ဟာ ငယ်ကျွမ်းဆွေ သည်းဖြစ်၊ အချိန်တန် အရွယ်ရောက် လူလားမြောက်တော့ ချစ်သူ တွေလည်း ဖြစ်ကြပြီး မခွဲနိုင်မခွာရက် အချစ်သည်းခဲ့ကြတယ်။

သူတို့နှစ်ဦးကြားမှာ မောင်က ကန့်လန့်ကန့်လန့် ပါခဲ့ တယ်။

ဘာဖြစ်လို့လဲဆိုတော့ အတာနဲ့မောင်ဟာ ညီအစ်ကိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကွဲ တော်သလို သက်တူရွယ်တူ အတန်းတူဖြစ်လို့ သူငယ်ချ
အချစ်ရော ညီအစ်ကိုအချစ်ပါ ရောထွေးပြီး ချစ်ခဲ့ကြတဲ့အတွ
အတာဟာ မောင့်ရဲ့ ဖွားဖက်တော်၊ အတာရဲ့ဖွားဖက်တော်
မောင်ဆိုရင်လည်း မမှားဆောက်အောင်ကို ချစ်ခဲ့ကြသူတွေပ

သက်မာကရော ဘာထူးသလဲ။ မောင့်သူငယ်ချင်းပဲ။ သ
တော့ အတာနဲ့သက်မာ ချိန်းတွေ့လည်း ကိုယ်ရံတော်အဖြစ် မော
ပဲ လုပ်ခဲ့ရသူဆိုတော့ . . .

ဆယ်တန်းစာမေးပွဲ ဖြေအပြီးမှာ အတာက သက်မာ
ခိုးပြေးတော့လည်း မောင်ပဲ ပါခဲ့ရပြန်တယ်။

နှစ်ဖက်မိဘတွေက အာယာတတွေ ကြီးစွာနဲ့ သားအဖြ
သမီးအဖြစ် အမွေပြတ် စွန့်လွှတ်ခဲ့ကြတယ်။

သည်ကြားထဲမှာ အားပေးကူညီသူ မောင့်ကိုလည်း တစ်
လုံးက ဝိုင်းပယ်ပြီး မျက်မာန်ရှပြီး 'ဟိုကောင်နဲ့ ဟိုကောင်မ
မင်း အကူအညီပေးမယ်ဆိုရင် မင်းပါ အိမ်ရိပ်မနင်းနဲ့' တဲ့။

မောင်ကလည်း မောင်ပဲ။ ငယ်စိတ်နဲ့ အတာနဲ့သက်မာ
အပြစ်မရှိဘူးလို့ ထင်တယ်။ ရိုမီယိုနဲ့ ဂျူးလိယက်လို သူတို့အချ
အားပေးခဲ့တယ်။ ရှင်မွေ့လွန်းနဲ့ မင်းနန္ဒာလိုလည်း ထင်မှတ်
အကူအညီပေးခဲ့တယ်။

ဆယ်ကျော်သက်အရွယ် နှီးလုံးသားပုံပြင်ဟာ သိပ်ကို အ
အမှုးဆန်တယ်။ ဦးနှောက်မရှိကြဘူးပေါ့ ဝေ။

မောင်က အတာနဲ့သက်မာကို အကူအညီပေးတာ
ငွေရေးကြေးရေးကအစ မောင့်ကို ဆင်ထားတဲ့ပစ္စည်းတွေအထိ
ဝေရာ။





ဒါကို မောင့်မိဘတွေက သိတော့ 'သူခိုးဓားရိုးကမ်းတယ်'
'လူမိုက်အားပေး လုပ်တယ်' ဆိုပြီး မောင့်ကို ချုပ်ချယ်တယ်။

မောင်က သည်ကိစ္စမှာ လူကြီးတွေ သက်သက်မတရားဘူး
ထင်ပြီး အတာနဲ့သက်မာတို့ ရှိရာကို အပြီးတိုင် ထွက်ခဲ့တယ်။

အတာနဲ့သက်မာကလည်း မောင့်ကို သိပ်အားကိုးကြ
တယ်။ သူတို့ဘဝရဲ့အလင်းရောင်ဟာ မောင်ပဲလို့ ထင်ကြတယ်။

အဲသည်အချိန်မှာ သက်မာကလည်း မီးငယ်လေးရဲ့ ကိုယ်
ဝန်ကို လွယ်ထားရပြီဆိုတော့ အတာကလည်း မောင့်ကို အားကိုး
တကြီး ဖက်တွယ်ထားတယ်။

သည်လိုနဲ့ မောင်လည်း သူတို့နှစ်ဦးနဲ့ လက်တွဲပြီး လောက
ဓံတို့ ကြံ့ကြံ့ခံနိုင်ဖို့ ကြိုးစားရတယ်။

လောလောဆယ်တော့ ပညာမတတ်ခင် အချစ်ကို ကိုး
ကွယ်ခဲ့ကြတဲ့ အတာနဲ့သက်မာဟာ ပါသမျှ လက်ဝတ်လက်စားတွေ
ထုခွဲရောင်းချခြင်းနဲ့ စားဝတ်နေရေးပြဿနာကို ဖြေရှင်းကြတယ်။

မောင်ကလည်း မောင့်မှာ ပါသမျှလေး ခြိုးခြံပြီး မိုးကုတ်
မြေမှာ ကြီးပြင်း၊ ကျောက်မျက်ရတနာတွေနဲ့ ဆော့ကစားဖူးသူပီပီ
ကျောက်ပွဲစား လုပ်ကြည့်ပါသေးတယ်။

ဒါပေမယ့် သည်လောက,က အင်မတန်ရှုပ်တယ်၊ အသက်
အရွယ် ငယ်သေးတဲ့ မောင်တို့ညီအစ်ကိုနှစ်ယောက်ကို အုပ်စုနဲ့
ဗိုလ်ကျတာ ခံလိုက်ရတာမျိုးနဲ့ ကြုံလို့ အသက်တောင် မနည်းလုပြေး
ရတာမျိုးလည်း ရှိခဲ့တယ်။

နောက်ဆုံးအဆင့်အထိတော့ မောင်တို့ဟာ ပါလာသမျှ
လက်ဝတ်လက်စား၊ နာရီ အဝတ်အစားတွေပါမကျန် ငွေစက္ကူဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောင်းရာကနေ အချိန်တွေ ကုန်ဆုံးမှန်းမသိ ကုန်ဆုံးပြီး ဒုက္ခ ရောက်လိုက်တာ၊ မောင်ဆိုရင် မိဘအိမ်ကို ပြန်ပြေးဖို့အထိ အကြိမ် ကြိမ် ဆုံးဖြတ်ပြီးခါမှ အတာရဲ့အားငယ်နေတဲ့မျက်ဝန်း၊ သက်မာရဲ့ မျက်ရည်လွှမ်းတဲ့ မျက်လုံးအစုံ၊ ပြီးတော့ ဖောင်းကားနေတဲ့ သက်မာ ဗိုက်အတွင်းက မမြင်သာသေးတဲ့ အပြစ်မဲ့ ခြေလှမ်းတွေဟာ သူတို့ရဲ့ တဲကုပ်ကလေးထဲကကို ထွက်မသွားနိုင်ခဲ့ပါဘူး။

အဲသည်ကြားမှာ မောင်နဲ့အတာက ကျပန်းအလုပ်တွေ လျှောက်လုပ်တယ်။ ဈေးထဲ ကုန်စိမ်းထမ်းဖို့ လူလိုရင် ဝင်ထမ်းပေး တယ်။ ကမ်းနား ကုန်တင်ကုန်ချ လူလိုရင်လည်း ဝင်ချပေးတယ် ရထားမှာ ကူလီလိုရင်လည်း ဝင်လိုက်လိုက်တာပဲ။

ဘာဖြစ်လို့လဲဆိုတော့ သက်မာ မီးဖွားဖို့အတွက် ငွေသိပ်ထား နေပြီလေ။

တစ်နေ့မှာ မောင် ဈေးထဲ ကုန်စိမ်းတောင်းတွေ ထမ်းပေး ပြီး ရသမျှ ငွေလေးတွေ ခါးပုံစထဲ ကျစ်ကျစ်ပါအောင် ထုပ်ပိုးပြီး အိမ်ကို အပြေးပြန်လာခဲ့တယ်။

နံနက် မောင်နဲ့အတာ အပြင်ထွက်မယ်အလုပ်မှာ သက်မာ က ခါးကိုက်သလိုလို ဘာလိုလိုနဲ့ နေရထိုင်ရခက်တယ်ဆိုလို့ အတာ ကို 'မင်းစောင့်နေ. . . လိုအပ်ရင် အိမ်နီးချင်းတွေ ခေါ်ပြီး ဆေး သွားလိုက်' လို့ ပြောပြီး မောင်နဲ့သူ စုဆောင်းထားတဲ့ငွေဟူသမျှ မောင် အတာ့လက်ထဲ ထည့်ပေးခဲ့ပြီး မောင်က တစ်နေ့တာ ဝမ်း အတွက် ရှာဖွေဖို့ ထွက်ခဲ့ရတယ်လေ ဝေ။

ဒါပေမယ့် နောက်ဆံတင်းနေတဲ့ မောင်ဟာ နံနက်ပိုင်း ကုန်ချပေးပြီးတာနဲ့ ရသမျှ ငွေလေး ကျစ်ကျစ်ပါအောင်ယူပြီး အိမ်





ကို ပြန်ပြေးခဲ့တယ်။

မထင်မရှား ဆင်ခြေဖုံး ရပ်ကွက်လေးက မောင်တို့ရဲ့ တဲနန်းကုပ်ကုပ်လေး ရောက်တော့ မောင့်ရင်ဟာ ဆို့တက်သွား တယ်။

ယောက်ျားတန်မဲ့နဲ့ အော်ဟစ်ငိုနေတဲ့ အတာ့အသံကို ကြားလိုက်ရလို့ပဲ။ ပြီးတော့ အိမ်နီးချင်းတွေ ဝိုင်းအုံနေကြတယ်။ မောင် လူကြားထဲကို တိုးဝှေ့ပြီး အိမ်ပေါ် တက်ခဲ့တော့. . .

သက်မာရဲ့အလောင်းကို ဖက်ပြီးငိုနေတဲ့ အတာ။

အူဝဲ. . . အူဝဲလို့ အော်ပြီး မိခင်ရင်းကိုလား၊ နို့ချိုကိုလား ဘာကို တမ်းတနေမှန်း မသိတဲ့ နီတာရဲလေးဟာ သက်မာရဲ့ဘေးမှာ ခြေကားရား လက်ကားရားလေးနဲ့။

'မိန်းကလေးတဲ့'

မောင် မွေးကင်းစ ကလေးကို ကောက်ချီလိုက်တယ်။ မောင်တို့ရဲ့ပုဆိုးစုတ်နဲ့ ကောက်ထွေးထားတဲ့ မွေးကင်းစလေးဟာ မောင့်ရင်ခွင်ထဲအရောက် တဒင်္ဂ ငြိမ်သက်သွားတယ်။

အဲသည်အချိန်မှာ ယောက်ျားကြီးတန်မဲ့နဲ့ မောင် မျက်ရည် ကျခဲ့တယ် ဝေ။

မီးငယ်အတွက် မောင့်ရဲ့မျက်ရည်နိဒါန်းပါ။

ဘာဖြစ်လို့လဲဆိုတော့ မီးငယ်လေးကို ဒုက္ခအဆင်းအရဲခံ ပြီး မွေးဖွားပေးခဲ့တဲ့ သက်မာဟာ ဒုက္ခတရားတွေ ကြားက ထာဝရ ရုန်းကန်ထွက်သွားခဲ့ပြီ ဝေရယ်။

အဲသည်အချိန်မှာ သက်မာအလောင်းကို အရူးတစ် ယောက်လို တပိုက်ပိုက်နဲ့ အတာတစ်ယောက် သက်မာအလောင်း



www.burmeseclassic.com

www.burmeseclassic.com



မြေကျုပြီးတာနဲ့ ထွက်သွားလိုက်တာ ဖခင်တစ်ယောက် မဟုတ်တဲ့ အတိုင်းပဲ။

မောင့်မှာ မီးငယ်ကို ရင်ခွင်ပိုက်ပြီး. . .

နို့ဘူးကို ရအောင်ရှာတယ်။

အိမ်နီးချင်း သားသည်မိခင်တွေကတော့ ပြောရှာပါတယ်။

"မောင်ရဲနီရယ်. . . ငါတို့နို့ပဲ တိုက်ပါ့မယ်ဟယ်"

"ရပါတယ်. . . သမီးလေးအတွက် ကျွန်တော် စုထားတဲ့ ငွေနဲ့ နို့ဘူးပဲ တိုက်မယ်"

ဒါ မောင့်စေတနာပါ။ မိခင်မဟုတ်သူတွေရဲ့နို့တွေ သောက်သောက် လိုက်စို့ရမယ့်အဖြစ်မျိုး မောင်လက်မခံနိုင်ဘူး။ မီးငယ်လေးအပေါ် ထားတဲ့ မောင့်ရဲ့မေတ္တာတွေ စေတနာတွေပါ ဝေ။

ပြောရဦးမယ် ဝေ။

အတာ. . . မီးငယ်လေးရဲ့ဖခင်ရင်းဖြစ်တဲ့ အတာဟာ သိပ်တစ်ကိုယ်ကောင်းဆန်တယ်။

သက်မာအလောင်း မြေကျပြီးကတည်းက ထွက်သွားလိုက်တာ လူ့လောကကြီးမှာ ဆင်းရဲဒုက္ခကြီးစွာနဲ့ မျက်နှာငယ်နဲ့ ကျန်ရစ်ခဲ့တယ်ဆိုတာတောင် သတိမရနိုင်ဘူးတဲ့လား။

သည်ကြားထဲ သက်မာဘက်က မိဘဆွေမျိုးသားချင်းတွေကလည်း သက်မာ သေရတာ အတာကြောင့်၊ ပြီးတော့ ကလေးမွေးရင်း သေရတာဆိုတော့ ကလေးကြောင့်တဲ့ကွယ်။

ပြောရက်လိုက်တာ. . . အပြစ်မဲ့တဲ့ မီးငယ်လေးကို ပြောရက်ကြတယ်။





ဒါတင် ဘယ်ဟုတ်ဦးမလဲ။

မီးငယ်လေးကို သားဦးစနေ မီးလို့မွေ့တဲ့ ဂြိုဟ်ကောင်မ လေးတဲ့လေ။

မီးငယ်လေးဘဝ စနေသမီး ဖြစ်နေခဲ့ရှာတယ်။ ဒါက ကံဆိုးခြင်းလား၊ ကံကောင်းခြင်းလား၊ နေ့တတ် စနေမှာ မွေးတဲ့ မီးငယ်လေးကို ထက်ထက်မြက်မြက် ရှိရမယ့် သမီးလေးပါလို့ မောင်ကတော့ အရှူးကြီးလို ကြွေးကြော်နေတဲ့အချိန်. . .

အတာကတော့ တစ်ကိုယ်ကောင်းဆန်စွာနဲ့ 'ဂြိုဟ်ကောင်မလေး မပါရင် အိမ်ကို အချိန်မရွေး ပြန်ဝင်ခဲ့. . . လက်ခံတယ်' ဆိုတဲ့ မိဘတွေရဲ့အရိပ်မှာ ပြန်လည်ခိုလှုံသွားပြီလေ။

"တောက်"

ဖခင်မဆန်ဘဲ မေတ္တာတရား ခေါင်းပါးလွန်းလှတဲ့ အတာ့ကို အဲသည်အချိန်ကများ မျက်နှာချင်းဆိုင် တိုးခဲ့ရင် မောင် ဆွဲထိုးမိမှာ အမှန်ပဲ ဝေ။

'အတာ' ကို ညီအစ်ကိုလိုရော သူငယ်ချင်းလိုပါ ချစ်ခဲ့တဲ့ မောင်ဟာ မီးငယ်ကို ကျောခိုင်းပြီး မိဘဆီ ပြန်သွားတဲ့နေ့ကစပြီး မောင့်ကမ္ဘာဟာ အမုန်းတီးဆုံးလူဟာ 'အတာ' ဖြစ်သွားခဲ့တယ်။

မောင့်မိဘတွေကလည်း 'ဂြိုဟ်ကောင်မလေး' ကို မိဘမဲ့ ဂေဟာသို့ ပို့ပြီး မောင့်ကို ပြန်လာဖို့ အကြိမ်ကြိမ် ခေါ်တယ်။

ဝမ်းနည်းပါတယ်။ မေတ္တာတရား ခေါင်းပါးလွန်းတဲ့ မောင့်မိဘဆွေမျိုးအသိုင်းအဝိုင်းတွေကိုရော သက်မာတို့ အသိုင်းအဝိုင်းတွေကိုပါ မောင် အလွန်မုန်းတီးသွားတယ်။

ဒါကြောင့် မီးငယ်လေး ရက်နှစ်ဆယ် အရွယ်မှာပဲ မောင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ မောင်တို့သုံးဦးရဲ့တဲကုပ်နန်းတော်လေးကို အိမ်ရှင်လက် ပြန်အပ်၊ စပေါ်ငွေလေးကို ယူပြီး မန္တလေး မြို့တော်ကြီးကို အပြီးတိုင် ကျောခိုင်းလိုက်တယ်။

ဘာဖြစ်လို့လဲလို့ ဝေ ထင်သလဲ။

'ဂြိုဟ်ကောင်မလေး' ဆိုတဲ့ အကြင်နာ ကင်းမဲ့သူတွေရဲ့ အဆိပ်ငွေ့ လွှမ်းနေတဲ့စကားတွေဟာ မီးငယ်လေးရဲ့ နုနယ်လွန်းတဲ့ နှလုံးသားကို လောင်မြိုက်သွားမှာစိုးလို့ပါ ဝေ။

မောင်တို့ဇာတိက မိုးကုတ်ပါ။

မိုးကုတ်ကနေ အတာနဲ့သက်မာတို့နှင့်အတူ မန္တလေးမှာ အခြေချတယ်။

နောက်ဆုံးတော့ မီးငယ်လေးကို ရင်မှာ ပိုက်ပြီး မောင် ရန်ကုန်ကို ဆင်းလာတယ်။

အဲသည်အချိန်အထိ မီးငယ်လေးကိုတောင် မောင် နာမည်မပေးရသေးဘူး ဝေ။

မီးငယ်လေး. . . မီးငယ်လေးနဲ့ပဲ မောင့်ပါးစပ်မှာ ဥဒါန်း တင်ရစ်နေတာပါ။

ရန်ကုန်ရောက်တော့ မောင် မီးငယ်ကို ရင်ဝယ်ပိုက်ပြီး ဘယ်သွားရမှန်း မသိဘူး။ ယောင်ချာချာနဲ့ ခြေဦးတည့်ရာ လျှောက်လှမ်းနေမိတယ်။

ပြောရဦးမယ် ဝေ။ ဆယ်တန်းဖြေဆိုခဲ့တဲ့ မောင်ဟာ မီးငယ်ကို မွေးပြီး တစ်ပတ်အကြာ အောင်စာရင်း ထွက်တဲ့အချိန်မှာ လေးဘာသာဂုဏ်ထူး ပါခဲ့တယ်လေ။

မောင်ရည်မှန်းထားတဲ့၊ ဝါသနာလည်း အင်မတန် ပါတဲ့





မောင့်အတွက် ရည်မှန်းချက် တံခါးဝကြီးဟာ ဟင်းလင်းပွင့်လျက် အချိန်ပေါ့ ဝေ။

ဖေဖေနဲ့မေမေကလည်း 'ဂြိုဟ်ကောင်မလေးကို ထားပြီး ပြန်ခဲ့ပါ သားရယ်၊ ဆေးတက္ကသိုလ် တက်ပြီး သား ဝါသနာပါတဲ့ ဆေးကျောင်းကို တက်ပါ' တဲ့။

မောင် ဟားတိုက်ရယ်ပစ်လိုက်တယ်။

အပြစ်မဲ့တဲ့ မီးငယ်လေးကို ခွေးလေး ကြောင်လေးလို ပစ်ထားပြီး မောင့်ရဲ့ရည်မှန်းချက် လွယ်လင့်တကူ အကောင်အထည် ဖော်ရမှာလား။

မဖြစ်ဘူး။ မီးငယ်ဆိုတဲ့ ကံဆိုးမလေးကို မောင်သိပ်တွယ်တာနေပြီ။ မောင့်သွေးသားလိုပဲ မောင်ချစ်နေပြီ။

ဒါကြောင့် မောင်နဲ့မီးငယ်လေးပဲ ကမ္ဘာသစ် တည်ဆောက်ဖို့အတွက် မောင့်အသိုင်းအဝိုင်းနဲ့ ဝေးရာကို ပြေးထွက်ခဲ့တာ။

ပြီးတော့ မောင်ဟာ ယောကျ်ားပါ။ 'ဘဝဆိုတာ ရုန်းကန်ခြင်းလို့ အဓိပ္ပါယ်ရတယ်' လို့ ယူဆထားတဲ့ကောင်ပါ။

ခုလို မောင့်ကို မှီခိုလာတဲ့ အပြစ်မဲ့လူသားလေးဟာ မောင့်ရင်ခွင်ထဲမှာ ပါလာပြီဆိုတော့ လောကကြီးမှာ အသက်ရှင် နေထိုင်ခြင်းဟာ ပိုမိုအဓိပ္ပါယ် ရှိလာသလိုပဲ မောင် ခံစားရတယ်။ မောင့်မှာ အားအင်တွေလည်း ရှိလာတယ်။

ဒါပေမယ့်. . . ဝေ။

ကံတရားဆိုတာ အမြဲတမ်း ဆိုးရွားနေတတ်တာမှ မဟုတ်ဘဲ။

တစ်ခါတစ်ရံမှာလည်း ကံကောင်းခြင်းတရားဟာ မမျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်ဘဲ တံခါးခေါက်တတ်ပါတယ်။

မောင်တော့လေ. . . မောင်နဲ့မီးငယ်လေးရဲ့ ဆန်းကြယ်တဲ့ ကံကြမ္မာကို ဩချလိုက်မိတယ်။

ဘယ်လောက် ဆန်းကြယ်လှသလဲဆိုတော့ ဝေရယ်။

မီးငယ်ကို ရင်မှာ ပိုက်ထားရင်း ရှစ်တန်းတုန်းက မိုးကုတ်မှာ လာနေဖူးတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ လိပ်စာကလည်း ပျောက်တော့ ခေါင်းထဲမှာ ရေးရေးပေါ်လာတဲ့ ပါရမီဆိုတဲ့ ရပ်ကွက်ကို ရှာဖွေရင်းနဲ့ ဟိုမေးသည်မေး စမ်းတဝါးဝါး ရှာဖွေရင်း ဆိုက်ကားတစ်စီးနဲ့ တိုက်မိမလိုဖြစ်လို့ ရှောင်လိုက်တာ လမ်းဘေး ရေမြောင်းထဲကို လဲကျသွားတယ်။ မီးငယ်လေးကို ထိမှာစိုးလို့ သတိထားပြီး လက်တစ်ဖက်နဲ့ထောက် အကျခံလိုက်တဲ့နေရာမှာ အုံဩစရာကောင်းတဲ့ အရာတစ်ခုကို မောင် ဆုပ်ကိုင်လိုက်မိတယ် ဝေ။

ဘာထင်သလဲ ဝေ။

မြကို စိန်အစစ်နဲ့ ခြယ်ထားတဲ့ လက်စွပ်တစ်ကွင်းပါ ဝေ။

မိုးကုတ်နွယ်ဖွား မောင်ဟာ ကျောက်မျက်ရတနာတွေကို ငယ်စဉ်ကတည်းက ဆော့ကစားတတ်တဲ့ မောင်ဟာ စိန်ကဲကျောက်ကဲကို လွယ်လင့်တကူပဲ ခတ်နိုင်ခဲ့တယ်။

အဲ့သည်ကာလက တန်ဖိုးအရဆိုရင် လေးငါးခြောက်သောင်းထက် မနည်းဘူးဆိုတာ မောင် သိလိုက်ရတာနဲ့ ဝမ်းသာလိုက်တာ ဝေရယ်။

မီးငယ်ရဲ့ပါးနုနုလေးကို သွေးခြည်ဥမှာစိုးလို့ မွှေးမွှေးမပေးရက်တဲ့ မောင်ဟာ မီးငယ်လေးရဲ့ ပါးမို့မို့ရဲရဲလေးကို တဖွဖွ မွှေးမွှေးပေးရင်း. . .





"ဒါလား ဂြိုဟ်ကောင်မလေး၊ ဟတ်ဟာ့. . . ဖေကြီးရဲ့ သမီးလေး၊ ရွှေသမီး. . . စိန်သမီးလေးပါ"

မီးငယ်လေးက ဘာမှန်းမသိ ရယ်ပြနေလိုက်တာ။ မောင်လေ. . . မီးငယ်လေးဟာ မောင့်အတွက် လူဖြစ်လာရတဲ့ကလေးလို့ ယုံကြည်စွာနဲ့ပဲ လက်စွပ်ကို မီးငယ်အတွက် မှတ်မိုတ်ပြီး ငါတို့နဲ့ ထိုက်လို့ရတာ၊ ဘုရားပေးတဲ့ပစ္စည်းလို့ ယူဆပစ်လိုက်ပြီး ဗိုလ်ချုပ်ဈေးကို ပြေးပြီး ထုခွဲလိုက်တယ်။

ရလာတဲ့ငွေနဲ့ တောင်ဥက္ကလာပမှာ အိမ်ခန်းလေးတစ်ခုကို စပေါ်နဲ့ ငှားပြီးတော့ လေးဘီးတစ်စီးကို စပေါ်တင်ပြီး ယာဉ်မောင်းဘဝ လုပ်ခဲ့တယ်။

ဝေရယ်. . . မောင်နဲ့မီးငယ်လေးရဲ့ဆက်နွယ်ခဲ့ရတဲ့ ဘဝတို့ ကြည့်စမ်း ဝေ။ မီးငယ်လေးတို နစ်နာစေမယ့်အလုပ်မျိုး မောင် လုပ်ရက်ပါ့မလား။

မောင်က ကားမောင်းရှေ့ခန်းထိုင်ခုံပေါ်က ခြင်းပြားနဲ့ စောင်ပုံကြားမှာ နို့ဘူး၊ ရေဘူးတွေနဲ့ ကြီးပြင်းလာခဲ့တဲ့ မီးငယ်လေးကို မောင် ဘယ်လောက် တွယ်တာချစ်ခင်မလဲဆိုတာ ဝေ စဉ်းစားကြည့်စမ်းပါ။

အဲ့သည်ကြားမှာ ဆယ်တန်းကို ရန်ကုန်မှာ ဖော်ဒါလာနေပြီး ဖြေခဲ့တဲ့ မောင့်အတွက် လွယ်လင့်တကူပဲ အမှတ်ထုတ်ကြည့်တော့ ဆေးတက္ကသိုလ်အမှတ်ကို အေးအေးဆေးဆေးပဲ ဝင်လို့ မောင် ကျောင်းဆက်တက်တယ်။

ကျောင်းတက်တဲ့အချိန်မှာ အိမ်ရှင်အဒေါ်ကြီးလက်ထဲ မအပ်ချင်ဘဲ အပ်ခဲ့ပြီး အပြေးအလွှားတက်။ ပြီးရင် တက္ကစီပေါ်



www.burmeseclassic.com

www.burmeseclassic.com



မီးငယ်ကို တင်ပြီး နေ့တွက်အုံနာကြေးနဲ့ မောင်တို့သားအဖ စားစရိတ်ကို ရှာခဲ့ရတယ် ဝေ။

မီးငယ်လေး အရွယ်ရလာတော့ အကောင်းဆုံးသောရင်ခွင်ပိုက်ကျောင်းမှာ ထားခဲ့တယ်။

အဲသည်အခါမှာ. . .

"ကလေးနာမည်"

"မီးငယ်"

"ကျောင်းနာမည်ရော ဒါပဲလား၊ ကျွန်မ ပြောတာ အိမ်ကချစ်စနိုး ခေါ်တဲ့အခေါ်ကို ပြောတာ မဟုတ်ဘူးနော်"

"ဪ. . .. အင်း. . အင်း. . . ဟို. . . ဟို"

မောင် အဲသည်တော့မှ မီးငယ်အတွက် နာမည်ပေးဖို့ သတိရတယ်။ အိမ်နီးချင်းတွေအားလုံးက မီးငယ်လို့ပဲ မောင်ခေါ်သလိုခေါ်ကြတော့ မီးငယ်လို့ပဲ အမည်တွင်နေတာကိုး။ ဒါပေမယ့် မီးငယ်အတွက် ကျောင်းနာမည် ရှိသင့်ပြီဆိုတာ မောင် အဲ့သည်တော့မှ သတိရလိုက်တယ်။

"နန္ဒာရဲနီ"

စနေသမီး မီးငယ်အတွက် မောင် လျှပ်တစ်ပြက် ပေးလိုက်တဲ့နာမည်ပါ ဝေ။

"အဖေနာမည်"

"အလုပ်အကိုင်"

"ဆရာဝန်လောင်းပါ"

မောင်က ဆေးကျောင်းသားပဲ ရှိသေးတာကိုး။ မီးငယ်ဂုဏ်အတွက် ယာဉ်မောင်းလို့ မပေးရဲဘူး။ မကြာခင်မှာ မီးငယ်





လေးဟာ ဒေါက်တာရဲနီရဲ့သမီး ဖြစ်လာမှာပဲ မဟုတ်လား။

"အမေနာမည်"

ခွင့်လွှတ်ပါ မီးငယ်ရယ်လို့ မောင့်ရင်ထဲ တောင်းပန်ပြီး. .

"နန္ဒာပါ"

"အလုပ်အကိုင်ရော ရှိသလား"

"ကွယ်လွန်သွားပါပြီ"

"ဪ. . . ဆောရီးနော်"

မီးငယ်ဟာ သက်မာရဲ့သမီး ဖြစ်ထိုက်ပေမယ့် အတာဆိုတဲ့ အတ္တသားကောင် သူ့ရဲဘောနည်းတဲ့ ဖခင်စိတ် မရှိတဲ့ လူသားရဲ့သမီး မဟုတ်တော့ဘူးနော်။

ဒါကြောင့် မီးငယ်ကို မောင့်ရဲ့သမီးအဖြစ် ဘဝပြောင်းပေးခဲ့တာ မောင် စိတ်သန့်တယ် ဝေ။

မီးငယ်ဆိုတဲ့ နန္ဒာရဲနီဟာ မောင့်ရဲ့တစ်ဦးတည်းသောသမီးလေးပါ ဝေရယ်။

ဝေ သည်လိုပဲ လက်ခံပါ။

မီးငယ်ကို မောင့်ရဲ့သွေး၊ မောင့်ရဲ့သမီးအဖြစ်ပဲ ဝေ တစ်သက်လုံး လက်ခံသွားရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၈)

"ဝေ"

မောင့်ရင်ထဲက နှလုံးသားဟစ်တိုင်ကနေ ဟစ်နေတာတွေ ဝေ အလိုအလျောက် နှလုံးသားနဲ့ ကြားသိနိုင်ရင် သိပ်ကောင်းမှာ နော်။

မောင် အယူခံ ဝင်နေတာ။

မုဆိုးဖိုက အပျိုစစ်စစ်ကို ချစ်မိတဲ့အပြစ်အတွက် အယူနဲ့ ဝင်နေတာ။





"ဟတ်. . . ဟား. . . တား"

မောင်ဟာ မုဆိုးဖို။

သမီးတစ်ယောက်နဲ့ မုဆိုးဖိုလေ။

မိဘဆွေမျိုးသားချင်းတွေရဲ့ အစွန့်ပစ်ခံ မုဆိုးဖိုကြီးရဲ့ သမီးတစ်ယောက်နဲ့ ဘဝဟာ. . .

မီးငယ်လေးကို ရင်ခွင်ပိုက် ကျောင်းကို ပို့ရကြို၊ အငှားလေးဘီးကား မောင်းရ၊ ဆေးတက္ကသိုလ်ကို တက်ရ၊ ညဘက် စာကျက်၊ ခရီးသည်စောင့်ရင်း တက္ကစီပေါ်မှာ စာကျက်ရနဲ့ မောင့်ဘဝဟာ မီးငယ်လေး မူကြိုကနေ မူလတန်းကျောင်းမှ ဒုတိယတန်းအရောက်မှာပဲ အလုပ်သင် ဆရာဝန်ဘဝကို ရောက်ခဲ့ရတယ်။

ကိုင်း. . . မောင့်ဘဝအတွက် မီးငယ်နဲ့ မောင့်ဝါသနာမှာ မြှုပ်နှံလိုက်တာ။

တက္ကသိုလ်ပေါင်းစုံက အချောအလှ ဘုရင်မ ဟူသမျှကိုလည်း ကျော်ခိုင်းနိုင်ခဲ့တယ်။ အဲ့သည်အချိန်မှာ ဥပဒေရဲ့ဘုရင်မဟာ ဝေဆိုတာ မောင်ကြိုတင်သိခဲ့ပြီး ဝေ့ကို မြင်ခဲ့ရင်တော့ မပြောနိုင်ဘူးပေါ့ကွယ်။

ဘာပဲဖြစ်ဖြစ် ဝေရယ်။ မီးငယ်အပေါ် ထားရှိခဲ့တဲ့ မောင့်ရဲ့မေတ္တာတရားဟာ တက္ကသိုလ်ပေါင်းစုံက အချောအလှ ဘုရင်မဟူသမျှကို ကျော်ခိုင်းနိုင်ခဲ့တယ်ဆိုတာ ဝေ ယုံကြည်ပါ။

ဆရာဝန်ဘဝ ရောက်ပြန်တော့လည်း နီးစပ်ရာ ဆေးမိသားစုဝင်ထဲက အချောအလှတွေကိုလည်း လျစ်လျူရှုနိုင်ခဲ့တယ်။

မီးငယ်လေးဟာ မောင့်ကမ္ဘာ။ မီးငယ်လေးရဲ့ကမ္ဘာလည်း ဖေကြီးလို့ အားပါးတရ ခေါ်တတ်တဲ့ မောင်ပါ ဝေရယ်။ အငှားကား



www.burmeseclassic.com

www.burmeseclassic.com



မမောင်းတော့ဘဲ ကိုယ်ပိုင်ဆေးခန်းတစ်ခုကို မောင်ငှားနေတဲ့ ရပ်ကွက်ထဲမှာ ညဘက်ဖွင့်ပြီး အခြားအချိန်တွေမှာတော့ ဆရာသမားတွေရဲ့ဆေးခန်းတွေမှာ ကူညီပေးရင်း ပညာရှာခဲ့တယ်။ သည်ကြားထဲ (M: Med. Sc.Ortho)ဘွဲ့ကို ထပ်ယူခဲ့သေးတယ်။

"ဖေကြီး ပင်ပန်းတယ်. . . ကားဝယ်"

မောင် ဘွဲ့လွန်ထပ်တက်စဉ်မှာပဲ မီးငယ်က မောင့်ကို ထမင်းပြန်ချက်ကျွေးတတ်နေပြီ။ မီးငယ်တောင် အလယ်တန်းကျောင်းသူ ဖြစ်လာပြီကိုး။

"ဘာလဲ. . . မီးငယ်က ဖေကြီးကို တက္ကစီ ထပ်မောင်းစေချင်လို့လား"

"မဟုတ်ပါဘူး ဖေကြီးရာ၊ ဖေကြီးအတွက် ကိုယ်ပိုင်ကားဝယ်စီးစေချင်လို့ပါ၊ ဆေးခန်းပြေးရ ဆေးရုံပြေးရ ကျောင်းပြေးရနဲ့ဆိုတော့ ဖေကြီး ပင်ပန်းလွန်းလို့ပါ"

"ဟုတ်ပါပြီ. . . ဒါပေမယ့် ကားဝယ်ဖို့ မီးငယ်နဲ့ဖေကြီး ရထားတဲ့ပိုက်ဆံနဲ့ဆိုရင် နောက်ငါးနှစ်လောက် စောင့်ဦး"

"ဟင့်အင်း. . . စုထားတဲ့ပိုက်ဆံထဲက ထီထိုးဖို့ပဲ ယူပြီး ထီသွားထိုးပါ ဖေကြီးရာ၊ ရော့. . ရော့. . အခု အမြန်ထိုးခဲ့နော်၊ မီးငယ်မုန့်ဖိုးထဲက ဖေကြီးကားဝယ်ရန်ဆိုပြီး ထီထိုးဖို့ စုထားတဲ့ပိုက်ဆံ၊ ထိုးဖြစ်အောင်ထိုး၊ မထိုးရင်နဲ့ဖေကြီးနဲ့ ခေါ်ဘူး"

"အေးပါကွာ. . . ဖေကြီး မေ့မှာစိုးတယ်၊ လာ. . လာ. . မီးငယ် တစ်ခါတည်း လိုက်ခဲ့၊ နန္ဒဝန်ဈေးမှာ ထီဆိုင်ရှိတယ်၊ မီးငယ်ကြိုက်တာ ထိုးမယ်"

မောင်ကလည်း မေ့တတ်လွန်းတော့ မီးငယ်လက်ကို ဆွဲ





ခေါ်ခဲ့တယ်။ မီးငယ်ပြတဲ့ ထီအုပ်ယူပြီး ထိုးခဲ့လိုက်တယ် ဝေ။

ကိုင်း. . . ဝေ။

မီးငယ်ကို ဂြိုဟ်ကောင်မလေးလို့ သမုတ်ခဲ့ကြတဲ့ မောင့်အသိုင်းအဝိုင်းကို ခေါ်ပြီး ပြောပြလိုက်ချင်ပါတယ်။

မပတ်သက်ချင်တော့လို့ မီးငယ်နဲ့ဖေကြီးကြားမှာ သွေးကွဲစေနိုင်တဲ့လူတွေဟူသမျှနဲ့ မောင် မပတ်သက်ချင်တော့လို့ သားအဖနှစ်ယောက်ပဲ ကျင်လည်ကြီးပြင်းခဲ့ရတဲ့ တောင်ဥက္ကလာပ ရပ်ကွက်လေးမှာ သဒ္ဒါဆွမ်းကျွေး ဒါနပြုပစ်လိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ထီထိုးခဲ့တဲ့မောင်ဟာ မီးငယ်လေးလက်ညှိုးညွှန်ခဲ့တဲ့ ထီထိုးလိုက်တာ အွဲ့သည်တုန်းက ဆယ်သိန်းထီ ဖွင့်စမှာပဲ မောင်တို့ ဆယ်သိန်းထီ ပေါက်ခဲ့တယ်လေ။

မီးငယ်လေးအတွက် ရည်စူးပြီး စိတ်ချရတဲ့လုပ်ငန်းအချို့မှာ ရှယ်ယာလည်းဝင် မီးငယ်အလိုကျလည်း ဗင်ကလေးတစ်စီးဝယ်လိုက်တယ်။ ဒါတင်မကဘူး၊ မောင့်ဆေးခန်းက ရသမျှတွေထဲက စုဆောင်းထားငွေနဲ့လည်း ပါရမီမှာ မြေတစ်ကွက် ဝယ်ခဲ့တယ်။ အွဲ့သည်တုန်းကတော့ မြေဈေးက ဟုန်းကနဲ မတက်သေးဘူး၊ တက်ဖို့တာစူခါစ အချိန်ပေါ့။

ဘာပဲပြောပြော ဝေရယ်၊ မီးငယ်နဲ့မောင်ဟာ ကံစပ်ပါတယ်။

မီးငယ်ကို မွေးမိလို့ မောင့်မှာ မုဆိုးဖိုဆိုတဲ့ ဘွဲ့ထူးတစ်ခုတိုးခဲ့ပေမယ့် မောင့်ရဲ့နှလုံးသားမှာ အကြင်နာတွေ မေတ္တာတွေစေတနာတွေ ဆထက်ထမ်းပိုး တိုးပြီး မီးငယ်ကို မောင့်သမီးမဟုတ်ဘူးလို့ သိတဲ့လူ မှန်သမျှနဲ့ အဆက်အသွယ်ဖြတ်ပြီး သီးခြား



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာအဖြစ် တည်ဆောက်ပြီး ကိုယ့်ဘဝကို ကိုယ် ကျေနပ်နေတဲ့သူ ပါ ဝေရယ်။

မီးငယ်လေး ရှစ်တန်းနှစ်မှာပဲ မောင်ဟာ တောင်ငူပြည်သူ့ ဆေးရုံကြီးကို ပြောင်းရွှေ့အမှုထမ်းရတယ်။

မီးငယ်ကို ရန်ကုန်မြို့ရဲ့အကောင်းဆုံး အမျိုးသမီးဘော်ဒါ တစ်ခုမှာ ကျောင်းအိပ်ကျောင်းစား ထားလိုက်တယ်။

"ကျွန်တော့်သမီးဟာ မိတဆိုးလေးဖြစ်တဲ့အတွက် မိခင်က သမီးကို သွန်သင်ဆုံးမရမယ့်အရာ, တိုးတိုးတိတ်တိတ် အသိပေး မယ့်အရာမျိုးကအစ မီးငယ်ကို ဆရာမတို့ သွန်သင်ဆုံးမနိုင်ပါတယ် ဗျာ"

လို့ မောင့်ဘက်က အားနည်းမယ့်အရာတွေကိုပါ မလစ် ဟင်းရအောင် ဘော်ဒါဆောင် ကြီးကြပ်ဆရာမတွေလက်ထဲ အပ်ခဲ့ တယ်။

မီးငယ်ကတော့. . .

"ဖေကြီးနဲ့ပဲ နေချင်တယ်၊ ဖေကြီးဖြစ်ချင်တဲ့ ဆရာဝန် ဖြစ်ရအောင် မီးငယ် ကြိုးစားပါ့မယ်၊ တောင်ငူလိုက်ပါရစေနော် ဖေကြီး" လို့ ပူဆာခဲ့ပေမယ့် မောင် လက်မခံခဲ့ဘူး။

မောင် ကွင်းဆင်းရတဲ့အခါ နိုက်ဂျူတီ ကျတဲ့အခါမျိုးမှာ မီးငယ်အတွက် ဘယ်လိုလုပ်မလဲ။ ပန္နာဝန်းကျင်က စိမ်းနေသေး တယ်။

မီးငယ်ကို ချော့မော့ပြီး နားဝင်အောင် ပြောတော့ မီးငယ် ဟာ မောင့်ဆန္ဒကို လိုက်လျောပြီး နေခဲ့ရှာတာပါ ဝေရယ်။

မောင်လည်း ဆရာမတွေကို ဆရာ့တာဝန်ဝတ္တရားအပြင်





ထတ်နိုင်ရင် မိခင်မေတ္တာပါ ပေးပြီး သမီးငယ်လေးကို သွန်သင် ဆုံးမပေးပါလို့ အပ်နှံပြီး တောင်ငူမှာ တာဝန်လာထမ်းဆောင်နေသူ ပါ။

ရန်ကုန်မှာ မောင့်လူနာတွေ ရှိတယ်လို့ ဝေ့ကို မောင် ပိမ်ခဲ့မိတယ်။

မဟုတ်ဘူး။

မီးငယ်ကို သွားတွေ့တာ။ စနေ-တနင်္ဂနွေလေးမှာ သား အဖနှစ်ယောက် ပါရမီမြေကွက်မှာ အိမ်တစ်လုံး ဆောက်ပြီးသွားလို့ အဲသည်မှာ နေကြတယ်။ မီးဝယ်ကို မောင် စာတွေ ကြည့်ပေးခဲ့ တယ်။ မီးငယ်ကလည်း မောင့်ကို သူ့လက်ရာလေးတွေနဲ့ ချက်ပြုတ် ကျွေးပေါ့။ တစ်ခါတစ်ရံလည်း သားအဖနှစ်ယောက် ဈေး, ဘုရား လျှောက်လည်ပြီး ဟိုတယ်မှာ ထမင်းစားရင်း တစ်ပတ်တာ အတွေ့ အကြုံတွေကို မကွယ်ဝှက်တမ်း ဝန်ခံပြန်ပြောပြကြတယ်။

မီးငယ်ကတော့ သူ့သူငယ်ချင်းတွေအကြောင်း၊ ဆရာမ တွေအကြောင်းကလွဲပြီး ထွေထွေထူးထူး ပြောစရာ မရှိပေမယ့် မောင်ကတော့ ပြောစရာတွေ ရှိနေခဲ့တယ် ဝေ။

ဝေနဲ့ တွေ့တဲ့ ပထမပတ် အပြန်မှာတော့ မောင် မပြော ဖြစ်သေးဘူး။

ဘာဖြစ်လို့လဲဆိုတော့ မီးငယ်ရဲ့သဘောကို မသိနိုင်သေး ဘူးပဲ။

"လွမ်းတယ် ဖေကြီးရာ၊ ဒီနှစ်ကျောင်းပြီးတာနဲ့ နောက်နှစ် မှာ ဖေကြီးနဲ့ လိုက်နေတော့မယ်နော်"

"မီးငယ်ရယ်. . . မီးငယ်ရဲ့ပညာရေးအတွက် ဖေကြီးက



www.burmeseclassic.com

www.burmeseclassic.com



ထားရတာပါ၊ မီးငယ်ပဲ ဖေကြီးလို ဆရာဝန် ဖြစ်ချင်တယ်ဆို”

“ရန်ကုန်နေမှ ဆရာဝန်ဖြစ်မှာလား ဖေကြီးရဲ့၊ ဘယ်နေ ဘယ်ကျောင်းနေနေ စာတွေက အတူတူပဲ၊ ကြိုးစားမှုနဲ့ လူသ ပမာနပါ ဖေကြီးနော်၊ မီးငယ် ဖေကြီးကို လွမ်းလှပြီ၊ ဖေကြီး မခွဲနိုင်ဘူး” တဲ့။

“ဖေကြီးလဲ မီးငယ်လိုပါပဲ၊ ဖေကြီး( ကွင်းဆင်းတဲ့အ ညအိပ်ခရီးတွေ သွားတဲ့အခါ မီးငယ်တစ်ယောက်တည်းထက်စာ ဒီမှာက ဆရာမတွေ ရှိတယ်၊ ဆရာမတွေက မီးငယ်ကို အမေ ဆုံးမသွန်သင်ပေးနိုင်တယ်၊ လုံခြုံမှုလဲ ပေးနိုင်တယ် မဟုတ်လား

“ဒါဖြင့် တောင်ငူမှာ မီးငယ်အတွက် ဆရာမ ရှာမနေ တော့၊ တစ်ခါတည်းသာ မေကြီးတစ်ယောက် ရှာလိုက်ပါတော့လာ ဖေကြီးရာ၊ ဒါမှ ဖေကြီးဘာသာ ကွင်းပဲဆင်းဆင်း၊ နိုင်ငံခြားမှာ ဘွဲ့ထပ်ယူယူ မီးငယ်အတွက် နောက်ဆံမတင်းရဘူးပေါ့၊ မဟုတ်ဘူ လား ဖေကြီး”

“ဘယ်ဖြစ်မလဲ. . . မီးငယ်နဲ့ဖေကြီးကြားမှာ ဘယ်သူမှ မှ အဝင်မခံနိုင်ပါဘူးကွာ၊ ဖေကြီးဆီက မီးငယ်တစ်ဦးတည်း ပိုင် တဲ့မေတ္တာတွေကို ခွဲဝေယူသွားမှာ မီးငယ် မကြောက်ဘူးလား”

မီးငယ်ကို သွေးတိုးစမ်းတဲ့အနေနဲ့ မောင် မေးခွန်းထုတ် တယ် ဝေ။

“ဘာလို့ ကြောက်ရမှာလဲ. . . ဘာမှမဆိုင်ဘူး၊ မေတ္တာ ချင်းက တခြားစီပဲ” လို့ သိတတ်နားလည်စွာ အဖြေပေးခဲ့တဲ့ မီးငယ် ကို မောင် မေတ္တာပိုခဲ့ရပြန်ပြီ ဝေ။

ပြောမယ့်သာ ပြောနေရတာ ဝေရေ. . .။





ငယ်ငယ်ကတည်းက မီးငယ်ဟာ အမျိုးသမီးလှလှလေး တွေများဆိုရင် လည်ပြန်အောင် ကြည့်တတ်ပြီး. . .

“ဖေကြီး. . . မီးငယ်အတွက် မေကြီးတစ်ယောက်လောက် ယ်ပေးပါလား” လို့တောင် ပူဆာတတ်တဲ့ မီးငယ်ပါ ဝေ။

မောင်က မီးငယ် ဘယ်လောက်ပဲ သိတတ်နားလည်ပေ ယ့် မီးငယ်အတွက် မိထွေးဆိုတာ မရှိစေရဘူးလို့ ဆုံးဖြတ်ခဲ့တယ်။

ဒါပေမယ့် ဖေကြီးဆုံးဖြတ်ချက်ကို ပြင်ရတော့မယ်မီးငယ်။ ဆိုတဲ့ မိန်းမချောတစ်ယောက် ဖေကြီးရဲ့နှလုံးသားတံခါးကို အချစ်ဆိုတဲ့သော့နဲ့ ဖွင့်ထွက်နိုင်ပြီ မီးငယ်ရယ်လို့ မောင် မီးငယ်ကို ရင်ထဲကပဲ ပြောကြားခဲ့ပါတယ် ဝေရယ်။

တကယ်ပါ ဝေ။ မီးငယ်လေးကြောင့် မောင့်နှလုံးသားကို သမာဓိ သော့ခလောက်နဲ့ မြဲမြဲစွာ ခတ်ထားခဲ့တာ ဝေနဲ့ကျမှ မြင် သိုက်ရှိန်နဲ့ သော့ခလောက်ဟာ အမှုန်အမွှားအဖြစ် ပေါက်ကွဲထွက် သွားခဲ့တာ။

“ဝေ့ကို မြင်ခြင်ချင်းပဲ ဖေကြီးရင်ထဲ ကလီစာတွေ ကျွမ်း ဆိုးမှောက်ခုံ ဖြစ်အောင် ခံစားရတယ် မီးငယ်လေးရာ၊ ဖေကြီး သူ့ကို အပြတ်ခိုက်သွားပြီကွာ” လို့ မီးငယ်လေးကို ပြောပြဖို့ ဆုံးဖြတ်ခဲ့တယ်။

ဟုတ်တယ်။ ဝေ့ကို မောင် မြင်ခြင်ချင်းပဲ အရှုံးအမူးနဲ့ ခွဲလမ်းလမ်းကို ချစ်ခဲ့မိတာပါ ဝေရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ဝေ့ကို ပြောပြချင်လိုက်တာ။

မောင်တို့သားအဖ ဝေ့အကြောင်း ပြောပြခဲ့ပုံကို မောင့်ရေ
ထဲ ပုံရိပ်လိုပဲ ထင်ဟပ်လာတယ်။

"မီးငယ်"

"ရှင်. . . ဖေကြီး၊ ဘာပြောစရာရှိလို့လဲ ပြောလေ၊ ဖေကြ
တွေ့ထားပြီလား"

မီးငယ်က အဲသည်လောက် အကင်းပါးတဲ့ကလေးပါ ဖေ





မောင့်မျက်နှာပြင်ပေါ်က အရေးအကြောင်းတွေကို ကြည့်ပြီး မောင် ဘာပြောချင်နေသလဲဆိုတာကို အလိုလို ရိပ်မိ သိရှိပြီး အလိုက်တသိလေး ပြောရှာတယ်။

"မီးငယ်. . . မေကြီး တကယ်လိုချင်သလား"

"လိုချင်တာပေါ့. . . ဖေကြီး မယုံလို့လား"

"ယုံပါတယ်. . . ဖေကြီးက ဘယ်က စပြောရမလဲလို့ စဉ်းစားနေတာ"

မီးငယ်က မောင့်နားကို ကပ်ထိုင်ပြီး. . .

"ဖေကြီး တကယ်တွေ့လာပြီလား၊ ပြောပါဦး. . လှသလား ဟင်"

"လှတာပေါ့. . . မလှရင် ဖေကြီးက ဘယ်ကြိုက်မလဲ၊ ဖေကြီးတို့ သားအဖနဲ့ ရှေ့သွားနောက်လိုက်မညီဘဲ ဖြစ်နေမှာပေါ့"

"ဟုတ်သားပဲ. . . ဖေကြီးက အသန့်ကြိုက် အလှကြိုက် ဆိုတာ မီးငယ် မေ့နေလို့၊ ပြောပါဦး မေကြီးနာမည်က. . ."

"ဝေ. . တဲ့"

"ဝေ. . ဟုတ်လား၊ ဒီတစ်လုံးတည်းလား ဖေကြီး"

"ဟုတ်တယ်. . . တစ်လုံးတည်းပဲ၊ ဒေါ်ဝေတဲ့. . တောင်ငူ ခရိုင် တရားရုံးက တွဲဖက်တရားသူကြီးတစ်ဦးပဲ မီးငယ်"

မောင်က ဝေ့အကြောင်းကို ပြောနေတဲ့အခါ မောင့်မျက်နှာ ဘယ်လိုရှိမယ် မသိနိုင်ပေမယ့် မီးငယ်က မောင့်မျက်နှာကို မော့ကြည့်နေလိုက်တာ။ မျက်လုံးလေးတွေ တလက်လက်၊ နှုတ်ခမ်း လေးက ညွတ်ကွေးပြီး မျက်နှာပြင်တစ်ခုလုံး ပြုံးယောင်သမ်းနေ လိုက်တာ၊ သိပ်ကို ချစ်စရာကောင်းရှာတယ်။ အမေ့မေတ္တာ ငတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရှာတဲ့ ကလေးလေးပါ ဝေရယ်။

"ဖေကြီးတို့ ဘယ်လိုတွေ့တာလဲ"

"ဖေကြီးငှားနေတဲ့အိမ်က စက်ရှင်လမ်းမှာ၊ အဲ့ဒီ စက်ရှင်လမ်းမှာ ခရိုင်တရားရုံးရော၊ မြို့နယ်ဥပဒေရုံးရော ရှိတယ်၊ အဲ့ဒီရုံးမှာ ဝေ ရှိနေကြောင်းကို ဖေကြီးက မသိပါဘူး၊ ဒါပေမယ့် မီးငယ်ဆီကအပြန် မနက်ဆေးရုံ ဂျူတီချိန် မီဖို့ ဖေကြီးက လာနေတော့ ဝေ စီးလာတဲ့ ဆိုက်ကားနဲ့ တိုက်မိမလို ဖြစ်တယ်"

"အို. . . မေကြီးကို ထိသွားသေးသလား ဖေကြီး"

ကြည့်စမ်း ဝေရယ်။ မီးငယ်လေးဟာ ဝေ့ကို တစ်ခါတောင် မမြင်ဖူးသေးဘဲနဲ့. . . မေကြီးတဲ့လေ။

"မထိပါဘူး. . . ဒါပေမယ့် ဆိုက်ကားက လဲသွားတော့ ဝေလဲ လဲကျသွားပြီး ညာဘက်ခြေထောက် ခေါက်ပြီး ထောက်မရတော့ဘူး"

"ဖေကြီးက အရမ်းပဲ၊ မေကြီး နာသွားရှာမှာပဲ"

"ကြည့်စမ်း ခွေးမလေး၊ မေကြီးကိုတောင် မမြင်ရသေးဘဲနဲ့ အဖေ့ဘက်က မရှိတော့ဘူး၊ ဝေ့ကိုသာ မြင်ရင်တော့ ပိုဆိုးမယ်"

"မေကြီးက သိပ်လှမယ်ထင်တယ်၊ ဟုတ်မှာပေါ့. . . ဖေကြီး ခိုက်လောက်တဲ့အထိဆိုတော့ မေကြီးဟာ သိပ်လှလို့ပဲ နေမှာပါ"

"ဟုတ်တယ်. . . ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိန်းမတွေထက် အိုကွာ. . . ရှင်းရှင်းပြောရရင် မယ်စကြာဝဠာတွေထက်တောင် မေကြီးက လှတယ်လို့ ဖေကြီးမျက်စိထဲမှာရော နှလုံးသားထဲမှာရော ထင်နေတာပဲ"





"မိုက်တယ်ကွာ. . . ဖေကြီး ဒီလောက်ညွှန်းနေပုံထောက်ရင် မေကြီး သိပ်လှမယ်ဆိုတာ မီးငယ် လက်ခံလိုက်ပြီ ဖေကြီး"

"ဖေကြီးကလဲကွာ. . . မေကြီးခြေထောက် အကြောဆစ်လွဲသွားတာကို ပတ်တီးစည်းပေး၊ ဆေးတွေပေး၊ တရားရုံးမှာ ခွင့်တိုင်ပေးပြီး အိမ်တိုင်ရာရောက်ကို လိုက်ပို့ပေးလိုက်တယ်"

"ဟာ. . . သွက်လှချည်လား ဖေကြီးရ"

"မသွက်လို့လဲ မရဘူးလေ၊ မေကြီးအလှက တောင်ငူ တစ်မြို့လုံးမှာ အထင်ရှားဆုံးပဲ၊ လှလဲလှ၊ မာနက ကြီးပေမယ့် စကားက လဲကြွယ်၊ ရန်ကုန်သူဆိုတော့ စတိုင်ကျကျကလဲ ဝတ်စားတတ်ပါပေ့၊ ကုတ်အင်္ကျီအနက်နဲ့ ဆံထုံးအက်အက်မှာ ပန်းပန်ထားလိုက်ပုံက နန်းဆန်လိုက်တာ မီးငယ်ရာ"

မီးငယ်က မောင့်ခြေရင်းမှာ ဆင်းထိုင်ပြီး မောင့်ဒူးပေါ် မေးတင်လိုက်ပြီး. . .

"ပြောပါဦး ဖေကြီး၊ ဒီလောက်လှတဲ့ မေကြီးကို ကြိုက်တဲ့လူတွေ မရှိဘူးလား"

"ရှိပါ့ဗျာ. . . သူတို့ တရားရေးရာ၊ ဥပဒေရုံးကရော၊ နောက် တပ်က အရာရှိလူပျိုတွေရော၊ မြို့က မျက်နှာဖုံးထဲကရော၊ ကာလသားတွေကပါ ကြိုက်တာ ဝိုင်းဝိုင်းကို လည်လို့၊ သူ့ရဲ့ရုံးသွားရုံးပြန်ကို စောင့်ကြည့်ရတဲ့သူက အမော"

"အဲဒီထဲမှာ ဖေကြီးလဲ ပါတယ်ပေါ့"

"ဒါပေါ့. . . ဖေကြီးက ရှေ့ဆုံးက ကျွန်တော်ပဲ၊ ညနေတိုင်း အနာကို ဝင်ပြီးကြည့်ပေး၊ ဆေးပေး၊ သတင်းမေးနဲ့ မေကြီး ခြေလှမ်းကို မိုင်ကုန်သွက်ပစ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိုက်တယ်ကွာ. . . တို့ဖေကြီးကတော့ တကယ်မိုက်၊ ဒါဖြင့် မေကြီးကို ရပြီလား"

မောင် ဘယ်လိုဖြေရမှန်း ရုတ်တရက် မသိအောင်ပါပဲ ဝေ။

ငွေအပေါ် မောင်ချစ်ခဲ့ပြီးမှ မီးငယ်ကြောင့် မောင့်ဘဝမှာ ဝေဒနာတက်ရမယ်ဆိုရင်. . .

"အင်း. . . ဖေကြီး မီးငယ်ကို ခွင့်မတောင်းရသေးလို့ ဘာစကားမှ မလွှန်သေးပါဘူးကွာ"

"ဟာ. . . ဖေကြီးကလဲ၊ မီးငယ် မေကြီးလိုချင်နေတာ သိလျက်သားနဲ့ ဘာလို့ အချိန်ဆွဲနေတာလဲ"

"ဒါဖြင့် တကယ် သဘောတူတယ်ပေါ့"

"တကယ် မကဘူး. . . ဆယ်ကယ် တူတယ်၊ ကဲရီးအွန် ဖေကြီးရာ. . . ကဲရီးအွန်"

လို့ လှိုက်လှိုက်လှဲလှဲ ပြောနေတဲ့ မီးငယ်လေးကို မောင် သနားလည်း သနား၊ အချစ်ကလည်းတိုး၊ အသည်းကလည်း ယားတာနဲ့ ပွေ့ချီပြီး ပါးမို့မို့လေးကို နမ်းပစ်လိုက်တယ်။

"မီးငယ်. . . တကယ်နော်"

"တကယ်ပါ ဖေကြီးရယ်၊ မီးငယ်လေ. . . မေကြီး တကယ်လိုချင်တာ၊ ဖေကြီးလိုလူမျိုးက ချစ်တဲ့ မေကြီးဟာ သာမန်နှလုံးသားနဲ့ မိန်းမမျိုးတော့ ဟုတ်မှာ မဟုတ်ဘူးလို့ မီးငယ် ယုံကြည်တယ်၊ မေကြီးကို အမြန်ဆုံး လက်ထပ်နိုင်အောင် ကြိုးစားတော့နော် ဖေကြီး"

"အေးပါကွာ. . . ဒီလိုဆို နောက်အပတ်စနေ ဖေကြီး





မလာတော့ဘူး"

အဲသည်လို ဆိုပြန်တော့ မီးငယ်မျက်နှာလေး ညှိုးနွမ်းသွားပြီး. . .

"ဘာဖြစ်လို့လဲ"

"မေကြီးကို သံတောင်က ပသီချောင်းကို လိုက်ပို့ပေးပြီး ချစ်ရေးဆိုမလို့"

"မီးငယ်လဲ ရောက်ဖူးချင်လိုက်တာ"

"နွေရောက်တော့ ခေါ်မယ်လေ မီးငယ်၊ အားလုံးကို ဖေကြီးနဲ့မေကြီးက လိုက်ပို့ပေးမှာပေါ့"

"တကယ်"

"ဆယ်ကယ်"

"ဒါမှ တို့ဖေကြီးကွ"

မီးငယ်က မောင့်လည်တိုင်ကို သိုင်းဖက်ပြီး မောင့်ပါးကို မွှေးမွှေးပေးတယ် ဝေ။

မောင်တို့ သားအဖ တရင်းတနှီး နေထိုင်တတ်ကြတယ်။ ဤကမ္ဘာလောကကြီးမှာ မောင်နဲ့မီးငယ်ပဲ တွယ်တာစရာအဖြစ်နဲ့ ကြီးပြင်းခဲ့ရတာ မဟုတ်လား ဝေရယ်။

သည်လိုနဲ့ မောင်ကလည်း မာဒဂ်ထုံး နှလုံးမူပြီး ငွေမေတ္တာကို အရယူပစ်လိုက်တယ်။

ဝေ မောင့်ကို လေးကျွန်းကန်သာက မေတ္တာပေါင်းကူးတံတားပေါ်မှာပဲ အဖြေပေးတုန်းက မောင်လေ ပျော်လိုက်တာ။

"မီးငယ်ရေ. . . ဖေကြီးလောက် ကံကောင်းသူ ရှိသေးသလားကွ၊ မီးငယ်လိုချင်တဲ့မေကြီး ရပြီကွ" လို့ စိတ်ထဲကသွင်းက ဟစ်



www.burmeseclassic.com

www.burmeseclassic.com



အော်နေလိုက်သည်။

နှုတ်ကတော့ တစ်မျိုးပေါ့၊ ဝေ သိပါတယ်။

ဝေကတောင် 'ပေါ်ရဲလိုက်တဲ့ ဆရာဝန်ကြီး' လို့ မောင့်ကို ပြောသေးတယ်နော်။

ဘာပဲပြောပြော မောင်တော့ မောင့်ဘဝမှာ အပျော်ဆုံးနေ့ အဖြစ် မှတ်တမ်းတင်ခဲ့ရပါတယ် ဝေ။

ဒါပေမယ့် ဝေရဲ့အစွဲအလမ်းကို သိလာရလေလေ. . . မောင်ဟာ မုဆိုးဖိုပါ၊ သမီးလေးတစ်ယောက် ရှိပါတယ်ဆိုတဲ့စကား ပြောထွက်ဖို့ နှုတ်ဟာ ဆွံ့အသွားလေလေပါပဲ။

ခုတော့ ဝေရယ်. . . ပျော်စရာအဖြစ် ချစ်အဖြေရခဲ့တဲ့ နေရာမှာပဲ သောကဝေဒနာဖြစ်စေမယ့် လမ်းခွဲစကားကို ဝေက ဆိုသွားရက်လေပြီနော်။

ကျောင်းပိတ်ရက်မှာ မီးငယ်လေး ရောက်လာတော့မယ်။

သူ သိပ်တွေ့ချင်ရှာလွန်းတဲ့ မေကြီးကို တွေ့ဖို့ ဖြစ်နိုင်ပါတော့မလား မီးငယ်လေးရယ်၊ သမီးကို ဖေကြီး ဘယ်လို ပြန်ပြောရမလဲကွယ်။ မေကြီးကလေ. . .

"မောင်"

"ဘာလဲ ဝေ"

"မောင်ဟာ မုဆိုးဖို၊ သမီးလေးတောင် ရှစ်တန်းရောက်နေပြီတဲ့၊ ရန်ကုန်က အမျိုးသမီးဘော်ဒါဆောင်တစ်ခုမှာ ထားတယ်တဲ့၊ ဟုတ်လား မောင်"

ဖေကြီး ဘယ်လိုဖြေရမလဲ မီးငယ်ရယ်။

"နော်. . . မဟုတ်ပါဘူးနော် မောင်၊ ဝေ ကြားရတာတွေ





မဖြစ်နိုင်ပါဘူးနော်"

မေကြီးရဲ့ထိတ်လန့်တကြား မေးခွန်းကို ဖေကြီး ဘယ်လို ဖြေရမလဲ မီးငယ်ရယ်။

မျက်နှာလွှဲပြီး. . .

"ဟုတ်တယ် ဝေ၊ မောင့်မှာ သမီးလေးတစ်ယောက် ရှိပါတယ်"

လို့ မှန်ကန်သော သစ္စာစကားတစ်ခုကို မောင် ဆိုခဲ့တာပါလေ။

မီးငယ်ရယ်. . . မေကြီးဟာ စိတ်သိပ်ကြီးတယ်။ ဖေကြီးပါး ပူခနဲ ဖြစ်သွားတော့မှ မေကြီးဟာ ဖေကြီးပါးကို ရိုက်လိုက်တယ်ဆိုတာ ဖေကြီးသိလိုက်ရတယ်။

ဒါပေမယ့် ဖေကြီး မနာပါဘူး။ ဝေ့လက်လေးတွေ နာမှာကိုပဲ ဖေကြီးက စိုးရိမ်တာ။ အဲ့သည်အထိ ဖေကြီး ဝေ့ကို ချစ်တာပါ မီးငယ်။

"ဝေ. . ."

မောင့်ရင်ထဲမှာ မီးငယ်နဲ့ဝေ ဒွန်တွဲ လွန်ဆွဲနေတယ်။

ဝေ့ကို အဆုံးရှုံးခံရမလား။

မီးငယ်ကို အဆုံးရှုံးခံရမလား။

မောင့်နှုတ်ဖျားက. . .

"ဝေရယ်. . . မီးငယ်ဟာ မောင့်သမီးအရင်း မဟုတ်ပါဘူးကွာ"

လို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက် မီးငယ်နဲ့မေကြီးဟာ ကမ္ဘာခြားသွားလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မီးငယ်ရဲ့နှလုံးသားနုနုလေး မွမွကြေသွားလိမ့်မယ်။

မီးငယ်ရဲ့အဖေရင်း အတာဟာ သက်မာ ဆုံးပြီး သုံးနှစ်အကြာမှာ နောက်အိမ်ထောင်ပြုပြီး မီးငယ် ငါးတန်းလောက်မှာ မီးငယ်ကို မောင့်ဆီက ပြန်တောင်းတယ်။ ဒါပေမယ့် မောင့်ရဲ့ လက်သီးချက်တွေကိုပဲ အတာ ရသွားခဲ့ပါတယ်။ မီးငယ်ကိုတော့ ရမသွားပါဘူး။

"မင်း မကျေနပ်ရင် ငါ့ကို သတ်လိုက် အတာ၊ မင်း ငါ သေမှ မီးငယ်ကို ရမယ်"

လို့ မောင် ယတိပြတ် ပြောခဲ့ပါတယ် ဝေ။

အတာ့ရန်က ဖအေးသွားခဲ့တယ်။

မောင်နဲ့မီးငယ်တို့ရဲ့ မေတ္တာကမ္ဘာလေးကို ဘယ်သူမှ ဖြိုခွင်းလို့ရမှာ မဟုတ်ဘူးလို့ မောင် ထင်ထားခဲ့တာတွေ. . .

ခုတော့. . .

ဝေရယ်. . .

ဝေရဲ့အစွဲအလမ်းကြီးမှုဟာ မောင်တို့သားအဖရဲ့မေတ္တာ အဆောက်အအုံကို ဖြိုခွင်းဖို့ ဖြစ်လာပြီ။

ဝေ့ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ပဲ မီးငယ်ဟာ မောင့်သမီး မဟုတ်ပါဘူးလို့ မောင် ကြေညာရမှာလား။

မဖြစ်နိုင်ဘူး။

ဖေကြီးရဲ့သမီးအရင်းအဖြစ်နဲ့ မီးငယ်လေးကို ဝေအပါ အဝင် တစ်လောကလုံးက သိနေပါစေ။ မီးငယ်လေးဟာ သူ့အဖေရင်းလို့ ထင်ထားတဲ့ ဖေကြီးရဲ့မေတ္တာရိပ်မှာပဲ ထာဝရ လုံခြုံနွေးထွေးနေနိုင်ပါစေ။





ဖေကြီးနှလုံးသားကိုပဲ စတေးခံလိုက်ပါ့မယ် မီးငယ်။

ဝေရယ်. . .

မောင့်ကို ခွင့်လွှတ်ပါ။ မီးငယ်အပေါ် မောင် အတ္တဆန်စွာနဲ့ မရက်စက်ပါရစေနဲ့နော်။

ချစ်တယ် ဝေ။

ဝေ့ကို မောင် သိပ်ချစ်တယ်။

ဒါပေမယ့် ဝေ့ကို မောင် လက်လွှတ်လိုက်ရတော့မယ်။

ဒါပေမယ့် ဝေ့ ကို မောင်ချစ်နေဦးမှာပဲ။

မောင် အသက်ရှင်နေသမျှ ကာလပတ်လုံး မောင့်နှလုံးသားမှာ ဝေ တစ်ဦးတည်းပဲ မူပိုင်ချစ်သွားမှာပါ ဝေ။

"ဝေ. . ."

"လူလေး သိပ်မူးနေပြီ. . . အိပ်တော့နော်"

မောင့်ကို အဘက လာတွဲတယ်။

အဘဆိုတာက မောင်နဲ့မီးငယ်လေး ရန်ကုန်စရောက်ကတည်းက ကူညီပေးလာတဲ့လူ။ အဘတို့ညီအစ်ကိုနှစ်ဦးက မောင်တို့သားအဖကို စောင့်ရှောက်ပေးတယ်။ ပါရမီအိမ်မှာက အဘဦးဘလေး စောင့်တယ်။ မောင်နဲ့က အဘ လိုက်လာတာ။

"ကျွန်တော်မူးနေပြီ၊ ဟုတ်လား အဘ"

"ဟုတ်တယ်. . . . လူလေး မူးနေပြီ"

"မူးပေမယ့် ဝေ့ကို မေ့လို့မရသေးဘူး အဘ၊ ဝေ့ကို မေ့အောင် သောက်ချင်တာ. . . မူးချင်တာ"

"မေ့လို့မရလဲ မမေ့နဲ့ပေါ့ကွာ၊ နှလုံးသားမှာ သိမ်းထားလိုက်၊ လောလောဆယ်တော့ မင်းအိပ်ရာဝင်သင့်ပြီ လူလေး၊ မနက်



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံသွားရဦးမယ် မဟုတ်လား၊ မင်းကို အားကိုးတဲ့လူနာတွေ အတွက် မင်းအနားယူမှ ဖြစ်တော့မှာ"

"ဟုတ်သားပဲ. . . ကျွန်တော်. . . ကျွန်တော်"

"လာပါ လူလေးရာ"


မောင့်ကို အဘ တွဲခေါ်ပြီး အိပ်ရာထဲကို ပို့ပေးတယ် ထင်တယ် ဝေ။

မောင်လည်း မူးမူးနဲ့ တစ်ဝေတည်း ဝေရင်း အိပ်ပျော်သွား ခဲ့တယ် ထင်တယ်။



# အပိုင်း(၃)

## မီးငယ်ဖ၏နှလုံးသားပုံရိပ်



www.burmeseclassic.com

www.burmeseclassic.com



ဖေကြီးရဲ့မေတ္တာကြောင့်သာ ရပ်တန့်နေတဲ့ မီးငယ်ရဲ့ သွေးကြောတွေဟာ ဆက်လက်လည်ပတ် ရှင်သန်ခဲ့ရတာပါလို့ မီးငယ် ခံယူထားတယ်။ ဒါကြောင့် မီးငယ်သွေး၊ အသက်၊ ခန္ဓာဟာ ဖေကြီးပေးတဲ့သွေး၊ အသက်၊ ခန္ဓာပါ၊ အဲ့ဒါကြောင့် ထင်တယ်။ မီးငယ်ဟာ ဖေကြီးသွေးလိုပဲ ရဲရဲနီတဲ့ "နန္ဒာရဲနီ" ပါ။



# အခန်း(၂၀)

"အဘ. . . ဖေကြီးကော"

"အိပ်ပျော်သွားပြီ ကလေး"

"ဟင်. . . ဟုတ်လို့လား၊ မီးငယ်မယုံဘူး"

"တကယ်ပါ ကလေးရဲ့၊ အဘ ညာပါ့မလားလို့"

မီးငယ် ဖေကြီးကို အရမ်းသတိရနေလို့ အဆောင်မှူး ဆရာမဆီ ခွင့်တောင်းပြီး ဖုန်းဆက်မိတာ။

ဆယ့်တစ်နာရီပဲ ရှိသေးတယ်။ ဖေကြီးအိပ်ရာဝင်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မီးငယ် မယုံချင်ဘူး။

ဖေကြီးဟာ ဆယ့်နှစ်နာရီလောက်မှ အိပ်တတ်ပြီး လေးနာရီထိုး ထ,တဲ့လူမျိုးပါ။

"ဒါဖြင့်လဲ ပြီးရောလေ၊ အဘ မညာရင် ပြီးတာပါပဲ၊ မီးငယ်က ဖေကြီးကို လွမ်းလို့ ဒီတစ်ခါ ကျောင်းပိတ်ပိတ်ချင်း ဖေကြီး လာမကြိုရင် မီးငယ် ဘလေးကို လိုက်ပို့ခိုင်းမှာပဲ"

"လာခေါ်မှာပါ. . . သမီးငယ် ဘလေးကို ပို့မခိုင်းနဲ့၊ ပါရမီ အိမ် ထားပစ်ခဲ့ရမှာပေါ့၊ ပန်းပင်တွေ ရေလောင်းမယ့်လူ မရှိလို့ သေကုန်ပါဦးမယ်"

"အဘတို့ညီအစ်ကိုက ဒါပဲ၊ တစ်သက်လုံးပဲ သစ်ပင်တွေနဲ့ နေနေ"

"ဒါပေါ့ ကလေးရယ်၊ တစ်သက်ပျော်ချင်ရင် သစ်ပင်စိုက် ရမယ်ဆိုတဲ့စကား ရှိတယ် မဟုတ်လား. . . ဒါကြောင့်ပါ၊ ကိုင်း. . ကလေးဖေကြီးကို ဘာမှာဦးမလဲ၊ အဘ ဘာပြန်ပြောပေးရမလဲ"

"မမှာဘူး. . . ဘာမှမမှာဘူး၊ သန်ဘက်ခါ ကျောင်းပိတ်ပြီ မီးငယ်ကို သန်ဘက်ခါအရောက် လာခေါ်လို့. . . ဒါပဲ"

မီးငယ် ကျွဲမြီးတိုနေတယ် သိလား။ ဖေကြီးဟာ ဘယ်တုန်းကမှ မီးငယ် ဖုန်းခေါ်တဲ့အခါ မကိုင်ဘူးဆိုတာ မရှိခဲ့ပါဘူး။ ခုမှ. . ဟင်. . . ခုမှ သတိရတယ်။ ဖေကြီးနေကောင်းရဲ့လား မသိဘူး။ မီးငယ် မမေးလိုက်မိဘူး ထင်တယ်။

ဖုန်းကလည်း ချသွားပြီ။ အဆောင်မှူးဆရာမကလည်း. .

"နန္ဒာ အိပ်တော့လေ"

"ဟုတ်ကဲ့ တီချာ"





ဆယ့်တစ်နာရီဟာ မီးငယ်တို့ အိပ်ချိန်ဖြစ်လို့ မီးငယ် အိပ်ရာဝင်ခဲ့ရတယ်။

ဒါပေမယ့် မီးငယ် ရုတ်တရက် အိပ်မပျော်ဘူး။ ဘယ်ပြောင်းညာလူးနဲ့ ဖေကြီးကိုပဲ သတိရနေတယ်။

"နန္ဒာ. . . သမီး အိပ်မပျော်သေးဘူးလား"

"ဟုတ်ကဲ့ တီချာ"

"နွားသီးဖျားကို တိုးလာတဲ့ ထွက်လေ ဝင်လေကို မှတ်ပြီး အိပ်လေ၊ ဒါမှမဟုတ် တစ်, နှစ်, သုံးလေးကို ရေတွက်အိပ်လေ"

"ဟုတ်ကဲ့ တီချာ"

ဒါကြောင့် ဖေကြီးက မီးငယ်ကို စိတ်ချလက်ချ သည်ဘော်ဒါဆောင်မှာ ထားတာ ထင်ပါရဲ့။

မီးငယ်လည်း တစ်,နှစ်, သုံးလေး ရေတွက်ရင်း ဂဏန်းတစ်ထောင်နား မသိနိုင်အောင်မှာပဲ အိပ်ပျော်သွားခဲ့တယ် ထင်တယ်။

အိပ်မက်ထဲမှာ ဖေကြီးကို မက်တယ်။ ဖေကြီးက ငိုလို့ပါလား။

မဟုတ်နိုင်ဘူး။ အိပ်မက်ဆိုတာ ပြောင်းပြန်ယူရတယ်။

အပြင်မှာ ဖေကြီးဟာ မေကြီးနဲ့ သိပ်အဆင်ပြေနေပြီး ပြုံးပျော်နေတာ ဖြစ်မှာပါလို့ မီးငယ် ယူဆလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

"သမီး"

မီးငယ် စိတ်ရှုပ်သွားတယ် ဖေကြီးရာ၊ လာပြန်ပြီ သည်လူကြီး။

"မီးငယ်ဆီကို မလာနဲ့လို့ ပြောထားတာ မရဘူးလား ဦးဦး"

"ဦးဦးလို့ မခေါ်ပါနဲ့ သမီးရယ်၊ သမီးက ဖေဖေ့သမီးအရင်းပါ"





"မီးငယ် သိပါတယ်၊ ဒါပေမယ့် မီးငယ် နားလည်ထားတာက ဖေကြီးရဲ့မေတ္တာတရားကို ဦးဦးဟာ ဖေကြီးရဲ့ခြေဖျားလောက်တောင် မမီတဲ့အတွက် မီးငယ် အဖေ မခေါ်ထိုက်ဘူးလို့ ယူဆပါတယ်၊ မီးငယ်ကို ခွင့်လွှတ်ပါ ဦးဦး"

အဲသည်အကြောင်းတွေ ဖေကြီးကတော့ မသိဘူးပေါ့။ ဖေကြီးသိအောင်လည်း မီးငယ် မပြောရက်ပါဘူး။

မီးငယ်ဆီကိုလေ. . မီးငယ်ရဲ့အဖေအရင်းပါဆိုပြီး မီးငယ် ခြောက်တန်းလောက်ကတည်းက ရောက်လာတဲ့ သည်လူကို မီးငယ် စိတ်ထဲ ဘယ်လိုမှ ဖြစ်ပေါ်မခံစားရပါဘူး။

ဦးအတာရဲ့ဝန်ခံချက်အရ ဖေကြီးရဲ့မေတ္တာတရားဟာ ဘယ်လောက်ကြီးတယ်ဆိုတာ မီးငယ် ပိုသိရလေပါ ဖေကြီးရယ်။

ဦးအတာက သူလည်း ချမ်းသာနေပြီ။ အဘိုးအဘွားတွေကလည်း ဦးအတာ နောက်မိန်းမနဲ့ ရတဲ့ သားတွေဟာ ဆိုးလွန်းတော့ လက်မြှောက်ထားကြတယ်။ ဦးအတာက သမီးကို လိုချင်လာတယ်။ တစ်နှစ်တစ်ခါ လာတွေ့တယ်။ ခုလည်း မီးငယ်ကို လာတွေ့ပြန်ပြီ။ သူနဲ့ ပြန်နေဖို့ သွေးဆောင်တယ်။ ဖေကြီး ထားနိုင်တာထက်ကို အဆပေါင်းများစွာ ထားမယ့်အကြောင်း၊ ကျောက်တွင်းက ကျောက်တလည်း အရမ်းအောင်တဲ့အကြောင်းနဲ့ မီးငယ်ကို ကျောက်မျက်ရတနာတွေနဲ့လည်း ပြပြီး ဆွယ်တယ်။

"မီးငယ် ဘာမှ မမက်ပါဘူး၊ မီးငယ် မက်မောတဲ့အရာတစ်ခုတည်းပဲ ရှိတယ်၊ အဲဒါ ဖေကြီးရဲ့ဖခင်မေတ္တာပါ၊ ဖေကြီးဟာ မီးငယ် လိုအပ်နေတဲ့အရာကို အပြည့်အဝ ပေးထားတဲ့အတွက် မီးငယ်အတွက် ဘာကိုမှ မလိုအပ်တော့ပါဘူး. . . ကျေးဇူးတင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဦးအတာ မျက်နှာပျက်သွားတယ်။

သူ့အပြစ်နဲ့သူပဲနော်။ မီးငယ် မမှားပါဘူး။ မေတ္တာဆိုတာ အသွားအပြန် ရှိပါတယ်။

တစ်ကိုယ်ကောင်းဆန်လွန်းတဲ့ ဦးအတာကို မီးငယ်ရဲ့ ဖခင်တစ်ဦးအဖြစ် သိရှိရခြင်းကိုတောင် မီးငယ် ရှက်ပါတယ်လို့ ရင်ထဲက ပြောနေမိတယ်။

ဒါပေမယ့် မီးငယ်ရဲ့နှုတ်ကတော့ ဦးအတာကို ရင့်ရင့်သီးသီး မပြောပါဘူး။

ဖေကြီးရဲ့သွန်သင်ဆုံးမထားမှုတွေကြောင့် မီးငယ်ဟာ ကိုယ့်ထက် တစ်မိနစ် တစ်စက္ကန့် ကြီးတဲ့လူကိုတောင်မှ ရိုင်းရိုင်းစိုင်းစိုင်း ရင့်ရင့်သီးသီး မပြောတတ်ဘူး။

ဒါပေမယ့် အဖေအရင်းဟာ အဖေအရင်း မပီသခဲ့တဲ့အတွက် 'ဖေဖေ' လို့ မခေါ်နိုင်ခြင်းအတွက် မီးငယ် ငရဲကြီးမယ်ဆိုရင်လည်း ဆယ်ပြန်မက ကြီးပါစေတော့၊ မီးငယ် မကြောက်ဘူး။

အမေလိုတစ်မျိုး၊ အဖေလိုတစ်မျိုး၊ အစ်ကိုလိုတစ်မျိုး၊ အစ်မလိုတစ်မျိုး၊ သူငယ်ချင်းလိုတစ်မျိုး၊ မီးငယ်အပေါ် လိုလေသေးမရှိ မေတ္တာတွေ ပုံပေးပြီး မီးငယ် လူလားမြောက်အောင် ကျွေးမွေးခဲ့တဲ့ ဖေကြီးရဲ့မေတ္တာတရားကို ဘယ်သူကမှ ယှဉ်ပြိုင်လို့ မရဘူးဆိုတာ မီးငယ် စိန်ခေါ်ရဲပါတယ်။

"သမီးရယ်. . . ခု အနီက အိမ်ထောင်ပြုတော့မှာပဲ။ တောင်ငူမှာ တရားသူကြီးတစ်ယောက်နဲ့ တတွဲတွဲဆိုတာ သမီးသိရဲ့လား"





ဦးအတာမှာ အဲ့သည်လို တစ်ဖက်သားကို ချောက်ချတတ်တဲ့ စိတ်ထားမျိုး ရှိပါလား။ ဦးအတာရဲ့သမီးအဖြစ် မကြီးပြင်းခဲ့ရခြင်းကိုပဲ မီးငယ် ကျေနပ်နေရပြီပေါ့။

"မီးငယ် သိပါတယ် ဦးဦး၊ ဒေါ်ဝေကို မီးငယ် အမေတော်ချင်လို့ ဖေကြီးကို ကြိုးစားခိုင်းထားတာ" လို့။

ပိုပိုသာသာလေး ပြောပစ်လိုက်တော့ ဦးအတာ မျက်နှာပျက်သွားတယ်။

"မီးငယ် ပြန်တော့မယ်၊ မီးငယ်ကို ဦးဦးချစ်တယ်ဆိုရင် မီးငယ်ဘဝကို သူတကာတွေ လက်ညှိုးထိုးစရာဖြစ်အောင် မလုပ်ပါနဲ့၊ တစ်ကမ္ဘာလုံး မီးငယ်ကို ဒေါက်တာဦးရဲနီရဲ့သမီးအဖြစ် အသိအမှတ်ပြုထားတာကိုပဲ မီးငယ် ဂုဏ်ယူပါရစေ ဦးဦး"

လို့ မီးငယ် ပြတ်သားစွာ ပြောခဲ့ပါတယ် ဖေကြီးရယ်။

တကယ်ပါ ဖေကြီးရယ်။ ဦးအတာကို မီးငယ် စ,တွေ့တော့ မီးငယ် ခြောက်တန်းပဲ။ သူက မီးငယ်ရဲ့အဖေပါဆိုပြီး မီးငယ်ကို မုန့်တွေ ဝယ်ကျွေးရင်း ခိုးတွေ့တယ်။ သူနဲ့သက်မာနဲ့ အနီဆိုတဲ့ ဖေကြီးအကြောင်းတွေ ပြောပြတော့ မီးငယ်အတွက် အိပ်မက်လိုပါပဲ။

အဲ့သည်အချိန်ကစပြီး ဖေကြီးရဲ့မေတ္တာတရားဟာ မီးငယ်အပေါ် ဘယ်လောက် ကြီးမားတယ်ဆိုတာကို ပိုပြီး နှိုင်းယှဉ်သိလာခဲ့ရလေ ဖေကြီးစိတ်ဆင်းရဲမှာ ကြောက်လေပဲ။

ဒါကြောင့် ဦးအတာ မီးငယ်ကို လာတွေ့တဲ့အကြောင်းကို ဖေကြီးမသိအောင် မီးငယ် မျိုသိပ်ခဲ့တာ သည်နေ့အထိပါ ဖေကြီးရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . မီးငယ်တို့ဆရာမ လာနေပြီ၊ တွေ့သွားရင် စပ်စုနေဦးမယ်၊ ဦးဦး ပြန်တော့နော်၊ ဦးပေးတဲ့ပစ္စည်းတွေ မီး မလိုချင်ဘူး၊ မီးလိုချင်တာတွေအားလုံးကို ဖေကြီးက ဖန်ဆင်းပေးနိုင်တယ်၊ မီးငယ် သွားမယ်"

မီးငယ် ဦးအတာကို ကျောခိုင်းပစ်လိုက်ပြီး မီးငယ်တို့ကို ကျောင်းကြိုကျောင်းပို့ကအစ တာဝန်ယူထားတဲ့ ဆရာမ ရှိရာသို့ မီးငယ် ထွက်ခဲ့တယ်။

"နန္ဒာ. . . ဘယ်သူနဲ့ စကားပြောနေတာလဲ"

"နန္ဒာ့သူငယ်ချင်းအဖေပါ. . . သူ့သမီးကို လာစောင့်ရင်း ဘယ်မှာ တွေ့သလဲလို့ မေးနေတာ"

"ဪ"

မီးငယ်ကို လိမ်ညာမပြောရဘူးလို့ ဖေကြီးသင်ထားပေမယ့် မီးငယ်နဲ့ဖေကြီးရဲ့မေတ္တာအဆောက်အအုံကို ထိခိုက်နစ်နာစေနိုင်တဲ့ စကားမျိုးအတွက်တော့ မီးငယ် လိမ်ညာပါရစေနော် ဖေကြီး။

မီးငယ်ဟာ ဖေကြီးသမီးပါ။ ဘယ်သူ့သမီးမှ မဟုတ်ဘူးလို့ မီးငယ် ခံယူထားသူပါ။

ဦးအတာရဲ့မျက်နှာနဲ့ မီးငယ်မျက်နှာဟာ ချွတ်စွပ်တူပါတယ်။ ဒါပေမယ့် သွေးတော့ မတူဘူး။ မီးငယ်ရဲ့သွေးဟာ ဦးအတာနဲ့ဒေါ်သက်မာ မွေးဖွားလိုက်ကတည်းက ရပ်တန့်သွားပြီ။

ဖေကြီးရဲ့မေတ္တာကြောင့်သာ ရပ်တန့်နေတဲ့ မီးငယ်ရဲ့ သွေးကြောတွေဟာ ဆက်လက်လည်ပတ် ရှင်သန်ခဲ့ရတာပါလို့ မီးငယ် ခံယူထားတယ်။ ဒါကြောင့် မီးငယ်သွေး၊ အသက်၊ ခန္ဓာဟာ ဖေကြီးပေးတဲ့ သွေး အသက် ခန္ဓာပါ။ အဲဒါကြောင့် မီးငယ်ဟာ





ဖေကြီးသွေးလိုပဲ ရဲရဲနီတဲ့ နန္ဒာရဲနီပါ။

ဖေကြီးကို လွမ်းလိုက်တာ။

မီးငယ် အဆောင်ရောက်တော့ ဘလေးက လာကြိုနေတယ်။

"ဟင်. . . ဖေကြီးမလာသေးဘူးလား"

"စာမေးပွဲ ဖြေနိုင်သလား ကလေး"

"ဖြေနိုင်ပါတယ် ဘလေး၊ မီးငယ် မေးတာလဲ ဖြေဦးလေ၊ ဖေကြီးရောလို့"

"ဖေကြီး မအားလို့တဲ့၊ မီးငယ်နဲ့ဘလေး ဒီည အမြန်နဲ့ လိုက်သွားမယ်"

"ဟင်. . . ဟုတ်လား"

မီးငယ်ဟာ ဖေကြီးရဲ့ အလုပ်တာဝန်ဝတ္တရားကိုလည်း နားလည်သူ လေးစားသူပါ။ ဒါကြောင့် ချက်ချင်းပဲ ပြင်ဆင်ထားတဲ့ အထုပ်အပိုးတွေ ဘလေးလက်ကို အပ်ပြီး အဆောင်မှူးနဲ့ ဆရာမတွေကို ကန်တော့ပြီး နှုတ်ဆက်ခဲ့တယ်။

ဖေကြီးနဲ့ တွေ့ရတော့မယ်။

အတူတူ နေရတော့မယ်။

ပြီးတော့ ဓာတ်ပုံထဲမှာပဲ တွေ့နေရတဲ့ မေကြီးကို အပြင်မှာ တကယ်တွေ့ရတော့မယ်။

"ရထားက ညမှလား"

"ဟုတ်တယ်. . . ညခုနစ်နာရီခွဲမှ"

"တောင်ငူကို ဘယ်တော့ ရောက်မှာလဲ"

"ညဆယ့်တစ်နာရီ ဆယ့်နှစ်နာရီလောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဖေကြီးကို တွေ့ဖို့ နာရီတွေ အများကြီး လိုသေးတာပဲ၊ ဖေကြီးနဲ့မေကြီးအတွက် လက်ဆောင်တွေ ဝယ်ထားပြီးပြီလား ဘလေး"

"အေးပါဟဲ့. . . ကလေးအဖေကြိုက် လက်ဖက်မျိုးစုံရော လူလေးရည်းစားအတွက်ပါ မုန့်တွေမျိုးစုံ ဝယ်ထားပါတယ်"

"ပန်းသီးကော"

"အားလုံး အဆင်သင့်ပါတဲ့ခင်ဗျား"

"ဒီလောက်လဲ မလိမ္မာနဲ့လေ ဘလေးရဲ့"

မီးငယ်ကို ဘလေးက ချစ်စနိုး ခေါင်းထုလိုက်တယ်။

မီးငယ်လည်း ပါရမီအိမ်ရောက်တော့ တောင်ငူကို အရင်ဆုံး ဖုန်းခေါ်တယ်။

ဖေကြီးကတော့ မရှိဘူး။ ဆေးရုံမှာဆိုတော့ မီးငယ် သိပါတယ်။ ဆေးရုံကို ဖုန်းခေါ်တာ ဖေကြီးက သူ့အလုပ်တာဝန်ချိန် ထိခိုက်တယ်ဆိုပြီး မကြိုက်လို့ မီးငယ် ဘယ်တော့မှ မခေါ်ဘူး။

"ဟဲလို. . . ပြောပါ"

အဘအသံ။

"အဘလား. . . မီးငယ်ပါ၊ ဖေကြီးရော ထမင်းစား ပြန်ပြီးပြီလား"

"မပြန်ဘူး. . . ဟိုမှာပဲ စားတယ်"

"ဖေကြီးက အလုပ်များနေသလား"

"အင်း. . . ဒါကြောင့် မီးငယ်ကို လာမကြိုနိုင်တာပေါ့။ ဘလေးနဲ့ လာခဲ့နော်"

"ကောင်းပါတယ်. . . မီးငယ်လဲ ရထားစီးချင်တာနဲ့ အ





ဘော်ပဲ၊ အဲဒီရောက်ရင် မီးငယ်ကို ကားမောင်းသင်ပေးနော် အဘ"

"လူလေး ခွင့်ပြုရင် သင်ပေးမှာပေါ့"

"ဒါမှ တို့အဘကွ၊ ဒါထက် ဖေကြီးနေကောင်းပါတယ်နော်"

"ကောင်းပါတယ်"

"ဟင်. . . အဘအသံကြီးကလဲ"

မီးငယ်ရင်ထဲ ဘဝင်မကျနိုင်ပါဘူး။

သုံးလရှိပြီ. . . ဖေကြီးနဲ့ စကားမပြောရတာ။ ဖေကြီးဘာဖြစ်နေသလဲ။ တစ်ခုခုများ ဖြစ်နေသလား။

"အဘ. . . မီးငယ်ကို မှန်မှန်ပြောနော်၊ ဖေကြီး ဘာဖြစ်နေသလဲ၊ မေကြီးနဲ့ အဆင်ပြေရဲ့လား"

"အေး. . . ကလေးသာ မြန်မြန်လာခဲ့၊ အဘ လူလေး အကြောင်းတွေ ပြောစရာရှိတယ်၊ အဲ့ဒီတရားသူကြီးမလေးနဲ့ မီးငယ် အဖေ အဆင်မပြေဘူး"

"ဟင်. . ."

မီးငယ် အံ့အားသင့်သွားတယ်။

သည်လောက် သဘောကောင်းတဲ့ ဖေကြီးကို မေကြီးက ဘာဖြစ်လို့များ မကျေမနပ်ဖြစ်နေရတာလဲ။

ဧကန္တ မီးငယ်ကြောင့်များလား။ ဟုတ်နိုင်သည်။ မီးငယ်ကြောင့်သာ ဖြစ်ဖို့များမည်။

"ဘာဖြစ်လို့လဲ အဘ"

"အဘပြောတယ်ဆိုတာ လူလေးမသိစေနဲ့၊ မီးငယ်လာမှ အဘ သေသေချာချာ ပြောပြမယ်၊ မီးငယ် လာမှ လူလေးဒုက္ခလဲ နည်းနည်းကုစားနိုင်လိမ့်မယ်၊ ဒါကြောင့် မီးငယ်ကို လိုက်လာနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် အဘတို့ညီအစ်ကို စီစဉ်လိုက်တာ၊ လူလေးကတော့ ပိတ်ရက်မှ လာခေါ်မယ် ထင်တယ်"

"ဟင်. . . မီးငယ်ကို ဖေကြီးခေါ်ခိုင်းတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး. . . သူက အသည်းကွဲရောဂါ ကုနေတုန်းပဲလေ"

"ဖြစ်ရလေ ဖေကြီးရယ်"

"ဒီရောက်ရင် ဘလေးက ကလေးပူဆာလို့ အားချင်း စီစဉ်ပြီး လိုက်ပို့ရတာလို့ ပြောလိမ့်မယ်"

"ဟုတ်ကဲ့. . . မီးငယ် သိပါတယ်၊ မီးငယ်ကလဲ ပို့ခိုင်းမှာပါ၊ ညကိုတောင် မနည်းစောင့်နေရတာ"

"ဒါပဲနော် ကလေး"

"ဟုတ်ကဲ့"

မီးငယ် စကားပြောခွက်ကို ချပြီး ငိုင်နေမိတယ်။ ပြီးမှ သူ သွားနေတုန်း သူ့အပင်တွေ သေမှာစိုးလို့ဆိုပြီး ရေလောင်းနေတဲ့ ဘလေးနား ကပ်ပြီး. . .

"မီးငယ်ကို မလိမ်နဲ့၊ မှန်မှန်ဖြေနော် ဘလေး"

"အင်းပါ. . . ထူးထူးဆန်းဆန်း၊ ဘလေးတို့က ဘယ်တုန်းကများ ကလေးကို လိမ်ဖူးလို့လဲ"

"ဖေကြီးအကြောင်း အဘ ဘာပြောသလဲ"

"ကလေးကို အဘ ပြောမပြဘူးလား"

"ပြောတော့ ပြောတယ်၊ တရားသူကြီးမလေးကြောင့် အသည်းကွဲဝေဒနာ ခံစားနေရတယ်လို့"

"အေးလေ. . . ဟုတ်တယ်၊ အသည်းကွဲဝေဒနာကို အရက်





နဲ့ ကုနေလို့ မီးငယ်လေး ဖုန်းဆက်တဲ့အချိန်မှာ သူကိုင်ရမှန်းတောင် မသိ ဖြစ်နေတာပေါ့"

"ဟင်. . . ဖေကြီးရယ်"

မီးငယ်လေး စိတ်မကောင်းလိုက်တာ။

ဖေကြီး အရက်မသောက်တတ်ပါဘူး။

ပါတီပွဲမှာ သောက်ရင်တောင် ဟန်ပြလောက်ပဲ သောက်တတ်တာ။

"မငိုပါနဲ့ ကလေးရယ်၊ ကလေးရောက်သွားရင် သူသောက်တော့မှာ မဟုတ်ပါဘူး"

"မီးငယ် သိပါတယ်၊ ဒါပေမယ့် ဖေကြီးကို မီးငယ် သနားလို့ပါ၊ ဖေကြီး သိပ်ခံစားနေရလို့သာ ဒီလို အရက်သောက်တာ ဖြစ်မှာပါ"

မီးငယ်လေး. . . တန်ခိုးရှင်သာဆိုရင် ချက်ချင်းပဲ ဖေကြီးနားကို အရောက်လာခဲ့ပစ်လိုက်မှာ သိလား။

ခုတော့ မီးငယ်လေ. . . ဖေကြီးကို စိုးရိမ်ပြီး အသနားကြီး သနားနေရပြီ။

မေကြီးရယ်. . . ဖေကြီးမှာ ဘာအပြစ်ရှိလို့များ ဖေကြီးကို အသည်းကွဲအောင် လုပ်ရတာလဲဟင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၂)

"မီးငယ်"

"ဖေကြီး"

ဘူတာရုံမှာ လာကြိုတဲ့ ဖေကြီးရဲ့ညှိုးသိုးသိုးအသွင်ကို ကြည့်ပြီး မီးငယ် စိတ်မကောင်းလိုက်တာ။ ဒါပေမယ့် မီးငယ် ဟန်ဆောင်ပြီး ဖေကြီးကို ပြေးဖက်တယ်။

"လွမ်းလိုက်တာ ဖေကြီးရာ၊ စာမေးပွဲကြီး ပြီးပြီးချင်း ဘာဖြစ်လို့ လာမခေါ်တာလဲလို့"

"စနေနေ့မှ လာခေါ်မလို့ပါ"





"မီးငယ် မစောင့်နိုင်လို့ ဘလေးကို လိုက်ပို့ခိုင်းရတာ၊ ဘလေးက သူ့အပင်တွေကို စိတ်မချတာနဲ့ ထားခဲ့ရတာ၊ မေကြီးအတွက် ပန်းတွေတောင် ခူးလာသေးတယ်"

ဖေကြီး မျက်နှာပျက်သွားတယ်။

"လာ. . . မီးငယ်"

ဖေကြီးရယ်. . . မီးငယ် သနားလိုက်တာ။ ဖေကြီးဟာ မီးငယ်အတွက် ဖေကြီးရဲ့နှလုံးသားကို စတေးခံထားရမယ်ဆိုတာ မီးငယ် ဘယ်သူမှ မပြောဘဲ ရိပ်မိနေပါတယ်။

ကားပေါ် ရောက်တော့မှ. . .

"စာမေးပွဲ ဖြေနိုင်ရဲ့လား မီးငယ်"

"ဖေကြီးသမီးပဲဟာ. . . မီးငယ်ဘဝမှာ မဖြေနိုင်ဘူးဆိုတာ မရှိစေရဘူး"

"ယုံပါတယ် မီးငယ်"

"ဖေကြီး"

"ဘာလဲ မီးငယ်"

"ဖေကြီးကြည့်ရတာ တစ်မျိုးပဲ၊ မီးငယ်ရဲ့စိတ်ထဲမှာ ညှိုးသိုးကြီး ဖြစ်နေသလားလို့၊ ဟုတ်ပါတယ်. . . မုတ်ဆိတ်မွေးတွေ ဲ မရိတ်ဘူး မဟုတ်လား"

"မီးငယ်ရယ်. . . မအားလို့ပါ"

"မယုံပါဘူး"

"အဘကို မေးကြည့်"

"မေကြီးကို လူပျိုလှည့်ရင် ဒီလိုပုံကြီးနဲ့ဆို ဘယ်ကြည့်မလဲ"

"အဟင်း. . . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဖေကြီးက ခြောက်ကပ်စွာ ရယ်တယ်။

မီးငယ် သနားလိုက်တာ ဖေကြီးရယ်။ ဖေကြီး မီးငယ်ကို ဖွင့်မပြောသေးဘူးနော်။

ဖွင့်မပြောရက်တာ ဖြစ်မယ်။

မေကြီးလိုချင်နေတဲ့ မီးငယ်အတွက် မေကြီးနဲ့ လွဲရပြီ ဆိုတာကို ဖေကြီး ဖွင့်မပြောရက်တာ။

အိမ်ရောက်တော့ . . .

"ထမင်းစားပြီးပြီလား မီးငယ်"

"ညသန်းခေါင်ပဲ ရှိနေပြီ၊ စားပြီးပြီပေါ့ ဖေကြီးရ၊ ဖေကြီးကော"

"အင်း"

"ဟင် . . . ဟင်းတွေ ထမင်းတွေက ဒီအတိုင်း အုပ်ထားပါလား။ ဖေကြီး ထမင်းမစားရသေးဘူး ထင်တယ်၊ ဟုတ်လား အဘ"

"အေးလေကွယ် . . . ရင်ပြည့်နေလို့တဲ့"

အဘက ဖေကြီးမမြင်အောင် မျက်နှာမဲ့ပြပြီး ဖြေလိုက်တယ်။ မီးငယ် သိပါတယ်။ ဖေကြီးရဲ့ဝေဒနာဟာ မစားနိုင် မအိပ်နိုင် ချစ်တဲ့ဝေဒနာဆိုတာ။

"မရဘူး . . . ဒီလိုဆို မီးငယ်လဲ ထပ်စားမယ်၊ လာ . . . လာ . ဖေကြီး . . လာ၊ အဘ . . ဟင်းချိုလေး နွှေးပေးနော်"

"အေး . . . နွှေးထားတယ်"

မီးငယ်က ဖေကြီးကို လက်ဆွဲ၊ ထမင်းစားပွဲမှာ အတင်းထိုင်ခိုင်း၊ ပြီးတော့ ထမင်းခူးပေး၊ ဟင်းထည့်ပေးနဲ့ လုပ်ရတယ်။

"ဟာ . . . ဖေကြီးနဲ့ မီးငယ်အကြိုက် ပုစွန်ထုပ်ကြီးပဲ၊ အဘ





ရှားရှားပါးပါး ရှာဝယ်ထားတာဖြစ်မယ်၊ စား . . . ဖေကြီး၊ မီးငယ်ကိုလဲ ခွံ့ပေး"

"အေးပါ မီးငယ်ရယ်"

ဖေကြီးက ပြုံးပြီး မီးငယ်ကို ထမင်းလှမ်းခွံ့ပေးတယ်။

"ဟင့်အင်း . . . ဦးဦးဖျားဖျား၊ ဖေကြီး အရင်စား၊ ဖေကြီး စားပြီးမှ မီးငယ်စားမယ်"

"မီးငယ်ကလဲကွာ . . . ဖေကြီး အိပ်ချင်ပြီ"

"မရဘူး . . . ဒီတစ်ပန်းကန် ကုန်အောင် စားရမယ်"

"အိပ်ခါနီး အစားအစာကို တင်းနေအောင် မစားရဘူး လေ"

"မီးငယ် သိပါတယ် ဖေကြီးရဲ့၊ ထမင်းစားပြီးပြီးချင်း မီးငယ်နဲ့ဖေကြီး အိပ်ဦးမှာမှ မဟုတ်ဘဲ၊ စကားတွေ ပြောကြဦးမှာ ကို"

ဖေကြီးက သက်ပြင်းချတယ်။

မီးငယ် သိပါတယ် ဖေကြီးရယ်။ မီးငယ် စိတ်မကောင်း ဖြစ်မှာစိုးလို့ ဟန်လုပ်ပြီး နေရပေမယ့် ဖေကြီးရင်ထဲမှာ ဘယ်လောက် မီးတောက်နေတယ်ဆိုတာကို။

"ဖေကြီး . . . ဟ . . ဟင်းချိုသောက်"

"အင်း . . . အင်း"

ဪ . . . ဒုက္ခပါလား ဖေကြီးရယ်။ ဖေကြီးစိတ်တွေ မေကြီးရဲ့ခန္ဓာကိုယ်ထဲမှာ မရှိတော့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၃)

“ဖေကြီး”

“မီးငယ်”

“မနက်ဖြန် မေကြီးကို မီးငယ်သွားတွေ့မယ်နော်”

“နော်. . ဖေကြီး၊ အဘ ခူးလာပေးတဲ့ သစ်ခွပန်းတွေ သွားပေးမယ်”

ဖေကြီးက ခေါင်းခါတယ်။

“ဟင်. . . ဘာဖြစ်လို့လဲ ဖေကြီးရ”

“မလိုတော့ဘူး. . . မေကြီးနဲ့ဖေကြီး ပြတ်သွားပြီ”





“ဟင်. . . ဘာဖြစ်လို့လဲ ဖေကြီးရ”

မီးငယ် မသိဟန်ပြုပြီး နှုတ်ခမ်းစူကာ မကျေမနပ်ဟန် မေးလိုက်တယ်။

“ဟုတ်တယ် မီးငယ်၊ သူက ဖေကြီးကို မယူနိုင်တော့ဘူးတဲ့၊ မိဘကျေးဇူးဆပ်တဲ့အနေနဲ့ မိဘသဘောတူတဲ့လူနဲ့ ယူတော့မယ်တဲ့”

ဒါဖေကြီး သက်သက်လိမ်ပြောတာလို့ မီးငယ် သိပါတယ်။ ဖေကြီးကို မုဆိုးဖို ကလေးတစ်ယောက်အဖေ ဖြစ်လို့ မယူနိုင်တော့ဘူးလို့ ဘာလို့ ပြောမထွက်တာလဲ ဖေကြီးရယ်။

မီးငယ်အပေါ် ဖေကြီးထားရှိတဲ့ မေတ္တာတရားတွေက ကြီးမားလွန်းလှပါလား ဖေကြီးရယ်။ မီးငယ် သည်တစ်သက်မပြောနဲ့ ဆယ်သက် ဆယ်ကမ္ဘာတောင် ဖေကြီးရဲ့ကျေးဇူးကို ဆပ်လို့ ကုန်နိုင်မှာ မဟုတ်တော့ပါဘူး။

“မီးငယ်”

မီးငယ်ရင်ထဲက ဖေကြီးအတွက် စိတ်မကောင်းလွန်းလို့ စိမ့်ထွက်လာတဲ့ကြေကွဲမှုတွေဟာ မျက်ရည်စီးချောင်းအသွင် ပြောင်းသွားတယ်။ ဒါကို တွေ့မြင်တော့ ဖေကြီးက မီးငယ်ကို ရင်ခွင်ထဲ သွင်းပြီး မျက်ရည်တွေ သုတ်ပေးတယ်။

“ဘာဖြစ်လို့ ငိုရတာလဲ မီးငယ်လေးရယ်၊ ဒီမေကြီး မရလဲ နောက်မေကြီးပေါ့. . . မဟုတ်ဘူးလား၊ မေကြီးတွေ ပေါပါတယ်”

“ဟင့်အင်း. . ဟင့်အင်း. . ဒီမေကြီးပဲ လိုချင်တယ်”

ဖေကြီး စာကြည့်စားပွဲပေါ်မှာ တင်ထားတဲ့ မေကြီးရဲ့ ဓါတ်ပုံကို မီးငယ် ထိုးပြပြီး ပူဆာလိုက်တယ်။ ဖေကြီးက. . .

“ရမှ မရနိုင်တော့တာဘဲ မီးငယ်ရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီးက နောက်မေကြီး ရှာနိုင်လို့လား၊ မေကြီးနေရာ အခြားမိန်းမတစ်ယောက်ကို အစားထိုး ချစ်နိုင်မလား"

မီးငယ် ဇွတ်မေးပစ်လိုက်တော့ ဖေကြီးက ဟန်ဆောင်ပြုံး

"ဘာလို့ မချစ်နိုင်ရမှာလဲ၊ မီးငယ်အတွက်ဆိုရင် ဖေကြီးက ယူရဲပါတယ်၊ မီးငယ် ထပ်ရှာလေ၊ မီးငယ် သဘောကျတဲ့မေကြီးကို တွေ့ရင် ဖေကြီးနဲ့ အောင်သွယ်ပေး. . . မဟုတ်ဘူးလား"

ဖေကြီးက မီးငယ် စိတ်ချမ်းသာအောင် မချိသွားဖြဲဟန်နဲ့ ပြောနေတာ မီးငယ် သိပ်သိတာပေါ့။

"ဒါဖြင့် အိုကေ၊ ဒါပေမယ့် ခက်တာက မေကြီးဝေကိုပဲ မီးငယ်က အမေတော်ချင်တာ ခက်တယ်၊ အဖေတူသမီး ဖြစ်လို့လား မသိပါဘူး ဖေကြီးရာ"

မီးငယ် အဲ့သည်လို ပြောတော့ ဖေကြီးမျက်နှာ ကွက်ခနဲ ပျက်သွားတယ်။

"အချိန်က ကုစားသွားမှာပေါ့ မီးငယ်လေးရာ၊ ကိုင်း. . . ခရီးပန်းလာတယ်၊ သွားအိပ်တော့"

ဖေကြီးကို မီးငယ် ကန်တော့ပြီး အိပ်ရာဝင်ခဲ့တယ်။

တစ်လမ်းလုံး အိပ်လာတဲ့မီးငယ်က ဘယ်အိပ်ပျော်ပါ့မလဲ။ ဒါပေမယ့် ဖေကြီးစိတ်ချမ်းသာအောင် အိပ်ချင်ဟန်ဆောင်လိုက်တယ်။ အတန်ကြာတော့ ထမင်းစားခန်းဘက်ကနေ အဘအသံ တိုးတိုးတိတ်တိတ် ကြားရတယ်။

"လူလေး. . . သမီးလေး ရောက်နေတဲ့အချိန်မှာ သူ့စိတ်ထိခိုက်သွားအောင် မလုပ်ပါနဲ့လား"

"မီးငယ် မသိပါဘူး. . . အိပ်သွားပါပြီ၊ တစ်ခွက်တည်းပါ





အဘရာ၊ ကျွန်တော့်ရင်ထဲမှာ သိပ်ပူနေတယ်၊ အပူကို အပူနဲ့ပဲ ငြိမ်းပါရစေ"

"တော်ပြီနော်"

"အင်းပါ. . . အဘ သွားအိပ်တော့၊ မနက် ကျွန်တော် မနိုးသေးရင် မီးငယ်ကို ကြည့်ထိန်းထားနော်၊ ဘယ်မှ မသွားစေနဲ့"

"အေးပါကွာ. . . မင်းသာ လွန်လွန်ကျူးကျူး မဖြစ်စေနဲ့၊ အဘ ဒီပုလင်း သိမ်းသွားမယ်"

"ထားခဲ့ပါ အဘရာ၊ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့်သမီးအတွက် ကျွန်တော် လောကကြီးမှာ အသက်ရှင် နေထိုင်သွားဦးမှာပါ၊ အလုပ်တွေလဲ လုပ်သွားဦးမှာ၊ ဒါပေမယ့် ခုလောလောဆယ်မှာတော့ ကျွန်တော့်အသည်းက ဒဏ်ရာအကင်းမသေသေးလို့ပါ၊ စိတ်ချပါ. . . ကျွန်တော် ဝေ့ကို. . ဝေ့ကို မေ့နိုင်အောင် ကြိုးစားပါရစေ"

"မရဘူး၊ ဝေရေ. . . ဝေ"

"သိပ်ချစ်တယ်, ဝေရယ်"

မီးငယ် အိပ်ရာထဲမှာ မျက်ရည်သွင်သွင် စီးကျလာပါတယ် ဖေကြီးရယ်။

အရက်မူးတော့ ကျွဲခိုးပေါ် ပြီပေါ့နော်။

"မူဆိုးဖိုဆိုတာ အပြစ်လား ဝေ"

"မူဆိုးဖိုဆိုတဲ့အပြစ်ကို ဝေ ချမှတ်လိုက်တဲ့ စီရင်ချက်က ကြီးမားလွန်းဘူးလား ဝေရယ်"

"မောင့်ကို မင်းမုန်းနိုင်ပေမယ့် မောင်က ဝေ့ကို မမုန်းနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဝေ"

"ဝေ. . ."

အဘနဲ့ဘလေး ဖေကြီးကို အိပ်ရာထဲ တွဲပို့ကြတယ်။

ဖေကြီးကို ခိုးကြည့်ပြီး မီးငယ်ရဲ့ရင်တွေ ကွဲထွက်မတတ် ခံစားရတယ်။

ပြောပြလိုက်ပါလား ဖေကြီးရယ်၊ မီးငယ်ဟာ ဖေကြီးရဲ့ သမီး မဟုတ်ပါဘူးလို့။ သည်လိုဆိုရင် မေကြီးက ဖေကြီးကို လက်ခံမှာ ကျိန်းသေပါတယ်။

ဘာဖြစ်လို့ ဖွင့်မပြောတာလဲ။ မီးငယ် ဖွင့်ပြောရမလား။

ဟင်. . . သည်လိုဆိုရင် မီးငယ်ဟာ ဖေကြီးသမီးအရင်း မဟုတ်ဘူးဆိုတာ မသိဘူးလို့ ဖေကြီးခံယူထားတဲ့ ခံယူချက် ပျက်စီးသွားနိုင်တယ်။

အဲသည်လိုဆိုရင်လည်း ဖေကြီး သိပ်ခံစားသွားရရှာမှာ။

မီးငယ်ဟာ ဖေကြီးသမီးအရင်း မဟုတ်မှန်း သိနေတယ်ဆိုတဲ့အသိကို ဖေကြီး တစ်သက်လုံး မသိစေရဘူးလို့လည်း မီးငယ်က ခိဋ္ဌာန်ထားပါတယ်။ ဒါမှ ဖေကြီး ခံယူချက်ကို မီးငယ် ဖြည့်ဆည်းပေးရာ ရောက်ပါတယ်။

ဘာပဲဖြစ်ဖြစ် မီးငယ်ရဲ့အဖေဟာ ဖေကြီးပါပဲလို့။

ဖေကြီးရယ်. . . မီးငယ်ကြောင့်တော့ ဖေကြီးနှလုံးသား မကြေမစေရပါဘူး၊ မီးငယ် ကြိုးစားမှာပါ။ ဖေကြီး စိတ်ချမ်းသာစေရမယ်။



# အပိုင်း(၄)

## ကြွင်းသူ့နှလုံးသား အစက်ကွဲအိပ်မက်များ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၄)

"ဟင်.."

စီရင်ချက်တစ်ခုကို ချအပြီး မိမိ၏ရှေ့ခန်းသို့ ပြန်အနားခံ၍ စားပွဲပေါ်၌ တင်ထားသော နိုင်ငံခြားမျိုး သစ်ခွရောင်စုံများကို ပလတ်စတစ် အကြည်သားထဲ လေဖောင်းပြီး ထည့်ထားသည့် လက်ဆောင်ပစ္စည်းကို တွေ့လိုက်ရသည်။

"ဒါ ဘယ်သူပေး"

ဝေက အရင်းမှ ကောက်ယူကာ ကြည့်လိုက်မိသည်နှင့်





ဖဲကြိုး၌ ကပ်၍ချည်ထားသော ကတ်ပြားလေးကို တွေ့လိုက်ရသဖြင့် စာရေးမလေးအား မေးမည့်စကားသည် တိုးလိုးတန်းလန်းနှင့် ရပ်တန့်သွားသည်။

"ချာတိတ်မချောချောလေးတစ်ယောက်နဲ့ ဒေါက်တာ့အိမ်က လူကြီး လာတင်သွားတာပါ"

"ဟင်.."

ချစ်သော မေကြီးအတွက်...

ရှင်လန်းချမ်းမြေ့ပါစေ

ချစ်သော မီးငယ်

တဲ့...။

ဝေ ရင်ထဲ ထင့်ကနဲဖြစ်သွားရသည်။ မိမိနှင့် သူ့အဖေ လမ်းခွဲလိုက်သည့်အဖြစ်ကို ဤကလေးမလေး မသိသေးဘူး ထင်ပါသည်။

ပန်းကို ပြန်ပေးလိုက်ပါက ကလေးမလေး စိတ်မကောင်း ဖြစ်သွားနိုင်သည်။

ဝေ သက်ပြင်းချပြီး ပန်းကို ခြင်းတောင်းထဲ ထည့်ထား လိုက်သည်။

"ဩော်... မမအတွက် သံကြိုးလာတယ်၊ မမ တရားခွင် ဝင်နေလို့ ကျွန်မပဲ ဆိုင်းထိုးလိုက်ပါတယ်"

"အင်း... အင်း"

ဝေ သံကြိုးစာရွက်လေးကို ဖတ်လိုက်မိတယ်။

သမီးဝေ...

မောင်မောင်ဇင် ပြန်လာတုန်း စီစဉ်စရာ ရှိတယ်၊ အမြန်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပါ၊ ခွင့်ရက်ရှည် ယူခဲ့။

မေမေ

မေမေက တမင်လူသိရှင်ကြားဖြစ်အောင် သံကြိုးရိုက်လိုက်ခြင်းဖြစ်သည်။

တစ်ယောက်စကား တစ်ယောက်နားဖြင့် မောင့်နားသို့ ရောက်သွားစေရန်သာ ဖြစ်နိုင်သည်။

အဘယ်ကြောင့်ဆိုသော် တစ်နေ့ကပင် မေမေ့ဆီက လူကြုံဖြင့် စာလာသေးသည်။

မောင်သည် မုဆိုးဖို ဖြစ်သည့်အကြောင်းကို သူတို့ သိရှိပြီးဖြစ်သဖြင့် သဘောမတူနိုင်ကြောင်း၊ ဒေါ်ဒေါ်ဒေါင်း၊ ဒေါ်ဒေါ်ငယ်နှင့် မမကြီးတို့ကို နမူနာယူပြီး မောင့်အား စွန့်လွှတ်ဖို့ မောင်မောင်ဇင်နှင့်သာ လက်ထပ်ရမည်ဟု စာဖြင့် ရေးသားထားပြီးသား ဖြစ်သည်။

မနေ့ညကလည်း ဖုန်းဆက်သည်။ မောင်မောင်ဇင် ပြန်လာတုန်း လက်ထပ်နိုင်ရန် လုပ်သက်ခွင့်ယူခဲ့ဟုလည်း ပြောပြီးဖြစ်သည်။

ယခုတစ်ဖန် သံကြိုးစာဖြင့် ပြောပြန်သည်။

ဝေ ရင်ထဲ နင့်နင့်သီးသီး ခံစားလိုက်ရသည်။

"မုဆိုးဖိုဆိုတာ အပြစ်တစ်ခုလား ဝေရယ်"

ဟု မောင်၏တောင်းပန်တိုးလျှိုးသံကို ကြားယောင်ရတိုင်း ဝေ့နှလုံးသားသည် နင့်နင့်သီးသီး ခံစားရလျက်. . .

"မမ ပြန်တော့မယ်"

"ဟုတ်ကဲ့"





"ဒီနေ့ အမှုချိန်တွေ ကုန်ပြီနော်"

ဝေ့စိတ်က အခုတလော ခန္ဓာကိုယ်ဖြင့် မတွယ်ကပ်သဖြင့် လုပ်စရာကိစ္စတွေကို မေ့လျော့မှာစိုးသဖြင့် စာရေးမလေးကို ထပ်မေးလိုက်ရသည်။

"ဟုတ်ကဲ့. . . မရှိတော့ပါဘူး မမ"

"အေး. . . ဒါဖြင့် မမ ပြန်မယ်"

ဝေ ခြင်းတောင်းလေးကို ဆွဲပြီး ထွက်လာခဲ့သည်။ ရုံးလုလင်လေးက အလိုက်တသိ ဆိုက်ကားတစ်စီး အဲပြေးအလွှားငှားပေးပြီးဖြစ်သည်။

မောင့်အိမ်ရှေ့က မဖြတ်မိစေရန်အတွက်. . .

"မင်းကြီးညိုလမ်းဘက်က မောင်းပါ ဦးလေး"

"ဟုတ်ကဲ့"

ဝေ အိမ်သို့ ပြန်လာရင်း ခွင့်တင်သင့်မသင့် စဉ်းစားလိုက်သည်။

မောင်မောင်ဇင်ကိုရော လက်ထပ်သင့်သလား။

မောင်မောင်ဇင့်ကို ဝေမှ မချစ်ဘဲ။ အချစ်မပါသော အိမ်ထောင်ရေးဟာ အချစ်ပါ၍ မုဆိုးဖိုကို လက်ထပ်မိသော အိမ်ထောင်ရေးထက် သာနိုင်သလား။

ဘာပဲဖြစ်ဖြစ် ဝေ ခွင့်တော့ ယူသင့်နေပြီ။ စိတ်နှလုံး မချမ်းမြေ့မှုကြောင့် ဝေ၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေ မှားယွင်းမှု မဖြစ်ပေါ်ဘူးဟု မပြောနိုင်ချေ။

အိမ်သို့ ရောက်သောအခါ ဆိုက်ကားဆရာကြီးကလည်း သိကျွမ်းပြီးသားဖြစ်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး. . . ဒေါက်တာရဲ့နီကို သိတယ်မဟုတ်လား"

"သိတာပေါ့. . . ဆရာမ ကျွန်တော့်ဆိုက်ကားနဲ့ မှောက်မိတုန်းက ကုပေးတဲ့ ဆရာဝန်လေ၊ ကျွန်တော်တို့မိသားစုရဲ့ကျေးဇူးရှင်ပါ၊ ဘာခိုင်းမလို့လဲ ဆရာမ"

"ဒီပန်းကို ဒေါက်တာရဲ့နီလက်ထဲ အရောက်သွားပေးလိုက်ပါ"

"ဗျာ. . . ဟုတ်ကဲ့၊ ဒါပဲလား ဆရာမလေး"

"ဒါပါပဲ. . . ရော့. . . ဆိုက်ကားခပါ ထပ်ယူသွားဦး"

"မယူဘူး ဆရာမလေး၊ ကျွန်တော် လမ်းကြုံတယ်၊ သွားပို့ပေးမယ်"

ဆိုက်ကားဆရာက ပြောပြောဆိုဆိုနှင့် ပန်းအိတ်ကို ရှေ့ခုံပေါ် တင်ပြီး နင်းပြေးသွားလေသည်။

ဂုဏ်သတင်း ကျော်ကြားသည့် ဆရာဝန်ကြီးကို မိမိကတော့ တရားပြိုင်အဖြစ် စွဲချက်တင်ကာ သူ့နှလုံးသားကို ကွဲအက်စေသည့် စီရင်ချက် ချမိလေပြီထင့်။

ဝေ အိပ်ရာထဲ ပြေးဝင်ကာ မှောက်ချပြီး ငိုကြွေးလိုက်မိသည်။

'ခွဲခွာရခြင်းရဲ့နောက်ကွယ်က မျက်ရည်စက်တွေကို မောင်တွေ့မြင်တတ်ပါ့မလား မောင်ရယ်' ဟု ဝေ့ရင်တွင်း၌. . .။





# အခန်း(၂၅)

"ဘာလဲ ဆရာသမား"

"ဒီပန်းကို တရားသူကြီးမလေးက ဒေါက်တာ့ကို ပေးခိုင်းလိုက်လို့"

ရန်ကုန်က မီးငယ်တို့ ယူလာတဲ့ပန်း၊ ဘလေး တယုတယစိုက်ပျိုးထားသောပန်းကို ဝေ့အတွက် ဘလေးက ခူးပေးဖို့ ဝန်မလေးရှာဘဲ ခူးယူလာခဲ့ကြတာ။

ဝေ့အပေါ်မှာ အားလုံးက မေတ္တာထားကြပါတယ် ဝေရယ်



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါက်တာရဲနီ၏ရင်တွင်း၌ ဝေနှင့် စကားပြောနေသဖြင့် တွေဝေနေရာ. . .

"ကျွန်တော် ဘာလုပ်ပေးရဦးမလဲ ဒေါက်တာ"

"ရပါပြီ. . . ခင်ဗျားပြန်လို့ရပါပြီ၊ ဩော်. . . တလောက ချောင်းဆိုးရင်ကျပ် ဖြစ်နေတဲ့ ခင်ဗျားသားကော ရောဂါပျောက်သွားပြီလား"

"ပျောက်သွားပါပြီ ဒေါက်တာ. . . ကျေးဇူးပါပဲ"

"ရပါတယ်ဗျာ၊ ကိုင်း. . . ခင်ဗျား သွားနိုင်ပါပြီ၊ အချိန်ရတုန်းလေး နင်းလိုက်ဦး"

"ဟုတ်ကဲ့"

ဆိုက်ကားဆရာ ထွက်သွားသောအခါမှ ဒေါက်တာရဲနီက ပန်းအိတ်ကို ယူကြည့်လိုက်သည်။

ဖဲကြိုးဝါလေး၌ တွဲလျက် ချည်နှောင်ထားသောကတ်မှ စာသားလေးများကို ဖတ်မိသောအခါ သူ့ရင်ထဲ နင့်ခနဲ စူးရှနာကျင်သွားလေသည်။

'ဖြစ်ရလေ သမီးငယ်လေးရယ်' ဟု ရင်တွင်း၌ ညည်းတွားလိုက်လေသည်။

နာရီကြည့်လိုက်သောအခါ လေးနာရီထိုးနေပြီဖြစ်၍ တာဝန်ခံ သူနာပြုဆရာမလေး မိမိပြန်မည် ဖြစ်သည့်အကြောင်း ပြောပြီး ပန်းကို ကိုင်ကာ ဆေးရုံထဲမှ ထွက်ခဲ့သည်။

ကားကို ဝေ့အိမ်ရှိရာသို့ ဦးတည်လိုက်သည်။

အိမ်တံခါးက ပွင့်နေသည်။

"မမဦး. . . မမဦး"





ဒေါက်တာရဲနီက ဧည့်ခန်းသို့ ဝင်၍ အသံပြုလိုက်သည်။

ဧည့်ခန်း၏စားပွဲပေါ်၌ ဈေးခြင်းတောင်းလေး လဲပြိုလျက်ရှိနေသည်။

ဝေ့အိပ်ခန်းဘက်မှ ရှိုက်သံသဲ့သဲ့ ကြားလိုက်ရသည်။

"ဝေ. . . မမဦး"

ဒေါက်တာရဲနီအနေဖြင့် မိန်းမသားချည်းများသာ နေသောနေအိမ်၌ ထို့ထက်ပို၍ မလှုပ်ရှားရဲ။

သူချစ်သော လေးစားသော ထိုမိန်းမ၏ ဂုဏ်သိက္ခာကို ထောက်ထားရဦးမည်။

"ရှင်ပြန်ပါ ဒေါက်တာ"

ဝေ့ အိပ်ခန်းထဲမှ အသံထွက်လာသည်။

"ခဏလေးပါ ဝေ၊ ဝေ့ကို မီးငယ် ပေးတဲ့ပန်း ပြန်လာပေးတာပါ၊ မောင် ပြန်မယူသွားပါရစေနဲ့၊ မီးငယ် သိပ်လိုလားနေတဲ့ မကြီးရဲ့စိမ်းကားရက်စက်မှုကို မောင် မီးငယ်လေးကို မပြောရက်လို့ပါ ဝေ"

"မပြောရက်ရင် လွှင့်ပစ်လိုက်. . . ရှင်ပြန်၊ ကျွန်မ ရှင့်မျက်နှာကို မတွေ့ချင်ဘူး"

ဝေ့အသံက ငိုသံနှောနေသည်။

ဒေါက်တာရဲနီက ဝေ၏ကြေကွဲမှုကို ရိပ်မိပါသည်။

"ကောင်းပါပြီ ဝေ၊ မီးငယ်လေးက ချစ်ခြင်းမေတ္တာအပြည့်နဲ့ ပေးတဲ့ပန်းကို မောင့်လက်နဲ့ မလွှင့်ပစ်ရက်လို့ မောင် ထားခဲ့မယ်၊ ဝေ လွှင့်ပစ်ရက်ရင်သာ လွှင့်လိုက်ပါ"

ဝေ့ထံက အသံထပ်မထွက်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရဲနီက ဝေ့ခြင်းတောင်းလေးကို ထောင်ပေးလိုက်ရာ စားပွဲပေါ်၌ ကျန်ခဲ့သော သံကြိုးစာလေးက ဖြန့်လျက်။

လူမှုရေးစည်းကမ်းအရ မဖတ်မိစေရန် သတိထားလိုက်သော်လည်း မျက်ဝန်းက အားလုံးကို လျှပ်တစ်ပြက်အတွင်း ဖတ်မိပြီးသား ဖြစ်သွားသည်။

ဒေါက်တာရဲနီ၏နှလုံးသားကို အင်မတန် စူးရှထက်မြက်သော လှံချွန်ဖြင့် အထိုးနှက်ခံလိုက်ရသည်။

"ဝေ"

"ရှင်. . . ရှင် မပြန်သေးဘူးလား၊ ပြန်ပါတော့. . . ဝေတောင်းပန်ပါတယ်၊ ပြန်ပါတော့ မောင်ရယ်"

ဝေ၏အသံအဆုံး၌ ရှိုက်သံများ ထွက်လာသည်။

"ဝေရယ်. ."

ဒေါက်တာရဲနီအနေဖြင့် ဝေ့အား ပွေ့ပိုက်ချော့မြူရင်း မျက်ရည်များကို သုတ်ပေးလိုပါသည်။

ဝေ၏ဝေဒနာတွေ လွင့်ပါးသွားစေရန် သူ စကားတစ်ခွန်းတည်းဖြင့် နှစ်သိမ့်နိုင်ပါသည်။

သို့သော်. . .

ဒေါက်တာရဲနီသည် ဝေ့အိမ်ထဲမှ ကမူးရှူးထိုး ထွက်ခဲ့လေသည်။





# အခန်း(၂၆)

ကားစက်သံ ဝေးသွားသည်နှင့် ဝေ အိပ်ခန်းအပြင်သို့ ထွက်ခဲ့လိုက်သည်။

သစ်ခွပန်းအိတ်ကလေး ကျန်ရစ်ခဲ့သည်။

'ချစ်သောမေကြီး' ဟူသော လက်ရေးလှလှလေးက ဝေ့အား လှောင်ပြောင်လျက်ရှိသည်။

နူးနယ်သော နှလုံးသားနှင့် ကလေးကတောင် သူစိမ်းတစ်ဦးကို သူမ၏မွေးမိခင်နေရာကို အစားထိုးနိုင်သည်ဟု စိန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းလား။

မိန်းမသားရင့်မကြီးဖြစ်သော ဝေက မိခင်မေတ္တာ မထား နိုင်သူ ဆိုခြင်းမှာ သိပ်ရှက်စရာကောင်းနေသလား။

ဝေ့ဝမ်းနာ ဝေသာ သိသည်။

"ဟဲ့ . . , မိဝေ . . . နင့်မလဲဟယ်၊ နေ့စဉ်နဲ့အမျှ မျက်ရည်များ မျက်ခွက်၊ ကျုပ်နှယ် စိတ်ညစ်ပါတယ်"

မိဆွေက ဝေ့ဘေးသို့ ဝင်ထိုင်လိုက်ပြီး ဝေ့လက်ထဲမှ ပန်း ကို ယူကြည့်ကာ မီးဖိုဘက် ဝင်သွားရင်း . . .

"ကျုပ်လဲ ဒါပဲပြောမလို့၊ ဒေါက်တာ့သမီးလေး ရောက်နေ တယ်၊ အဖေတူ ဖြူဖြူချောချောပဲ"

ဆွေက ပန်းကို ဖန်ခွက်တစ်လုံး၌ ရေဖြည့်ပြီး ထိုးလိုက် သည်။

ထို့နောက် ဧည့်ခန်းသို့ ပြန်ထွက်လာပြီး ဘုရားစင်၌ တင် လိုက်သည်။

"ဒေါက်တာ့ကားကို ကျုပ်တွေ့လိုက်ပါတယ်၊ ကိုယ်တော်က ကျုပ်ကိုတောင် တွေ့သွားပုံမရဘူး"

ဝေကတော့ ကျောက်ရုပ်ပင်။

စီးကျနေသော မျက်ရည်များကို သုတ်ရန်ပင် မေ့လျော့နေ သည်။

"ရှင် တစ်ခုခုတော့ ဆုံးဖြတ်မှဖြစ်မယ် မိဝေ"

"ဆုံးဖြတ်မှ . . . ဘာကိုလဲ"

"ရှင့်နှလုံးသားကို အနိုင်ပေးမလား၊ ဦးနှောက်ကို အနိုင် ပေးမလားဆိုတာကို ရှင် ဆုံးဖြတ်ရလိမ့်မယ်"





ဆွေက ဝေ့မိခင်၏သံကြိုးစာကို ကောက်ဖတ်ကြည့်လိုက် ပြီး ပြောလိုက်သည်။

ဝေ မျက်ရည်စများကို သုတ်လိုက်သည်။ ကြွင်းကျန်ရစ် ခြင်း မရှိအောင်ကို သုတ်ပစ်လိုက်သည်။

ဒေါက်တာရဲနီနှင့် လက်ထပ်ရန် စဉ်းစားလိုက်တိုင်း ဝေ့ရင် မှာ ပူလောင်နေသည်။

ဒေါ်ဒေါ်ဒေါင်း၏အပူမီး . . . .

ဒေါ်ဒေါ်ငယ်၏အရှူးမီးဝိုင်း . . .

မမကြီး၏သောကမျက်ရည်တို့ကို အမြဲ မြင်ယောင်နေ တတ်သည်။

"ကျုပ် မောင့်ကို ချစ်တယ်၊ ဒါပေမယ့် မုဆိုးဖိုကို လက် ထပ်နိုင်ဘူး"

"ဒါဖြင့် . . . "

ဝေ့ရင်၌ နာကျင်လွန်း၍ ထုံနေပြီ။

"ကျုပ် သူ့ကို စွန့်လွှတ်လိုက်တော့မယ်"

ဝေ့စကားအဆုံး၌ ဆွေက ဟင်းခနဲ သက်ပြင်းချလိုက် သည်။

"တကယ်တော့ မုဆိုးဖို တစ်ခုလပ်တို့ကို ယူလို့မကောင်း ဘူးဆိုတာ သူတို့မှာ ပါလာတဲ့ သားသမီးတွေရဲ့အဆိုးအကောင်းနဲ့ သာ ဆိုင်ပါတယ် မိဝေရာ၊ သားသမီးတွေဟာ မိထွေးကို ရွံရှာမုန်းတီး တဲ့ အစွဲအလမ်း ရှိနေတတ်တာကို ရှေးပဝေသဏီကတည်းက၊ ရှင့်မောင်တော်ရဲ့ သမီးလေးကတော့ ဒီသဘောမျိုး မရှိပါဘူး၊ ရှင့်ကို သိလားပြီး အမေတော်ချင်နေရှာတယ်လို့ သိရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ဘယ်သူပြောတာလဲ"

"ရှင့်မောင်တော်"

"ကျုပ်မယုံဘူး. . . ဒီစကားက သူ့ဘက် ယိမ်းယိုင်လာ
အောင် ကျုပ်ကို သွေးဆောင်တဲ့စကားရပ်လို့ ကျုပ်ထင်တယ်၊ ဘယ်
ကလေးကမှ မိထွေးကို လိုလားနှစ်သက်မှာ မဟုတ်သလို၊ ကျုပ်
ကိုယ်တိုင်လဲ မိထွေးဆိုတဲ့ ဘွဲ့ထူးကို ခံယူဖို့ လိပ်ပြာမသန့်တာ
အမှန်ပဲ"

ဝေ့ခံစားချက်ကို ဆွေက နားထောင်ပြီး ခေါင်းခါယမ်း
လိုက်သည်။

"မိဝေရယ်. . . ရှင့်ရဲ့အတွေးအခေါ်ဟာ သမားရိုးကျ နိ
မနေဘူးလား၊ အစဉ်အလာကောင်း မဟုတ်တဲ့ အစွဲအလမ်းတစ်ခု
ကို ရှင် မတွန်းလှန်နိုင်ဘူးလား၊ ရှင့်ထက် အသက်များစွာငယ်
ဒေါက်တာရဲနိုင်သမီးက တွန်းလှန်ပြနေတယ်ဆိုတာ ရှင် မတွေးမိဘူး
လား"

ဆွေက မီးငယ်ပေးသော ကတ်ပြားလေးကို ထောင်ပြရင်း
ပြောလိုက်သည်။

"ဒါ ဒေါက်တာရဲနိုင်ရဲ့သွေးဆောင်ကြိုးပမ်းမှုလား"

ဝေ တွေဝေရသည်။

"ရှင် စဉ်းစားပါ၊ ခေါင်းအေးအေးနဲ့ အချိန်ယူပြီး စဉ်းစား
ပါဦးလို့ ကျုပ်ကတော့ သူငယ်ချင်းကောင်းတစ်ယောက်ရဲ့ဝတ္တရား
အရ ရှင့်ကို တိုက်တွန်းပါရစေ၊ ဟိုတစ်ယောက်လဲ အတော်
ခံစားနေရှာတာ၊ သူနဲ့ လမ်းခွဲလိုက်ခြင်းကြောင့် ရှင့်ဘဝ တစ်သက်
လုံး စိတ်ချမ်းသာသွားနိုင်မယ်ဆိုရင်တော့လဲ ကျုပ် ဘာမှ မတိုက်





တွန်းတော့ပါဘူး. . . ရှင့်သဘောပဲ"

ဆွေက ဥပဒေဝန်ထမ်းကောင်း ပီသသည်။

ဝေ့ကို တွေဝေသွားနိုင်စေရန် ဆွဲဆောင်နိုင်စွမ်း ရှိလေ
သည်။

ဝေ့ဆုံးဖြတ်ချက်ကို ဝေ ပြင်ဆင်သင့်သလား၊ ဝေ တွေဝေ
ရပြီ။

"ကျုပ် ရှင်ပြောသလို ခေါင်းအေးအေးထားပြီး စဉ်းစား
ချင်တယ်၊ ဒါကြောင့် ကျုပ် ခွင့်ယူလိုက်ရင် ကောင်းမယ်ထင်တယ်"

"ဒါကတော့ ရှင့်သဘောပဲ၊ ကိုင်း. . . ကျုပ် ပြန်မယ်၊ ကျုပ်
ယောက်ျားရဲ့ကားသံ ကြားတယ်"

ဆွေက ယောက်ျားကားသံကြားရုံနှင့် ထပြီးသားဖြစ်ကာ
အိမ်ရှေ့သို့ ကားရပ်လိုက်ရုံနှင့် ကားနားရောက်သွားပြီးသား ဖြစ်
သည်။

ကိုသက်ခိုင်ကလည်း ဆွေ အသင့်ဝင်ထိုင်ရန် ရှေ့ခန်း
တံခါးကို လှမ်းဖွင့်ပေးပြီး ဖြစ်နေသည်။

သြော်. . . ချစ်၍ ချစ်သူဘဝသက်တမ်း အတော်ကြာပြီးမှ
ယူခဲ့ကြသူတွေများကျတော့လည်း အစစအရာရာ အဆင်ပြေ
ချောမွေ့လျက်ပါလား။

ဝေ စဉ်းစားရဦးမယ်။

လင်ကုန်ရုံး တစ်သက်လုံး မှောက်ရမည့်အဖြစ်မျိုးတော့
ဝေ အဖြစ်မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၇)

"ဝေ"

ဒေါက်တာရဲနီ ရင်တွင်း ဝမ်းသာစွာ တမ်းတလိုက်သည်။

မီးငယ်ကို ဘုရားလိုက်ပို့ပေးမည်ဟု ကတိပေးထားသော်လည်း ဝေ ဘုရားသွားသည်ဟု ဆွေ၏ဖုန်းဆက်သတင်းပေးချက်အရ သူ ရွှေဆံတော် ကုန်းတော်ပေါ်သို့ ရောက်ခဲ့သည်။

ဘုရားကုန်းတော်ပေါ်အထိ ကားမောင်း၍ ရနေပြီဖြစ်ရာ သူ ကားဖြင့် မောင်းတက်ခဲ့လိုက်သည်။ နှစ်ပတ်ဟူသော အချိန်





ကာလသည် ကမ္ဘာနှစ်သိန်းမက ကြာလေသည်လား။

တနင့်တပိုး သယ်ထားရသော သောကဝေဒနာအစုစုကို သူ့အနေဖြင့် ဆက်လက် မသယ်ပိုးချင်တော့။

ဝေ ဘုရားအာရုံပြုနေခြင်းကို သူ ခပ်လှမ်းလှမ်းမှနေ၍ ဘုရားဦးချပြီး စောင့်ကြည့်နေလိုက်သည်။

ဝေ့ ဘုရားရှိခိုးအပြီး၌ ဘာပြောရမည်နည်း။

ဝေ့အား တစ်နေရာခေါ်သွားပြီး မီးငယ်နှင့် သူတို့၏ အတိတ်ပုံရိပ်ကို ဖွင့်ချလိုက်ရမည်လား။

မီးငယ်လေး၏မွေးကင်းစအရွယ်မှ ယနေ့အထိ ပျော်ရွှင်လန်းဆန်းနေသော မျက်နှာကလေးကို မြင်ယောင်လာတိုင်း သူ သက်ပြင်းချလိုက်သည်။

သူ၏မေတ္တာရေကြောင့် လန်းနေသော မီးငယ်၏ဘဝလေးသည် ထောင့်ငါးရာ ကိလေသာမီး သူ့ကို လောင်မြိုက်လာခါမှ သူ ပျိုးထောင်ခဲ့သော ပန်းကလေးကိုပါ လောင်မြိုက်စေရမည်လား။

ဝေကို သူဘာပြောရမလဲ။

ဝေ ဘုရားဦးချပြီး ညင်သာစွာ ရပ်လိုက်သည့်အပါးသို့ သူ ချဉ်းကပ်လိုက်သည်။

"ဝေ. . ."

ဝေက သူ့အား ကြည့်လိုက်သည်။ ဝေ့အကြည့်၌ ဒေါသငွေ့များ ကင်းစင်နေသည်။

"ဝေနဲ့မောင် စကားပြောချင်တယ်၊ အချိန်ပေးနိုင်မလား"

ဝေက သူ့ကို မမှိတ်မသုန် ကြည့်သည်။ ထိုအကြည့်၌ လွမ်းမောခြင်း၊ တမ်းတခြင်းတို့ ပါဝင်နေသည်ဟု သူ တစ်ဖက်သတ်



www.burmeseclassic.com

www.burmeseclassic.com



တွေးမြင်ပစ်လိုက်သည်။

"ခဏလေးပါ ဝေ၊ ဒါမှမဟုတ် ဝေ့ကို မောင်လိုက်ပို့ရင်း ဝေ့အိမ်မှာပဲ စကားပြောပါရစေနော်"

သူက တောင်းပန်တိုးလျှိုးလိုက်သည်။ သူ့တစ်သက် မိန်းမ တစ်ယောက်ကို ဤမျှလောက် အောက်ကျနောက်ကျခံကာ တောင်းပန် တိုးလျှိုးရလိမ့်မည်ဟု အိပ်မက်မျှပင် မမက်ခဲ့ပါလား။ သူ့ဘဝ၏အချိန်အတော်များများကို မီးငယ်အတွက် ကုန်ဆုံးခဲ့ရသည်ပဲ။

"နော်. . . ဝေ၊ ခဏလေးပါ"

ဝေ ခေါင်းညိတ်လိုက်သည်။

သူ့ရင်ထဲ လှိုက်ခနဲဖြစ်ကာ ဝမ်းသာသွားသည်။

"ဘယ်သွားမလဲ"

"မောင် သွားချင်တဲ့ဆီသွား"

ဒေါက်တာရဲနီမျက်နှာ၌ အပြုံးရိပ်များ ယှက်သန်းသွားသည်။ မျှော်လင့်ခြင်းတံခါးဝသည် သူ့ရှေ့သို့ ရောက်နေပြီ ထင်ပါသည်။

ဒေါက်တာရဲနီ လေးကျွန်းကန်ဘက်သို့ မောင်းလိုက်သည်။

"ဝေ့ ကို မောင် တောင်းပန်ပါတယ်"

သူက ကားမောင်းရင်း ပြောပေမယ့် ဝေ့ထံမှ တုံ့ပြန်သံ ထွက်မလာချေ။

ဝေသည် ရှေ့တူရူသို့သာ ကြည့်နေသည်။ သို့သော် ပန်းပွင့်ကို ကြည့်ခြင်းမဟုတ်။ အတိတ်သို့သာ ကြည့်ခြင်းဖြစ်သည်ဟု ဒေါက်တာရဲနီ နှလုံးသားအသိဖြင့် သိနေသည်။

"မောင်ဟာ ဝေ့အစွဲအလမ်းကို ကြိုတင်မသိခဲ့ရင် မောင့်ရဲ့





ဘဝမှန်ကို ဖွင့်ပြောပြီးမှ ဝေ့အချစ်ကို ရယူမှာပါ"

ဒါပေမယ့် ဝေ့အစွဲအလန်းကို သိရလေ မောင် ဝေ့ကို ဆုံးရှုံးရမှာ ကြောက်လေပဲ။

"ဒါကြောင့် မောင် လိပ်ပြာမသန့်ဘဲ လိမ်ညာမိတာပါ ဝေ၊ မိုးပြိုမှာကြောက်တဲ့ တစ်ကီတူးလို မောင်ရဲ့စိုးကြောက်မှုကြောင့် ဝေ့ကို မောင် လိမ်ညာပြီး အချစ်ကို ရယူခဲ့မိတာ ခွင့်လွှတ်ပါ"

"မီးငယ်ဟာ မောင့်သမီးပီပီ ဝေ့ကို သိပ်လိုလားပါတယ်၊ မိခင်ဝမ်းထဲက အကျွတ်မှာ မိခင်သေဆုံးသွားခဲ့တဲ့အတွက် အမိမဲ့ ကြီးပြင်းလာရတဲ့ မီးငယ်အတွက် မိခင်ဟာ သူ့အလိုလားဆုံး အတောင့်တဆုံးအရာဖြစ်ခဲ့တယ်၊ ဒီအတွက် ဝေ့ကို မိခင်အဖြစ် မီးငယ် သိပ်လိုလားနေပါတယ်ဆိုတာတော့ မောင် အနိုင်အမာ ပြောရဲပါတယ် ဝေ"

ကန်တော်ကြီးအဝင်၌ ကားကို ထိုးရပ်လိုက်သောအခါ ဝေ က အလန့်တကြားဟန်ဖြင့်. . . .

"ဟင့်အင်း. . . မရပ်နဲ့"

"ဘာဖြစ်လို့လဲ ဝေ"

"ကောင်းမှုတော်ဘက် မောင်းပေးပါ"

ဝေက အောင်မြေရှိရာ သမိုင်းဝင် ဘုရားဘက်သို့ မောင်းခိုင်းလိုက်သည်။

ဒေါက်တာရဲနီက မဆိုင်းမတွပင် ကားကို ပြန်ဆုတ်ကာ မောင်းထွက်ခဲ့လိုက်သည်။

သူတို့နှစ်ဦး အချစ်ပန်းကို စိုက်ထူခဲ့သော လေးကျွန်းကန် သာပေါ်၌ ခြေချရန် ဝေ ဝန်လေးနေမည်ဟု ဒေါက်တာရဲနီ နား



www.burmeseclassic.com

www.burmeseclassic.com



လည်နေသည်။

ဘုရားပုထိုးစေတီများ ရှေ့မှောက်သို့သာ ဝေ သွားရောက်လိုသည်။

ဘုရားရိပ်ကို ခိုလှုံရင်း ရင်တွင်းဝေဒနာ မီးတောက်ကို ငြိမ်းသတ်လိုသည့် ဝေ့ကို သူ ခံစားသိဖြင့် စာနာ,နားလည်နေသည်။

"ဝေ"

"......."

"မောင့်ကို လက်မထပ်နိုင်တော့ဘူးနော်"

ဝေက သက်ပြင်းရှိုက်လိုက်သည်။ အတန်ကြာမှ. . .

"မုဆိုးဖိုတစ်ယောက်ကို လက်ထပ်ရဲတဲ့သတ္တိ ဝေ့မှာ မရှိပါဘူး ဒေါက်တာ"

ဒေါက်တာရဲနီ ရင်နင့်သွားသည်။

"ဝေရယ်. . . မီးငယ်နဲ့ တွေ့ကြည့်ပါဦး"

"ဟင့်အင်း. . . ဟင့်အင်း"

ဝေက တုန်လှုပ်စွာ ခေါင်းခါယမ်း၍ ငြင်းပယ်လိုက်သည်။

"ဝေ့ကို ဒီလောက်နှိပ်စက်ရရင် တော်ပါပြီ ဒေါက်တာ၊ ဝေ့ကို ဝေဒနာတွေ ထပ်မပေးပါနဲ့၊ ဝေ တောင်းပန်ပါတယ်"

မျက်ရည်စများ ရစ်သိုင်းဖွဲ့နေသော ဝေ့ကို ကြည့်ကာ ဒေါက်တာရဲနီသည် စိတ်ကို မနည်းချုပ်တည်းလိုက်သည်။

"မောင့်ကို မုန်းနိုင်ပြီလား ဝေ"

"ကျွန်မ မုဆိုးဖိုနဲ့တစ်ခုလပ်ကို အမြဲမုန်းခဲ့တာ ဒေါက်တာ သိပါတယ်"

ဒေါက်တာရဲနီ ရင်၌ စူးနင့်သွားသည်။ အရာရာသည်





ဝေနှင့်သူ့အတွက် ဝေးကွာခြင်းသာ ရှိတော့သည်။

မျှော်လင့်ချက်တံခါးသည် ပိတ်၍သာ သွားလေပြီ။

"ဝေရယ်"

"ကျွန်မဘဝမှာ ကြောက်လန့်ခဲ့တဲ့ အိပ်မက်ဆိုးရဲ့ ခြောက်လှန့်မှုကြောင့် ကျွန်မ နှလုံးသားတွေလဲ ကြေပျက်ကုန်ပါပြီ ဒေါက်တာ၊ ကျွန်မကို ထပ်မံပြီး ဝေဒနာ မပေးပါနဲ့တော့လို့သာ ကျွန်မ တောင်းပန်ပါရစေတော့"

ဒေါက်တာရဲနီက မချိတင်ကဲ အသံဖြင့်. . .

"ကောင်းပါပြီ ဝေ၊ မောင့်တို့သားအဖကြောင့် ဝေဒနာ တိုးမယ်ဆိုရင်လဲ မောင် ဘာကိုမှ ဆက်ပြီး အယူခံ မဝင်တော့ပါဘူး၊ မုဆိုးဖိုဆိုတဲ့သူဟာ ဝေ့အတွက် လောကကြီးမှာ အကြီးမားဆုံးသော တရားခံလို့ သတ်မှတ်ထားနေမှတော့လဲ မောင့်အတွက် အယူခံ ဝင်လဲ အရာမရောက်တော့ဘူးဆိုတာ နားလည်ပါတယ်"

ဒေါက်တာရဲနီအသံက တိုးတိတ် တိမ်ဝင်သွားသည်။ ရင်ထဲ၌ မကောင်းလွန်းသဖြင့် ရှေ့ဆက်ရမည့်စကားတို့ကိုပင် မနည်း အားယူလိုက်ရသည်။

"ဒါပေမယ့် မောင်က ဝေနဲ့မောင်တို့ရဲ့မေတ္တာရှိရင်းစွဲလေး ကို ထောက်ထားညှာတာ,တာ သတိရနိုင်မလားလို့ပါ"

ဝေက သူ့အား ဖျတ်ခနဲ ကြည့်လိုက်သည်။

ဝေ့အကြည့်၌ အမျက်ကင်းစင်ပြီး မချိတင်ကဲ ဖြစ်နေသည့် အရောင်များ ယှက်သန်းနေသည်။

ကျောင်းမှုတော်စေတီ၏မုခ်ဦးခြေရင်း၌ ကားထိုးရပ်လိုက်သည်။ တမျှော်တခေါ် လယ်ကွင်းများကို ဖြတ်သန်းလိုက်ခတ်လာ



www.burmeseclassic.com

www.burmeseclassic.com



သော လေအေးအေးတို့က သူတို့၏နွမ်းလျှညှိုးရော်နေသော စိတ်နှလုံးကို လန်းဆန်းအောင် လုပ်နိုင်စွမ်း မရှိနိုင်ပါတကား။







## အခန်း(၂၈)

"ဝေနဲ့မောင်တို့ရဲ့မေတ္တာရှိရင်းစွဲလေးကို ညှာတာ ထောက်ထား သတိရနိုင်မလားလို့ပါ" ဟု မောင်ပြောသွားသော စကားသည် ဝေ့နှလုံးသား၌ ပဲ့တင်ထပ်လာသည်။

မောင်နှင့်ဝေသည် မြင်မြင်ချင်း ချစ်ခဲ့ကြသည်။

မောင်၏ဝေ့အပေါ် ဂရုစိုက်မှု၊ ယုယမှု၊ ကြင်နာမှုတွေကို ဝေ မေ့မရနိုင်ပါ။

ယုယခြင်း၊ ကြင်နာခြင်း၊ ဂရုစိုက်ခြင်းတို့သည် ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ယူ၍ရသော အရာတစ်ခု မဟုတ်နိုင်ဟု ဟန်ဆောင်ခြင်း အတတ်ပညာကို မတတ်သည့် ဝေက နားလည်လက်ခံထားပါသည်။

သို့သော် မောင်က လူပျိုဟန်ဆောင်ကာ ဝေ့အား ပိုးပန်းခဲ့သည်။ ဝေ့မေတ္တာကို အရယူခဲ့သည်။ ထို့ကြောင့် မောင်သည် ဟန်ဆောင်ခြင်း အတတ်ပညာကို ကျွမ်းကျင်စွာ တတ်ပေလိမ့်မည်။

ဝေ့အနေဖြင့် ခံမှန်ဖူးသည့် စာသူငယ်ပမာ မောင့်အပေါ်၌ မယုံကြည်နိုင်တော့။

မည်သို့ဆိုစေကာမူ မောင်က ဝေ့အား အသေးစိတ်ကလေးမှအစ ဂရုစိုက်တတ်သည်တော့ ဝေ သတိရ တမ်းတနေမိသည်။

ဝေ့ ခြေထောက်ဒဏ်ရာကို အကြောင်းပြုပြီး ဝေ့အိမ်ကို မောင် ညနေတိုင်း ဆေးရုံမှအပြန် ဝင်ခဲ့သည်။

ထို့နောက် ဝေ့ ရုံးအသွားကို ခြေထောက်အနာ အကင်းမသေခင် လိုက်ပို့ပေးပါရစေ ဆိုလာခြင်းကို ဝေက ဆိုက်ကားနဲ့ပဲ သွားရပါစေဟု ငြင်းပယ်သောအခါ မောင်က မျက်နှာပျက်စွာဖြင့် ဝေ့ဆန္ဒ လိုက်လျောခဲ့သည်။

နောက်ပိုင်း ရင်းနှီးလာသောအခါ ဝေ မရောက်ဖူးသေးဘူး ထင်သည့်နေရာမှန်သမျှကို မိဆွေ အားလျှင်သော်လည်းကောင်း၊ မမဦး အားလျှင်သော်လည်းကောင်း အဖော်အဖြစ် ခေါ်စေပြီးမှ လိုက်ပို့ပေးခဲ့သည်။

နောက်တော့ မမဦးရော မိဆွေပါ ဝေ့ကို တိုက်တွန်းပြီး မောင်နှင့် တမင် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားနိုင်စေရန် အကြောင်းအမျိုးမျိုးပြ ရှောင်လွှဲပြီး နှစ်ယောက်တည်း လွှတ်





ပေးလာချိန်၌ ဝေ့အား မောင် ချစ်ရေးဆိုသည်။ ငှက်ပျောကျွန်းနှင့် ဝယ်ကျွန်းကို ဆက်သွယ်ထားသော မေတ္တာပေါင်းကူး တံတားရှည်ကြီးပေါ်၌ မောင်က သူ၏မဆုံးနိုင်သော မေတ္တာတေးကို သီကုံးခဲ့သည်။

"မိဝေ"

မောင့်အကြောင်းကို ပြန်လည်တွေးတော၍ မဆုံးခင်၌ မိဆွေ ရောက်လာသည်။

ဝေက. . .

"လာလေ မိဆွေ"

မိဆွေက သူ၏သမီးငယ်ကို ခေါ်လာသည်။

"နင် ခွင့်ယူလိုက်တယ်ဆို"

"အင်း"

"ဘာလုပ်ဖို့လဲ"

မမဦးက. . .

"ဟော. . . သမီးလေး ပါတယ်၊ လာ. . . ကြီးကြီးနဲ့ မုန့်စားရင်း ပန်းခြံထဲမှာ ဒန်းစီးရအောင်"

ကလေးချစ်တတ်သော မမဦး ထွက်လာပြီး မိဆွေသမီးကို ခေါ်သွားလေသည်။ ဝေတို့ အိမ်ရှေ့ကွက်လပ်၌ ပန်းခြံသေးသေးလေး ရှိသည်။ ထိုထဲ၌ ဒန်းတစ်ခု ချထားသည်။

"ဖြေလေ"

"ကျုပ်နှလုံးသားကို မာကျောအောင် လေ့ကျင့်ဖို့အတွက် အချိန်လိုအပ်တယ် ထင်လို့ပါ"

"ရှင် ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမေတို့ဆီပဲ ပြန်မယ်၊ ပြီးတော့ အဲဒီကနေ ခရီးတစ်ခု ထွက်လိုက်မယ်"

"ရှင့်အမေဆီ ပြန်သွားရင် ရှင်နဲ့မောင်မောင်ဇင် လက်ထပ်ဖို့ကိစ္စကို ရှောင်ကွင်းသွားနိုင်လိမ့်မယ်လို့ ရှင်ထင်သလား"

ဝေ မိဆွေစကားကြောင့် တွေဝေသွားရသည်။

ချစ်ခင်နှစ်သက်သောသူနှင့် ကွေကွင်းရခြင်းဟူသော ဒုက္ခဆင်းရဲကို ဝေ အလူးအလဲ ခံစားနေရသည့်ကြားမှ မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရခြင်းဟူသော ဒုက္ခဆင်းရဲကိုပါ ထပ်မံ ခံစားရမည်ဆိုပါက. . .

"အခြေအနေ ကြည့်ဦးမှာပါ။ မမေတို့က သားသမီးတွေရဲ့အိမ်ထောင်ရေးကို အမြဲ လွတ်လပ်ခွင့် ပေးထားသူတွေပါ"

"မမကြီးရော သူ့ယောက်ျားနဲ့ ကွဲနေတုန်းပဲလား"

"ဟင့်အင်း. . . မော်လမြိုင် ပြန်ရောက်သွားပြန်ပြီ၊ တို့တမအားလို့ ချက်ချင်းမလိုက်လာနိုင်တာပါဘာညာနဲ့ လေပြေထိုးလိုက်တော့လဲ ကွာမယ်ရှင်းမယ်ဆိုတဲ့လူက ကောက်ကောက်ပါသွားတော့တာပဲပေါ့"

"အေးလေ. . . သံယောဇဉ်နှောင်ကြိုးတွေ ရှိလာတော့လဲ ပြတ်နိုင်ခဲသားပဲ"

"ဒါကြောင့် ကျုပ် စိတ်တိုးတိုးချလိုက်တာ၊ ကျုပ်မျှော်မှန်းခဲ့တဲ့ အချစ်နဲ့အိမ်ထောင်ရေးမှာ ဒီပုံစံတွေ မပါဘူး၊ မိဘတွေနဲ့ လင်ပါ သားသမီးဆိုတဲ့အရာတွေ မပါဘူး၊ ခုတော့ ကျုပ်ရဲ့မျှော်မှန်းချက်တွေ သဲထဲရေသွန် ဖြစ်သွားခဲ့ပါပြီ"

ဝေ ရင်ထဲ ကြေကွဲမှုကို ဖွင့်ဟလိုက်သည်။





"မနေ့က ရှင်တို့ တွေ့ကြသေးတယ်ဆို"

"သူ့ဘက်က ထပ်မံကြိုးပမ်းမှုပါ"

"ဒါဖြင့် ရှင် သူ့ကို မနာကြည်းနိုင်တော့ဘူးပေါ့"

"သူ့ရဲ့လိမ်ညာခြင်းကို ငါ မကျေနပ်ခဲ့ပေမယ့် မုဆိုးဖိုဆိုတဲ့ ဂုဏ်အင်ကြီးကို မုန်းတီးခြင်းဟာ ပျောက်ပျက်မသွားဘူး"

"ရှင် ထပ်ငြင်းလိုက်တယ်ပေါ့"

"ဒါပဲပေါ့"

"ဟင်း. . . ကျုပ်တော့ ဘာမှမပြောတတ်တော့ဘူး၊ ဒါဆိုရင် ရှင် ဘယ်တော့ပြန်မှာလဲ"

"မနက်ဖြန် ဆယ့်နှစ်အစုန်နဲ့ပဲ ပြန်ဖြစ်လိမ့်မယ်"

"ကောင်းပြီ. . . ခွင့်ယူပြီး ဘူတာလိုက်ဆင်းပေးမယ်"

"နေပါစေ. . . ရတယ်၊ ကျုပ် ဆိုက်ကားမှာပြီးပြီ"

ဝေ မေ့လျော့ကာ မိဆွေအား ပြောလိုက်မိသည်။

မိဆွေက. . .

"ရှင် သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်နော်၊ တော်ကြာ မုဆိုးဖိုပါလို့ ပွင့်ပွင့်လင်းလင်း ကြေညာထားသူထက် လူပျိုပါဆိုပြီး တိတ်တိတ်ပုန်း မယားတွေ မှိုလိုပေါက် ထားသူကို ယူမိမှ အကျိုးနည်းနေဦးမယ်"

"တော်စမ်းပါ မိဆွေရာ. . . စိတ်ညစ်ရတဲ့အထဲ၊ ကျုပ်သူကလွဲရင် ဘယ်သူ့မှ မယူတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

"အမယ်လေး. . . ဒေါက်တာရဲနိုင်သာ ကြားရင် မချိပြုံးပြုံးတော့မှာပဲ၊ မန်ကျည်းသီးတစ်ဖက် ထန်းလျက်တစ်ဖက် အပြုံးလေး၊ ဒီလို. . . ဒီလို"



www.burmeseclassic.com

www.burmeseclassic.com



မိဆွေက မချိုမချဉ်အပြုံးကို ပြုံးပြလေသည်။

ဝေ မရယ်နိုင်ပါ။

"တော်စမ်းပါ"

ဝေ့နှလုံးကို မည်သူမှ ရွှင်ပြုံးအောင် မလုပ်နိုင်ပါချေ

"ရှင်နော်. . . သတင်းသွားပို့မနေနဲ့ဦး"

"စိတ်ချ"

"ဘာစိတ်ချလဲ"

"ပြောတာတောင် နောက်ကျသေးတယ်၊ အခုအပြန် ဝင်ပြောမှာ"

"မိဆွေရယ်. . . ထူးမှ မထူးတော့ဘဲ၊ ကျုပ် ဝေဒနာ ထပ်မတိုးပါရစေနဲ့"

ဝေ့အနေဖြင့် မိဆွေ၏ဆိုလိုရင်းကို သဘောပေါက် မကြိုးပမ်းမိတော့။ တတ်နိုင်သမျှ မိမိနှလုံးသားပေါ်၌ ထင်ဟပ် သော မောင့်ပုံရိပ် ပျောက်ကင်းသွားစေရေးကိုသာ ကြိုးစား သည်။

ထိုသို့ ကြိုးစားရင်း နှလုံးသားသို့ စိုက်ဝင်နေသော အခ များက ပို၍ စူးနင့် စိုက်ဝင်သွားသည်သာပင်။





# အခန်း(၂၈)

ဝေ မနက်ဖြန် ရန်ကုန်ပြန်တော့မည်တဲ့။ ထိုအသိသည် ခေါင်းထဲမှ ဖျောက်ဖျက်၍မရ။

"ဖေကြီး"

"အင်း. . . မီးငယ်"

စားပွဲပေါ်မှ ပုလင်းနှင့်ဖန်ခွက်ကို ဝှက်ရန် ကြိုးစားလိုက် သော်လည်း နောက်ကျသွားသည်။

မီးငယ်က သူ့ရှေ့မှောက်သို့ ရောက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဖေကြီး. . . ဘာဖြစ်လို့ အရက်တွေ သောက်နေရတာ လဲ”

သူက ရီဝေသောမျက်လုံးဖြင့် သမီးဖြစ်သူအား ကြည့် လိုက်သည်။

ကလေးဆိုတော့ သူ့ရင်ထဲမှ ဝေဒနာကို နားလည်မည် မဟုတ်ပေ။

“ဖေကြီး ဒီလို အရက်သောက်နေလို့ မေကြီးကို ရမှာလား”

“ဖေကြီးကို အပြစ်မတင်ပါနဲ့ မီးငယ်လေးရာ၊ ဖေကြီး မေ့ပစ်နေတာ၊ သူ့ကို ဖေကြီး မေ့ပစ်နေတာ၊ မရနိုင်လွန်းလို့ အရက် ကို ကူခိုင်းပြီး မေ့ပစ်နေတာပါ မီးငယ်လေးရာ”

“ဟင့်အင်း. . . ဟင့်အင်း၊ ဖေကြီး အဲဒီလို လူပျော့လူည့ တွေ့ရဲ့စကား မပြောနဲ့၊ မီးငယ် ဝမ်းနည်းတယ်၊ မီးငယ် ချစ်တဲ့ ဖေကြီးဟာ လူတော်လူကောင်း တစ်ယောက်ပါ။ မီးငယ်ကို ဘယ်လို လူဖြစ်အောင် မွေးခဲ့တယ်ဆိုတာကို အဘတို့ ညီအစ်ကိုက ပြောပြ မကဘူး။ မီးငယ်ကိုယ်တိုင်လဲ မှတ်မိပါတယ်၊ မီးငယ် ဖေကြီးအတွက် သိပ်ဂုဏ်ယူခဲ့တာ၊ ကမ္ဘာပေါ်မှာ ဖေကြီးလောက် မေတ္တာတရား ကြီးမားတဲ့လူ မရှိနိုင်ပါဘူးလို့၊ ခုတော့ ဖေကြီးဘဝကို အရက်နဲ့ ဒိမ်ပစ်တော့မှာလားဟင်”

မီးငယ်လေးကို ပြောစရာစကား ရှာမရအောင် သူ ငြိမ် သွားသည်။

မီးငယ်လေး၏မျက်ရည်စက်သည် သူ့အား သတိပေးနေ သည်။

မွေးကင်းစ မီးငယ်လေးသည် ဘယ်သူ့ရင်ငွေ့ကို ခိုလှုံ





မှန်း မသိ၍ ‘အူဝဲ. . . အူဝဲ’ ဟူသောအသံလေးက သူ့အသည်းကို ဆွဲကိုင်ဖျစ်ညှစ်လိုက်၍ သူက ချက်ချင်းပင် ပွေ့ပိုက်ကာ မီးငယ် ကလေးဘဝအတွက် သူ့ဘဝတစ်ခုလုံးကို ဖခင်အဖြစ် ပုံအပ်ပေးခဲ့ သူပါ။ ခု မီးငယ်လေး မျက်ရည်ကျအောင် သူလုပ်နေမိပြီလား။

“မီးငယ်. . . ဖေကြီး. . . ဖေကြီး အရက်သောက်တာ မကြိုက်ဘူးလား”

“ဟင့်အင်း. . . ဘယ်ကြိုက်မှာလဲ၊ အရက်ဆိုတာ ကောင်း တဲ့အရာမှ မဟုတ်တာ၊ ဖေကြီးလဲ ဆရာဝန်ပဲ၊ ဖေကြီး ပိုသိမှာပေါ့။ မီးငယ် သိတာကတော့ အရက်များများသောက်ရင် ကြာတော့ အသည်းကင်ဆာဖြစ်ပြီး သေသွားတာချည်းပဲ”

မီးငယ်အတွေးလေးနဲ့ ခံယူချက်ကို သူ မတားရက်ပါ။ ဖန်ခွက်ထဲမှ အရက်ကို ဗေဇင်၌ သွားသွန်တော့ ဒယီးဒယိုင်။

“ဟင်း. . . ဟင်း. . . ဟင်း၊ ဖေကြီးက ရယ်ရတယ်၊ လေဟာနယ်မှာ လမ်းလျှောက်နေတာလား”

မီးငယ်ကလေးက သူ၏ခြေလှမ်းသိုင်းကွက်ကို ရယ်မောကျီစယ်စကား ဆိုနေရှာသည်။

စောစောက မျက်ရည်များ ခြောက်ခန်းပြီး ရယ်မောလာသော မီးငယ်လေးအတွက် သူ့ဘဝကို ပုံပေးပြီးသားပဲ။ သူ ဘာဖြစ်၍ ကြေကွဲနေရတော့မည်နည်း။

မီးငယ်က အရက်ပုလင်းကို သိမ်းကာ. . .

“သူများကို လက်ဆောင်ပေးလိုက်လို့ရတယ်၊ မသွန်ပစ်နဲ့၊ နှမြောစရာကြီး” တဲ့။

မိန်းမပီသလိုက်တဲ့ မီးငယ်လေး။



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီး. . . မေကြီးကို လိုချင်ရင် အရက်မသောက်နဲ့ မီးငယ် အကြံပေးမယ်"

"ဆိုပါဦး မီးငယ်လေးရဲ့"

သူက လျှာလေးအာလေးဖြင့် မေးလိုက်သည်။

ထိုအခါ မီးငယ်ပေးသောအကြံကြောင့် သူမျက်လုံးပြူးကာ အမူးပြေသွားချင်သည်။

"ကားတင်ပြေးပေါ့" တဲ့။

"ဟာ. . . ဖေကြီး ထောင်ကျရင် မီးငယ် ဘယ်သူနဲ့ နေမလဲ"

"ထောင်မကျပါဘူး. . . မီးငယ် သိပါတယ်၊ မေကြီးမှာ ဖေကြီးကို ထောင်ကျအောင် လုပ်ရက်တဲ့အင်အား မရှိပါဘူး"

"ပြောနိုင်သလား"

"ပြောနိုင်တယ်. . . မယုံရင် လောင်းကြေး"

"မလုပ်ပါနဲ့ မီးငယ်ရယ်၊ လူလိမ်လူညာဆိုပြီး မကျေနပ်နိုင်သေးရတဲ့ကြားကပါ လူယုတ်မာဆိုတဲ့ဘွဲ့ထူး ထပ်မခံယူပါရစေနဲ့ ကျေးဇူးရှင်ရယ်"

"ကြောက်ရင်လွှဲ. . . ရဲရင် မင်းဖြစ်တဲ့၊ ဖေကြီးကြောက်ရင် ဖေကြီးပဲခံ၊ ဒါပေမယ့် မီးငယ်ကတော့ သားသမီးတို့ ဝတ္တရားရှိတဲ့ အတိုင်း ဖေကြီးအတွက် မေကြီးကို ရယူပေးဖို့ကိုတော့ အတတ်နိုင်ဆုံး ကြိုးပမ်းပေးရမှာပဲ"

"ဟုတ်ကဲ့ပါ ကျေးဇူးရှင်ရယ်၊ ဘယ်လိုများ ကြိုးပမ်းပေးမှာလဲ၊ ဖေကြီး မိန်းမရတော့မှာ ဖြစ်တဲ့အတွက် အားကိုးပါရစေ"

အရက်ကလည်း ဝမ်းထဲ တော်တော်ရောက်နေပြီဖြစ်ရာ





မီးငယ်ကို အာရွှင်ရွှင်ဖြင့် သူ တုံ့ပြန်လိုက်သည်။

"စောင့်ကြည့်ပေါ့ ဖေကြီးရာ၊ မနက်ဖြန် မေကြီး ဘူတာဆင်းရင် ဖေကြီးနဲ့မီးငယ်တို့ သွားတွေ့မယ်၊ အခြေအနေပေးရင် တစ်ခါတည်း ခိုးပြေးရအောင်"

"မီးငယ်ရာ. . . ဖေဖေတော့ သံလက်ကောက် ဝတ်ရတော့မယ် ထင်တယ်"

"စတီးလက်ကောက် ပြောပါ ဖေကြီးရာ"

မီးငယ်ကြောင့် တခဏ်တော့ သူ ရင်တွင်းဒဏ်ရာဒဏ်ချက် သက်သာရသည်။

"ကိုင်း. . . ဖေကြီးသွားအိပ်တော့၊ မနက်ဖြန် ခွင့်မတင်ချင်လဲ သုံးနာရီတော့ ဘူတာဆင်းရမှာနော်၊ မမေ့နဲ့ ဖေကြီး"

"အေးပါကွာ"

မီးငယ်ကို နောက်ဆုံးအနေဖြင့် ဝေ့အား ပေးတွေ့လိုက်တော့မည်။

မီးငယ်ကတော့ ဝေ့အား တရားရုံးချိန်အချိန်၌ သွားသွားချောင်းကြည့်သဖြင့် တွေ့ဖူးမြင်ဖူးပြီးသားဖြစ်ရာ. . .

"မေကြီးက တော်တော်လှတာပဲ၊ ကျက်သရေ ရှိတာလဲ အရမ်းပဲ၊ ဒါကြောင့် ဖေကြီးခိုက်တာ၊ မီးငယ်တောင် ခိုက်လာပြီ"

ဟု သူ့အား ပြုံးရွှင်စေရန် ပြောခဲ့သေးသည်။

"အိပ်တော့လေ ဖေကြီး"

"ဟုတ်ကဲ့ အမေ၊ ကျွန်တော်မျိုး အခုပဲ အိပ်တော့မှာ"

"ဒီလို လိမ္မာမှပေါ့ ကလေးရယ်"

သူက ရယ်မောရင်း အိပ်ရာဝင်ခဲ့လေသည်။ သူ၏ရယ်သံ



www.burmeseclassic.com

www.burmeseclassic.com



သည် ခြောက်ကပ်နေသည်။

အိပ်ရာထဲသို့ ရောက်သော်လည်း အိပ်၍မရချေ။ အရက်က နည်းနေသေးသည်။

"မနက်ဖြန် မီးငယ်ကို ခေါ်သွား၍ ဖြစ်ပါ့မလား"

ဟူသောအတွေးက ပေါ်လာစဉ်. . .

"ဖေကြီးရေ. . . အိပ်ပြီလား"

သူအသံမပြုဘဲ နေလိုက်သည်။

"အိပ်ချင်ဟန် ဆောင်မနေနဲ့နော် ဖေကြီး၊ မနက်ဖြန် မီးငယ် ဖေကြီးနဲ့အတူ ဆေးရုံလိုက်မှာ၊ အဲဒီက တစ်ခါတည်း ဘူတာရုံ ဆင်းမယ်နော်၊ ဒါပဲ ဖေကြီးရေ. . . ဂွတ်နိုက်"

သူ သက်ပြင်းချလိုက်သည်။

မီးငယ်က သူမ အိပ်ရာဝင်ခါနီးချိန်၌ သူ့အား ရှိခိုးကန်တော့ပြီးမှ ဝင်သွားသည်။

သူကလည်း မီးငယ် အိပ်ရာဝင်သွားပြီး အတန်ကြာမှ အရက်ထ,သောက်သည်။ သူ၏အိပ်ပျော်ခြင်းကို အရက်ကသာလျှင် ကူညီနိုင်သည်ဆိုတော့ သူ အရက်ကို လောလောဆယ် အဖော်ပြုနေရသေးသည်။

ခုတော့ မီးငယ်ကြောင့် သူ အရက်နှင့် ဖယ်ကြဉ်ခဲ့ရသည်။ အိပ်၍မရ။

"ဝေရယ်. . . မောင့်ကို တကယ်ပဲ ရက်စက်တော့မှာလား"

ဟု သူ ဟစ်ကြွေးပစ်လိုက်ချင်သည်။

ယောက်ျားတန်မဲ့ ရစ်ဝဲလာသော မျက်ရည်စက်များကို သူ မတားဆီးမိ။





ကျစမ်းပါစေ. . . ဘယ်သူသိတာလိုက်လို့။ ယောက်ျားမှာလည်း အသည်းနှလုံး ရှိသည်ပဲ။ သည်တော့ ယောက်ျားမျက်ရည်ဆိုတာ ကျပေမည်ပေါ့။

မီးငယ်သာ မရှိလျှင် သူသည် အချစ်ကြောင့် ဘဝပျက်သုဉ်းသွားလိမ့်မည်လား။ မဟုတ်နိုင်။

မီးငယ်သာ မရှိလျှင် ဝေဆိုသောသူကို တွေ့နိုင်တဲ့အထိ သူသည် လူပျိုကြီး ဖြစ်နေလိမ့်မည်မဟုတ်။

မီးငယ်ကြောင့် လူပျိုကြီးဘဝ ရောက်မှ ဝေ့ကို တွေ့သည်။ ချစ်ကြသည်။

မီးငယ်ကြောင့် နှလုံးပျက်သုဉ်းကာ အသည်းကွဲရတော့မည်။

မဆိုင်ဘူး။

မီးငယ်ဟာ ဘာမှမဆိုင်ဘူး။ ဝေ၏ကျဉ်းမြောင်းသောသဘောထားနှင့် အစွဲအလမ်းကြောင့်လား။

ဟင့်. . . ကျဉ်းမြောင်းသော သဘောထားဟု သူ မပြောရက်ပါဘူး။ ဝေလည်း သူ့ပတ်ဝန်းကျင်အရ အစွဲအလမ်းကြီးမှုကို သူ နားလည်ခွင့်လွှတ်ပါသည်။

ဆရာဝန်ကြီးသည် ထ,၍ အိပ်ဆေးရှာလိုက်ပြီး ယူသောက်ကာ အိပ်လိုက်သည်။

တော်သေးသည်။ မီးငယ်ထံမှ အသံထွက်မလာ၍ သူ အသာလေး မီးငယ်အိပ်ခန်းမှ လိုက်ကာကို လှပ်ကာ ချောင်းလိုက်သည်။

မီးငယ်လေးက ဖက်လုံးကြီးကို အားပါးတရ ဖက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခိုပ်မောကျနေလေသည်။

အဖြစ်ကင်းစင်တဲ့ မီးငယ်လေးကို သူ့သမီးမဟုတ်ပါဘူးလို့ နှင့်ဟ ကြေညာပြီးမှ ရမယ့်အချစ်မျိုးကို ဘယ်သောအခါမှ သူ နားလည်လိမ့်မည် မဟုတ်သကဲ့သို့. . .

သူ့နှလုံးသား၌လည်း ဝေနှင့်သာ လွဲသွားခဲ့ရင်လည်း အချစ်သစ်ဆိုတာ ထပ်မံ ပေါ်ပေါက်လာလိမ့်မည် မဟုတ်ကြောင်း သူသာလျှင်. . .။





# အခန်း(၃၀)

ဝေ ရန်ကုန်ပြန်ရောက်လျှင်. . .

မေမေတို့က ဝေနှင့်ကိုမောင်မောင်ဇင်ကို အမြန်ဆုံး လက်ထပ်ပေးလိမ့်မည်။

ဝေ ဘာလုပ်ရမလဲ။

ဝေ လက်မထပ်သေးသရွေ့ မောင့်က မျှော်လင့်နေဦးမည်။ ကြိုးပမ်းနေဦးမည်။

သို့ဆိုလျှင် ဝေ ဒေါက်တာရဲနီကို ဝေ အမြဲတမ်း ရှောင်ရှား



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်ပါ့မလား။

ဝေ့နှလုံးသားကိုကော ဝေ ထိန်းချုပ်နိုင်ပါ့မလား။

ဝေးနေလျှင် တော်သေးသည်။ ဝေတို့ တရားရုံးနှင့် သူနေထိုင်သည့်အိမ်ကလည်း မျက်စောင်းထိုး။

ပြီးတော့ ဝေနှင့် အတူနေသူ မမဦးကလည်း ဒေါက်တာရဲနီဘက်က။ ထို့မျှမကသေး၊ မိဆွေကလည်း ဥပဒေ အကျိုးဆောင်သမားကောင်းပီပီ ဒေါက်တာရဲနီဘက်က အကျိုးတော်ဆောင်ပေးလျက်ရှိရာ စီရင်ချက်ချရမယ့် ဝေ့မှာ အခက်တွေ့နေရသည်။

မဖြစ်နိုင်။ မိမိအစွဲအလမ်းနှင့် ခံယူချက်ကို အချစ်တစ်ခုတည်းကြောင့်တော့ မပြောင်းလွဲနိုင်ပါ။

နှလုံးသားကို ချုပ်နှောင် ထိန်းသိမ်းရန်မှာ အိမ်ထောင်ရေးသာ ဖြစ်သည်။

အချစ်မပါသော အိမ်ထောင်ရေးကို ဝေ မတည်ဆောက်လိုပါ။

သို့သော် ခံယူချက် မပျက်ပြားစေရေးအတွက်. . .

"ဝေသာဆိုရင် ဘယ်တော့မှ မုဆိုးဖိုနဲ့ တစ်ခုလပ်ကို မယူဘူး"

"ကမ္ဘာလောကကြီးမှာ ယူစရာ ယောကျ်ားတစ်ယောက်တည်း ရှိပါစေ၊ အဲ့ဒီလူဟာ မုဆိုးဖို ဒါမှမဟုတ် တစ်ခုလပ်၊ အဲ. . . ကလေးပါတဲ့လူတွေနော်. . . ဒီလိုဆို ဝေ လုံးဝမယူနိုင်ဘူး"

ဟု အပြောကြီးစွာ ဥဒါန်းတင်ခဲ့သည့် ဝေ့ကို. . .

"အပြောမကြီးနဲ့ . . ဝဋ်ဆိုတာ ချက်ချင်းလည်တတ်တယ်နော်"





ဟု ဒေါ်ဒေါ်ဒေါင်းတို့က ပြောခဲ့ဖူးလေသည်။

ဝေ တကယ် ဝဋ်လည်လေပြီလား။

ဝေ အပြောမခံနိုင်သကဲ့သို့ ဥဒါန်းတင်ပြီးသား စကားကိုဝေ အပျက်အစီးမခံနိုင်ပါ။

ထို့ကြောင့် ဒေါက်တာရဲနီနှင့် အဝေးဆုံးကို ရှာဖွေရမည်။

ဝေ တွေ့ပြီ။

မိဘစကား နားထောင်ကာ မောင်မောင်ဇင်ကို လက်ထပ်လိုက်ခြင်းပင်။

သို့မှသာ အိမ်ထောင်သည်ဟူသော လူမှုရေးစည်းကမ်းကဝေ့နှလုံးသားကို ကာရံလိုက်ပေမည်။

ဟုတ်သည်။

ဝေအတွက် ရွေးစရာ ဤနည်းလမ်းပဲ ရှိသည်။

သို့သော်. . .

"ရှင် စဉ်းစားဦးနော်"

ဟူသော မိဆွေအသံနှင့်. . .

မမဦးက ညနေကပင် ထမင်းစားရင်း. . .

"ဝေ့ကို ညီမလို ဖြစ်နေလို့ ပြောရဦးမယ်၊ နှလုံးသား မပါဘဲနဲ့တော့ အိမ်ထောင်တစ်ခုကို လွယ်လွယ်နဲ့ မတည်ဆောက်လိုက်နဲ့"

"ယောကျ်ားဆိုတာ သဝန်တိုတတ်တယ်၊ သူတို့သာ ဘာကြီးဖြစ်ခဲ့ဖြစ်ခဲ့ သူယူတဲ့မိန်းမကျတော့ ကမ္ဘာပေါ်မှာ အသန့်စင်ဆုံးသောမိန်းမ ဖြစ်စေချင်ကြတာ၊ ဒီကြားထဲ မိန်းမကမျှား ရည်းစားဟောင်း ရှိခဲ့ပြီး အဲ့ဒီရည်းစားဟောင်းနဲ့မှား တစ်မြို့တည်းနေ၊ တစ်ရပ်တည်း နေနေတယ်သာ သိရင် အူတိုပြီး အပြစ်ရှာ ရမယ်ရှာ



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆုံးမှာမဟုတ်ဘူး၊ အဲ့ဒီအခါ ဝေ ခံနိုင်ရည် ရှိပါ့မလား၊ အိမ် ထောင်ရေးဆိုတာ လွယ်လင့်တကူ မတည်ဆောက်တာ အကောင်း ဆုံးပါ ဝေ”

ဟု မမဦးကလည်း ဖျောင်းဖျဖူးသည်။

ဘာပဲဖြစ်ဖြစ် ဝေ ရန်ကုန်ပြန်တော့မည်။

လုပ်သက်ခွင့် တစ်လတင်ထားပြီး ဖြစ်နေသည်။

ဝေ ဘယ်ပြောင်း ညာလှူးဖြင့် အိပ်မပျော်နိုင်။

“ဝေ. . . အိပ်မရဘူးလား”

“ဟုတ်ကဲ့ မမဦး”

“ဒီလိုဆို ရွှေဆေးလေး သောက်လိုက်ပါလား”

“ရပါတယ် မမဦး၊ ဝေ အိပ်ဖို့ ကြိုးစားတော့မှာပါ”

“အေး. . . အေး. . ကိုယ်ကျန်းမာ စိတ်ကျန်းမာအောင် ဂရုစိုက်၊ တရားလေး မှတ်ပြီး အိပ်ပေါ့ကွယ်”

ဟု မမဦးက တစ်ဖက်ခန်းမှ လှမ်း၍သတိပေးရှာသည်

သြော်. . . ဝေဒနာထဲမှာ အချစ်ဝေဒနာသည် အင်မတ ဆိုးရွားသော ဝေဒနာတစ်ရပ်ပါလား။ ယခု ဝေကိုယ်တိုင် ခံစားရ သိရှိနားလည်လိုက်လေပြီ။ သို့သော် ထိုဝေဒနာကို ဝေ မခံစားလို

ဝေ ဘာလုပ်သင့်သနည်း။ ဝေ အဖြေရှာ၍ မရပါ။

ဝေ သိနေသည်က ဒေါက်တာရဲနီကို စွန့်ပစ်ရန် နည်းလ ရှာဖွေစဉ်းစားလိုက်တိုင်း ရင်တွင်း၌ ခံရခက်စွာ နာကျင်ပြီး မျ ရည်များက စီးယိုထွက်လျက်ပင်။

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com



# အခန်း(၃၁)

ဝေ ကြောက်လန့်ခဲ့သော မုဆိုးဖို၊ တစ်ခုလပ် အရိပ်မည်း အောက်မှ လွတ်ကင်းနိုင်ရန် ဝေ ဘာလုပ်သင့်သည်ဟု မဆုံးဖြတ်နိုင်သေးမီ. . .

ခေတ္တ ဝေးကွာမှုအတွက်. . .

ဝေ တောင်ငူမြို့ ဘူတာရုံသို့ ခြေချလိုက်သည်။

"နေရစ်တော့ မောင်ရယ်"

ဟု စိတ်တွင်း၌ ဒေါက်တာရဲနီကို ကြေကွဲစွာ နှုတ်ဆက်





လိုက်သည်။

"ရှင့်မှာ ခြင်းတောင်းတစ်လုံးနဲ့ အိတ်တစ်လုံးပဲ မဟုတ်လား မိဝေ"

"အေး. . . သွားလေ၊ ရှင်ပြန်တော့၊ ကျုပ် ရတယ်၊ ရှင့်သမီး နေမကောင်းဘူး မဟုတ်လား၊ ကျေးဇူးပဲ မိဆွေ"

"အေး. . . ကျေးဇူးတင်စကား ပြောရမယ့်သူတွေဆိုတော့ ပြောသာပြော မိဝေ၊ လေဆိုတာ အလကား ရတာ မဟုတ်လား"

ဝေက မချိပြုံး ပြုံးလိုက်သည်။

မိဆွေက ခြင်းကို ကမ်းပေးရင်း. . .

"ရှင့်ကို တစ်ခုတော့ မှာခဲ့ပါရစေ"

ဝေက မိဆွေအား ကြည့်လိုက်သည်။

ဒေါက်တာရဲနီနှင့် ပတ်သက်၍ သူမ တစ်ခုခု ပြောတော့မည်ဟု အတပ်သိသည်။

"ဘာလဲ. . . ပြော"

"ဩော်. . . အချစ်ဟာ ဒုက္ခ သောက အရာခပ်သိမ်းကို နိုးမိုးနိုင်စွမ်း ရှိတယ်ဆိုတာလေးတစ်ခုများ ရှင့်ခေါင်းထဲ ထည့်ဖို့ မေ့နေသလားလို့ပါ၊ အဲ့ဒါလေးလဲ ထည့်၊ နောက်ပြီးတော့ မေတ္တာဆိုတာ အေးချမ်းခြင်း၊ အောင်မြင်ခြင်းနိမိတ်ကို ဆောင်တတ်တယ်ဆိုတာကရော ခေါင်းထဲ ထည့်ဖို့ မမေ့ဖို့ပါ"

ဝေ တွေဝေရပြီ။ မိဆွေ ဘာကို ဆိုလိုသနည်းကို သူမ သိပ်သိသည်။

အချစ်ကြောင့် ဒေါက်တာရဲနီ၌ ကပ်ငြိပါလာသည့် မုဆိုးဖို အဖြစ်ကို မေ့ပစ်ရမည်လား။ မုဆိုးဖိုကို ယူမိသည့် ပြဿနာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသည့် မိဆွေးနှင့် လင်ပါသွားသမီး ပြဿနာ ဒုက္ခအစုံ အလင်ကို ကင်းပျောက်နိုင်စွမ်းရှိအောင် အချစ်က စွမ်းဆောင်နိုင်သည်တဲ့လား။ မီးငယ်အပေါ် မေတ္တာထားပါဟု ဆိုချင်သည်လား။

ဒါတွေအားလုံး ဝေ ခံနိုင်စွမ်းရည် မရှိ၍ ကျောခိုင်းလိုက်သည်ပဲ။ ရှိပါစေတော့။

"ကျုပ်သွားမယ် မိဆွေ"

"အေး. . . အေး၊ ရှင့်ဆုံးဖြတ်ချက်အတွက် မှန်ကန်သော ဆုံးဖြတ်ချက်တစ်ခု ချမှတ်နိုင်ပါစေလို့သာ ကျုပ်တော့ ရင်တထိတ်ထိတ်နဲ့ ဆုတောင်းနေရမှာပဲ"

ဝေ. . မိဆွေကို ကျောခိုင်းကာ ဘူတာရုံစင်္ကြံ ပလက်ဖောင်းပေါ်ရှိ ခရီးသည်များ ထိုင်ရန် အသင့်ရှိနေသော ခုံတန်းလျားလေး၌ ထိုင်ရန် လှမ်းလိုက်သည်။

နေရစ်တော့ မောင်ရယ်။





# အခန်း(၃၂)

"ဝေ"

ဝေ့နှလုံးသား သွက်သွက်ခါအောင် လှုပ်ယမ်းသွားသည်။

လက်ဆွဲအိတ်နှင့် ခြင်းတောင်းကို တင်းတင်းဆုပ်ကိုင်ထားရင်း အသံလာရာဆီသို့ လှည့်မကြည့်မိစေရန် အားတင်းလိုက်ရသည်။

မိမိနှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းနိုင်စွမ်းရှိသူ အသံရှင်၏ လေသံအေးအေးလေးက ထပ်ဆင့်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပေး. . . ပေး၊ မောင်တို့ ကူသယ်ခဲ့မယ်"

ခြင်းရော အိတ်ပါ ဆွဲယူခြင်း ခံလိုက်ရသည်။ 'မောင်တို့' ဟူသောစကားကြောင့် ဝေ့ရင်ထဲ ပို၍တုန်လှုပ်ရသည်။ မကြည့်ပါဘူးဟု အားတင်းထားသည့်ကြားက မောင့်ကို ကြည့်လိုက်မိသည်။

ညှဉ်းသိုးသိုးနှင့် ညှိုးနွမ်းနေသော မောင်က မချိုပြုံးနဲ့အတူ မောင့်လက်မောင်းကို ချိတ်ဆွဲထားသော သမီးလေးကို တွေ့လိုက်ရသည်။ ချစ်စရာ အချောအလှလေးပါလား။ မောင်ကဲ့သို့ပင် အသားက ဖြူဖွေးနေသည်။ မောင်နှင့် တူသည်ဟုပင် ဝေက ကောက်ချက်ချလိုက်မိသည်။

"အဟဲ. . ."

သမီးငယ်က ရယ်ပြသည်။

ဝေ ရုတ်တရက် ကြောင်သွားသည်။ ကလေးမှာ အပြစ်မှ မရှိတာ ဟူသောအသိဖြင့် ဝေက တုံ့ပြန်ပြုံးလိုက်သည်။ ပါးချိုင့်လေးများနှင့် ချစ်စရာ မိန်းကလေးပါတု ဝေ မှတ်ချက်ချလိုက်စဉ် သူကလေးကလည်း. . .

"မေကြီး ပြောလဲ ပြောစရာပဲ၊ မေကြီးက သိပ်လှတာပဲ နော်"

ဝေ့ရင်ထဲ တုန်လှုပ်သွားသည်။ အရေပြားပေါ်ရှိ မွေးညင်းကလေးများ ထောင်ထကုန်လေပြီလားဟုပင် ထင်မှတ်လိုက်ရသည် အထိ ကြက်သီးဖြာသွားရသည်။

သူမ၏ဆိုးဆေးမတင်ထားသည့် ပင်ကိုအရောင်ရဲရဲ နှုတ်ခမ်းနီထွေးထွေးထံမှ 'မေကြီး' ဟူသော အသုံးအနှုန်းသည် ဝေ၏ တုန်လှုပ်မှုကို နှိုးဆွလိုက်လေသည်။





"ဝေ လက်ထပ်တော့မှာပေါ့နော်"

မောင်ထံမှ တိုးတိတ်ညင်သာသော အမေးကြောင့် ဝေ ဘာဖြေရမှန်းပင် မသိတော့။ မောင် ထင်ချင်သလို ထင်ပါစေတော့ သတင်းကလည်း မောင့်နားသို့တောင် ရောက်သွားပါပြီကော။ မောင့်ကို သနားစိတ်ကလေးက အသည်းတစ်နေရာ၌ ပုန်းအောင်းနေရာမှ ခေါင်းပြူ နိုးထလာသဖြင့် မောင့်အား ကြည့်လိုက်မိသည်။

မုတ်ဆိတ်၊ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးတို့ မရိတ်သည်မှာ ကြာပြီဖြစ်၍ ကျိုးတို့ကျဲတဲ ပေါက်နေသောကြောင့် ညှဉ်းသိုးသိုး ဖြစ်နေသော မောင်။ အင်္ကျီကြယ်သီးကို စုံအောင်မတပ်နိုင်သဖြင့် အင်္ကျီစ အကုန်လုံး ပုဆိုးထဲ ဝင်အောင် မထည့်သွင်းနိုင်သဖြင့် အင်္ကျီစသည် ခါးကြားမှ ဖိုသီဖတ်သီ ထိုးထွက်နေသော မောင့်ကို ဝေ အကဲခတ်မိသောအခါ ရင်၌ ထိရှနာကျင်သွားသည်။

အမြဲတစေ သေသပ် သန့်ရှင်းနေတတ်သောမောင်သည် အချစ်ကြောင့် ပြောင်းလဲခြင်းတွေ ဖြစ်ပေါ်နေရရှာပါလားဟု ဝေ သဘောပေါက်မိလိုက်သည်။

"ဝေရယ်. . . အပြစ်ရှိတယ်လို့ ယူဆထားပြီး မောင့်အပေါ် ဝေ ချမှတ်လိုက်တဲ့ ပြစ်ဒဏ်က သိပ်ကို မကြီးမားလွန်းဘူးလား ဝေ"

မောင့်စကားကို မကြားရက်ပါ။ မောင့်ကို မကြည့်ရက်၍ တစ်ဖက်သို့ မျက်နှာလွှဲလိုက်တော့. . .

ဝေ့အကြည့်သည် မောင့်သမီးငယ်ထံသို့ ရောက်ရှိသွားလေသည်။

မီးငယ်၏အကြည့်က ဝေ့ကိုတစ်လှည့် သူမ၏ဖခင်တို



www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်နှင့် မျက်နှာလေး ညှိုးနွမ်းနေရှာသည်။

ထိုအခါ ဝေ့ရင်ထဲ၌ သူမအတွက်ပါ ဝေဒနာသစ်လေး တစ်ခု ထပ်မံတိုးလာရသည်။

သူမသည် ဝေ့အား မိခင်အဖြစ် လိုလားနေသူလေးပါလား ဟု ဝေ အလိုလို သိလိုက်ရလေပြီ။

"မေကြီး"

ဝေ့လက်ကို အသာဆွဲကိုင်ပြီး မဝံ့မရဲ ခေါ်လိုက်သောအခါ ဝေ့ရင်ထဲ အမည်ရှုတ်တရက် တပ်၍မရသော ဝေဒနာတစ်ခု ထပ်မံဖြစ်ထွန်းသွားပြန်သည်။

"ဖေကြီးနဲ့မေကြီး ယူရင်လေ. . . မီးငယ် မေကြီးတို့ကို အနှောင့်အယှက် မပေးပါဘူး၊ ဖေကြီးကို ယူလိုက်ပါ မေကြီးရယ်၊ မီးငယ်လေ. . ဟို. . ဟို. . အဆောင်မှာပဲ နေဆို နေပါ့မယ်"

"မီးငယ်"

မောင့်ထံမှ အသံသည် မချိတင်ကဲ ထွက်ပေါ်လာသကဲ့သို့ ဝေ့နှုတ်ဖျားမှလည်း 'အို' ဟူသော အာမေဍိတ်သံနှင့်အတူ ဝေ့တစ်ကိုယ်လုံး ကျဉ်ခနဲ ခံစားလိုက်ရသည်။ ထိုခံစားချက်ကို သိလိုက်သည်။ ရင်နှင့်အောင် သနားကြင်နာသွားမိသည့် ကရုဏာစိတ်ကလေးဟု။

မောင်က သူ့သမီးငယ်ကို စိတ်ထိခိုက်စွာဖြင့် ပခုံးလေးကို ဖက်ငင် ဟန့်တားလိုက်ရှာသည်။

"မီးငယ်. . . ဘာမှ ထပ်မပြောပါနဲ့ ကလေးရယ်"

မောင့်ကို မီးငယ်က ပြန်ဖက်ရှာသည်။ သူမ၏မျက်ဝန်း၌ မျက်ရည်စီးကြောင်းကလေး ဖြစ်ထွန်းလာသည်။





မောင့်မျက်နှာ ပို၍အိုဆင်းသွားလေသည်။ မောင် ခံစားရရှာပေမည်ပေါ့။ မီးငယ်သည် သူ၏ဘဝ၊ သူ၏ကမ္ဘာ။ ပြီးတော့ သူ၏သွေးသားအရင်းပေပဲ။ ဝေတောင် မီးငယ်လေးရဲ့စကားကြောင့် သူမအပေါ် ကရုဏာစိတ် ဖြစ်ထွန်းလာသည်ပဲ။ သို့သော် ဝေ့စိတ်ထဲ၌ မီးငယ်အား မေးခွန်းထုတ်နေမိသည်။ 'မီးငယ် ဒီစကားမျိုး တစ်သက်လုံး ပြောနိုင်ပါ့မလား' ဟု။

"ဆောရီး ဝေ"

မောင် ဘာအတွက် တောင်းပန်တာလဲဟု ဝေ မသိပါ။ သို့သော်. . .

"မီးငယ်က ဝေ့ကို သိပ်တွေ့ချင်တယ် ပူဆာလွန်းလို့ မောင်လဲ နောက်ဆုံးတွေ့ပါစေတော့လို့ ခေါ်လာခဲ့မိတာပါ။ နောက်ဆိုရင် ဝေနဲ့ တွေ့ဆုံနိုင်ဖို့က ခဲယဉ်းသွားမှာဆိုတော့ မောင် ခေါ်လာခဲ့မိတယ်၊ ဒီအတွက် ဝေ အနှောင့်အယှက်ဖြစ်သွားရတာ ခွင့်လွှတ်ပါဝေ၊ မောင် တောင်းပန်ပါတယ်"

"ဖေကြီးနော်. . . မေကြီးကို ဒါမဲ့ တောင်းပန်မှာလား"

"မီးငယ်. . ."

"ဒီလိုဆို ဖေကြီး ညညမအိပ်ဘဲ အရက်တွေချည်း ထိုင်သောက်နေပြီး မူးမူးနဲ့ တစ်ဝေတည်း ဝေမနေနဲ့နော်"

မီးငယ်က မျက်ရည်ကြားက အဖေကို ပြောလိုက်တယ်။ မောင် မျက်စိမျက်နှာပျက်သွားပြီး ဝေ မောင့်ကို ကြည့်လိုက်တော့ သူခိုး လူမိသွားတဲ့ဟန်နဲ့ မောင်က. . .

"လူလိမ်လူညာ မုဆိုးဖိုဆိုတဲ့ ဘွဲ့ထူးအပြင် အရက်သမားဆိုတဲ့ဘွဲ့ထူးပါ တိုးလာအောင် မပြောပါနဲ့ မီးငယ်ရဲ့. . . မောင့်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင် ကုစားရင်း သောက်မိတာပါ၊ နောက် မသောက်တော့ပါဘူး၊ မီးငယ်လေးလဲ အန်တီဝေ စိတ်မကောင်းဖြစ်အောင် ဘာမှ ထပ်မပြောပါနဲ့နော် မီးငယ်၊ ဖေကြီး တောင်းပန်ပါတယ်"

"ဟင့်အင်း. . . ဟင့်အင်း. . . မီးငယ်လဲ မေကြီးကို ချစ်တယ်၊ ဖေကြီးလဲ ချစ်တယ်မဟုတ်လား၊ လာ. . အချိန်မရတော့ဘူး၊ မေကြီးကို ဆွဲပြေးရအောင်"

မီးငယ်က လှုပ်လှုပ်ရှားရှားနဲ့ ဝေ့လက်ကို ဆွဲပြီး တဇွတ်ထိုးလေသံနဲ့ ပြောလိုက်ရာ ဝေမှာ ငိုချလိုက်ချင်စိတ်ပင် ပေါက်သွားရသည်။

"တိတ်စမ်း မီးငယ်"

မောင်က လေသံအနည်းငယ်မာမာနှင့် သူ့သမီးငယ်ကို ဟန့်တားလိုက်ရာ မီးငယ်လေး၏မျက်နှာလေးသည် သေးငယ်သွားလေသည်။

ဝေမှာ ဘာပြောရမှန်းမသိ။ ကျောက်ဆစ်ရုပ်ဖြစ်လျက် နှလုံးသားပါ ကျောက်သားဖြစ်သွားလျှင် ကောင်းမည်။ သို့သော် နှလုံးသားကတော့ တုန်လှုပ်လျက်။ စောစောက ချမှတ်ထားခဲ့သော ဆုံးဖြတ်ချက်တို့သည် မှေးမှိန်လာသည်။

သားအဖနှစ်ယောက်၏ပရိယာယ်တွေကြား၌ ဝေ၏နှလုံးသား ပြောင်းဆန်နေရသည်။

မီးငယ်ဟာ ဝေ့အား တကယ်လိုလားခြင်း ဖြစ်မှာပါ။ ဟုတ်နိုင်ပါ့မလား။

ဝေ သားအဖနှစ်ယောက်နှင့် အဝေးဆုံးနေရာသို့ ပြေးထွက်သွားချင်စမ်းပါဘိ. . . ဟု တွေးရင်း ဝေ့ စိတ်တို့သည် ယောက်





ယက်ခတ်လျက်။

နောက်ဆုံး ရပ်တည်ခြင်းကိုပင် ဆက်လက် မထိန်းနိုင်တော့သဖြင့် ခုံတန်းလျားလေးပေါ်၌ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

ရင်တွင်း၌ ရေရွတ်လိုက်သည်။

"ဝေ့ကို နှိပ်စက်နေကြတာလား" ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၃)

ဝေ့ကို ကြည့်ပြီး ဒေါက်တာရဲနီ ရင်ထဲ၌ ခံရခက်သော ဝေဒနာတစ်ရပ် ခံစားလိုက်ရသည်။

မီးငယ်ပြောသကဲ့သို့ပင် ဝေ့အား အတင်းဆွဲယူ ပွေ့ချီပြီး ထွက်ပြေးချင်စိတ်ရိုင်းများပင် ပေါ်ပေါက်လာသည်။

မီးငယ်က ဝေ့ဘက်၌ သွားကပ်ထိုင်လိုက်သည်။ ထိုအခါ ဆတ်ခနဲ ဝေ တုန်ခါ၍သွားသည်ကိုပင် ဒေါက်တာရဲနီက ကရုဏာသက်မိသည်။





ဝေက သူ့အား မော့ကြည့်ပြီး တစ်ခုခုပြောရန် အားယူလိုက်သည်။

နှုတ်ခမ်းသားလေးများသာ တဆတ်ဆတ် တုန်ခါလာသည်။ အသံက ရုတ်တရက် ထွက်ပေါ်၍ မလာချေ။ အတန်ကြာမှ

"ကျေးဇူးပြုပြီး ဝေ့ကို သနားပါ မောင်"

ထစ်ငေါ့တုန်ယင်နေသော ဝေ့အသံ ဝေ့စကားသည် ဒေါက်တာရဲနီ၏နှလုံးသားကို ဓားဖြင့် မွှန်းလိုက်သည့်နှယ် ဖြစ်သွားကြောင်း ဝေကတော့ သိမည်မထင်။

"မောင်တို့သားအဖ အမြန်ဆုံး ပြန်ကြပါတော့"

ဒေါက်တာရဲနီက ရင်နာနာဖြင့် ပြုံးကာ ခေါင်းခါလိုက်သည်။ ဝေ့ကို ချစ်တဲ့စိတ်ကြောင့် အရာရာကို လက်မြှောက်အရှုံးပေးခဲ့ပါသည်။ ခုအချိန်လေးမှာတော့. . .

"ဒီလောက်အထိတော့ မရက်စက်ပါနဲ့ ဝေ၊ ဝေ့ကို အခုမပြောနဲ့၊ တစ်သက်လုံး ထားသွားနိုင်ဖို့ဆိုတာ မောင်တို့က စဉ်းစားမှာ မဟုတ်ဘူး၊ ဝေသာ မောင်တို့ကို စွန့်ခွာသွားတာ၊ ဒီတော့ ဝေ့စွန့်ခွာမှုကို မောင်တို့က ရင်အကွဲခံပြီး လာနှုတ်ဆက်နေကြတာပါ"

ဝေ့မျက်ဝန်း၌ မျက်ရည်များ သိုင်းဖွဲ့လာသည်။ သို့သော် ထိုမျက်ရည်များ မကျဆင်းစေရန် ဝေက မာန်တင်း၍ မျက်တောင်တို ပုတ်ခတ်သိမ်းဆည်းနေလေသည်။

"ဒါပေမယ့် နောက်ဆုံးမျှော်လင့်ချက်ကလေး မောင်တို့မှာ ရှိနေတယ် ဝေ၊ အဲ့ဒါဘာလဲ သိလား၊ ဝေ ရဲထားပေါ်ပါသွားမှ ဖြော်. . . ဝေဟာ ငါတို့သားအဖကို အပြီးတိုင် စွန့်ခွာသွားတာပါ



www.burmeseclassic.com

www.burmeseclassic.com



လားလို့ မောင်တို့ ယုံကြည်လိုက်တော့မယ်၊ အခု တဒင်္ဂလေးမှာ တော့ ဝေဟာ မောင်တို့ကို ခွဲမသွားသေးဘူးဆိုတဲ့ မျှော်လင့်ချက် ကလေး ခံယူထားချင်လွန်းလို့ လာခဲ့တာပါ ဝေ၊ မောင်တို့ နေပါရစေ၊ ဆက်မနှင်ပါနဲ့ဗျာ"

သူ၏တောင်းပန်မှုစကားအဆုံး၌ ဝေ ခေါင်းငုံ့လိုက်သည်။ ထိုအခါ သူမပါးပြင်ပေါ်မှ မျက်ရည်စက်တို့သည် ခုန်ဆင်းသွားလေ သည်။

ဒေါက်တာရဲနီ နားလည်လိုက်ပါပြီ။

ဝေသည် အစွဲအလမ်း သိပ်ကြီးသည်။ မုဆိုးဖိုဟူသော အစွဲအလမ်းကြောင့် သူ့အား ချစ်လျက်နှင့် ခွဲခွာသွားရန် ကြိုးပမ်း နေခြင်းဖြစ်သည်။

အကယ်၍ သူမအစွဲအလမ်းကို ဖျက်ပေးလိုက်မည်ဆိုပါက

ဒေါက်တာရဲနီ ရင်ထဲ နင့်ခနဲဖြစ်သွားရသည်။

မီးငယ်လေးက ဝေ့မျက်နှာကို ကြည့်ကာ မျက်ရည်လေး ရစ်ဝဲလျက် မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ် ဖြစ်နေရှာသည်။

ရှိပါစေတော့ ဝေ။

သူ့အနေဖြင့် 'မောင်ဟာ မုဆိုးဖို မဟုတ်ပါဘူး ဝေ' ဟူ၍ အစချီသော ဝေ့အစွဲအလမ်းကို ပျက်ပြယ်စေနိုင်သည့်အပြောမျိုး ဘယ်တော့မှ ပြောလိမ့်မည် မဟုတ်ချေ။

ဝေ ချစ်လျှင် မုဆိုးဖို ဒေါက်တာရဲနီကိုပဲ လက်ထပ်ဖို့ ကြိုးစားပါစေဟု ဒေါက်တာရဲနီကလည်း ဆုံးဖြတ်ချက်ကို အခိုင် အမာ ချထားပြီးဖြစ်သည်။

မျက်ရည်တွေ ကျဆင်းနေတဲ့ကြားက ဝေဟာ မာန်တင်းပြီး





သူမနှလုံးသားကို သူမ ဆုံးမနေပုံရသည်။ နှုတ်ခမ်းကို တင်းနေ အောင် စေ့ထားပြီး မာန်တင်းခံနေသည်။

မီးငယ်လေးက ဝေ့အား ကြည့်နေရာမှ သူ့အား အားကိုး တကြီး မော့ကြည့်လိုက်ရှာသည်။

ဒေါက်တာရဲနီ ရင်ထဲ နင့်ခနဲဖြစ်သွားပြီး သူကလေးအား အားပေးအပြုံး ပြုံးပြလိုက်သည်။

ကမ္ဘာမီးလောင် သားကောင်ချနင်း ရသည်ဆိုသော်လည်း သူ့အနေဖြင့် နှလုံးသားကိုသာ မီးအလောင်ခံလိုက်မည်။ သမီးငယ် ၏နှလုံးသားကို ဘယ်သောအခါမှ ချနင်းလိမ့်မည် မဟုတ်ချေ။

ဒေါက်တာရဲနီကတော့ ယောက်ျားရင့်မာကြီးစိတ်ဖြင့် အားတင်းကာ ရင်တည်နိုင်စွမ်း ရှိနေသေးသည်။

ဝေနှင့်မီးငယ်ကတော့ မျက်ရည်ကလေးကိုယ်စီဖြင့် ခုံတန်း လျားလေးပေါ်၌ ထိုင်လျက်။

ရထားကလည်း ပုံမှန်ဆိုလျှင် မကြာခင် ရောက်လာတော့ မည်။

ဒေါက်တာရဲနီ သက်ပြင်းချလိုက်သည်။

"ဝေရယ်. . . မောင်တို့ကို မထားရစ်ရင်လဲ ထားမသွားပါ နဲ့လား"

ဟု ရင်တွင်း၌လည်း တောင်းပန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၄)

နန္ဒာရဲနီ ရင်ထဲ၌ တစ်ခုခုကို ရှာဖွေလိုက်သည်။

သူမ သိပ်သနားမိသည်က သူမ၏ဖေကြီးပင်။

ဖေကြီးရယ်. . .

ဖေကြီးကို မီးငယ် သနားလိုက်တာ။

မီးငယ် ဖွင့်ပြောချင်လိုက်တာ ဖေကြီးရယ်။

မီးငယ် တစ်ခုခု ပြောလိုက်ရင် ဖေကြီးရင်ကွဲရှာလိမ့်မယ်။ အဲဒါက ဘာလဲဆိုရင်. . . .





'မီးငယ်ဟာ ဖေကြီးသမီးအရင်း မဟုတ်ပါဘူး၊ ဖေကြီးဟာ လူယုံစစ်စစ်ပါ' ဆိုတာကိုပါ။ အဲသည်စကားသာ ဖေကြီး ကြားလိုက်ရင် အခု ဖေကြီးခံစားနေရတဲ့ ဝေဒနာတွေထက် ဆထက်ထမ်းပိုး တိုးပြီး ခံစားရရှာလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ ဖေကြီးက မီးငယ်ဟာ 'ဖေကြီး သမီးအရင်း မဟုတ်ဘူးဆိုတာ မသိရှာဘူး' လို့ ခံယူထားပြီး မီးငယ် ဒုက္ခမှန်သမျှကိုလည်း အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး ခါးစည်းခံခဲ့ရရှာတဲ့ ဖေကြီးရဲ့မေတ္တာ အံ့မခန်း ကြီးမားလွန်းလှပါတယ်။ မီးငယ် ဆယ်သက် ဆယ်ကမ္ဘာ ဆပ်မကုန်နိုင်ပေမယ့် အခု ဆပ်ချင်နေတယ်။

မီးငယ် ဖေကြီးစိတ်ချမ်းသာမှုအတွက် တစ်ခုခု လုပ်ပေးချင်နေတယ်။

မီးငယ် မေကြီးကိုလည်း သဘောပေါက်မိတယ်။ နားလည်တယ်။ အချစ်ကို တန်ဖိုးထား သိမ်းဆည်းခဲ့ပြီးခါမှ ဖေကြီးနဲ့ တွေ့တော့ အချစ်ပေးမိတယ်။ ဖေကြီးက မုဆိုးဖိုဖြစ်နေကြောင်း လွန်ခါမှ သိရတော့ မေကြီးရဲ့နှလုံးသားက ကျွမ်းနေပြီ။ ဒါပေမယ့် အပျိုဂုဏ် ပညာဂုဏ်နဲ့ မိန်းမသားမာနနဲ့ မေကြီးက မုဆိုးဖို မလိုချင်ဘူး။ မိထွေးဂုဏ်ပုဒ် မလိုချင်ဘူး။ ဒါတွေလည်း မီးငယ် နားလည်သည်။

အတွေးများသည် နန္ဒာရဲနီ၏ဦးနှောက်၌ ယောက်ယက်ခတ်နေသည်။

မီးငယ် ဘာလုပ်သင့်သလဲ။

မီးငယ်နဲ့ဖေကြီးရဲ့ အဖြစ်မှန်ကို ဖွင့်ဟလိုက်တာနဲ့ မေကြီးဟာ ဖေကြီးကို လက်ခံမှာပါ။ ဖေကြီးရယ်. . . ဖွင့်ပြောလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မီးငယ်ကို မငဲ့ပါနဲ့၊ မီးငယ် နားလည်ပါတယ်။ မီးငယ်ကို ဖေကြီးက မသိဘူး ထင်နေ၊ ဖေကြီးရဲ့ညီ သူငယ်ချင်း ဦးအတာက အားလုံး ပြောပြလို့ မီးငယ် သိပြီးနေပါပြီလို့ ပြောလိုက်ရမလား။

ဒါလည်း မဖြစ်သေးပါဘူး။

အင်း. . . ဖေကြီးကတော့ မီးငယ်အတွက် သူသာ ရင်ကွဲနာ အကျခံလိုက်မည်။ တစ်သက်လုံး မီးငယ် မသိဘူး ထင်ထားသည့် လျှို့ဝှက်ချက်ကို ဖွင့်ပြောမည့်ပုံ မရှိ။

မီးငယ် ဖေကြီးရဲ့မေတ္တာကို တန်ဖိုးထားပြီး ဖေကြီးလျှို့ဝှက်ချက်ကို မသိဟန်နှင့် စောင့်ထိန်းသင့်သည်။

ဒါပေမယ့် မီးငယ် ဖေကြီးအတွက် တစ်ခုခုတော့ ဆောင်ရွက်ပေးသင့်သည်။

မီးငယ် မေကြီးကို ဖွင့်ပြောလိုက်မည်။ သို့သော် ဖေကြီး မသိအောင် မေကြီးကို ပြောပြနိုင်မှ ဖြစ်မည်။

ဒါပေမယ့် 'ဖေကြီးကိုတော့ မီးငယ် ပြောတာတွေ ပြန်မသိပါစေနဲ့ မေကြီးရယ်၊ ဖေကြီး သိပ်စိတ်ထိခိုက်သွားမှာစိုးလို့ပါ' လို့ မေကြီးကို ပိတ်ထားရမည်။

ဟုတ်ပြီ။

နန္ဒာရဲနီက ဆတ်ခနဲ ထ,လိုက်သည်။

"မေကြီး"

ဝေက တုန်လှုပ်သွားသည်။

"မေကြီး. . . မီးငယ် အိမ်သာတက်ချင်လို့ ခဏလောက် လိုက်ပေးပါနော်"

ဒေါက်တာရဲနီက. . .





"ဟာ. . . မီးငယ်ကလဲ ဖေကြီးလိုက်ပို့ပေးမှာပေါ့၊ ဝေ့ကို ဒုက္ခမပေးပါနဲ့"

"အို. . . ဖေကြီးက ပစ္စည်းခဏစောင့်ပေးပါ၊ မီးငယ် မေကြီးနဲ့ပဲ သွားမယ်"

ဒေါက်တာရဲနီ၏ဘုမသိ ဘမသိ တားမြစ်ချက်ကြောင့် နန္ဒာရဲနီက လျင်မြန်စွာ ဖြေပြီး ဝေ့လက်ကို ဆွဲလိုက်သည်။

ဝေကလည်း ထ,ပြီး ဖြစ်ကာ. . .

"ရပါတယ်. . . ဝေ လိုက်ပို့ပါမယ်၊ လာ. . . မီးငယ်"

ဟု ပြောကာ မီးငယ်လက်ကို ဆွဲလိုက်လေသည်။

ဒေါက်တာရဲနီကတော့. . .

"မီးငယ်ကတော့ကွာ. . . သွားလေရာ အရာရာနဲ့ အကြောင်းကြောင်း"

ဟု ဝေ့အား အားနာသဖြင့် ညည်းညူလိုက်သည်။

နန္ဒာရဲနီကတော့ ဝေ့လက်ကို တင်းတင်းဆုပ်ကိုင်ကာ ဝမ်းသာသွားသည်။ ဝေ့အား မိခင်ရင်းသဖွယ် နန္ဒာရဲနီ ချစ်သွားလေပြီ။ မိခင်စိတ်တွေ ဝေ့နှလုံးသားမှာ အပြည့်ရှိနေသည်ဟု ယုံကြည်သွားသည်။

ထိုအချိန်မှာပင်. . .

"မကြာမီ အချိန်အတွင်း၌ အမှတ်ဆယ့်နှစ် အစုန်ရထားသည် စကြိုအမှတ်တစ်သို့ ဆိုက်ရောက်ပါတော့မည်"

နန္ဒာရဲနီ မျက်နှာပျက်သွားသည်။ ဟစ်အော်၍ ငိုချင်စိတ်ပင် ပေါ်ပေါက်လာသည်။

ဒုက္ခပါပဲ. . . မီးငယ် ဘာလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ငှေ့လက်ကို ဆွဲလျက် ကျောက်ဆစ်ရုပ် ဖြစ်သွားသည်။

ဒေါက်တာရဲနီကလည်း ငှေ့ပစ္စည်းများကို ကောက်ကိုင်ပြီး ငှေ့အား တောင်းပန်တိုးလျှိုးသော၊ လွမ်းဆွတ်တမ်းတသော၊ ဝမ်းနည်းကြေကွဲသော မျက်လုံးအစုံဖြင့် ကယောင်ချောက်ချား ငေးကြည့်နေသည်။

နန္ဒာရဲနီမျက်ဝန်း၌ မျက်ရည်များ လျှံလာသည်။

"ဒုက္ခပဲ. . . ဖေကြီး. . . မေကြီးကို ဆွဲပြေးပါလား၊ ဘာလုပ်နေတာလဲ"

ဟု ရင်တွင်းစကားကြောင့် နှုတ်ခမ်းလေးများပင် တုန်လာသည်။

ဇေ၏မျက်နှာမှာ ဖွေးဥသွားပြီး နှုတ်ခမ်းလေးများ လှုပ်ခါကာ တစ်ခုခုပြောရန် အားယူနေသည်။

"ဘာလဲ မေကြီး"

"သွားတော့မယ်လား" ဟု နန္ဒာရဲနီက တွေးကာ. . .

"ဟင့်အင်း. . . ဟင့်အင်း၊ မေကြီး မသွားရဘူး' ဟု ငိုယိုကာ တားဆီးလိုက်မိသည်။





# အခန်း(၃၅)

"မီးငယ်. . . တိတ်"

မောင်က မီးငယ်ကို ဟန့်တားလိုက်ပြီး. . .

"ဝေ. . အပ်ပါးတွဲနော်၊ လာ. . ရှေ့နားမှာ၊ သွားရအောင်"

တုန်ခါနေသော မောင့်အသံဟာ ငှေ့နားထဲ မိုးကြိုးပစ်ခွင်းလိုက်သလိုပါပဲ မောင်။

ပစ္စည်းတွေကို ဆွဲပြီး ခြေလှမ်းပြင်နေသော မောင့်ကို ကြည့်ပြီး ငှေ့ခံစားချက်သည် ပြောင်းလဲသွား၏။ မောင့်ကို တရှုတာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါသော ဖြစ်မိသည်။

သွားစေချင်ပြီလား။

ဘာခံစားချက်မှ မရှိတော့ဘူးလား။

ရှင့်အသည်း မာလှချည်လား။

"မေကြီးရယ်. . . မသွားပါနဲ့၊ မီးငယ်လေ. . မီးငယ်"

မီးငယ်လေးက ဝေ့လက်ကို တင်းတင်းဆွဲကာ သူမပါးနှင့်အပ်ပြီး ငိုနေလေပြီ။

"မီးငယ်"

မောင်က မီးငယ်ကို ထပ်မံဟန့်တားပြီး ဝေ့ကို တွယ်ကပ်ထားသော မီးငယ်အား သူ့ထံသို့ ဆွဲခေါ်လိုက်သည်။

ဝေ အံ့သြရသည်။

ဝေ မသွားနိုင်စေရေးအတွက် မောင်ရော ကြိုးပမ်းသင့်နေသည့်အချိန်ပဲ။ ခု မောင့်ကို ဝေ ဘယ်လိုနားလည်ရမည်နည်း။ မောင့်ကို ကြည့်လိုက်ပြန်တော့လည်း. . .

ဝေဒနာမျက်ဝန်းနဲ့ပါ။

အဲသည် ဝေဒနာမျက်ဝန်းကို ဖီလာပြုပြီး မောင့် ပြုမူပြောဆိုပုံတွေဟာ ဝေ့ နှလုံးသားကို တမင်နာကြည်းစိတ် ဝင်သွားအောင် ဖန်တီးနေခြင်းလား။

"ရထားဝင်လာပြီ၊ အတက်အဆင်း ခက်မယ်၊ ကြာကြာရပ်တာ မဟုတ်ဘူး၊ လာ. . ဝေ. . မြန်မြန်"

မောင်ကတောင် ပြောရက်မှတော့ ဝေကလည်း သွားရက်ရမှာပေါ့ဟု တွေးကာ အောက်နှုတ်ခမ်းကို ခပ်နာနာ ဖိကိုက်၍ စီးကျလာမည့် မျက်ရည်များကို တားဆီးရင်း ကျောက်သားဖြစ်နေ





သော ခြေအစုံနဲ့ အားသွန်လှမ်းလိုက်တယ်။ တဒင်္ဂအတွင်း ဝေဘာဖြစ်သွားတယ် မသိလိုက်ဘူး။ ပတ်ဝန်းကျင်တစ်ခုလုံး မမြင်တော့ဘူး။ မျက်လုံးတွေ ပြာဝေသွားတယ်။

"ဝေ. . . ဝေရယ်"

ဝေ့လက်မောင်းကို တင်းတင်းဆုပ်ပြီး မောင် လိုက်ခဲ့တယ်။

အဲသည်အချိန်မှာ ခရီးသည်တစ်ဦးရဲ့တိုက်လိုက်တဲ့အရှိန်ကြောင့် ဝေဟာ ယိုင်ထိုးသွားတယ်။

"ဝေ"

မောင်က အချိန်မီ လိုက်ထိန်းလိုက်တယ်ဆိုတာ ဝေ သိလိုက်ပြီးအချိန်မှာ ဝေ့တစ်ကိုယ်လုံးဟာ မောင့်ရင်ခွင်ထဲ ရောက်နေတယ်။

ကြည်မွေ့စွာ နားခိုခဲ့ဖူးသော ချစ်သူမောင့်ရင်ခွင်ကြီးကို ခင်တွယ်ခဲ့သည်။ ရင်ခွင်ကြီးအဖြစ် ဝေ ဘာဖြစ်၍များ နားမခိုနိုင်ရပါရသနည်း။ မောင့်ရင်ခွင်နှင့် အဝေးခံနိုင်ပါ့မလား။

မောင့်လက်တစ်ဖက်နဲ့ စုပြုကိုင်ထားတဲ့ ဝေ့ခြင်းတောင်းနဲ့ အိတ်ဟာ ပြုတ်ကျသွားတယ်။ မောင့်လက်နှစ်ဖက်က ဝေ့ကို လွတ်ထွက်သွားမှာစိုးသည့်အလား တင်းတင်းကျပ်ကျပ်။

ဝေတို့ ပတ်ဝန်းကျင်ကို တဒင်္ဂ မေ့သွားကြသည်။

"မသွားပါနဲ့တော့ ဝေရယ်"

"မောင်တို့သားအဖကို သတ်ပြီးမှ သွားပါ ဝေ"

"ဝေ့လက်ထဲ မောင်တို့သားအဖ ဘဝကို အပ်ပါတယ်"

"မောင် ဝေ့ကို အဆုံးရှုံးမခံနိုင်တော့ဘူး"

"ဝေ့ကို မောင့်အသက်လို မြတ်နိုးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်တို့ကို ထားမသွားပါနဲ့"

မောင့်ရဲ့လေသံနွေးနွေးလေးတွေဟာ ဝေ့နားကို တိုးခတ်နေတယ်။ ပြီးတော့ ဝေ့ နှလုံးသားတိုင်အောင် တိုးဝင်လာပြီ မောင်။ မောင့်ရဲ့ကြေကွဲမှု မျက်ဝန်းနဲ့ တောင်းပန်မှုဟာ ဝေ့နှလုံးသားကို အရည်ပျော်ကျစေပါပြီ မောင်။

"တူ. . . တူ. . . တူ. . . တူ"

ဥသြဆွဲသံရှည်ကြီးနဲ့အတူ ဘီးလှိမ့် ရွေ့လျားစပြုနေတဲ့ ရထားကြီးကို ဝေ မောင့်ရင်ခွင်က ရုန်းထွက်ပြီး ကြည့်လိုက်တယ်။

ရထားကြီးက ဝေဝါးနေတယ်။

သွားပြီ။ ဝေ့ မိဘဆွေမျိုး အသိုက်အဝန်းကတော့ စိတ်ဆိုးကြတော့မည်။ ဒါလည်း ခဏပါပဲလေ။ ဒေါ်ဒေါ်ဒေါင်း၊ ဒေါ်ဒေါ်ငယ်၊ မမကြီးတို့တုန်းကလည်း သည်အတိုင်းပဲ။ နောက်တော့လည်း တစ်မျိုးလုံးက ခွင့်လွှတ်လိုက်လျော့ရသည်ပဲ။

ဝေ့ ကိုလည်း ခွင့်လွှတ်ကြပါ။ ဒါပေမယ့် ဝေ ထင်ပါတယ်။ ဝေကတော့ မမကြီးတို့လို ခံစားရမှာ မဟုတ်ပါဘူး။ မောင်ဟာ ဝေ ကြောက်လန့်တဲ့ မုဆိုးဖို တစ်ခုလပ်တို့ရဲ့အရိပ်ဆိုးမှာ မပါနိုင်ပါဘူး။ မောင်ဟာ မေတ္တာတရား ကြီးမားသူ တစ်ယောက်ပါ။ ဝေ့ကို မောင်တို့သားအဖဟာ စိတ်ချမ်းသာမှုကို ပေးဆပ်လိမ့်မယ်လို့. . .

"ကျေးဇူးတင်လိုက်တာ ဝေရယ်"

ပြည့်စုံသွားတဲ့ အပြုံးလက်လက်တောက်တောက်နဲ့အတူ မောင်ဟာ ဝေ့လက် ချိတ်ဖို့ ညာဘက်ကို ကွေးပေးတယ်။

"မောင်ရယ်"

ဝေက ရွှင်လန်းစွာ ပြုံးပြလိုက်တယ်။





တစ်ယူသန် စွဲလမ်းမှု လောင်းရိပ်မည်းကြီးအောက်က လွတ်ကင်းလာတဲ့ ဝေ့နှလုံးသားက လွတ်လပ်သော ရင်ခုန်သံတွေနဲ့အတူ ဝေ့ရဲ့ဘယ်လက်နဲ့ မီးငယ်လေးရဲ့ပခုံးလေးကို သိုင်းဖက်လိုက်မိတယ်ဆိုရင်ပဲ. . .

နှလုံးသားက ယိုစီးလာတဲ့ စိမ့်စမ်းမေတ္တာရေအလျဉ်ဟာ ဝေ့တစ်ကိုယ်လုံးရှိ အကြောပေါင်းတစ်ထောင်ကို ပျံ့နှံ့စိမ့်ဖြာစေတယ်။

"မေကြီးရယ်. . . မီးငယ် အရမ်းပျော်သွားပြီ၊ မီးငယ်မှာ အဖေနဲ့အမေ ပြည့်စုံသွားပြီနော်"

"အို. . . မီးငယ်လေးရယ်"

ရင်မှာ နင့်ခနဲ ခံစားလိုက်ရပြီး ကျေနပ်မှု ပီတိလေး ဖြစ်ပေါ်လာတယ်။ မိခင်နှလုံးသား၏ပီတိဆိုတာ ဒါမျိုးပဲ ထင်ပါသည်။

သြော်. . . မိခင်စိတ်ဆိုသည်မှာ မိမိ ရင်နှစ်သွေးသားတော်စပ်သော်လည်း ကြင်နာတတ်သော မိန်းမသားတိုင်း၏ နှလုံးသား တစ်နေရာ၌ အလိုအလျောက် ကိန်းဝပ်နေတတ်ကြောင်းတည်း။

ပြူလဲခင်



www.burmeseclassic.com